www.burmeseclassic.com

အင်းလျားစာအုပ်

မိုးမိုး (အင်းလျား)

BURMESE CLASSIC

# အချစ်သို့သောအရာ



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုသောအရာ
ဒုတိယအကြိမ် ပုံနှိပ်ခြင်း
၁၉၉၇၊ ဇူလိုင်
၁၀၀၀ အုပ်

မျက်နှာဖုံးပန်းချီ မုတ်သုန်၊ ဒီဇိုင်း ဆည္ဈန်ဝေ၊ စာအုပ်ချုပ် ကိုမြင့်၊
စာအုပ်စာတမ်း စာနယ်ဇင်း ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် [ ၁၅၇/၉၇ (၄) ]
စာအုပ်စာတမ်း မျက်နှာဖုံး ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် [ ၁၅၈/၉၇ (၄) ]

မောင်နိုးမြင့် (၀၁၁၀၀)၊ ရေမီးရောင်စာစဉ်၊ အမှတ် ၂၇၊ ကေသဝါလမ်း၊
သဃ်န်းကျွန်း၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊
ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

အပိုင်း ၁

www.burmeseclassic.com

www.burmeseclassic.com



'နံ့သာသီချင်းသည်' အုပ်စုတွင်တော့ အောင့်လောက်ရှုပ်သူမရှိဟု ဆိုရမည်။ သီချင်းဆိုကြသူချင်းအတူတူ အများက စိတ်ဝင်စား ခံရသူချင်း အတူတူ၊ မိတ်ဆက်စာတွေ တစ်စုတစ်ဝေး ပိုင်ဆိုင်ထား ကြသည်ချင်းအတူတူ အောင်က သူများထက်ပို၍ ထူး၏။ ရှုပ်၏။ အောင်နှင့်ပတ်သက်လာလျှင် ပြဿနာတစ်ခုခုတော့ ပေါ်တတ်စမြဲ။ အားလုံးက ဝိုင်း၍ ဖြေရှင်းပေးကြရတတ်စမြဲ။ ပြီးတော့ အောင်မို့လို့ ဖြစ်လိုက်ပြီဟောဆိုလျှင်လည်း အသည်းအသန်။ အောင်သည် အစဉ်လို အုပ်စုထဲမှ ထူး၍ချွန်၍ ထွက်နေတတ်လေသည်။

အောင့်တွင် မိန်းမလှဓာတ်ပုံလေးတွေများစွာ စုမိဆောင်းမိပြီး ဖြစ်နေပြီ။ အချင်းချင်းလည်း မိတ်ဆက်စာမက ရည်းစားစာမကျ သေးကြ ရှိကြပြီးပြီ။ တစ်ဆင့်တိုးလိုက်ရုံဖြင့် ရည်းစားဘဝသို့ အလို အလျောက် ရောက်သွားနိုင်သည်သာ။ သို့ပါလျက် ကိုတင့်ဆွေ၏ သားချစ်သူများထဲမှ 'ချော'ဆိုသူ မိန်းကလေးကိုမှ အောင်က စိတ် ဝင်စား၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း'တစ်ခါလွှင့်ပြီးတိုင်း၊ ကံကောင်းထောက်မ၍ ဓာတ်ပြား တစ်ချပ်တလေရပြီးတိုင်း မိတ်ဆက်စာတွေ တစ်ပုံတစ်ထွေးရောက် လာတတ်သည်။ ချိုတေးသံတွင် လိပ်စာလေးတွေ၊ ဓာတ်ပုံလေးတွေ ပါလာပြီးလျှင် ပို၍ပင် များသေးသည်။

အောင်တို့အုပ်စုအားလုံး ကျက်စားရာ အလုံမှကိုကြည်မောင် အိမ်လိပ်စာကို တညီတညွတ်တည်း အသုံးပြုထားသည်မို့လည်း စာပို့လုလင်သည် သူတို့ဘုံရိပ်သာကို နေ့စဉ်လိုလို ဝင်သွားရတတ်၏။ ထိုအခါ သူ့စာငါ့စာ ရွေးရင်း လုကြရသည်။ သူ့စာငါ့စာ မရွေးဘဲလည်း လုဖတ်ကြသည်။ အောင်သည် ကိုတင့်ဝေနာမည်နှင့်လာသော စာများ ထဲမှ စာအိတ်ဝါဝါလေးကိုတွေ့လျှင် သူ့စာများကိုဘေးချကာ ဦးအောင် ဖောက်ဖတ်ပစ်တတ်လေသည်။ ကိုတင့်ဝေကလည်း ဤသည်ကို ဂရုမထားနိုင်။ သူ့အတွက် ရွှေမြိုင်သူ မိုးမခ၏ စာလေးရောက်လာလျှင် လုံလောက်၍နေချေပြီ။ မိုးမခ၏ စာကိုကိုင်ကာ ဂျိုးဂျိုးဂွတ်ဂွတ် မြည်အောင်ယိုင်နဲ့နေသောကွပ်ပျစ်ပေါ်တွင် ဖုန်တက်နေသည့် မဟာ ဂီတပေါင်းချုပ် ကျမ်းစာအုပ်ကြီးကို ခေါင်းအုံး၍ စိတ်ကူးယဉ်နေရ လျှင် သူ့အတွက် တစ်လောကလုံးကိုပင် မေ့၍နေလေပြီ။

အောင်သည် စာအိတ်ဝါဝါလေးကို ရွေးကာ ပတ်ဝန်းကျင်ကို မလုံမလဲကြည့်ရင်း အိမ်ရှေ့ဝရန်တာသို့ ထွက်လာတတ်သည်။ ပြီးမှ တစ်လုံးတည်းသာရှိသော ပက်လက်ကုလားထိုင်လေးသို့ ဦးအောင် ပြေး၍ ထိုင်ကာ စာကိုဖောက်လေသည်။

တေးရေးသူဆိုတာ ကန့်လန့်ကာနောက်ကွယ်က အနုပညာ သမားပဲ၊ ပရိသတ်ရှေ့မှာ လူလုံးထွက်ပြတတ်တဲ့ တေးဆိုသူ တွေထက် ကန့်လန့်ကာနောက်က တေးရေးသူကိုမှ ချောက ပိုစိတ်ဝင်စားတယ်။



ချော၏စာကို ဖတ်ပြီး နည်းနည်းတော့ အောင့်သက်သက် ဖြစ်မိသေးသည်။ ကန့်လန့်ကာနောက်က တေးရေးသူကိုမှ သူက ပိုစိတ်ဝင်စားသတဲ့။ တကယ်တော့ အောင်သည် အဆိုတော်တစ်ဦး မျှသာဖြစ်၏။ သီချင်းရေးဖို့နေနေသာသာ လေးလုံးစပ်ကဗျာကိုပင် အချိုးကျအောင် ဖွဲ့တတ်သူမဟုတ်။ ချောဆိုသည့် မိန်းကလေးတွေ အရေးအသားညက်သူကိုမှ ပညာရှိထင်ဟန်တူသည်။ စာလုံးလေးက ရေးသိတတ်သူကိုမှ အနုပညာသမားအစစ်ဟု သတ်မှတ်လိုဟန်ရှိ၏။ ထိုစာလုံးတွေကို မြူးကြွတောက်ပလာအောင် အသက်ဝင်လှုပ်ရှားလာ အောင် အသည်းခိုက်မည့် ခံစားမှုလေးတွေ ပေးစွမ်းနိုင်အောင်၊ ရင်ထဲမှ စေတနာ နှလုံးသားမှ ခံစားမှုဖြင့် သီဆိုဟစ်ကြွေးရသော အောင်တို့လို အဆိုတော်တွေကိုတော့ အထင်မှကြီးပါလေစ။ အနုပညာ ဗီဇမပါဘဲ သီချင်းတစ်ပုဒ်ကို ရသမြောက်လာအောင် ဖန်တီးဟစ်ကြွေး ၍ မရပါဆိုတာ ချောကို ပြောပြချင်သည်။

သို့သော် ခက်သား။ ချောသည် သူ့ပရိသတ်မဟုတ်။ ကိုတင့် ဝေ၏ ပရိသတ်သာတည်း။ 'နှံ့သာသီချင်းသည်'၏ ပဋ္ဌမမြောက် ဓာတ်ပြားတစ်ချပ်ဖြစ်သော 'အင်းလျားချစ်သူ'ကို မြန်မာ့အသံ သာတရှင်လိုရာမှ အခါခါ ကြားရပြီးသည့်နောက်၌ နှံ့သာသီချင်း သည်သို့ မိတ်ဆက်စာတွေ တဖွဲဖွဲ ရောက်လာခဲ့သည်။ အထူးသဖြင့် တော့ ညည်းညူသံလေးနှင့် အေးအေးနွဲ့နွဲ့ပိုင်ပိုင်နိုင်နိုင်သီဆိုခဲ့သော အောင့်ကို ချီးကျူးဂုဏ်ပြုသည့် စာများသာဖြစ်လေသည်။ ထိုအထဲတွင်မှ ထူးခြားသည်က ချော။ များသောအားဖြင့်တော့ မိန်းမလှလေးတွေက အောင့်ကို ဦးစွာမိတ်ဖွဲ့လာကြသည်။ ပြီးတော့မှ ကိုတင့်ဝေ အကြောင်း တို ရေးသားချီးကျူးသည်။ တစ်ဆင့် မိတ်ဖွဲ့သည်။ ချောကတော့ သည်သို့မဟုတ်။ အောင့်ကိုတော့ ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် ထင်ဟန်မတူ။ ကိုတင့်ဝေ မှ ကိုတင့်ဝေ တစ်ဝေတည်း ဝေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတိုင်းဟာ ကျစ်ကျစ်လျစ်လျစ် ခိုင်ခိုင်မာမာနဲ့ မြုံးကြွနေတာပဲ။ အပိုအလို မရှိဘူး။ ရင်ထဲကို တစ်လုံးချင်း တစ်ခွန်းချင်း စူးစူးရှရှထိုးဖောက်နိုင်စွမ်းရှိတယ်။ 'အင်းလျားချစ်သူ'ဟာ အင်းလျားနဲ့မကင်းနိုင်သူတိုင်းအတွက် မရိုးနိုင်တဲ့ တေးတစ်ပုဒ်ပါပဲကွယ်။

ချောက အင်းလျားချစ်သူကို ထိုမျှ အမွှန်းတင်လေသည်။ အင်းလျားချစ်သူနှင့် ဝတ်သက်လျှင် အောင့်ကိုတော့ ခြွင်းချန်ထားခဲ့ဖို့ လုံးဝမသင့်ဟု အောင် ယူဆသည်။ သို့သော် ချောသည် အောင့်အကြောင်းကို မလွှဲသာလွန်းသည့် အခါမှသာ တစ်လုံးစ နှစ်လုံးစ ထည့်၍ ရေး၏။

အဆိုကလည်း ကောင်းပါတယ်။ ခံစားမှုအပြည့်နဲ့ ထိထိမိမိ ဆိုသွားနိုင်တယ်။

လုံချည်အဆင်လေးက သိပ်လှတာပဲ၊ အသားလေးကလည်း မဆိုးပါဘူးဟူသော ချီးကျူးပုံမျိုးသာတည်း။ အောင့်အကြောင်းကို ထို့ထက်ပို၍ ထည့်မရေးတတ်။ သည့်အတွက် အောင့်မှာ နာသာခံခက်ဖြစ်မိရသည်။ မိန်းမဆန်သည်ဟု ဆိုချင်က ဆိုစေတော့။ ကိုတင့်ဝေကိုလည်း နည်းနည်းတော့ မနာလိုဖြစ်လိုက်သေးသည်။ ကိုတင့်ဝေကမူ ချောကို အောင်စိတ်ဝင်စားနေမှန်း သိ၏။ ထို့ကြောင့်လည်း ချော၏ စာမှန်သမျှကို အောင် ဖောက်လိုဖောက်၊ ဖတ်လိုဖတ်၊ သဘောကျ ခွင့်ပြုထား၏။ တစ်လက်မပတ်လည်ထက် မပိုအောင် ညှပ်ပြီးထည့်ပေးလိုက်သော ချော၏ ဓာတ်ပုံလေးကိုလည်း အောင့်ကို အပိုင်ပေးထားလိုက်သည်။

ဓာတ်ပုံလေးထဲမှ ချောသည် လှသည်ဆိုရုံလေးမျှ ပြုံးမနေဘဲ အားပါးတရ ရယ်မော၍ နေလေသည်။ သစ်ပင်တစ်ပင်ကို မှီ၍ ရပ်နေဟန်ရှိသည်။ တစ်ကိုယ်လုံးရိုက်ထားသည့်ပုံကို မျက်နှာလေးတွင်



ထွက်၍ ညှပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် မျက်နှာသည် သေး၍ ဝါးနေသည်။ သွက်သွက်လက်လက် ဒိုးဒိုးဒေါက်ဒေါက် ပြောတတ် ဆိုတတ်မည့်ဟန်သည် ပေါ်လွင်၍နေလေသည်။ ဓာတ်ပုံနောက်တွင် ညီသည့်စာကိုမျှ ရေးမထား။

'ပြဿနာကတော့ ပေါ်ပြီဟေ့'

ကိုတင့်ဝေဆီမှ အသံထွက်လာခြင်းဖြစ်သည်။ သူ့လက်ထဲမှ စာခေါက်ကို ကိုကြည်မောင်က လှမ်းယူလိုက်၏။ ဘဲဆေးလိပ်ကို ခွာရင်း နမ္မူးကြောရှုံ့အောင် ဖတ်လေသည်။ အောင်သည် ချော၏ ဓာတ်ပုံလေးကို ဒိုင်ယာရီထဲ ပြန်ထည့်လိုက်ပြီး ချောဆီမှ စာကို ကိုတင့်ဝေဆီ ပစ်ပေးလိုက်သည်။ ကိုတင့်ဝေက စာကို မဖတ်သေးဘဲ စားပွဲပေါ် လှမ်းတင်လိုက်သည်။ သူ့အတွက် သည့်ထက်အရေးကြီးသော ပြဿနာတစ်ခု ရှိနေပြီ မဟုတ်လား။

'ဒီအတိုင်းဆိုရင် ခင်ဗျားလိုက်သွားမှ ဖြစ်မှာပေါ့'

ကိုကြည်မောင်က စာကို ပြန်ခေါက်ကာ အောင့်ဆီသို့ လက်ဆင့်ကမ်းသည်။ အောင်က ဝတ္တရားကျေဖတ်ရန် လှမ်းယူလိုက်ရသည်။ စိတ်တော့ မပါလှ။

မိုးမခ၏လက်ရေးများသည် ခါတိုင်းနှင့်မတူဘဲ ယိမ်းထိုးလှုပ်ရှားနေသည်ဟု ထင်ရလေသည်။ စာကို အသော့နှင်၍ ရေးလိုက်ပုံရသည်။

အလျင်တစ်ပတ်က မောင်မောင်တို့ မြို့ကို ရောက်လာတာလည်း အိမ်ကသိသွားပြီ မောင်မောင်၊ မိုးမခကို ပိုပြီးချုပ်ချယ်ထား ကြတယ်၊ သူ့ မိ တစ်ခုခုလုပ်ဖို့ တိုင်ပင်နေကြတယ်လို့ စိတ်ထဲက အလိုလိုထင်နေတယ်။ သည်တော့ မောင်မောင် ပြောသလို မတ်လဆန်းထိ စောင့်လို့ မဖြစ်တော့ဘူးထင်တယ်။

www.burmeseclassic.com



မိုးမခကို လောကငရဲမှာ ကြာကြာမထားပါနဲ့တော့ မောင်မောင်ရယ်။

အရေးကြီးသည့်အစိတ်အပိုင်းသို့ ရောက်ရှိနေသည်ကတော့ အမှန်ပင်။ အစက တွက်ထားသည့်အတိုင်းဆိုလျှင် မတ်လဆန်းတွင် ကိုတင့်ဝေ၏ သူ့တေးနှင့် သူ့အကြောင်း စာအုပ်ထွက်မည်။ ထိုအခါ ကိုတင့်ဝေအတွက် ထိုက်သင့်သောစာမူခကို ရမည်။ ရအောင်လည်း အောင်က ကြိုးစားပေးမည်။ ပြီးတော့မှ မော်လမြိုင်သို့လိုက်သွားကာ မိုးမခကို ခေါ်ခဲ့မည်။ မခေါ်၍လည်း မဖြစ်တော့။ မိုးမခနှင့် ကိုတင့်ဝေတို့ စာအဆက်အသွယ်ရှိပုံကို အိမ်က သိသွားခဲ့ပြီ။ ပစ္စည်းအသင့်အတင့်နှင့် စည်းစနစ်ကျသော အဒေါ်အပျိုကြီးတို့ အောက်တွင် ဗိုင်းကောင်းကျောက်ဖိ နေလာခဲ့ရသော မိုးမခတစ်ယောက် ဘာမဟုတ်သည့် ဘဝအာမခံချက်မရှိသော သီချင်းရေးဆရာတစ်ယောက်နှင့် ကြိုက်ရပါမို့လားဟူ၍ အိမ်က ဒေါသူပုန်ထလေပြီ။ အကျဉ်းအကျပ်ထဲ ကျရောက်နေသော မိုးမခကို သွားရောက်ခေါ်ယူဖို့ ကိုတင့်ဝေမှာ တာဝန်ရှိလာပြီ။ ထို့ကြောင့်လည်း အောင်တို့အုပ်စု မော်လမြိုင်သို့ ဒုတိယအခေါက် သွားရောက်ရန် ပြင်ဆင်ကြရလေသည်။

'ဒီအတိုင်းဆိုရင်တော့ တို့ဝိုင်းလွှင့်မယ့်ရက်အမီ ပြန်လာချင်မှ ပြန်လာနိုင်မယ်'

ကိုတင့်ဝေသည် နောက်ဆံတင်းနေဟန်ရှိလေသည်။ အောင်တို့အုပ်စုသည် နံ့သာသီချင်းသည်၏ သီချင်းသစ်များ မြန်မာ့အသံမှ ထုတ်လွှင့်သည့်ရက်တိုင်း လူစုံတက်စုံ ဝိုင်းဖွဲ့တတ်ကြသည်။ သူတို့ ဘုံရိပ်သာတွင် ရေဒီယိုမရှိ၍ လမ်းထိပ်မှ ကွင်းကျောင်း လက်ဖက်ရည်ဆိုင်သို့ ညနေစောစောသွားကာ ရေဒီယိုနှင့်အနီးဆုံးစားပွဲကို အပိုင်စီးထားတတ်ကြသည်။ တစ်မတ်တန်လက်ဖက်ရည်ကို နှစ်ယောက်



ဆက်ချက်နှုန်းကျမှာကာ ရေနွေးကြမ်း တစ်အိုးပြီးတစ်အိုးကုန်အောင် သောက်ရင်း သီချင်းလာချိန်အထိ စကားဝိုင်းဖွဲ့နေတတ်ကြသည်။ ဆိုင်ရှင်သည် သူတို့ကို အစဉ် ခွင့်လွှတ်ထားရတတ်လေသည်။

'ဒီအပတ် "နွေဦးပန်းချီ"ကလဲ ဓာတ်ပြားရမှာ သေချာသလောက်ပဲကွာ၊ တို့တော့ ဟိုမှာ မိန်းမခိုးဖို့ လုံးပန်းနေရတာနဲ့ နားမှ ထောင်နိုင်ပါ့မလား မသိဘူး၊ ဒီတော့ ဒီလိုလုပ်၊ "သူ့တေးနဲ့ သူ့အကြောင်း"ကလဲ ဖောင်ပိတ်ခါနီးပြီ၊ သက်အောင် မင်းမလိုက်ခဲ့နဲ့၊ ပြန်လာရင် နေဖို့ထိုင်ဖို့လဲ စီစဉ်ထားရအောင် နေရစ်ပေတော့'

သို့ဖြစ်၍ အောင်သည် မော်လမြိုင်ခရီးစဉ်တွင် မပါဘဲ ရန်ကုန်တွင် စောင့်နေရစ်ရန် တာဝန်ကျလေသည်။ ကိုတင့်ဝေ၊ ကိုကြည်အောင်နှင့် ကိုမြင့်မိုးတို့ကား မိန်းမခိုးရေးအစီအစဉ်ဖြင့် မော်လမြိုင်သို့ ခရီးတက်ကြရသည်။ 'နံ့သာရိပ်မြိုင်'တွင် အောင်တစ်ယောက်တည်း ကျန်ရစ်လေ၏။

သွားခါနီးတွင် ကိုတင့်ဝေက ရုတ်တရက် သတိရဟန်ဖြင့် ဆိုသည်။

'ခြော် မေ့နေလိုက်တာကွာ၊ အရင်တစ်ပတ် ဝိုင်းလွှင့်တုန်းက နားမထောင်လိုက်ရလို့ဆိုပြီး ချောက စိတ်ဆိုးနေတယ်၊ ခုမှ အရေးလို့လဲ မှီမှာမဟုတ်ဘူး၊ သက်အောင် မင်း သွားပြောလိုက်ပါကွာ၊ ရတနာ့၊ အခန်း ကိုးဆယ့်တစ်၊ သိလား၊ ဆက်ဆက် သွားလိုက်ဦး'

အောင့်ရင်သည် ရုတ်တရက် လှုပ်ခတ်သွားမိလေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

## ၂

အင်းလျားလမ်းသည် ဆိတ်ငြိမ်၍ နေလေသည်။ ဖူးစ ကံ့ကော်တို့၏ ရနံ့သည် သတိထားမိရုံလေး သင်းပျံ့၍နေသည်။ လေလှော်သင်းဘက်မှ တိုင်မင်ညီအောင် အော်ပေးသည့် အသံများကို တစ်ချက်တစ်ချက် ကြားနေရသည်။ အင်းလျားမှ စာကျက်ပြီး ပြန်လာဟန်တူသော ကျောင်းသူတစ်စု ထွက်လာကြသည်။ ဆံပင်ကို ဖားလျားချကာ ရေခဲခြစ်ကို ကလေးများသဖွယ်ကိုင်၍ စားလာကြသည်။ တစ်ယောက်နှင့် တစ်ယောက် တွန်းထိုးရင်း တခစ်ခစ်ရယ်မောကာ အင်းလျားဆောင်ဘက်သို့ဆက်လျှောက်သွားကြသည်။ အောင်သည် သက်ပြင်းကို ရှိုက်ကာ ရတနာရှေ့တွင် ခပ်ကြောင်ကြောင် ရပ်လိုက်မိ၏။ တစ်စုံတစ်ခုကို ကြောက်ရွံ့အားငယ်နေသည်သို့ ခံစားနေရလေသည်။

ဆင်ဝင်အောက်တွင် လူရှင်းလျက်ရှိလေပြီ။ အောင်က နာရီကို ကြည့်မိ၏။ ၆ နာရီမထိုးသေး။ ဧည့်သည်ချိန် မကုန်တတ်သေး။ စကားတွေအကြာကြီး ပြောနေရဦးမည်ဟု တစ်ဖက်သတ်တွေးကာ ဧည့်ချိန်ကုန်ခါနီးမှ လာခဲ့မိသည်။ တွေ့ခွင့်မှ ရှိပါတော့မလားဟု



ရှုလိုက်မိလေသည်။ သည်ည ၈ နာရီ ၁၅ မှာ 'ဝိုင်း' လာမည်ဆိုတော့ သည်နေ့ မလာလျှင် မဖြစ်တော့။

'နိုင်တိဝမ်းက မမြထွေးပါ'

ဧည့်သည် ခေါ်ပေးသူကို ခပ်တိုးတိုး ပြောလိုက်မိသည်။ ချောဟု ခေါ်မိမည်ပြုပြီးမှ ရုတ်တရက် သတိရကာ အမည်ရင်းကို ပြောလိုက်ရသည်။ စာရေးမိတ်ဖွဲ့လာသည့် ကောင်မလေးများသည် များသောအားဖြင့် အမည်ရင်းနှင့် မရေးတတ်။ သူတို့အမည်ကို သူတို့ စိတ်ကြိုက် အလှဆုံး ရွေးကာပေးတတ်ကြသည်။ ချောသည် ချောလားမချောလား ယခုမှပင် သိရတော့မည်။ အောင့်ရင်သည် သိမသာ ခုန်လာသည်။

ဖိနပ်ရှပ်တိုက်သံ ခပ်သွက်သွက်ကို ကြားလိုက်ရသည်။ ညိုညို တုတ်တုတ် ကောင်မလေးတစ်ယောက် အောင့်နားသို့ ရောက်လာသည်။ အောင်က မော့်မကြည့်မိ။ မှတ်စုစာအုပ်တွင်းမှ ချောအတွက် ရေးလာသော သီချင်းစာသားများကို ထုတ်ဖတ်နေမိသည်။

'ဘယ်မှာလဲ မျိုးမြင့်လေးရဲ့၊ ဧည့်သည်လာတယ်ဆို'

အောင်သည် လန့်ဖျပ်ကာ မော့်ကြည့်လိုက်မိသည်။ ကုလားထိုင် သည်း ကမန်းကတန်း ထ၍ မတ်တတ်ရပ်လိုက်ရ၏။ မျိုးမြင့်လေး ဆိုသူကိုလည်း လှမ်းကြည့်မိသည်။ ဧည့်သည်ခေါ်ပေးသည့် ကုလား လေးပါလား။ ကုလားလေးက ပြုံးကာ အောင့်ကို လက်ညှိုးထိုးပြသည်။ အမျိုးသမီးက ဩော် ဟု ရေရွတ်ကာ ပြုံးလိုက်သည်။

'ကိုတင့်ဝေက လွှတ်လိုက်လို့ပါ'

အောင်က သူ့မျက်နှာကို ရဲရဲမကြည့်ဘဲ ပြောလိုက်၏။

'ဩော် ထိုင်ပါဦး ထိုင်ပါဦး၊ ကျွန်မက ဒီအချိန်ကျမှ ဧည့်သည်လာတယ်ဆိုတော့ ဘယ်သူများလဲလို့'

www.burmeseclassic.com

www.burmeseclassic.com



ချောသည် ကုလားထိုင်တစ်လုံးကိုဆွဲကာ အောင်နှင့် မျက်နှာချင်းဆိုင်၍ ထိုင်လိုက်လေသည်။

'ကိုတင့်ဝေ မော်လမြိုင်သွားတယ်၊ ဒီည 'ဝိုင်း'လာမယ်လေ၊ အဲဒါပြောခိုင်းလို့၊ ဒီမှာသီချင်းတွေလဲ ရေးလာတယ်'

အောင်က စာရွက်ပြာပြာများကို ချောလက်ထဲသို့ လှမ်းထည့်လိုက်သည်။

'ဟုတ်လား'

ချောက စာရွက်များကိုယူကာ ဟိုမှသည်မှ လှန်ကြည့်လိုက်၏။ အောင်သည် အခွင့်အရေးယူကာ ချောမျက်နှာကို ခိုးကြည့်လိုက်သည်။ ညိုစိမ့်ချောမွတ်သောအသားပေါ်တွင် မိတ်ကပ်တင်ထားလေသည်။ စာကို ငုံ့ကြည့်နေသော မျက်လုံးများသည် လှပမည်မှာ သေချာသလောက် ဖြစ်၏။ နှာတံသည် အရင်းတွင်ချိုင့်ကာ အဖျားသည် လှလှပပ သွယ်ဆင်းသွား၏။ နှုတ်ခမ်းပါးပါးလေးက သပ်သပ်ရပ်ရပ်ရှိကာ မျက်နှာနှင့် အချိုးကျ၏။

'ကျေးဇူးတင်ပါတယ် ခုလို လာပြောတာ၊ သူ မော်လမြိုင်သွားတာ ကိစ္စနဲ့လား'

ချောက မျက်နှာကို မော့်ကာ ပြောလိုက်သည်။ အောင့်မျက်နှာကို ရဲရဲဝံ့ဝံ့ စူးစူးရှရှ ကြည့်ကာ စကားကို ပြော၏။ ချော၏ မျက်လုံးများသည် အရောင်တဖျပ်ဖျပ် တောက်နေသည်ဟု ထင်ရသည်။ ကျောင်းသူတစ်ယောက်အနေဖြင့် မိတ်ကပ် သည်မျှခြယ်ထားသည်ကိုတော့ အောင့်စိတ်က မနှစ်မြို့သလိုဖြစ်လိုက်မိသည်။

'သူ မိုးမခကို သွားခေါ်တာ'

'ဟုတ်လား'

ချောနှင့် ကိုတင့်ဝေတို့၏ အပြန်အလှန် ပေးစာအားလုံးကို ဖတ်ဖူးသည်မို့ အောင်က အကြောင်းစုံကို သိနေသည်။ မိုးမခကို



ချောလည်း သိသည်။ ထို့ကြောင့် အောင်က လိုရင်းကို ပြောလိုက်မိသည်။

'ဒီလိုဆို သူတို့ လက်ထပ်ဖြစ်ပြီပေါ့နော်'

စကားမရှိ စကားရှာနေရ၍ အတန်ကြာ တိတ်ဆိတ်သွားကြလေသည်။ မိန်းကလေးသုံးလေးယောက် အနားမှ ဖြတ်သွားကြသည်။

'ဒီည ဟောလ်မှာ ဒင်နာရှိတယ်လေ၊ ဒါကြောင့်'

ချောက သူ့မျက်နှာကို စူးစိုက်ကြည့်နေသော အောင့်ကို မလုံမလဲဖြင့် ပြုံး၍ ပြောလိုက်သည်။ ပါးပြင်ပေါ်သို့လည်း လက်တစ်ဘက်ကိုတင်၍ ပွတ်လိုက်သည်။ ပန်းနုရောင် လက်သည်းရှည်ရှည်လေးများ လှုပ်ရှားသွားလေသည်။

ဒါကြောင့်ကိုးဟု အောင့်စိတ်မှ ရေရွတ်လိုက်မိသည်။ အဆောင်ညစာစားပွဲအတွက် အစွမ်းကုန် ခြယ်သနေကြဟန်တူလေသည်။ အောင်သည် ချော၏ မျက်နှာပေါ်မှ မိတ်ကပ်များကို ဖယ်ရှား၍ ကြည့်လိုက်မိသည်။ ချောပေသားပဲ။

'ဒီလိုဆို သီချင်းနားမထောင်နိုင်တော့ဘူးပေါ့'

'ရပါတယ်၊ ရှစ်နာရီထိုးတော့ ခဏလေးထွက်လာပြီး အခန်းထဲမှာ ပြန်နားထောင်မယ်'

ချောက ပြုံး၍ ပြောလိုက်လေသည်။ အောင်က အလိုက်သိစွာ နေရာမှ ထရ၏။

'ပြင်ဖို့ဆင်ဖို့ အချိန်မရဘဲ နေမယ်၊ ကျွန်တော် ပြန်တော့မယ်'

'ကိစ္စမရှိပါဘူး၊ လုံချည်မီးပူတိုက်ဖို့ပဲ ကျန်တော့တာ'

ပွင့်လင်းသောအပြုံးဖြင့် ချောကပါ မတ်တတ်ရပ်လိုက်သည်။ အောင်က ပြုံး၍ နေရာမှခွာသည်။

'နာမည်လဲ မပြောဘူး'

www.burmeseclassic.com

www.burmeseclassic.com



ချောသည် အောင့် ကျောဘက်တွင် မတ်တတ်ရပ်လျက်ပင် ရှိသေးသည်။

'သက်အောင်ပါခင်ဗျာ'

'အိုး'

ချော၏ နှုတ်မှ အာမေဋိတ်သံ မဆုံးမီ နေရာမှခွာခဲ့လေ၏။ ညှော်နှင်ခေါင်းလောင်း ထိုးပေပြီ။

\+ \+ \+

ပုံနှိပ်စက်မှ တဂျုံးဂျုံးမြည်သံသည် ထပ်ခိုးထက်သို့ တက်၍ ခေါင်းတွင်း နားထင်တွင်း ရောက်အောင် လာဆောင့်နေလေသည်။ ဖောင်ပရုဖ် ထုတ်ထားသည့် စက္ကူချပ်ကို အချိုးကျအောင် ခေါက်လိုက်သည်။ ပြီးတော့ ဆက်နေသော စာမျက်နှာများကို ကြေးပြားဖြင့် ထိုး၍ ဖြတ်လိုက်၏။ အချို့နေရာများသည် မညီမညာ စုတ်ပြတ်၍ သွားကြသည်။ ဖောင်တိန်ကိုထုတ်ကာ စာလုံးအမှားကိုရှာ၏။ ရေစိုနေသော စာမျက်နှာများပေါ်တွင် မင်က ပြန့်သွားသည်။ ဤသည်မှာ အမြဲဖြစ်နေကျ။ ဘောလ်ပင်တစ်ချောင်းကို စားပွဲပေါ် ရှိလိုရှိငြား မျက်လုံးဝေ့ကြည့်လိုက်သည်။ မတွေ့။ ထပ်ခိုးဝရန်တာမှရပ်ကာ အောက်ကို လှမ်းတောင်းမည်ပြု၏။ အောက်ထပ်မှ တယ်လီဖုန်းမြည်သံ ကြားလိုက်ရသည်။

'ကိုသက်အောင်တဲ့ ဟော့'

ဘောလ်ပင်ကို မတောင်းဖြစ်တော့။ အောက်ရောက်မှ တစ်ခါတည်းယူမည်ဟု စိတ်ကူးကာ ဆင်းလာခဲ့သည်။

'သက်အောင်ပါ ခင်ဗျာ'

'သြော် ဟော် ချောပါ'



ချော ဆိုပါလား။ အောင့်ရင်သည် ဒိတ်ကနဲ ခုန်သွားလေသည်။

'ပြောပါ ချော၊ ကိုတင့်ဝေတော့ ပြန်မရောက်သေးဘူး၊ ရက်ကြာလို့ ကျွန်တော်တောင် စိတ်ပူနေတယ်ဗျာ'

စကားကြော နည်းနည်းရှည်သွားလေသည်။

'ကိုတင့်ဝေမရောက်သေးဘူးဆိုတာ သိပါတယ်၊ ကျွန်မဆီကို စာရောက်တယ်လေ'

'ဟုတ်လား၊ မသိဘူးဗျာ'

အရှိန်အနည်းငယ်ပျက်သွားလေ၏။

'ဟိုလေ ဟိုနေ့ညက သီချင်းတွေ နားထောင်တယ်၊ အဲဒါ ပြောမလို့'

'သြော် စာသားတွေ သိပ်ကောင်းတာပဲလား'

ခနဲ့သံများ ပါသွားသည်လားမသိ။

'စာသားတွေ ကောင်းတာတော့ နားမထောင်ခင်ကတည်းက သိသားပဲ၊ သီချင်းစာ ဖတ်ကြည့်တာကိုး၊ သီချင်းနားထောင်လိုက်တော့မှ စာသားတွေက ပိုကောင်းလာတာ'

'သြော်'

'နွေဦးပန်းချီတော့ ဓာတ်ပြားရမှာပဲ ထင်တယ်'

'ရတယ်တဲ့'

'ဟုတ်လား၊ ကျွန်မထင်တဲ့အတိုင်းပဲပေါ့၊ တကယ်နားထောင်လို့ ကောင်းတယ်'

'ရေးတဲ့လူက တော်တာကို'

ရယ်သံသဲ့သဲ့ကြားလိုက်ရသည်။

'ကျွန်မက ကိုသက်အောင်ဆီ ဖုန်းဆက်နေတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော် ဘယ်ကဆက်တာလဲ၊ အဆောင်ကလား'

'အဆောင်ကဆက်တာ မဟုတ်ဘူးရှင့်၊ စတူးဒင့်စင်တာက ဆက်တာ၊ ကျောင်းသားရိပ်သာလေ၊ တစ်မတ်ပေးရတယ်ရှင့်၊ ပိုက်ဆံတစ်မတ်ထည့်လိုက်ရင် တံခါးလေးပွင့်သွားရော၊ ဆက်ပြီးရင် အဖုံးကို ပြန်ပိတ်ပါလို့ စာရေးထားတယ်'

သည်တစ်ခါတော့ အောင်က ရယ်လိုက်မိသည်။ ချော၏ အသံသည် ရှုရှုဆောင့်ဆောင့်လေး ဖြစ်နေသည်။

'နောက်မှာ ဆက်ချင်လို့ စောင့်နေတဲ့သူတွေ မရှိဘူးလား'

'ရှိတာပေါ့ အများကြီးပဲ၊ ကဲ ဒါပဲ၊ ဖုန်းချလိုက်တော့မယ်'

'နေပါဦး'

ကျောက်ကနဲ မြည်သံကြားလိုက်ရသည်။ ရင်ထဲတွင် ဟာသွားမိလေသည်။ နှောင်တတရားဖြင့် ဖုန်းကိုကိုင်ကာ ဖုလေးကို နှိပ်လိုက်သည်။ ပြီးမှ သတိရ၏။ ပြန်ဆက်လို့မှ မရသည်ပဲ။ သွားပြီ သွားပြီ။ ကိုယ့်ကိုကိုယ် အပြစ်တင်ရင်း တယ်လီဖုန်းကို ငေး၍ ကြည့်မိ၏။ ပြန်များဆက်လေမည်လား။

ထပ်ခိုးပေါ်သို့ ပြန်တက်ခဲ့ရသည်။ ဘောလ်ပင်ယူရန် သတိမရ။ အပေါ်ရောက်မှ လှမ်းတောင်းလိုက်သည်။ စာလုံးအမှားများကို မမြင်တော့။ စက်သံတဂျုံးဂျုံးကြားမှ တယ်လီဖုန်းဆီ နားစွင့်မိသေး၏။ ဘာသံမျှ မကြားရ။

ထိုညက မကြုံစဖူး တေးဆိုသူတစ်ယောက်က ပရိသတ်တစ်ဦးဆီကို ပထမဆုံး မိတ်ဆက်စာ ရေးမိလေသည်။

အောင်မို့လို့ ဖြစ်လိုက်လျှင် ထူးထူးခြားခြား။

\+ + +



လက်ဖက်ရည်ဆိုင်တွင် လူရှင်း၍နေပေပြီ။ အောင်တို့အုပ်စုကား စကားကောင်း၍ နေကြဆဲ။ ရေဒီယိုမှ အင်္ဂလိပ်ပိုင်း အစီအစဉ်ပင် လာ၍နေပေပြီ။ ကိုကြည်မောင်နှင့် ကိုမြင့်မိုးတို့က မော်လမြိုင်မှ သူတို့၏ စွန့်စားခန်းများကို ဖောက်သည်ချ၍ နေကြသည်။ ပြီးတော့ မိတ်ဆက်စာဖြင့် ရင်းနှီးကျွမ်းဝင်နေသော ရွှေမြိုင်သူလေးများနှင့် တွေ့ခဲ့ရသည့်အကြောင်း၊ မစားရဝခမန်း ပြော၍မဆုံးတော့။ အောင်တမူ ထူးထူးခြားခြား ငြိမ်ချက်သားကောင်း၍ နေလေသည်။

'ဘယ်လိုလဲကွ ဖိုးအောင်ရ ငိုင်လှချည်လား၊ ပြောစမ်းပါဦး မင်းအခြေအနေကကော ဘယ်လိုလဲ'

'ဒီလိုပါပဲကွာ'

အောင်က ဆေးပေါ့လိပ် အစီခံပိုင်းကို လက်သည်းဖြင့် ကုတ်ခြစ်ရင်း ခပ်ဝါးဝါးလေး ဖြေလိုက်သည်။ ကိုကြည်မောင် ဘာကို ရည်ရွယ်ပြီးမေးသည်ကို အောင် သိ၏။ သို့သော် သူ့ မေးခွန်းကို အောင် စိတ်မဝင်စား၊ ထို့ကြောင့် လိုရာဆွဲ၍ ဖြေလိုက်သည်။

'ဒီလိုနေလို့တော့ ဘယ်ဖြစ်မလဲကွ၊ မင်းဟာ တစ်ခုခုတော့ ပြတ်ပြတ်သားသား လုပ်မှပေါ့'

'ဟုတ်တယ် သက်အောင်၊ တို့လဲ ကိုတင့်ဝေကိစ္စ စိုင်းပြင်းနေရတာနဲ့ မင်းကိစ္စကို မေ့သွားတယ်၊ မင်း နောက်ဆုံးစာထည့်လိုက်ပြီးတဲ့နောက် ဘာထူးသေးလဲ'

'ဘာမှ မထူးဘူး'

'ဒီတော့ ဒီလိုလုပ်ကွာ၊ တို့ ကျောင်းကို လိုက်သွားရအောင်၊ ဆိုကျရင် မင်း တွေ့တွေ့ဆိုင်ဆိုင် မေးကွာ'

အောင်သည် ခပ်တွေတွေ စဉ်းစားနေသည်။ အတန်ကြာမှ သတ်ပြင်းတစ်ချက်ကို ရှိုက်လိုက်သည်။

'အရင်တစ်ခါလို အတွေ့မခံရင် ဘယ်လိုလုပ်မလဲကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ မတွေ့တွေ့အောင် လုပ်ရမှာပေါ့၊ ဒီကိစ္စ ပြတ်ပြတ်သားသား သိရရင် တော်ပြီလို့ပြောပေါ့'

လက်ဖက်ရည်ဖိုးနှင့် ဆေးလိပ်ဖိုး တစ်ကျပ်ခွဲကို ကိုမြင့်မိုးက ထုတ်၍ ရှင်းလိုက်သည်။ ဆိုင်ရှင်သည် သူတို့ဆိုင်ပြင်ရောက်သွားသည်နှင့် ဆိုင်သိမ်းရန် အဆင်သင့်ဖြစ်နေပြီ။ အပြင်ထွက်လာကြပြီးမှ ကိုမြင့်မိုးက စားပွဲပေါ်တွင် မေ့ကျန်ခဲ့သော ဗလာစာအုပ်တစ်အုပ်ကို ပြန်ယူသည်။ ထိုစာအုပ်ထဲတွင် အဆုံးမသတ်သော ကဗျာတို ကဗျာစတွေ ရှိနေလေသည်။

'နက်ဖြန် ကိုးနာရီခွဲ ဦးချစ်ဆိုင်နော်'

သူတို့ လူစုခွဲရန်ပြင်ကြသည်။ ကိုမြင့်မိုးနှင့် ကိုကြည်မောင်က အလုံတွင်ပင် နေရစ်သည်။ အောင့်ကို ကားမှတ်တိုင်အထိတော့ လိုက်ပို့သည်။ ဘတ်စ်ကားပေါ်တွင် အောင်တစ်ယောက် အတွေးဖြင့် ဝေးရင်း လိုက်ပါလာလေသည်။

ယခုတော့ မမြေအေးအကြောင်းကို အောင် ပြန်တွေးရချေပြီ။ မမြေအေးအကြောင်းတွေးလျှင် အောင် အမြဲ ရင်နွမ်းရသည်။ မမြေအေးသည် အောင့်ချစ်သူ ဖြစ်၏။ ထို့ထက်ရှင်းအောင် ပြောရလျှင် အောင့်ရည်းစား ဖြစ်၏။ အောင်သည် ချစ်သူမတွေ့ခင်ကပင် ရည်းစားထားချင်နေသူ ဖြစ်လေသည်။

အောင်တို့ နံ့သာအုပ်စုသည် ကိုယ့်ကိုကိုယ် အထီးကျန်ပါတီဟုကင်ပွန်းတပ်ထားသည်။ အထီးကျန်ဟူသည်မှာ တကယ် အထီးကျန်ကြသည်ချည်းတော့ မဟုတ်။ မိန်းမ မရသေးသူများ၊ တစ်နည်းအားဖြင့် မိန်းမ ယူနိုင်လောက်အောင် အင်အားမရှိသေးသူများသာ ဖြစ်လေသည်။ သို့သော်ရည်းစားကမူတစ်ယောက်လျှင် အနည်းဆုံး နှစ်ယောက် သုံးယောက်ခန့်တော့ ရှိဖူးကြသည်သာ။ ထိုအထဲတွင် အောင်က



ထူးထူးခြားခြား ရည်းစားမရှိသေးသော လူလွတ် ဖြစ်၍ နေသည်။ ဤသည်ကို သူငယ်ချင်းများက မကျေနပ်ကြ။ အထူးသဖြင့် သူ့ကိုယ်သူ ရည်းစားမရှိသေးသူဟူ၍ အခွင့်အရေးယူကာ နံ့သာနှင့် ရင်းနှီးလာသမျှ ကောင်မလေးတွေကို မထိတထိ ရိနေတတ်ခြင်းကို ခံမရပ်နိုင် အဖြစ်ဆုံးတည်း။ သို့ဖြင့် သူတို့က အောင့်ကို ရည်းစားရှာပေးရန် ဆုံးဖြတ်ကြလေသည်။

ပထမဦးစွာ အောင်နှင့်သင့်တော်မည့် မိန်းကလေးကို သူတို့ စဉ်းစားကြသည်။ အသက်လည်းငယ်ရမည်။ ရုပ်လည်းလှရမည်။ ပညာလည်း အသင့်အတင့်တတ်ရမည်။ ပစ္စည်းမရှိချင် နေပစေ၊ အနုပညာကို မြတ်နိုးတတ်လျှင် တော်ပြီ။ တစ်ချိန်တည်းမှာပင် တစ်အုပ်စုလုံးက ကိုသိန်းဦးကို လက်ညှိုးထိုးကာ 'ခင်ဗျားနှမရှိသားပဲ' ဟု သံပြိုင်ဆိုကြလေသည်။ ကိုသိန်းဦးသည် နံ့သာသိချင်းသည်၏ ခေါင်းဆောင် ဖြစ်လေသည်။ ကိုသိန်းဦးက စမ်းချောင်း ဇလွန်လမ်းတွင် နေသည်။ ဦးလေးဖြစ်သူထံတွင် မှီခိုရင်း လုပ်သားကောလိပ် တက်နေသူဖြစ်သည်။ အကြောင်းကိစ္စရှိတိုင်း အောင်တို့အုပ်စုသည် ကိုသိန်းဦးဆီ ဝင်ထွက်သွားလာရတတ်သည်။ ကိုသိန်းဦးတွင် နှမငယ်လေးတစ်ယောက်ရှိကြောင်း၊ ချောကြောင်းလှကြောင်းကို အောင်တို့ အားလုံး တစ်စွန်းတစ်စ ကြားရသိရ၏။ သို့သော် လူကို တစ်ခါမျှ မမြင်ဖူး။ အောင်တို့သွားလျှင် အိမ်ထဲမှ တစ်ခါမျှ ထွက်မလာတတ်ချေ။ သို့သော် သူကမူ အောင်တို့အားလုံးကို အမည်နှင့်တကွ မြင်ဖူး သိနေပြီဟုဆိုသည်။ အောင်တို့လာလျှင် အိမ်ထဲမှ ချောင်း၍ ကြည့်တတ်သည်တဲ့။ ပြန်သွားလျှင် ဟိုအသားညိုညိုလူက ဘယ်သူလဲ၊ အရပ်ပုပုက ကိုကြည်မောင်လား၊ ခေါင်းတုံးဆံတောက်နဲ့လူက ကိုမြင့်မိုးလား စသည်ဖြင့် မေးတတ်မြန်းတတ်သည်တဲ့။ ပြီးတော့ …တ်ကိုသက်အောင်က ရုပ်ကလည်း ဖြောင့်တယ်နော်ဟု ပြောဖူး

www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုပဲ။ သို့ဖြင့် သူတို့သည် ကိုသိန်းဦးရှေ့တွင်ပင် အားမနာ ပါးမနာ နှမဖြစ်သူကို အိမ်ထောင်ရက်သားကျစေရန် စိမ်လိုက်ကြလေသည်။

'ကဲ မင်းဘက်ကကော ဘယ်လိုလဲ'

အောင်သည် မပွင့်တပွင့်ပြုံး၍ နေလေသည်။

'ချီးမွမ်းပဲ၊ မင်းကပဲ စဉ်းစားနေရသေးလား၊ ဦးကတော့ သဘောတူနေမင့်ဟာ'

သူတို့က ကိုသိန်းဦးကို ချစ်စနိုး 'ဦး'ဟု ခေါ်ကြသည်။ ကိုသိန်းဦးသည် ပျော်ပျော်နေတတ်သူ သဘောကောင်းသူတစ်ယောက် ဖြစ်လေသည်။

'မြင်မှ မမြင်ဖူးသေးဘဲနဲ့ဗျာ'

'သိပ်ချေးများမနေနဲ့ ကိုယ့်လူ၊ သိန်းဦးနှမ ချောတယ်ဆိုတာ စမ်းချောင်း တစ်ရပ်ကွက်လုံးသိတယ်ကွ၊ ဒီတစ်ခါ လူမြင်ရအောင် ဦးက ဆောင်ရွက်ပေးမှာပေါ့'

'စိတ်ချ အစအဆုံး ဆောင်ရွက်ပေးမယ်၊ ဒါပေမယ့် အတည်ကြံမှ ဖြစ်မယ်နော်'

'ဟာဗျာ ကျွန်တော်တို့ ဘယ်တုန်းကများ သူများသားသမီး မဟုတ်တာလုပ်ဖူးလို့လဲ'

အောင်တို့အုပ်စုသည် စည်းတော့ရှိသည်။ အောင်တို့တွင် ရင်းနှီး ခင်မင်သော မိန်းကလေးပေါင်းများစွာ ရှိသည်။ လူချင်းမရင်းနှီးသည့်တိုင် စာချင်းရင်းနှီးကြသည်။ သို့သော် တကယ်နှစ်နှစ်ကာကာ မရှိဘဲနှင့်မူ မည်သူ့ကိုမျှ ခြေလွန်လက်လွန် အခွင့်အရေးမယူကြ။ လက်တည့်မစမ်းကြ။ သံယောဇဉ်လွန်ကဲ၍ ချစ်ကြပြီဆိုလျှင်လည်း အရှုံးအမူး ထူးထူးကဲကဲ။ အဆင်မပြေ၍ ကွဲကြလျှင်လည်း အသည်းအသန် ပြင်းပြင်းထန်ထန်။



'ကဲ ဖိုးအောင် ဘယ်လိုသဘောရလဲ'

အောင်သည် ခပ်အေးအေးပင် ပြုံးနေလေသည်။ သို့သော် ကိုသိန်းဦးက ပတ်စပို့အရွယ် ဓာတ်ပုံငယ်လေးတစ်ပုံကို အောင့်လက်ထဲ လာထည့်သည့်နေ့တွင်တော့ အောင်တစ်ယောက် မပြုံးနိုင်တော့။ ကိုသိန်းဦးက 'မင်းကို ပြရုံသက်သက်ယူလာတာကွ'ဟု ဆိုကာ ပြန်သိမ်းသွားသည့်အခါတွင်မူ လိုက်၍ လုမိသည်အထိ ဘူးခြေပျက်ခဲ့ရလေသည်။

ဓာတ်ပုံအောက်တွင် လက်ရေးဝိုင်းဝိုင်းလေးများဖြင့် ရေးထားသော မမြေအေး ဟူသည့်အမည်လေးသည် အောင့်ရင်ထဲတွင် စွဲသွားလေသည်။ အရိုးဆုံးနှင့် အယဉ်ဆုံး ရိုက်ထားသော ဓာတ်ပုံလေးသည် မိတ်ဆက်စာတွေနှင့်အတူ ပါလာတတ်သော မိန်းမလှပုံလေးများကြားတွင် ထူးခြားပေါ်လွင်၍ နေလေသည်။ 'ဆယ်တန်းဖြေဖို့ ရိုက်ထားတဲ့ ပုံကလေးကွ'ဟု ကိုသိန်းဦးက ပြောလိုက်သေးသည်။ အရင်သိမ်းသစ် ချစ်စဖွယ်ပါလား။

ထိုနေ့မှစ၍ အောင်သည် ဇလွန်လမ်းကို ချောင်းပေါက်အောင် လျှောက်လေ၏။ မမြေအေးသို့ ဟူသော စာတိုလေးများကိုလည်း ရေတွက်နိုင် မပြုနိုင် ရေး၍ ကိုသိန်းဦးကိုပေးရသည်မှာ မောနေသည်။ သို့သော် မမြေအေး၏ အရိပ်ကလေးကိုမျှ အောင် မမြင်ရသေး။ သီချင်းဆိုရာတွင်ပင် လွမ်းလွမ်းတတ ကြေကြေကွဲကွဲ ဖြစ်နေရပြီဆိုသော့ အောင့်ကို တစ်အုပ်စုလုံးက လက်ဖျားခါကြလေတော့သည်။

'နေပါဦးကွ၊ မင်းဟာက ဘယ်လိုဖြစ်နေတာလဲ၊ ဒီလောက် အောင် ဖြစ်နေရင်လဲ ကျောင်းဆင်းတဲ့အချိန် သွားစောင့်ပါလားကွ'

'သူမှန်း သိဦးမှကို'

'ဒီလိုဆိုလဲ အိမ်ထဲအတင်းဝင်ကွာ၊ ရေသောက်ချင်လို့ ဆီးသွားတက်ချင်လို့လို့ ပြောကွာ'

www.burmeseclassic.com



'ဟာဗျာ မလုပ်ချင်ပါဘူး'

'ဒါဆိုလဲ လွယ်ပါတယ်ကွ၊ ကျောင်းတက်ဖို့ အိမ်က အထွက်ကို စောင့်ပေါ့'

'သူက ကျွန်တော့်ကိုသိနေတာ၊ ဖြစ်ပါ့မလား'

'ဟ မင်းဟာက စာပဲ ငါးစောင်လောက်ပေးပြီးနေပြီ ဥစ္စာ'

'အေးဗျာ၊ ကျွန်တော် သွားစောင့်မယ်'

ခကီသည့်က ကိုသိန်းဦးကို သူ့အဒေါ်ဖြစ်သူက ကောင်းကောင်း မကြည်တော့ခြင်းပင်။ အစကပင် ဂီတဝိုင်းထောင်၍ ငွေကုန်သံပြာ ဖြစ်နေသော ကိုသိန်းဦးကို မျက်စိစပါးမွေးစူးနေသည်။ အပေါင်းအသင်းများက ဆင်းချည်တက်ချည်ဖြင့် ခြေချင်းလိမ်နေကြသည်ကို လည်း သဘောမကျ။ ကိုသိန်းဦး၏ အောက်တန်းစာရေး လစာလေးသည် အပေါင်းအသင်းများ၏ လက်ဖက်ရည်ဖိုး မုန့်ဖိုးများကြားတွင် ပျောက်ကွယ်ကာ ထမင်းလခပင် မှန်မှန်မပေးနိုင်တော့သည်မို့ ဦးလေး မျက်နှာနှင့် ထားရသည့်တိုင် နှုတ်ခမ်းက စူချင်နေပြီ။ သည်ကြားထဲက သမီးဖြစ်သူကို ဘာမဟုတ်သည့် သူလိုလူတစ်ယောက်နှင့် အောင်သွယ်ပေးသည်ဟုသာ သိရလျှင် မိုးမီးလောင်ပေတော့မည်။ ထို့ကြောင့် ကိုသိန်းဦးသည် မသိဟန်ဆောင်ကာ ခပ်ကင်းကင်း နေပြလေသည်။

'ဆက်သာလုပ်ပါကွ၊ ကောင်မလေးက သဘောကျနေပါပြီ'

အောင့်အဖို့တော့ စမိသည့်ဇာတ်လမ်းကို ဆုံးအောင် ကရပေတော့မည်။ အောင်ကိုယ်တိုင်ကလည်း လွယ်တာကို မလိုက်ချင်။ ဤသို့ ရင်ခုန်ရမှ စိတ်မောရမှ ပြေးရလွှားရ လွမ်းရဆွေးရမှ နေသာထိုင်သာသလို ဖြစ်နေလေသည်။

အောင်သည် ဇလွန်လမ်းထိပ်မှနေ၍ မမြေအေး ထွက်အလာကို ရင်တဒိတ်ဒိတ်ခုန်အောင် စောင့်နေခဲ့လေသည်။ လုံချည်စိမ်းပြာ အင်္ကျီဖြူဖြူနှင့် ကောင်မလေးသည် အောင့်ကိုမြင်သော် ထီးကို ခါး



…ကတ်ထိ ငိုက်အောင်ဆောင်း၍ ခပ်သုတ်သုတ် နှင်လေ၏။ အောင် ဘာလုပ်ရမှန်းမသိ။ အတင်းလိုက်ပြီး စကားပြောသည်အထိတော့ အောင် မစွန့်စားရဲ။ ရှက်လည်းရှက်သည်။ သားလှမြင်လျှင်လည်း အထင်သေးစရာ။ မမြေအေး၏ မျက်နှာလေးကို ဖူးမြော်ရဖို့အရေးကို အောင်သည် သုံးလေးလမျှ ကြိုးစားခဲ့ရလေသည်။ မမြေအေး၏ ပထမဆုံး ပြန်စာလေးကို ဖတ်ရသည်အထိ မမြေအေးကို သေသေချာချာ တော့တော့ဆိုင်ဆိုင် အောင် မမြင်ဖူးခဲ့။ သို့သော် မမြေအေးကို ချစ်ရ စွဲလမ်းရသည့်အကြောင်းကိုတော့ အောင်သည် တေးသီ၍ပင် ဆိုခဲ့မိပြီ။ အောင့်အဖြစ်က ဤသို့ထူးသည်။

ထိုနှစ်က အောင်သည် ဆေးတက္ကသိုလ် ပထမနှစ် ကျရှုံးခဲ့သည်။ သို့သော် အောင် ဝမ်းသာခဲ့ရပ့ါသည်။ မမြေအေးတစ်ယောက် တက္ကသိုလ်နယ်မြေကို ရောက်လာသည်လေ။ မမြေအေးသည် တက္ကသိုလ် ပရိဝုဏ်အတွင်းဝယ် အောင့်ကို လွတ်အောင် မရှောင်နိုင်ခဲ့ပါချေ။ ဂျုဒ်ဆင်ရှေ့မှ စာသင်ဆောင်များအတွင်းဝယ် မမြေအေးသည် မျက်လွှာကို အောက်ချကာ အောင့်ကို လက်ခံစကားပြောလာခဲ့လေသည်။ သို့သော် အောင်တို့သည် ချစ်သူဘဝရောက်ခဲ့သည့်တိုင် အေးအေးစိမ်းသာ ရှိလေ၏။ အများတကာတို့က အင်းလျား၏ ကမ်းပင်ရိပ်ဝယ် မျက်နှာချင်းဆိုင်၍ စကားတွတ်ထိုးနေစဉ် မမြေအေးသည် ဘူးသီးကြော်ဆိုင်တွင် မျက်လွှာကိုချ၍ ဣန္ဒြေရရလေး ထိုင်နေခဲ့တတ်လေသည်။

တွေဝေငေးငိုင်နေသော အောင့်ကို တွေ့ရဖန်များလာ၍ သူငယ်ချင်းများက အောင့်ကို အားမရကြ။ ပို၍ဆိုးသည်က သူတို့အားလုံး ယုံကြည်မြတ်နိုးခဲ့ကြသော အနုပညာကို အောင်တစ်ယောက် …ွာ ရှာန်မဝင်နိုင်တော့ခြင်းပင်။ သည်အတွက် အောင့်ကို …ပျက်ချင်ကြ။ ကရုဏာဒေါသောဖြစ်ကြရသည်။ အောင်သည်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမနှင့်ပတ်သက်လျှင် အစိမ်းသက်သက်မဟုတ်။ အောင်တို့ ဝန်းကျင်တွင် မိန်းကလေးပေါင်းများစွာရှိသည်။ ရင်းနှီးကြသည်။ ခင်မင်ကြသည်။ ပွင့်လင်းကြသည်။ သို့ပါလျက် အောင်သည် တစ်ယောက်သော မိန်းကလေးအတွက် ဤမျှ မရှုနိုင်မကယ်နိုင် ဖြစ်နေရသည်ကို လက်မခံလိုကြ။ နောက်ဆုံး မမြေအေးက အောင့်ကို ရက်မှန်အောင်ပင် အတွေ့မခံတော့။ သည်မျှ နားလည်ရခက်ခဲသော မိန်းကလေးကို အောင်သည် ပစ်ရမှာ အဆီနှင့်ဝင်းဝင်း ဖြစ်၍နေလေသည်။ ကိုသိန်းဦးကိုယ်တိုင်ကပင် မမြေအေးကို အဆက်ဖြတ်ရန် ပြေ လာရသည်အထိ ဖြစ်လာခဲ့သည်။ မမြေအေးသည် မိဘ၏ ဩဇာအာဏာ နောက်မှ ခြေတစ်ဖဝါးမျှ ရှန်းမထွက်ရဲသော ၁၅ ရာစုလောက်က မိန်းကလေး တစ်ယောက်သာ ဖြစ်သည်ဟုပင် ဖွင့်ပြောခဲ့လေသည်။

အောင်သည် မမြေအေးကို စိတ်ပျက်သည့်တိုင် လက်လျှော့ရန်ကိုမူ စိတ်မကူးခဲ့။ နောက်ဆုံး မမြေအေးက မေ့လိုက်ပါတော့ဟု စာရေးလာသည့်တိုင် အောင်သည် သွားမြဲ တွေ့မြဲ။ မမြေအေးက အတွေ့မခံဘဲ ရှောင်ထွက်သွားလျှင် ခေါင်းငိုက်စိုက်ချ၍ ပြန်လာခဲ့စမြဲ။

ယခုတော့ မမြေအေးနှင့် ပတ်သက်၍ အောင့်သွေးသည် အေးခဲ့ပြီလား မသိ။

\+ \+ \+

သီရိဆောင်ဘေးမှ အလေ့ကျပန်းပွင့်ဝါဝါလေးများသည် အစိမ်းရောင် ရွက်နုများကြားတွင် ယိမ်းနွဲ့နေကြလေသည်။ ဂျဒ်ဆင်ဘေးမှ ပတ်ကာ စကြံလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ အပန်းဖြေ ရိပ်သာဘက် ချိုးဝင်နိုင်သည့် လမ်းကလေးထိပ်တွင် သူတို့ ရပ်လိုက်ကြသည်။



'ငါ အနုပညာအသင်း ခဏဝင်လိုက်ဦးမယ်၊ ဆယ့်တစ်နာရီမှာ မာလာကဲန်တင်းနံက စောင့်မယ်ကွာ'

ကိုမိုးမြင့်က နာရီကိုကြည့်ရင်း ပြောလိုက်သည်။

'ငါလဲ ဒပတ်မင့်ကို ခဏဝင်လိုက်ဦးမယ်၊ စာမေးပွဲအချိန် ဇယားလေးဘာလေး ကူးရအောင်'

ကိုကြည်မောင်က ဒဿနိကဗေဒဌာနဘက်သို့ ဦးတည်သည်။ အောင်သည် မမြေအေးနှင့် တွေ့နိုင်ရန် သိပ္ပံအဆောက်အအုံဘက်သို့ လျှောက်လာခဲ့လေသည်။ ဝိဇ္ဇာခန်းမမှ ထွက်ခဲ့သည်။ စကားပင်ရိပ်ကို ဖြတ်ခဲ့သည်။ အဓိပတိလမ်းကို ကူးသည်။ သည်အချိန်ဆိုလျှင် မမြေအေးတစ်ယောက် အခန်း ၂၃ တွင် ရူပဗေဒအတန်းကို တက်နေမည်။ အောင့် ခြေလှမ်းများ နှေးကွေးလာလေသည်။ အခန်းရှေ့ အရောက်တွင် အပေါက်ဝမှ ခပ်လှမ်းလှမ်းနေရာ၌ စကြံ အုတ်တံတိုင်းကို မှီကာ ရပ်နေလိုက်၏။ သည်အခန်းမှထွက်လျှင် အပေါက်တစ်ခုတည်းသာရှိသည်မို့ မမြေအေးတစ်ယောက် အခြားတစ်နေရာမှ ရှောင်ပြေးသွား၍ မရနိုင်။ တစ်ခုပဲရှိမည်။ အောင်က သူ့ကို စောားဆီးနိုင်မီ အပေါ်ထပ်သို့ တက်သည့်လှေကားမှ အလျင်အမြန် ပြေးတက်သွားမှာ စိုးရသည်။

အတန်းလွှတ်လိုက်ပေပြီ။ ရှေ့ဦးစွာ ဆရာ ထွက်လာသည်။ ပြီးတော့ ကျောင်းသားများ တိုးထွက်လာသည်။ မိန်းကလေးများသည် နောက်ချန်ရစ်ကာ ထဘီပြင်ဝတ်သူဝတ်၊ အင်္ကျီဆွဲချသူချဖြင့် အလုပ် ရှုပ်နေကြလေသည်။ ခဏကြာမှ မိန်းကလေးများ ဆင်းလာကြသည်။ မမြေအေးသည် ခန်းမကျယ်၏ အဆင့်ဆင့်ရှိသော ခုံတန်းလှေကားထစ်များကို တစ်ထစ်ချင်းနင်းကာ ဆင်းလာလေသည်။ အောင်က သူ့ကို ဦးစွာမြင်နေရသည်။ အခန်းဝမှထွက်သော အောင် သူ့အနားကို ရောက်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'အေး'

အောင်က ခပ်တိုးတိုး ခေါ်လိုက်သည်။

မမြေအေးသည် သူ့ကို ထူးခြားတုန်လှုပ်မှုမရှိသော အကြည့်ဖြင့် မော့ကြည့်လေသည်။ မမြေအေး၏ မျက်လုံးများသည် သေးငယ်စူးရှသည်။ ကျစ်ပြောင်းသည်လည်း မဟုတ်ပါဘဲနှင့် မမြေအေး၏ မျက်ဝန်းအစုံသည် ပြက်ပြက်ထင်ထင်မရှိလှ။ အပေါ်မျက်ရစ်လေးက အောက်သို့ ခပ်ပိပိလေး ကျနေသဖြင့် တရုတ်မလေးနှင့်တူနေသည်။ နှာတံကစင်းသည်။ အောက်နှုတ်ခမ်းလေး အနည်းငယ်တွဲသည်။ မျက်ခုံးနှစ်ခုသည် သွယ်တန်းထင်ရှား၍ နေ၏။ မမြေအေး၏ အသားသည် ဖြူသည်ထက် အဝါဘက်သို့ လုနေလေသည်။ အထူးခြားဆုံးကား သူမသည် ပို့မျစ်နုနယ်သောအဆင်းကို ပိုင်ဆိုင်ရယူထားခြင်းပေတည်း။

မမြေအေး၏ အလှသည် ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်သော အလှဖြစ်၏။

'ကလပ်စ် ရှိသေးလား'

မမြေအေးက ခေါင်းခါသည်။

'ခဏလိုက်ခဲ့နော်'

သူမ ခေါင်းညိတ်သည်။

ထုံးစံအတိုင်း အောင်က ဦးဆောင်ခေါ်ငင်ခဲ့လေသည်။

'တစ်ခုခု စားဦးမလား'

မမြေအေးက ခေါင်းခါ၍ လက်တွင်းမှထမင်းဘူးကို ရှေ့တိုးပြသည်။

'အင်းလျားကို သွားမယ်နော်'

ဘာမျှပြန်မပြော။ အောင်က သိပ္ပံအဆောက်အအုံမှထွက်ကာ ဘွဲ့နှင်းသဘင်ခန်းမဆီ လျှောက်ခဲ့သည်။ အင်းလျားလမ်းကို ကူး၍



နှစ်ယောက် ယှဉ်တွဲလာခဲ့သည့်တိုင် မမြေအေးသည် တိတ်ဆိတ်ငြိမ်ချက်သားကောင်းလျက်ပင်။

အင်းလျားထဲသို့ ဝင်ခဲ့ကြ၏။ ကန်စပ်မှ သစ်မြစ်ဆုံကြီးပေါ်တွင် နေရာယူကြသည်။ တံတားဖြူဖြူနှင့် အိမ်ဖြူဖြူလေးကို လှမ်းမြင်နေရလေသည်။

'ထမင်းဆာရင် စားလေ'

အောင်က မမြေအေးလက်ထဲမှ ထမင်းဘူးလေးကိုယူကာ လက်သုတ်ပဝါကို ဖြေမည်ပြုသည်။ မမြေအေးက ခေါင်းခါသည်။ အောင်က သက်ပြင်းအသာရှိုက်၍ ထမင်းဘူးကို သစ်မြစ်ပေါ် လှမ်းတင်လိုက်သည်။

'အောင် ပြောစရာရှိတာ ပြောပါ'

မမြေအေး၏နှုတ်မှ ထွက်လာသော စကား။

အောင်သည် မမြေအေး၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ ဆံပင်ဖြောင့်စင်းစင်းလေးများသည် နားထင်စပ်မှ ထိုးထွက်ကာ ပါးပြင်ပေါ်ပြေးလွှားနေကြသည်။

'စာရတယ် မဟုတ်လား'

မမြေအေးက လက်တစ်ဘက်ဖြင့် ဆံစကိုသိမ်းရင်း ခေါင်းညိတ်သည်။

'အေးက မေ့လိုက်ပါတော့လို့ပြောတာ အောင် နားမလည်ဘူး၊ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ၊ အောင့်မှာ ဘာအပြစ်ရှိလို့လဲ၊ အောင် သိချင်တယ်လေ၊ အဲဒါသိရရင် တော်ပါပြီကွယ်'

'အဲဒါသိရရင် မေ့မယ်လား'

ချစ်စရာနှုတ်ခမ်းတွဲလေးများ လှုပ်ရှားသွားလေ၏။ မျက်လုံးများကမှ သိရခက်ဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



'အေးက မေ့လိုက်ပါဆိုလို့ မေ့ရမှာပါ၊ မေ့ဖို့ကြိုးစားရမှာပါ၊ ဒါပေမယ့် အောင် မမေ့ချင်ပါဘူးကွယ်'

'ဒါပေမယ့် မေ့လိုက်ပါလေ'

မမြအေး၏ မျက်နှာလေး အနည်းငယ်မော့သွားလေသည်။ မျက်လုံးများသည် ခပ်ဆေးဆေးဆီသို့ လှမ်းမျှော်နေကြသည်။ နှုတ်ခမ်းကွဲလေးများ လှုပ်ရှားလာပြန်သည်။

'အောင် ပြောသလိုပဲ၊ အေးက သတ္တိနည်းတယ်၊ ပြီးတော့ အေးကိုချစ်ရတာ အောင့်မှာ စိတ်ဆင်းရဲရတယ် မဟုတ်လား'

'အောင့်ကိုချစ်ရတာရော အေး စိတ်ဆင်းရဲလား'

တိတ်ဆိတ်နေလေသည်။

'အောင့်ကို ဘယ်အခါများ လိုက်လျောခဲ့တာရှိသလဲကွယ်၊ တစ်ခါတလေတော့လဲ တွေးမိပါတယ်လေ၊ အေးမှာ အောင့်ကို ချစ်ရတဲ့အတွက် သိပ်များ စိတ်ကျဉ်းကျပ်နေသလားလို့၊ အေးကို ကြည့်ရတာ အောင် အားမရဘူး၊ ဒါပေမယ့် အေးကို အောင် ချစ်ပါတယ်၊ အောင် သည်းခံခဲ့ပါတယ်'

'သည်းမခံနဲ့တော့ အောင်၊ ခုသည်းခံနိုင်လဲ နောင်သည်းခံနိုင်မှာ မဟုတ်ဘူး၊ အေးက သတ္တိနည်းတယ်၊ မေမေ့ကိုလဲ မလွန်ဆန်ရဲဘူး'

'အေးမေမေက ဘာပြောလို့လဲ'

'ဘာမှ မပြောပါဘူးလေ'

'ပြောပါတယ်၊ ပြောတယ် မဟုတ်လား၊ ကိုသိန်းဦးသူ့သူငယ်ချင်းအိမ်ကို ပြောင်းသွားရတာ အောင်တို့ ကိစ္စကြောင့်လား၊ သူကတော့ မဟုတ်ဘူးလို့ ပြောနေတယ်'

'မဟုတ်ပါဘူး၊ သူ့ဟာသူ မနေချင်လို့ ပြောင်းသွားတာပါ'

'မနေချင်တာအကြောင်းရှိမှာပေါ့'



အေး၏ မျက်နှာလေး အနည်းငယ်တင်းသွားလေ၏။

'အေးကို မစစ်ဆေးပါနဲ့ အောင်၊ အကောင်းဆုံးကတော့ အေးပြောသလို အေးကို မေ့လိုက်ဖို့ပါပဲ၊ ဒါပဲ၊ အေးသွားမယ်၊ နောက်လဲ အေးကို ဒုက္ခမပေးပါနဲ့တော့'

သေးသွယ်ပါးလျားသောခန္ဓာကိုယ်လေးသည် အောင့်နားမှ အဟုန်ပြင်းစွာ ထွက်ခွာသွားလေသည်။ သစ်မြစ်ပေါ်တွင် အတန်ကြာ အောင် ဆက်ထိုင်နေမိသည်။ လေတိုက်၍ သစ်ကိုင်းလေးများ လှုပ်ရှားသွားသည်။ သစ်ရွက်လေးတစ်ရွက် ရေထဲကျသွားလေသည်။ အောင် နေရာမှ ထပြန်ခဲ့သည်။

ကိုမြင့်မိုးနှင့် ကိုကြည်မောင်သည် အဆောင်းဆိုင်မှနေ၍ အောင့်ကို မျှော်နေကြသည်။

'ဘယ်လိုလဲ၊ အခြေအနေ'

'ပြီးပါပြီ ဆိုပါတော့ကွာ'

အောင်က ဖြည်းလေးစွာ ထိုင်ချလိုက်သည်။ ကိုကြည်မောင်က သက်ပြင်းချကာ အောင့်ကို ကြည့်သည်။

'ပြီးရင်လဲ ပြီးတော့ကွာ၊ မင်း ရှေ့ဆက်ပြီး ရောဂါမသည်းနဲ့ဆော့၊ လုပ်စရာတွေ အများကြီးရှိသေးတယ်'

ယုံကြည်ချက်ကို မျက်ခြည်မပြတ်စေရန် သတိပေးခြင်းပင် ဖြစ်လေမည်။

'မင်း စိတ်မကောင်းမှာစိုးလို့ မပြောတာကွ၊ အဘွားကြီးက ပြောတယ်တဲ့၊ ဒီလိုပုံစံမျိုးနဲ့ တစ်သက်လုံး ဆရာဝန်ဖြစ်မှာ မဟုတ်ဘူးတဲ့၊ ဦးကိုလဲ ကောလွတ်လိုက်လို့ ဆင်းပြေးရတာ'

ကိုကြည်မောင့် နှုတ်မှ အန်ထွက်လာသော စကားများတည်း။

သူတို့ နေရာမှ ထကြသည်။ အလုံတွင် ဝိုင်းတော်သားများ ၁၂ နာရီတိတိဆုံရန် ချိန်းထားကြသည်။ စားသောက်ဆိုင်တန်းမှ

www.burmeseclassic.com



အထွက်တွင် စာအုပ်ပိုက်၍ဝင်လာသော မိန်းကလေးတစ်သိုက်ကို တွေ့လိုက်ရသည်။ မိန်းကလေးတစ်ယောက်က အောင့်ကို နှုတ်ဆက်တော့မလို အပြုံးနှင့် ကြည့်သည်။ အောင်က ရုတ်တရက်မမှတ်မိ။ ပြီးတော့မှ 'ဪ' ဟု ရေရွတ်သည်။ မိန်းကလေးက နှစ်နှစ်ကာကာ ပြုံးလိုက်ပြီး အဖော်များနောက်သို့ လိုက်သွားသည်။

'ဟော့ အဲဒါဘယ်သူလဲကွ'

အပြင် ရောက်ရောက်ချင်း ကိုမြင့်မိုးက မေးလေသည်။

'ချော'

'ဘယ်သူ'

'ချောလေ'

'ဖိုးတင့်ဝေရဲ့ ချောလား'

အောင်က ခေါင်းညိတ်သည်။

'အံမာ မင်းက ဘယ်တုန်းက သိသွားရတာတုံး'

'ဒီလိုပေါ့ဗျ'

'ချွေးမသား၊ တို့ကဖြင့် သနားနေ၊ တကယ်ဆိုရင် ဒီကောင့်ကို နည်းနည်းမှ သနားဖို့ကောင်းတာမဟုတ်ဘူးကွ၊ မလစ်လိုက်နဲ့ လစ်လိုက်ရင် သူချည်းပဲ၊ ဟင်း မသိရင်ခက်မယ်'

အောင် ပြုံးနေလေသည်။

\+ \+ \+

၃

ယခုတော့ အောင်တစ်ယောက် ပုံမှန်အနေအထားသို့ ပြန်ရောက်ခဲ့ပြီ။ အောင့်တွင် အပေါင်းအသင်းများ ဝိုင်းရှာပေးခဲ့သော ရည်းစားတစ်ယောက်လည်း မရှိတော့။ ချစ်သူလည်း မရှိတော့။ အောင်သည် လူလွတ်တစ်ယောက် ပြန်ဖြစ်လာခဲ့ပြီ။

အောင်သည် ကံကောင်းထောက်မ၍ မိဘများအလိုကျ ဆေးကျောင်းသို့ ရောက်ခဲ့ရသော်လည်း အောင် တကယ်တမ်းဝါသနာပါသည်က ဂီတ။ အောင် စိတ်ဝင်စားသည့်အလုပ်က စာအုပ်ထုတ်ဝေရေး။ ထို့ကြောင့်လည်း အချိန်အားရတိုင်း အလုံနံ့သာရိပ်နှင့် ၂၉ လမ်းမှ မိဘပိုင် မြနန္ဒာစာပေတိုက်တွင်သာ အချိန်ကုန်လေ၏။

အခိုက်အတန့်အားဖြင့် နံ့သာသိချင်းသည်တွင် လူစုကွဲသွားကြလေသည်။ ကိုတင့်ဝေမှာ ချစ်သူဘဝမှ ဇနီးမယားဖြစ်လာသော နိုးမခနှင့် ဘဝကိုရင်ဆိုင်ရန် ပြင်ဆင်လုံးပန်းနေရသည်။ ကိုသိန်းဦးမှာလည်း မမြေအေးတို့အိမ်မှ လွှင့်ထွက်ပြီး အလုပ်မှ ခွင့်ယူကာ မိဘများရှိရာ ကသာသို့ ပြန်သွားသည်။ ကိုမြင့်မိုးနှင့် ကိုကြည်မောင်

www.burmeseclassic.com

www.burmeseclassic.com



တို့လည်း နောက်ဆုံးနှစ်ဝိဇ္ဇာစာမေးပွဲအတွက် စာအုပ်များကို ဖုန်ခါ နေကြရပြီဖြစ်၏။ အောင်သည်ပင် မရောက်သည်မှာ ကြာပြီဖြစ်သော ကျောင်းဘက်သို့ ခြေဦးပြန်လှည့်ရလေသည်။ နာမည်ခေါ်သော ဆရာမကြီးသည် အချိန်အတန်ကြာ မထူးဘဲနေခဲ့သော အောင့်နာမည်မှ ပြန်လည်ထူးသံကြားရသောအခါ လန့်ဖျပ်၍ အောင့်ကို မော့်ကြည့်လေသည်။ ကျောင်းသူများက တီးတိုးရယ်မောကြသည်။

ကျောင်းတွင် အောင်တစ်ယောက် ယောင်လည်လည်ဖြစ်၍ နေလေသည်။ ကျောင်းသည် အောင်နှင့်စိမ်း၍နေ၏။ သစ်လွင် တောက်ပြောင်သော ဆင်ယင်ထုံးဖွဲ့မှုများဖြင့် ဆေးပညာကို လာရောက် သင်ကြားနေသည့် ကျောင်းသူများကို အောင့်စိတ်က နားမလည်သလို လိုက်လံငေးမောနေတတ်လေသည်။

စာသင်ခန်းနှင့် လမိုင်းမကုပ်တိုင်း အောင်သည် လိပ်ခုံးမှခွာ၍ ဂျဒ်ဆင်ခန်းမဘက်သို့ ရောက်ရောက်လာတတ်လေသည်။ ပင်မ တက္ကသိုလ်တွင် စာမေးပွဲအရိပ်အယောင်များကို မြင်နေရလေပြီ။ စနစ်သစ်ပညာရေး၏ ပထမနှစ်ဝက် စာမေးပွဲ။

ကိုကြည်မောင်ကို တွေ့လိုတွေ့ငြား ဒဿနိကဗေဒစာသင်ခန်း များဘက်ကို ထွက်ခဲ့သည်။ အခန်းတစ်ခန်းတွင် လူစုစုတွေ့၍ အောင်က ငဲ့ကြည့်သည်။ မိန်းကလေးတစ်စုသည် စာအုပ်များကို ရှေ့မှခုံတန်းပေါ်တွင်ချကာ ဆီးပြားတစ်ထုပ်ကို ဝိုင်းနှိုက်နေကြလေ သည်။ တစ်ယောက်သောမိန်းကလေးသည် ဆီးပြားကို ပါးစပ်မှဝါး၍ မျက်နှာကို ရှုံ့နေခိုက် အောင့်ကိုလှမ်းမြင်သွားလေ၏။ သည်တစ်ခါ တော့ အောင်က ဦးစွာ ပြုံးပြလိုက်မိသည်။ ပြီးတော့ ဆက်မလျှောက် ဘဲ နေရာတွင် ရပ်လိုက်မိသည်။ ဘေးမှ မိန်းကလေးက သူမကို တံတောင်ဖြင့် တွက်လိုက်သည်။ သူမက နေရာမှ ထက အောင့်ဆီသို့ လျှောက်လာသည်။



'လာလည်တာလား'

ချော၏ မျက်နှာတွင် မိတ်ကပ်ကို မမြင်ရတော့။ သနပ်ခါးကို ဘဲကျားလိမ်းထားလေသည်။ မျက်ခုံးနှစ်ဘက်ကိုမူ ခပ်ပါးပါး ဆွဲထား သည်။

'လာလည်တာတော့ မဟုတ်ဘူး'

'ဒါဖြင့် ဘာလာလုပ်တာလဲ'

'ဒီလိုပဲ လာနေကျပဲလေ'

ချော၏မျက်နှာသည် ခပ်ပြုံးပြုံးလေး ဖြစ်နေလေသည်။

'လာနေကျက ဒီဘက် မဟုတ်ပါဘူးနော်'

'ဟောဗျာ'

အောင်က မလုံမလဲ ရယ်လိုက်၏။

'နာမည်ကြီးတွေပဲ သိပါတယ်'

အခန်းထဲမှ မိန်းကလေးများက သူတို့ကို လှမ်းကြည့်နေကြ လေသည်။

'ဘယ်သူက နာမည်ကြီးတာလဲဗျာ'

'နှစ်ယောက်လုံးပေါ့၊ အထူးသဖြင့်တော့ သူပေါ့'

'ကျွန်တော် နားမရှင်းပါဘူးဗျာ'

ချောက သူ့ကို ရင်းနှီးစွာဖြင့် မျက်စောင်းတစ်ချက်ထိုးလေ သည်။

'ကိုသက်အောင်က စကားပြောရင် တစ်မျိုးပဲ၊ သူများ စိတ် ဝင်စားအောင် ပြောတတ်တယ်၊ လာလေ အထဲဝင်ထိုင်ပါလား'

'မဝင်တော့ပါဘူးဗျာ၊ ကြောက်တယ်'

ချောက ချစ်စဖွယ် ရယ်လေ၏။ အောက်သွားလေးများက ညီညာ။ သွားတက်လေးများ ဖြစ်နေကြသည်။ အပေါ်နှုတ်ခမ်းတွင် မှဲ့သေးသေးလေးတစ်လုံး ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆိုင်းယင့်စိဘက်ကို ချောင်းပေါက်မတတ်သွားနေရတဲ့သူဆိုတော့ ကြောက်မှာပေါ့လေ၊ ကိုတင့်ဝေကိုလဲ ပြောလိုက်ပါ၊ မိုးမခကိုတွေ့ချင်လို့ လာခဲ့ဦးမယ်လို့'

'ဟုတ်လား၊ ဘယ်တော့လာမှာလဲ'

'အိုး ဘယ်ကိုလာရမှာမို့လဲ'

'စာအုပ်ဆိုင်ကိုလေ'

ချောက ရယ်ပြန်လေသည်။

'မလာပါဘူး၊ အလုံကိုလာမှာ'

'အလုံကိုလာရင် အပြန် မိုးချုပ်မှာပေါ့၊ အလုံမှာ ညနေပိုင်းမှလူစုံတာ၊ နေ့လယ်ဆိုရင် မြနန္ဒာမှာပဲရှိတယ်'

'သူ ကျောင်းမတက်ဘူးလား'

'တစ်ခါတလေတော့ ရောက်ပါတယ်'

'အဟာမ်း အဟာမ်း'

အခန်းတွင်းမှ မိန်းကလေးတစ်သိုက်၏ ချောင်းဟန့်သံဖြစ်လေသည်။ ပြီးတော့ ဝါးကနဲ ရယ်မောလိုက်ကြသည်။

'လာမယ်ဆိုရင် ချော အဲ မမချောလဲ အားတဲ့ စနေနေ့ လာပေါ့ဗျာ၊ ကျွန်တော် ပြောထားလိုက်မယ်၊ သွားမယ်နော်'

အောင်က နေရာမှ ထွက်ခွာမည်ပြုပြီးမှ သတိရဟန်ဖြင့် မေးလိုက်သည်။

'သြော် ဒါနဲ့ စာရတယ်နော်'

ချောက ပြုံး၍ ခေါင်းညိတ်လေသည်။ အောင်က ခပ်သွက်သွက်လေး လှည့်ထွက်ခဲ့သည်။ မိန်းကလေးတို့၏ ရယ်မောသံကို ကြားရပြန်လေသည်။ 'တော်တော်ဆိုးတဲ့ ဟာတွေပဲ' အောင့်နှုတ်မှ တီးတိုးရေရွတ်လိုက်မိသည်။

\+ \+ \+



ချွေအဲ ဆေးလိပ်တိုများသည် ဆေးလိပ်ခွက်တွင်းမှ လျှံထွက်ကာ စားပွဲပေါ်ထိ လိမ့်ဆင်းနေကြလေသည်။ ကိုတင့်ဝေသည် စာရွက်တစ်ရွက် ဖောင်တိန်တစ်ချောင်းဖြင့် စကားလုံးလှလှများကို ရှာဖွေလျက်ရှိသည်။ ကိုကြည်မောင်နှင့် ကိုမြင့်မိုးသည် ယမန်နေ့ညက စန္ဒရားဖြင့် ချပေးလိုက်သော သီချင်းတစ်ပုဒ်ကို နှစ်ယောက်တူတူ ဆိုကြည့်နေသည်။ အောင်တစ်ယောက်သာ ယောင်လည်လည်နှင့် ဆေးလိပ်တစ်လိပ်ပြီးတစ်လိပ် ကောက်ဖွာနေသည်။ ကိုကြည်မောင်သည် အောင့်ကိုကြည့်ကာ ကိုမြင့်မိုးတို့ကို လက်တို့လိုက်သည်။ ပြီးတော့ အတိုင်အဖောက်ညီညီနှင့် အောင့်ကို ကလိလိုက်သည်။

'ဗိုးသက်အောင်တို့များကွာ လျှင်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ တစ်ယောက်နဲ့ အခြေအနေမဟန်တော့ နောက်တစ်ယောက်က အဆင်သင့်'

'အေးလေ ငါ့မှာဖြင့် ဒီကောင် တစ်ချိဖြင့် အထိနာရှာပေါ့ဆိုပြီး သနားနေလိုက်ရတာ၊ လက်စသတ်တော့ ဘသားချောက နောင်ရေး စိတ်အေးနေတာကိုးကွ'

အောင်သည် သူတို့ကို လှည့်မကြည့်ဘဲ ဆေးလိပ်ကိုဖိ၍ ဖွာနေလေသည်။

'ဘာတွေ ပြောနေကြတာလဲ'

ကိုတင့်ဝေက ဖောင်တိန်ကို ခေါက်ချကာ လှည့်၍ မေးသည်။

'ခင်ဗျားက မိန်းမရနေတော့ ဒီကောင့်အကြောင်း မသိဘူး၊ ဒီကောင့်ကို မမြေအေးက အပြတ်ကောလွှတ်လိုက်ပြီလေ'

'ဟုတ်လား'

ကိုတင့်ဝေက အောင့်ကို ကရုဏာနှင့် ကြည့်သည်။ ကိုတင့်ဝေသည် အုပ်စုထဲတွင် အောင့်ကို သံယောဇဉ်အပိုဆုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'အမယ် နေဦး နေဦး သိပ်သနားမသွားနဲ့ဦး၊ ဒါပေမယ့် သူက ခပ်အေးအေးပဲဗျ၊ ခင်ဗျားရဲ့ မရွှေချောကို သူက ချိတ်နေပြီလေ'

ကိုတင့်ဝေက သဘောပေါက်ကာ ပြုံးလိုက်သည်။

'တို့ မော်လမြိုင်သွားတုန်းက သူ့ကို ချောဆီ လွှတ်လိုက်တယ်လေ၊ အဲဒီကောင်မလေးကို ငါ တစ်ခါမှ မမြင်ဖူးသေးဘူး၊ ဘယ်လိုလဲ ချောရဲ့လား'

'ချောလား မချောလားတော့ မသိဘူးဗျို့၊ အတော်တော့ လေပေးဖြောင့်နေပြီ'

အောင်တစ်ယောက် ငြိမ်သက်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။ ဆေးလိပ်ကို နောက်တစ်လိပ် မီးမကူးတော့ဘဲ ပြာခွက်ထဲ အပြီးသတ် မီးငြိမ်းပစ်လိုက်သည်။

'ဒီကောင်တွေ အလကား အူတိုနေတာပါဗျာ၊ အဲဒီနေ့က စာသား သွားပေးပြီး ပြန်လာတယ်၊ နောက် ကင်န်တီးမှာ တစ်ခါ တွေ့တယ်၊ တစ်နေ့က သူတို့ကိုသွားရှာရင်း ကျောင်းမှာ တစ်ခါတွေ့တယ်၊ ဒါပါပဲ'

စာရေး ပိုက်သည့် အကြောင်းကိုတော့ ချန်ထားလိုက်သည်။

'ဖုန်းလဲ ဆက်သေးတယ်ဆို'

ကိုမြင့်မိုးက ဝင်ထောက်သည်။

'နွေဦးပန်းချီကို ကြိုက်တဲ့အကြောင်း ပြောတာပါ၊ ကျွန်တော်က ကောင်းကောင်း ပြန်မပြောလို့တောင် စိတ်ဆိုးပြီး ဖုန်းချသွားသေးတယ်'

'ဒါ မင်းရဲ့ထွင်ကွက်တွေပဲ၊ ဒီလိုနဲ့ပဲ စားနေတာ'

ကိုမြင့်မိုးသည် အောင့်ကို အခွင့်သင့်တိုင်း အလွှတ်မပေးတော့။ အောင် သည်လိုကွက်ကျော်ရိုက်ပေါင်းများပြီမို့ မကျေနပ်ချင်။



သို့သော် အောင်သည် ဒီတစ်ချီ အရှုံးသားဆုံးနေခဲ့ပါသည်ဆိုခြင်းကို သူတို့ကို ပြောပြ၍လည်း ယုံမည် မထင်တော့။

တကယ်တော့ ကိုမြင့်မိုးကိုယ်တိုင်က သည်အချိုးမျိုး ချိုးခဲ့ပေါင်း များလှပြီဖြစ်သည်။ နံ့သာနှင့် ပတ်သက်လာသမျှ မိန်းကလေးတို့သည် မည်သူ့ဆီမှတစ်ဆင့် ကျွမ်းဝင်လာသည်ဖြစ်စေ ကိုမြင့်မိုးနှင့် ရင်းနှီးသွားတတ်ခဲ့သည်သာဖြစ်သည်။ ကိုမြင့်မိုးက နှုတ်သွက် ခြေသွက်သည်။ တစ်ခုပဲကွာသည်။ အောင်က အပျော့ဆွဲ။ သည်တစ်ချီတော့ အောင်က ရှေ့မှ ဦးဆောင်သွားခဲ့ပြီ။

ကိုမြင့်မိုးနဲ့ အောင်တို့ ထိပ်တိုက်တိုးခဲ့ရသည်က ချမ်းမြကြည် ကိစ္စတွင်ဖြစ်သည်။ ချမ်းမြကြည်သည် နံ့သာသီချင်းသည်နှင့် တိုက်ရိုက် ပတ်သက်လာသည်တော့ မဟုတ်။ သို့သော် ချမ်းမြကြည် နှင့် ပတ်သက်နေသူတို့သည် နံ့သာသီချင်းသည်တွင် လာရောက် စည်းနေမိခဲ့သည်။

ချမ်းမြကြည်သည် ဂီတနှင့် စာပေကို ဝါသနာပါသော အထက်လွှာမှ သာသနာပြု ကျောင်းသူကလေးတစ်ဦး။ သူ့ကို အောင်သည် ကျောင်းသားပွဲတော်တစ်ခုတွင် တွေ့ဆုံခင်မင်ခဲ့ရသည်။ သူမ၏ နှစ်လိုဖွယ်အပြုံးနှင့် ဖော်ရွေပွင့်လင်းသော ဆက်ဆံမှုတို့ကြောင့်ပင် ပိုမိုရင်းနှီးခဲ့သည်။ ချမ်းမြကြည်မှတစ်ဆင့် ချစ်စဖွယ် ကျောင်းသူလေးများနှင့်လည်း အသိမိတ်ဆွေဖြစ်လိုက်ရသေးသည်။ အောင်တို့ [illegible]ကယ်ကျောင်းမှ ကျောင်းသားတစ်စုနှင့်လည်း အောင်က မိတ်ဖွဲ့ပေးသည်။ သူတို့တစ်တွေသည် စုစုဝေးဝေး မုန့်အတူစားဖြစ်ကြသည်။ ရုပ်ရှင်အတူကြည့်ဖြစ်ကြသည်။ သည့်ထက်တော့ မပိုနိုင်။ သို့သော် အောင်နှင့် ချမ်းမြကြည်အကြားတွင် ထူးခြားသော သံယောဇဉ် …ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြကြည်သည် အောင်နှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းတွင် ပါမလာခဲ့ချေ။ နောက်နှစ်မှအောင်သော မမြေအေးနှင့်လည်း ပါမလာခဲ့။ ချမ်းမြကြည်နှင့် မမြေအေးသည်လည်း တစ်ကျောင်းတည်းနေ သူငယ်ချင်းများ ဖြစ်သည်တဲ့။ ပြီးတော့ ဘာကြောင့်မှန်းမသိ မမြေအေးနှင့် အောင်တို့ ချစ်ကြပြီးသည့်နောက်တွင် ချမ်းမြကြည်နှင့် မမြေအေးတို့ စကားမပြောကြတော့ဟု အောင်သိရသည်။ အကြောင်းကြီးငယ်လည်း ဘာမျှမရှိပါဟု ဆိုသည်။ မိန်းကလေးတို့၏ သိရခက်သော စိတ်ပေပဲ။

သူ ကျွမ်းဝင်ခင်မင်ခဲ့သော မိန်းကလေးတစ်ယောက်၏ ဓာတ်ပုံကို ကိုမြင့်မိုး၏ အယ်လ်ဘမ်အတွင်းတွင် မြင်လိုက်ရသောအခါ အောင် အံ့အားသင့်သွားလေသည်။ 'ခင်ဗျား သူ့ကိုသိလို့လား'ဟုလည်း လွှတ်ခနဲ မေးလိုက်မိသည်။

'သိလို့ ထည့်ထားတာပေါ့ကွ'

ကိုမြင့်မိုးကလည်း ခပ်တည်တည်ပင် ဖြေလေသည်။

'ဖြီးမနေစမ်းပါနဲ့ဗျာ၊ သူ့ကို ကျွန်တော်သိပါတယ်'

'မင်းညာတာ'

'တကယ်ပြောတာပါ၊ ကျွန်တော့်ဆီမှာ သူ့စာတွေတောင်ရှိသေးတယ်'

'ငါ့ဆီမှာလဲ ရှိတာပဲ'

အောင် အောင့်သက်သက်ဖြစ်သွားလေသည်။

'ကျွန်တော်နဲ့က သိပ်ခင်တာ'

'အိုး ငါနဲ့လဲ သိပ်ရင်းနှီးတာ'

ကိုတင့်ဝေတစ်ယောက် မနေသာတော့။ သူတို့ အငြင်းပွားနေသည့် အရာကို လှမ်း၍ ကြည့်မိသည်။



'ဒီကောင်မလေးကို ငါလဲသိတာပဲ၊ သိပ်သဘောကောင်းတယ်'

'ဟောဗျာ၊ ခင်ဗျားက ဘယ်တုန်းကသိရတာတုံး'

'သူ့သူငယ်ချင်း သက်သက်ဟာ ငါ့ပရိသတ်ပဲကွ၊ သက်သက်နဲ့အတူတူပါလာလို့ ငါနဲ့ မိတ်ဖွဲ့ပေးတာ၊ စိန့်ဖလိုမီနာ ကျောင်းသူကွ၊ ဘယ်တန်းမအောင်သေးဘူး၊ ခု ကျောင်းထွက်သွားပြီ၊ ကျူရှင်တက်နေတယ်၊ မကြီးကြီးလမ်းမှာနေတယ်၊ တိုက်ကြီးနဲ့'

သူတို့နှစ်ယောက် ငြိမ်သွားကြသည်။ ထိုနေ့မှစ၍ ကိုမြင့်မိုး၏ ခြေလှမ်းများကျဲလာသလို အောင်၏ ခြေလှမ်းများလည်း သွက်လာသည်။ ကိုမြင့်မိုးက ချမ်းမြကြည်အိမ် အလည်ရောက်ခဲ့ကြောင်းကို အောင့်ကို ပြန်မပြောဘဲ ချိုထားသည်။ အောင်ကလည်း ကျူရှင်က အပြန်လမ်းမှာ သွားစောင့်သည်ကို စကား မစပ်မိအောင် နေ၏။ ကိုမြင့်မိုးသည် အောင့်ကို ချမ်းမြကြည်က စိတ်ဝင်စားသွားမှာစိုးသည်။ အောင်ကလည်း ကိုမြင့်မိုးကို ချမ်းမြကြည် သဘောကျသွားမှာ ရွံ့သည်။

တကယ်တော့ အောင် သက်သက်သဝန်တိုခြင်းသာ ဖြစ်၏။ အောင်သည် မမြေအေးဆီမှ အဖြေမရသေးသည့်တိုင် မမြေအေးကို ချစ်ရေးဆိုပြီးသား ဖြစ်လေသည်။ မမြေအေးဆီမှ တုံ့ပြန်အချစ်ကို ရသည့်တိုင် ချမ်းမြကြည်ကို အောင် စိတ်ဝင်စားဆဲ။ သို့သော် ချမ်းမြကြည်သည် အရောတဝင် ဆက်ဆံရုံနှင့် မိမိကိုကျနေပြီဟု အထင်ကြီးတတ်ကြသော ယောကျာ်းတို့၏ အတွင်းစိတ်ကို ပြက်ရယ်ပြုသော တစ်လမ်းတည်းနေ သူ့ရည်းစားဖြစ်သူနှင့် ခိုးရာလိုက်သွားခဲ့လေသည်။ ကိုမြင့်မိုးနှင့် အောင်သည် သူ့ကြောင့် ငါ့ကြောင့် ပြောဆိုရင်း ရှက်စိတ်ကို ဖြေကြရလေ၏။

ယခုတော့ ချောနှင့် ပတ်သက်၍ သူက တစ်ကွက်ဦးနေသည်။ မမြေအေးနှင့် ကီစွကလည်း ပြတ်ပြီဆိုတော့ အောင့်ကို သူတို့

www.burmeseclassic.com



ကန့်ကွက်စရာမလိုတော့။ သို့သော် ထုံးစံအတိုင်း သူတို့၏ အထေ့အငေါ့အရိကိုတော့ ခံရပေမည်။

'ဒီမှာ ဖိုးသက်အောင်၊ မင်းဟာ ချစ်တတ်တဲ့သူ မဟုတ်ပါဘူးကွာ၊ ချစ်စရာလိုက်ရှာနေတာပါ၊ ချစ်စရာမရှိရင် မင်း မနေတတ်ဘူး၊ ချစ်စရာတွေ့ရင် ချစ်မယ်၊ ချစ်စရာမရှိတော့ရင် နောက်ထပ်ချစ်ရမယ့်သူ ရှာမယ်၊ ဒါပဲမဟုတ်လား'

အချစ်ကို ရှေ့တန်းတင်တတ်သည်ဟု နာမည်ရထားသူကိုကြည်မောင်က ဤသို့ဝေဖန်လာပြီဆိုတော့ အောင် နည်းနည်းတော့အခံရခက်သည်။ ရှုံ့ရှုံ့ရားရား ပြန်လည်ငြင်းဆန်လျှင်လည်း သူတို့ကအုပ်စုဖွဲ့လိုက်က ဘယ်လိုမှ အနိုင်ရတော့မည်မဟုတ်။ သို့သော်သည်စကားကို နည်းနည်းတော့ ရှင်းရမည်။

'မချစ်တတ်ဘဲနဲ့တော့ အချစ်ကို မရှာပါဘူးဗျာ၊ ပြီးတော့လဲကျွန်တော်က တွေ့ကရာချစ်တာ မဟုတ်ပါဘူး၊ ချစ်တာတွေ့မှချစ်တာပါ၊ အဲဒီလို ချစ်တဲ့အခါမှာလဲ တကယ် လှိုက်လှိုက်လှဲလှဲချစ်တာပါ'

'ကောက်ရိုးမီးလိုပေါ့ကွာ'

တစ်ကွက်ခံလိုက်ရပြန်လေသည်။

'မမြေအေးကို ကျွန်တော် သိပ်ချစ်ခဲ့ပါတယ်၊ အခုလဲ ချစ်နေဆဲပဲ၊ ကျွန်တော့်ဘက်က ငြိမ်းသွားတာ မဟုတ်ပါဘူး'

'ဒါပေမယ့် မမြေအေးကို ချစ်ပြီးမှ ချမ်းမြကြည်ကို လိုက်ချစ်တာကကော'

ကိုမြင့်မိုးက အနာဟောင်းကို ပြန်ဖော်လေသည်။

'ချမ်းမြကြည်ကို ကျွန်တော် မလိုက်ပါဘူး ကိုမိုး၊ ချမ်းမြကြည်ကို အရင်တွေ့ခဲ့တာပဲ၊ ခင်တယ် သံယောဇဉ်ရှိတယ်၊ အဲဒီတုန်းကငယ်သေးတော့ ချစ်ရကောင်းမှန်း မသိဘူး၊ နောက်ပြန်တွေ့တော့



ချမ်းမြကြည်ဟာ ကျွန်တော့်အတွက် သိပ်ချစ်စရာကောင်းနေတယ်၊ ချမ်းမြကြည်ကို ကျွန်တော်လိုချင်တယ်၊ မမြေအေးကို ချစ်ရေးဆိုမိတဲ့အကြောင်းရင်းကတော့ ခင်ဗျားတို့လဲ သိသားပဲဗျာ'

'ဒီလိုဆို မင်း မမြေအေးကို မချစ်ဘူးပေါ့'

အောင့်ကို အစဉ်နားလည်ခွင့်လွှတ်ခဲ့သော ကိုတင့်ဝေက စစ်ဆေးလာလေပြီ။ ကိုတင့်ဝေသည်လည်း ချစ်တတ်သူလူတစ်ယောက်ပေ [illegible] အချစ်နှင့်ပတ်သက်လာလျှင် အငြိအစွန်းခံချင်သူမဟုတ်ပေ။

'မမြေအေးကို မချစ်ခင်ကတော့ သိပ်မချစ်ဘူးဗျာ၊ ချစ်သွားပြီးမှ သိပ်ချစ်သွားတယ်'

အားလုံးက ဟားတိုက်ကြလေပြီ။ အောင်သည် သူ့စကားကိုရှင်းနိုင်ရန် ကြိုးစားရလေသည်။

'ရည်းစားမဖြစ်ခင်က သိပ်မချစ်ဘူးလို့ပြောတာ၊ ရည်းစားဖြစ်သွားပြီးမှ သိပ်ချစ်သွားတယ်'

'ရည်းစားမဖြစ်ခင်ကတည်းက မင်း အရူးအမူးဖြစ်နေတာပါ၊ [illegible] ဒါတွေထားပါတော့၊ မမြေအေးနဲ့ စာရင်းမရှင်းခင်ကတည်းက[illegible]ကို မင်း စိတ်ဝင်စားနေတာကကော'

'ဟာဗျာ၊ ဘယ်မှာစိတ်ဝင်စားလို့တုံး'

ကိုတင့်ဝေက မသိမသာ ပြုံးလေသည်။

'ခင်း ဖိုးတင့်ဝေဆီက ချောရဲ့စာတွေကို ယူယူဖတ်နေတာ[illegible]သိပါတယ်ကွာ'

တံတွေးအနည်းငယ်ကို မျိုချလိုက်မိလေ၏။

'ဒါကတော့ဗျာ ခင်ဗျားလဲ ကိုကြည်မောင့်ဆီက စုစုဌေးရဲ့စာတွေ ယူယူဖတ်နေတာပဲ၊ ခုတောင် ခင်ဗျားနဲ့ဖါ မိတ်ဆွေဖြစ်နေပြီမဟုတ်လား'

'ငါ့မှာ ရည်းစားမှမရှိသေးဘဲကွ'

www.burmeseclassic.com



အောင်သည် စားပွဲပေါ်လက်လှမ်းကာ ဆေးလိပ်တိုတစ်ခုကို ယူလိုက်သည်။ 'ဟော့ အဲဒါ ငါ့ဆေးလိပ်ကွ' ဟု ကိုကြည်မောင်က လှမ်းတားသည်။ အသစ်တစ်လိပ်ကို ညှိရပြန်လေသည်။

'ချောကို ကျွန်တော်က ရည်းစားထားဖို့ ရည်ရွယ်ပြီး ဖန်တာမှ မဟုတ်ဘဲဗျာ၊ သူစာလေးတွေက စိတ်ဝင်စားစရာကောင်းလို့ စိတ်ဝင်စားတာပါ၊ လူချင်လဲ မရင်းနှီးရသေးပါဘူး၊ ဘာဖြစ်လို့ ခင်ဗျားတို့က စောစောစီးစီး ဒိတ်ပင်နေကြရတာလဲ'

အောင် အနည်းငယ်စိတ်တိုလာမှန်းသိ၍ သူတို့ဆက်မပြောကြတော့။ တကယ်တော့ သူတို့အုပ်စုတွင် အောင် အငယ်ဆုံး။ အောင့်ကို အားလုံးက ခင်မင်ကြသည်သာဖြစ်သည်။ အောင်ကလည်း အားလုံးအတွက် အနစ်နာခံသည့် အချက်လေးများ ရှိတတ်လေသည်။

ကိုတင့်ဝေသည် နေရာမှ ခါးဆန့်၍ထကာ လက်ပတ်နာရီကို ကြည့်လိုက်သည်။

'ကဲ သွားကြစို့'

တစ်နေ့တာ၏ နောက်ဆုံးလမ်းခွဲခါနီး စခန်းသိမ်းရာ နေရာသည် လက်ဖက်ရည်ဆိုင်ပင် ဖြစ်လေသည်။

\+ + +

၄

[…]ခါ ဖုန်းမြည်ရင် ခင်ဗျားဖုန်းဖြစ်ရမယ်'

'မဖြစ်နိုင်ဘူး၊ မင်းပဲ ထရမှာ'

'အို လောင်းမယ်ဗျာ ခင်ဗျားပဲ'

'စိန်လိုက်ကွာ၊ လက်ဖက်ရည်တစ်ခွက်ကြေး'

အလုပ်လုပ်ရာတွင် တယ်လီဖုန်းခေါ်သံက အနှောင့်အယှက်[…]သည်။ တယ်လီဖုန်းမြည်သံကြားလျှင် ငါ့များခေါ်လေမလားဟု […]ထိတ် ဖြစ်နေကြလေသည်။ အောင်နှင့် ကိုတင့်ဝေတို့ […]င်းအစားပြုဆဲမှာပင် တယ်လီဖုန်းမြည်သံကို ကြားလိုက်ရသည်။

'ဟော လာပြီ လာပြီ'

အလိုလို နားစွင့်မိလျက်သား ဖြစ်သွားလေ၏။

'ကိုတင့်ဝေတဲ့ ဟေ့'

အောက်ထပ်မှ လှမ်းခေါ်သံကို ကြားရသည်။ အောင်ကပြုံး၍ […]ယ်ဝါပါ ကြည့်လိုက်သည်။ ကိုတင့်ဝေသည် မျက်နှာကိုမဲ့[…] […]သို့ဆင်းသွားလေသည်။ ဆိုင်သို့အလည်အပတ်လိုက်[…]သော […] ပြီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်ဝေသည် ပြုံးလျက်ပင် ပြန်တက်လာလေသည်။

'ဖုန်းကတော့ ငါ့ဖုန်းပဲ၊ ဒါပေမယ့် လက်ဖက်ရည်ကိုတော့ မင်းပဲတိုက်ပေတော့'

ဘာကြောင့်မှန်းမသိ အောင့် ရင်သည် လှပ်ခနဲ ဖြစ်သွားလေသည်။

'ဘယ်သူ့ဆီကလဲ'

မိုးမခက ကြားဝင်မေးလိုက်၏။

'ချောလေ၊ သူက မင်းကိုတွေ့ချင်လို့ ဗိုလ်ချုပ်ဈေးက စောင့်နေမယ်တဲ့၊ ကဲ လက်ဖက်ရည်တိုက်ချင်ရင် လိုက်ခဲ့ပေတော့'

'ဟာဗျာ ဘာဆိုင်လို့ တိုက်ရမှာတုံး'

'မလိုက်ဘူးလား'

'လိုက်မှာပေါ့'

၂၉ လမ်းနှင့် ဗိုလ်ချုပ်ဈေးသည် အနီးကလေး။ ချောသည် စာအုပ်ဆိုင်ကိုမလာဘဲ ဘာကြောင့်များ ဗိုလ်ချုပ်ဈေးကို ချိန်းရပါလိမ့်။ အတွေးမဆုံးမီ ဈေးရှေ့ဆင်ဝင်အောက်ကို ရောက်သည်။ အများသုံးတယ်လီဖုန်းရှေ့တွင် ချောသည် စက္ကူထုပ်လေး နှစ်ထုပ် ကိုင်ကာ ရပ်နေလေသည်။ ကချင်လုံချည် ညိုညိုလေးနှင့် အင်္ကျီပန်းရောင်ကို ဝတ်ထားသည်။ တစ်ပတ်လျှိုဆံထုံးမှာ ကံ့ကော်ပန်းကို ပန်ထားသည်။ ညိုချော။

ချောသည် မြင်ဖူးပြီးသော အောင့်ကို ကျော်၍ မမြင်ဖူးသေးသည့် မိုးမခနှင့် ကိုတင့်ဝေကို ဦးစွာပြုံးပြလေသည်။

'တစ်ခုခု စားကြရအောင်'

အနီးဆုံး ဆီချက်ခေါက်ဆွဲဆိုင်တစ်ဆိုင်ကို လျှောက်ခဲ့ကြသည်။ စကားမပြောဖြစ်ကြ။ လူရှင်းသော ဆိုင်ခန်းအတွင်းမှာ နေရာယူမိကြမှ ချောက ပြုံး၍ စကားပြောသည်။



'စာမေးပွဲက တနင်းလာနေ့မှာ ဖြေရမယ်လေ၊ စာမေးပွဲပြီးရင် ပြန်တော့မှာ၊ မပြန်ခင်တွေ့ရအောင်လို့ လာခဲ့တာ'

ဦးစွာလာချပေးသော ဟင်းချိုခွက်ကို ချောက တစ်ဇွန်းခပ်သောက်သည်။

'မှတ်ထားနော် သူ့နာမည်က မရီဝင်း'

'ကျွန်မနာမည်က မမြထွေး'

အမျိုးသမီးနှစ်ယောက်က ရယ်ကြလေသည်။ အမည်ရင်းများသည် နားထဲတွင် စိမ်း၍ နေသည်။ သူတို့သည် ရောက်တတ်ရာရာ စကားများကို ပြောကြလေသည်။ ချောသည် စကားပြောလျှင် ပြုံး၍ ရယ်၍ ပြောတတ်သည်။ ပြောပြီးလျှင်လည်း ရယ်သည်။ အမည်တစ်ခု ခေါ်ပေးမိသည်။ ရယ်ချော။

သည်ပွဲတွင် အောင်သည် တေမိ။ ကိုမြင့်မိုးစကားအရ ပြောသည်ဆိုလျှင် ထွင်ကွက်။ သို့သော် အောင်သည် ချော၏ အပြုံးနှင့် အရယ်ကြားမှ စကားသံ ချွဲချွဲနွဲ့နွဲ့လေးကို နားထောင်ကောင်းကောင်းနှင့် ထောင်နေမိခြင်းသာ ဖြစ်လေသည်။ နွဲ့ချော။

'ကဲ ပြန်တော့မယ်နော်၊ အိမ်ပြန်ရောက်ရင်လေ စာရေးလိုက်မယ်၊ ပြန်လာရင် အိမ်ကိုလာလည်မယ် သိလား၊ ထမင်းကျွေးရမယ်နော်'

သူ့စကားပိုင်းကိုသူသိမ်းကာ ချောက နေရာမှထလေသည်။

'တစ်ယောက်တည်း ဒီလိုပဲ လျှောက်သွားနေလား၊ ခု ဘာစီးပြီး ပြန်မှာလဲ'

ကိုတင့်ဝေက လူကြီးသံဖြင့် ပြောလေသည်။

'သွားနေကျပဲ ဘာမှမဖြစ်ပါဘူး၊ ခုနစ်စီးပြီးပြန်မှာပေါ့၊ သောမင်းကြီးလမ်းကလေ'

'ကျွန်တော် လိုက်ပို့ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်ဝေကပဲ ထွင်သည်လား၊ အောင်ကပဲ အကွက်စောင့်နေမိသည်လား မပြောတတ်။ ချောက ဘာမျှမပြောဘဲ ရှေ့မှသွားသည်။ ဈေးရှေ့တွင် လမ်းခွဲခဲ့ကြ၏။ အောင်သည် ချော၏ဘေးမှ ခပ်နေးနေး လျှောက်လိုက်လာသည်။ မီးရထားခုံကြီးကို တက်လာသည်အထိ စကားမပြောဖြစ်။ သမ္မတရုံဘက်သို့အကူးတွင် ကားတစ်စီးက ခပ်သွက်သွက် ချိုးဝင်လာသဖြင့် ချော၏ လက်ကို လှမ်းဆွဲမိသည်။ အောင်သည် 'ဆောရီး'ဟု လွှတ်ခနဲ ပြောပြီးမှ မလိုပါဘူးဟု စိတ်ထဲမှ ပြန်တွေးမိသည်။ ချောသည် ခပ်ပြုံးပြုံး။

'စာမေးပွဲပြီးရင် ချက်ချင်းပြန်မှာလား'

အရှက်ပြေစကား ပြောမိလေသည်။

'တစ်ရက်နှစ်ရက်နေဦးမယ်၊ ရုပ်ရှင်ကြည့်မယ်လေ၊ သူငယ်ချင်းတွေနဲ့'

ကားမှတ်တိုင်ရှေ့တွင် ရပ်မိကြသည်။ ခုနစ်ကားတစ်စီး လာသော်လည်း မတက်ဖြစ်ကြ။

'အထုပ်တွေ ပေးထားပါလား'

'အဆောင်ထိ လိုက်ပို့မှာလား'

အောင်က ခေါင်းညိတ်လိုက်သည်။ ချောက အထုပ်နှစ်ထုပ်ကို အောင့်လက်ထဲထည့်၏။ ပိုက်ဆံအိတ်နှင့် ထီးကို လက်တွင်းမှာပင် ထားရစ်၏။ အောင်သည် စိတ်ကူးယဉ်လိုက်မိလေသည်။ မိန်းကလေး တစ်ယောက်နှင့် ပထမဦးစွာ ယှဉ်တွဲ၍ ထွက်မိခြင်းတည်း။ အောင်သည် ချစ်သူ မမြေအေးနှင့် ယခုလို တစ်ခါမျှ နှစ်ယောက်တည်း မသွားဖူးခဲ့။ ဘတ်စ်ကားတစ်စီး ဝင်လာသည်။ လူတွေပြေးလိုက်သွား၍ အောင်တို့နှစ်ယောက်ကို တိုးမိသွားသည်။ ပခုံးချင်း တိုက်မိကြလေသည်။

'နောက်တစ်စီးဆိုရင်တော့ ရအောင် တက်မှပဲ'



ခုနစ်ကားတစ်စီး ဆက်၍ ဝင်လာလေသည်။ ချောက ရှေ့မှ [illegible]၍ တက်နှင့်သည်။ အောင်က နောက်မှကပ်လိုက်သွားရသည်။ [illegible]တော်များများ ဆင်းသွားကြသည်။ နှစ်ယောက်ထိုင်ခုံလွတ်ကို [illegible]နှင့်သော ချောသည် ကလေးငယ်တစ်ယောက်ပမာ အောင့် [illegible]ကို ဆွဲ၍ ထိုင်ခိုင်းသည်။

'ကျောင်းမှာ နေရာဦးရလွန်းလို့ အကျင့်ပါနေပြီ'

ချောက ပြုံး၍ ပြောလေ၏။ အောင့်အတွက်တော့ ယောမင်းကြီး [illegible]နှင့် အင်းလျားလမ်းထိပ်သည် နီးလွန်းလှပေသည်။ ဖြစ်နိုင်လျှင် [illegible]ထပ်ပိုက်ဆံပေး၍ တစ်ပတ်ပြန်စီးချင်သည်။

အင်းလျားလမ်းသည် တက္ကသိုလ်ဝင်းအတွင်းတွင် ကွေ့ကောက် [illegible] ဆင်းသွားသည်။ ကုံကော်ပင်တန်းကို ဖြတ်လာစဉ် အင်းလျားကန် [illegible] စုံတွဲလေးများ ထွက်လာကြသည်။ ရတနာသည် အင်းလျားကို [illegible]ရှု၍ ဣန္ဒြေရရ ရပ်တည်နေလေသည်။

'အထဲကိုဝင်ထိုင်ပါဦးလေ၊ အဆောင်ကမိန်းကလေးတွေက [illegible]အောင်ကို မိတ်ဖွဲ့ချင်လို့တဲ့ ပြောနေကြတယ်၊ ခေါ်ခဲ့ရမလား'

အောင်က ခေါင်းခါလိုက်သည်။

'ခမျာမျာ စာကျက်ပျက်နေပါ့မယ်'

ချောက မျက်စောင်းတစ်ချက်ထိုးကာ 'ခဏ ထိုင်ဦးနော်'ဟု [illegible] အထုပ်နှစ်ထုပ်ကို လှမ်းယူသည်။

'ဘာတွေလဲတောင် မကြည့်လိုက်ရဘူး'

အောင်က အထုပ်နှစ်ထုပ်ကို လှမ်းပေးရင်း ပြောမိသည်။

'မိန်းကလေးပစ္စည်းတွေကို ကြည့်လို့ ဘယ်ဖြစ်မလဲ၊ ဘာမှ [illegible]ပါဘူး အင်္ကျီတွေပါ'

ချောသည် သူ့စကားသူ ပြန်ပိတ်ကာ အဆောင်ထဲ ပြေးဝင် [illegible]သည်။ အပြင်မှပြန်လာသော မိန်းကလေးအချို့က အောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သွားကြသည်။ ညွှ်သည်ယောကျ်ားလေးအချို့သည် အဆောင်တွင်းမှ သက်ဆိုင်သူများ ထွက်အလာကို လည်တဆန့်ဆန့်ဖြင့် မျှော်နေကြသည်။ အောင်က သူ့ကိုယ်သူ ရတနာ၏ ဧည့်စာရင်းဝင် တစ်ဦးအဖြစ် သတ်မှတ်လိုက်သည်။

'ဘယ်သူ့ တွေ့ချင်လို့လဲ'

ယခင်တစ်ပတ်က မျိုးမြင့်လေးဟု ခေါ်သံကြားလိုက်ရသော ကုလားလေးက အောင့်ကို လာမေးသည်။ စောစောက သူ့ရှိဟန် မတူ။

'နေပါစေ၊ သူ ပြန်ထွက်လာပါလိမ့်မယ်'

'သြော် သြော်'

ခြေသံတရှပ်ရှပ်ကို ကြားရသဖြင့် ချောပဲဟု အတပ်တွေးလိုက်သည်။ ဖိနပ်ပါးပါး၊ အင်္ကျီပွပွကို လဲဝတ်လာသော ချောကို တွေ့ရလေသည်။

'ထိုင်လေ မထိုင်ချင်ဘူးလား'

အောင်က ကုလားထိုင်ကို ချောနှင့် မျက်နှာချင်းဆိုင်မိအောင် ရွှေ့၍ ထိုင်သည်။

'သူ့နာမည်က မျိုးမြင့်လေးတဲ့လား'

အောင်က ဧည့်ခေါ်ကုလားလေးကို လက်ညှိုးထိုး၍ မေး၏။ ချောထံမှ ရယ်သံလွင်လွင်လေး ထွက်လာသည်။

'မဟုတ်ပါဘူး၊ သူက ထမင်းချက်တဲ့ ကုလားလေးလေး ဧည့်သည်ခေါ်ပေးတဲ့သူ မရှိလို့ ခဏဝင်ကူတာ၊ ကျောင်းသူတွေက ထမင်းချက်ခန်းထဲက ဘတ်တလာတွေကို ဇာတ်လိုက်မင်းသားနာမည် တွေ အဆိုတော်နာမည်တွေ ပေးထားကြတယ်၊ ရုပ်ကိုလဲ လိုက်လို့ပေါ့ ဟင်း ဟင်း၊ သူ့ကိုကြည့်ပါလား၊ မျိုးမြင့်လေးနဲ့ မတူဘူးလား ကိုသက်အောင် ဆိုတာတောင် ရှိသေးတယ် ဟီး ဟီး'



ရယ်ရမလို ဖြစ်သွားလေ၏။ သူပြသော ကုလားလေးမှာ မျိုးမြင့်လေးနှင့် ဘယ်နေရာမှ မတူပါချေ။ မိန်းကလေးတွေဟာ ဆော်တော် ပေါက်တောက် နိုင်တာပဲဟု အောင့်စိတ်တွင်းမှ မှတ်ချက်ချမိသည်။

'ကျွေးစရာတော့ ဘာမှမရှိဘူး၊ ဘူးသီးကြော် စားချင်ရင်တော့ အင်းလျားကိုသွားမယ်'

'တော်ပါပြီဗျာ၊ စိတ်ကုန်လွန်းလို့'

မမြေအေးနှင့် ဘူးသီးကြော်ဆိုင် ထိုင်ရဖန်များသည်ကို သတိရကာ လွှတ်ခနဲပြောလိုက်မိသည်။ ချောက ရယ်ဖြစ်အောင် ယ်သေးသည်။

'ဘာလဲ ဘူးသီးကြော်ကိုလား၊ လူကိုလား'

'ဘူးသီးကြော်ကို ပြောတာပါ'

အောင်က ခပ်သွက်သွက်ဖြေလိုက်သည်ကို ချောက သဘော ကျသွားပြန်သည်။

'ကိုသက်အောင် သတင်းတွေ ကြားပါတယ်နော်၊ ညောင်ညိုပင် ရုံးက လမ်းခွဲကြပြီဆိုတာ ဟင်း ဟင်း၊ ဘူးသီးကြော်တုံးခါမှ ဆောင်ရွက်ပြန်ခဲ့မယ်ပေါ့'

'သတင်းကလဲ စုံလှချည်လားဗျာ'

'ပြောပါကော၊ ကိုသက်အောင်တို့က နာမည်ကြီးတွေပါလို့'

'ဝထမဆုံး ကျွန်တော် လာတုန်းကတော့ ကျွန်တော့်ကို သိအောင် မသိဘူး မဟုတ်လား'

'မြင်မှ မမြင်ဖူးသေးတာကို၊ ကျွန်မကသာ မသိတာ၊ ကိုသက် အောင် လာသွားတဲ့အကြောင်း ပြောပြတော့ အဆောင်က သူငယ် ချင်းတွေက ကိုသက်အောင်တို့ အကြောင်းတွေကို ပြောလိုက်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်တောင်ပဲလားဗျာ'

'ဒါပေါ့၊ ကိုသက်အောင်ကလဲ နာမည်ကြီးအဆိုတော်ပဲ၊ မမြေအေးဆိုတာကလဲ ဖိစစ်စ်မှာ ကွင်းဘွဲ့ရထားတာ'

'ဟုတ်လား၊ ကျွန်တော်တောင် မသိဘူး'

မမြေအေး၏ အမည်ကို ကြားလိုက်ရ၍ အောင့်ရင်သည် အနည်းငယ် လှုပ်ရှားချင်သလို ဖြစ်သွားလေသည်။

'ယော ပြောရင်းဆိုရင်း မျက်နှာတောင် ညှိုးသွားပြီ၊ ငိုတော့ မငိုလိုက်ပါနဲ့နော်၊ စာမေးပွဲနီးမှ ကျောင်းကြီး ရေမြုပ်သွားဦးမယ်'

'ဩော် ပြောမှသတိရတယ်၊ မမချော စာကျက်ပျက်နေမယ်၊ ကျွန်တော် ပြန်မယ်နော်'

ချော၏ နှုတ်ခမ်းလေးများ အနည်းငယ် ချွန်သွားလေသည်။

'လူကို မမချောလို့ခေါ်တာ နှစ်ခါ ရှိသွားပြီနော်၊ စာထဲမှာလဲ မမချောတဲ့၊ သူ့ကိုယ်သူ ချာတိတ်လေးများ အောက်မေ့နေလား မသိဘူး'

'ဩော် မိန်းကလေးတွေက သူတို့ကို အသက်ကြီးတယ်ဆိုရင် မကြိုက်ဘူးနော်၊ ကျွန်တော်ကတော့ ကျွန်တော့်ထက်ကြီးတယ်ထင်လို့ ခေါ်တာ မဟုတ်ပါဘူး၊ လေးစားသမှုပါဗျာ၊ ကဲ သွားမယ် မမချောရေ့'

ပြောပြောဆိုဆို နေရာမှ ချက်ချင်းထကာ ခွာခဲ့လေသည်။ ချောသည် အောင့်ကျောပြင်ကို ငေးမောကြည့်နေဦးမည်မှာ မလွဲဟု အောင် အတပ်သိသည်။ ချောစိတ်တွင်းကမူ အောင့် စာလေးကို ရေရွတ်နေသည်။ စာလေးက တိုတိုလေးမှ တကယ့် တိုတိုလေး။

မမချော

ကျွန်တော့်ကို ချီးကျူးတာ သိပ်ကျေးဇူးတင်ပါတယ်ဗျာ။

အောင်

\+ + +



မဒေါက်ကနေ တစ်ဖက်ကမ်းကူးရင် ရွှေကျင်ကို ရောက်တယ်။ မြေနိလမ်းတွေကနေ မြင်းလှည်းလေးစီးလာရတာ ပျော်စရာကောင်းမှာပါ။ သီတင်းကျွတ်လဆိုရင် မီးမျှောပွဲရှိတယ်လေ။ အောက်တိုဘာ ကျောင်းပိတ်ရက်ကျရင် ကိုတင့်ဝေနဲ့ မိုးမခတို့ အတူတူလာခဲ့ကြပါလား။

နွေဆိုရင်တော့ သိပ်မအေးချမ်းလှဘူး။ ဒါပေမယ့်လည်း ကိုယ့်အရပ် ကိုယ့်ဒေသဆိုတော့ မခွာနိုင်ကြဘူးပေါ့ကွယ်။ ချောရဲ့ ဘွားဘွားက သူ့ရဲ့ဘာခြံကို မပစ်နိုင်သလို မေမေကလည်း ဖေဖေခေါင်းချသွားတဲ့ စစ်တောင်းမြစ်ကမ်းက မခွာချင်ဘူးတဲ့။ ချောရဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်က ဘွားဘွားကို ကူညီတယ်။ အိမ်မှာ အစ်ကိုတစ်ယောက်ပဲ အားကိုးစရာ ယောကျ်ားရှိတယ်။ ချောကိုတော့ သူတို့အားလုံးက မျှော်လင့်ချက်ထားကြတယ်လေ။ ဖြစ်နိုင်ရင် မဟာဝိဇ္ဇာထိ တက်ပြီး နိုင်ငံခြားထိတောင် သွားစေချင်တာ။ အစ်ကိုကဆိုရင်လည်း ချောကို သိပ်ချစ်တာ။ ချော စိတ်အေးချမ်းသာ ပညာသင်နိုင်ဖို့ အစ်ကို့ဘဝကိုရော အနာဂတ်တစ်ခုလုံးကိုပါ ရွှေကျင်မြစ်ကမ်းက ကြက်ပေါင်ပင်တွေ၊ ကျွဲကောပင်တွေ၊ တည်င်းပင်တွေကြားမှာ မြှုပ်နှံလိုက်ဖို့ ဆုံးဖြတ်ပြီးပြီတဲ့။

သည်တစ်ခါတော့ ချော၏စာလေးသည် သူ့ဘဝတစ်စိတ်အသကို ဖော်ပြရင်း လေးလေးနက်နက် တည်တည်ငြိမ်ငြိမ်နေသည်ဟု ထင်ရလေသည်။ ကိုတင့်ဝေအတွက်လာသော ချော၏ ဝါဝါလေးများကို ကိုင်ကာ အောင်သည် သူ့ကိုရည်ညွှန်းရေးသည့်အလား ဆွေးဆွေးမြည့်မြည့် ဖတ်နေမိသည်။ နယ်မြေချမ်းဘူးဆို၍လည်း ချောအတွက် စိတ်ပူမိသည်။ ချောတစ်ယောက် ဘေးမသီရန်မခပါစေနှင့်။ ချောကို ချစ်လှပါသည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ချော၏ အစ်ကိုဆိုသူကိုလည်း စိတ်ဖြင့်မှန်းဆကြည့်မိ၏။ သူ့ဘဝကို ချောအတွက် အနစ်နာခံထားသည်ဆိုတော့ သူ့စေတနာသည် လွန်ကဲနေသည်လား။ သက်ပြင်းကို မသိမသာချမိလေသည်။

'ဟင်း မကျွမ်းခင်က လွမ်းနှင့်သည်ဆိုတာ ဒါမျိုးပေါ့ကွာ'

ယခုတော့ ဘယ်သူက ဘယ်လောက် ထေ့ကြ ရိကြပါစေ မမှုတော့ပြီ။ ချောကို သူ စိတ်ဝင်စားမိသည်ကို ဝန်ခံရပေပြီ။ ဘာကြောင့်မှန်းမသိ၊ ချောသည် မလှပေမင့် စိတ်ဝင်စားစရာ ကောင်းနေ၏။ မမြေအေးနှင့် ယှဉ်လျှင် ချောသည် သာမန် ရွက်ကြမ်းရေကျို မျှသာ။ သို့သော် ချောသည် မမြေအေးထက် ပို၍ သွက်သည်၊ ထက်သည်၊ ပွင့်လင်းသည်၊ ဟန်ဆောင်မှုကင်းသည်။ ပိုမို၍ ပြည့်ဝဖြိုးစင်သည်ဟုပင် အမှတ်ပေးချင်သေးသည်။ အနုပညာ မြတ်နိုးသည်ကပင် ချောဘက်က အရည်အချင်းတစ်ရပ်ဟု အောင်က သတ်မှတ်၏။

ဘာပဲပြောပြော အောင်သည် တစ်စုံတစ်ခုကို လိုချင်စွဲလမ်း[illegible] ပြီဆိုလျှင် အရှုံးအမှုံး သဲသဲမဲမဲ ဖြစ်တတ်သည်ကတော့ အမှန်။ ယခုလည်း အောင့်အဖြစ်ကို အားလုံးက သမားရိုးကျအဖြစ်တစ်ရပ် အနေဖြင့်သာ သဘောထားကြသည်။ ဤသည်ကို အောင်က မကျေနပ်ချင်။

'ကိုတင့်ဝေ သူ့အတွက် သီချင်းတစ်ပုဒ် ရေးပေးလိုက်စမ်းပါ ဗျာ၊ အချစ်အတွက်အသက်ရှင်သူ လို့'

ကိုကြည်မောင်က အောင့်ကို သက်သက်ကလိလိုက်ခြင်းဖြစ်၏။ အောင့်အချစ်ကို သူတို့မယုံကြ။

'ဟာ ဟုတ်ပြီဗျို့'

အောင်သည် ကိုတင့်ဝေ၏ ပေါင်ကိုပုတ်ကာ ရုတ်တရက် ထခုန်လေသည်။

'အမယ်လေး ဘယ်လိုဖြစ်သွားပြီလဲ'



ကိုမြင့်မိုးက အောင့်လက်ကို လှမ်းဆွဲ၏။

'သတိထားပါ ဖိုးသက်အောင်ရာ'

'ဒီရောဂါမျိုးက ဒီလိုပဲ'

သူတို့တစ်တွေ လှောင်ကြ ပြောင်ကြသည်ကို အောင်က [illegible]ထား။ ကိုတင့်ဝေပခုံးကိုသာ ကိုင်လှုပ်၏။

'လုပ်ဗျာ ကိုတင့်ဝေ၊ ကျွန်တော့်အတွက် သီချင်းတစ်ပုဒ် [illegible]ပေးစမ်းပါ၊ ချောဆိုတဲ့ နာမည်လေး ပါရမယ်လေ၊ ချောကို [illegible]တဲ့အကြောင်း'

'ဘာ ချောကိုချစ်တဲ့အကြောင်း ဟုတ်လား၊ ဒါနဲ့ မင်းပြောတော့ [illegible]စားထားဖို့ မရည်ရွယ်ပါဘူးဆို'

ကိုမြင့်မိုးက မကျေမနပ်ဆိုပြန်လေသည်။ သူတို့တစ်တွေ [illegible]ကျယ်လောင်လောင် ဖြစ်နေကြ၍ ဝရန်တာတွင် အလုပ်လုပ်နေ[illegible] ကိုကြည်မောင့်ဖခင်ကပင် လှည့်ကြည့်လေသည်။ သည်အိမ် [illegible] သူတို့အုပ်စု၏ဒဏ်ကို အခံရဆုံးဖြစ်၍ ရိုးနေပြီ။ သည်သို့ပင် [illegible]ဟာစ်ကျယ် ငြင်းခုန်ကြမည်။ တိတ်တိတ်ဆိတ်ဆိတ် ဆွေးနွေး [illegible] ဆွေးနွေးကြမည်။ ရန်ဖြစ်စိတ်ကောက်ပြီး နှစ်ရက်သုံးရက် [illegible] နေချင်နေကြမည်။ ပြီးတော့လည်း သည်အုပ်စုသည် တကယ် [illegible] ခွဲနိုင်ကြသည်မဟုတ်။

'ရည်းစားထားဖို့ ရည်ရွယ်တာ မဟုတ်ဘူးဗျ၊ ချစ်တာ [illegible] တကယ်ချစ်တာ၊ ဒါ အချစ်ပဲ၊ ခင်ဗျားတို့ ပြောတဲ့ [illegible]'

အောင်သည် ကလေးတစ်ယောက်သဖွယ် အော်လေသည်။

'ဟော့ ငါတို့အချစ်နဲ့တော့ လာမရောနဲ့ကွာ၊ မင်းဟာက [illegible]နေရင် ပျင်းနေတတ်တဲ့ အချစ်မျိုး'

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည်မောင်မို့သာ သည်းခံလိုက်ရသည်။ ကိုမြင့်မိုးကသာ သည်စကား ပြောမည်ဆိုလျှင်တော့ ဆွဲထိုးမိမည်လားမသိ။ ကိုတင့်ဝေသည် အောင့်ကို ပခုံးပုတ်၍ ထိုင်ခိုင်းလိုက်သည်။ ရှပ်အင်္ကျီအိတ်ထဲမှ အိုးကွဲနေသော ဖောင်တိန်လေးကို ဆွဲထုတ်၏။ ဘတ်စ်ကားလက်မှတ်လေးနှစ်ရွက်ခန့် ပါလာသည်။ လက်မှတ်နောက်ကျောတွင် စာတစ်ကြောင်းနှစ်ကြောင်းရေးပြီး အောင့်ကို လှမ်းပေးသည်။

စိန့်ဝန်းကြွချိန် ဒီလမ်းပေါ်မှာ ကိုယ်လွမ်းတယ်၊ ချစ်တဲ့သူတွေ့မလားလို့ လိုက်လို့ရှာ၊ တွေ့တော့လေ ပြောမယ်ချောရယ်။

ဘတ်စ်ကားလက်မှတ်နှစ်ခုကို ဒိုင်ယာရီ စာအုပ်ကြားတွင် မှတ်မှတ်ရရ ညှပ်ထားလိုက်သည်။

\+ \+ \+

၅

န်းပြာပြာလေးများသည် ဘွဲ့နှင်းသဘင်ခန်းမကို ဦးတိုက်နေကြသည်။ ခရမ်းရောင်ပန်းအိလေးများ ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ အရှိန်သည် လျော့ပါးစပြုပြီ။ သကြိန်လက်ဆေးမိုးသည် အလာကျနေပြီ။ ကောင်းကင်တွင် တိမ်ရိပ်ညိုညိုကို မြင်ရလေသည်။

သီပွဲအဆောက်အအုံဘေးမှ ခုံတန်းလျားလေးများသည် လျှားလမ်းကို ဘေးတိုက်ပြု၍ ဘွဲ့နှင်းသဘင်ခန်းမဘက်မှနေသည်။ အောင်သည် ခုံတန်းကိုမှီထိုင်ကာ လက်တစ်ဘက် ညာဘက်သို့ ဆန့်ထုတ်ထားသည်။ မမြေအေးသည် အောင့်အောင်းနှင့် သူ့ပခုံးသားလေးများ ထိမည်စိုးသည့်အလား ရှေ့သို့ ကိုင်းတိုင်းလေး ထိုင်နေသည်။ အောင်က သတိရ၍ လက်ကို တ်သည်။

'ပြောပါအေး၊ အေးက တွေ့ချင်တယ်ဆိုလို့ အောင်လာခဲ့တာပဲ၊ မှာ ပြောစရာတွေ ရှိနေတယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အေးက တွေ့ချင်တယ်ဆိုလို့သာ လာရတယ်၊ မလာချင်တော့ဘူး မဟုတ်လား'

အောင်က သက်ပြင်းကို ခိုးရှိုက်မိ၏။ အသိရခက်တဲ့ မိန်းကလေးရယ်။

'လာခဲ့ပါဆိုတာနဲ့ ဒုန်းစိုင်းချလာတဲ့ သူကိုများ အေးရယ်၊ အေးဟာ အောင်နဲ့ပတ်သက်ရင် အမြဲတမ်း တစ်မျိုးမြင်မြင်နေတယ်'

မမြေအေးသည် ခေါင်းကို ငုံ့ချလိုက်သည်။ မျက်တောင်ကော့လေးများက မျက်လုံးကို ဖုံးပစ်လိုက်သည်။

'အောင် ရတနာဆောင်ဘက်ရောက်ရောက်နေတယ်လို့ ကြားပါတယ်'

'အေး ဘာကိုဆိုလိုတာလဲ'

မမြေအေးသည် အောင့်ကို မော့ကြည့်လေသည်။ အောင်သည် မျက်လုံးလွှဲမပစ်ဘဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်သည်။ အောင့်တွင် အပြစ်မရှိဟု ကိုယ့်ကိုကိုယ် အားပေးထားသည်။

'ပြီးခဲ့တာတွေမှာ အေး သတ္တိနည်းခဲ့တာ အောင့်အပေါ်မှာ လိုက်လျောမှုမရှိခဲ့တာတွေဟာ အေးအပြစ်လို့ နားလည်ပါတယ်၊ ပြီးတော့လဲ'

'ပြီးတော့ ဘာဖြစ်လဲ အေး'

'ပြီးတော့ အောင့်ကို စာကြိုးစားစေချင်တယ်'

အောင် ဘာမျှ ပြန်မပြောမိ။ တကယ်တော့ ကျောင်းကို လူရှိသေရှင်ရှိသေမျှ တက်ခဲ့သည်ဆိုခြင်းကို အေး နားလည်အောင် ရှင်းပြပြီးသား။ အောင် ဆရာဝန်မဖြစ်ချင်။ အောင် အဆိုတော်မှ ဖြစ်ချင်သည်။ ဖားခွဲဖို့ကို ဂီတသင်္ကေတတစ်ရပ်လောက်ပင် စိတ်မဝင်စား။ တစ်ခုတော့ရှိသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခု အနေဖြင့်တော့ ပြီးဆုံးအောင် သင်ယူချင်သည်။



'အက်ဖ်ထီးပြီး ကျောင်းကထွက်မသွားရရင် ပြီးရောလို့ ပြောခဲ့...ပဲ အေးရယ်'

'အောင် ဒီနှစ်လဲ ကျောင်းကောင်းကောင်း မတက်ဘူးဆို'

မမြေအေး၏ စကားများသည် လိုရင်းကိုမရောက်ဘဲ အံချော်...သည်ဟု အောင် ထင်မိလေသည်။

'အောင့်အတွက်တော့ ဆရာဝန်ဖြစ်ဖို့ဆိုတာ ဆယ်နှစ်ကြာ...ချင်လဲ ကြာမယ်၊ ဆယ့်ငါးနှစ်ကြာချင်လဲ ကြာမယ်၊ ဒါကို အေး...ည်းမခံနိုင်ဘူး မဟုတ်လား'

မမြေအေး၏ မျက်နှာလေးသည် အနည်းငယ် တင်းမာသွား...သည်။ ဝါသော ပါးနှစ်ဘက်သည် နီစပြုလာသည်။

'အောင်ဟာလေ အေးရဲ့စေတနာကို နားမလည်ဘူး၊ ခုလဲ...တ အေးအမှားကို တောင်းပန်ဖို့ လာခဲ့တာပါ၊ အေးကို...ည်စေချင်တယ်၊ အောင် မကြိုက်ရင် အေး မပြောတော့ဘူး၊ ...ကို ခွင့်လွှတ်ပါ'

'ခွင့်လွှတ်ပြီးသားပါ အေး၊ အောင့်ကို တွေ့ချင်တာ တောင်း... သက်သက်ပဲလား'

မမြေအေး၏ မျက်လုံးလေးများ စိုစွတ်လာကြလေသည်။

'အောင် နားလည်အောင် အေးမပြောတတ်ဘူး'

'အေး မပြောတတ်ရင် အောင် ပြောပါ့မယ်၊ အေးနဲ့အောင် ...သ ဒီဘဝမှာတော့ မဖြစ်နိုင်တော့ပါဘူးအေးရယ်၊ အေးကို ...င် သိပ်ချစ်ခဲ့ပါတယ်၊ ဒါပေမယ့် အေးကပဲ အောင့်ကို စပြီး ...ခဲ့တယ်လေ၊ ခုတော့ လွန်ကုန်ပြီ အေး'

'အို'

www.burmeseclassic.com

www.burmeseclassic.com



မမြေအေး၏ နှုတ်ခမ်းလေးများ တဆတ်ဆတ် တုန်လာကြလေသည်။ ထိုင်ခုံမှလည်း အားနည်းစွာ ထ၍ ရပ်လိုက်သည်။ သိမ်များ ရက်စက်ရာကျသွားပြီလားဟု အောင် စိုးရိမ်လိုက်မိလေသည်။

'အေးကို အောင်လိုက်ပို့ပါရစေ'

'ဟင့်အင်း ဟင့်အင်း၊ လိုက်မပို့နဲ့ လိုက်မပို့နဲ့'

မမြေအေးသည် လွယ်အိတ်ပြာပြာလေးကို ထိုင်ခုံနောက်တန်းမှ ဖြုတ်ကာ နေရာမှထွာလေ၏။ ဘွဲ့နှင်းသဘင်ခန်းမကို ကျောပေး၍ အဓိပတိလမ်းမကို တစ်ယောက်တည်း လျှောက်၍သွားသည်။ ခုံတန်းပေါ်တွင် အောင်တစ်ယောက်တည်း ထိုင်၍ ကျန်ခဲ့သည်။

သည်ညနေ ရတနာဆောင်ကိုလည်း မသွားဖြစ်။ အလုံကိုလည်း မသွားဖြစ်။ ၂၉ လမ်းကို ပြန်ရောက်တော့ ရှစ်နာရီ ထိုးတော့မည်။ သည်နေ့ည ဆိုင်မှာပဲ အိပ်တော့မည်ဟု အိမ်ကို ဖုန်းဆက်လိုက်၏။

ထပ်ခိုးပေါ်မှ စာအုပ်များကို အိပ်ရာတစ်နေရာစာရအောင် ဖယ်ရှားလိုက်သည်။ အဟောင်းပုံများ ကြားထဲမှ မိန်းမတို့အကြောင်းကို ဖွဲ့ဆိုသော မန်လည်ဆရာတော်၏ မဃဒေဝကို မြင်လိုက်ရသည်။ အမှတ်မထင် ပြုံးလိုက်မိလေသည်။

\+ \+ \+

စိန်ပန်းကြွေချိန် ဒီလမ်းမှာ ကိုယ် လွမ်းတယ်xx ချစ်တဲ့သူ တွေ့မလားလို့ လိုက်လို့ရှာxx တွေ့တော့လေ ပြောမယ်xx ချောရယ်xx ဟိုးဝေးဝေးက ခေါ်သံကြားမိတယ် တိုးတိုးညင်သာ ဘယ်ကများလဲကွယ်xx ကိုယ် ဆွေးဆွေးရင်



ခေါ်သံများ နောက်ကို တရွေ့ရွေ့နှင် ဘယ်ဆီမှန်း မသိတယ်xx
ချစ်တဲ့သူရှာမယ် ချောရယ်xx

အောင့်အသံက ခါတိုင်းထက် ပို၍ လှိုက်လှဲနေလေသည်။ အခါတိုင်းထက်ပို၍လည်း သတ္တိရှိလာသည်ဟု အောင် ထင်မိသည်။ ခါတိုင်းဆိုလျှင် စတူဒီယိုခန်းထဲ ဝင်မိသည်နှင့် အောင့်လက်ဖဝါးမှ ချွေးစေးများ ထွက်လာတတ်သည်။ အလိုလိုနေရင်း ရင်ထဲမှတလှပ်လှပ် ဖြစ်လာတတ်သည်။ စဆိုရန် အချက်ပေးလိုက်ပြီဆိုလျှင်ပင် အောင့်တစ်ကိုယ်လုံး နတ်ကျသလို တုန်လာတတ်လေသည်။ အတွေ့အကြုံရလာသည့်တိုင် အောင့်ဒူးကတော့ တုန်သေးသည်။ ပထမဆုံးအကြိမ်ဆိုရှုဥ်ကဆိုလျှင် ပြောဖွယ်ရာမရှိတော့။ ကိုကြည်မောင်နှင့် ကိုမြင့်မိုးတို့က ဘေးမှရပ်၍ ဖေးကိုင်ပေးထားရသည်အထိ နတ်ဖမ်းစားခဲ့လေသည်။

ယခုတော့ အောင့်ခြေများသည်ပင် ပိမ့်ခိုင်မာလာသည်ဟု ထင်မိလေသည်။ သည်ပွဲတွင် အောင့်ကို အားလုံးက ချီးကျူးကြသည်။

'ချောရယ် ဆိုတဲ့ နေရာလေးက တကယ် လှိုက်လှိုက်လှဲလှဲရှိတယ်၊ ကိုသက်အောင်တော့ ဒီသီချင်းတစ်ပုဒ်နဲ့တင် စွံမှာ သေချာပါတယ်'

မိုးမခက ဖွင့်ဟ၍ ဆိုလေသည်။

'စွံပါမှပဲ၊ မစွံရင် ဒီကောင် မျောက်သစ်ကိုင်းလွတ် ဖြစ်မှာ'

ပြောမည်ဆိုလည်း ပြောစရာ။ သည်တစ်ချီမှာ မစွံလျှင် အရှုံးမှာဆုံး။ မမြေအေးကို အောင်က နှုတ်လွန်အောင်ပင် သေချာပေါက် ပြောခဲ့သည်။ တကယ်တော့ အောင်သည် ချောကို ရသေးသည် မဟုတ်။ ရတနာဆောင်၏ ဆင်ဝင်အောက်မှ အောင်တစ်ယောက် စောင့်ခဲ့ရပေါင်း များလှပြီ။ သို့သော် သည်တစ်ခါတော့ အောင်က

www.burmeseclassic.com

www.burmeseclassic.com



သူ့အချစ်ကို သက်သေထူပြလိုက်ခြင်းလည်း မည်၏။ ချောကို တကယ်ချစ်တာပါဟု ပြောပြီးမှ မမြေအေးနောက် ကောက်ကောက် ပါအောင် ပြန်လိုက်သွားလျှင် နှံ့သာအုပ်စုက သူ့ကို ဝေဖန်လိုက်မည် မှာ ရစရာပင် ရှိမည်မဟုတ်။

သည်နေ့တော့ အားလုံး ပျော်နေကြသည်။ အားလုံး အဆင် ပြေနေကြသည်။ ကိုကြည်မောင်ကလည်း သူ့ခံစားချက်နှင့် သူ၏ 'နီးလျက်နဲ့ဝေး'သည် ကိုကြည်မောင်နှင့် သူ့ချစ်သူ 'အစိုး'တို့ကို ပြန်ပေါင်းထုတ်အောင် ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ထား ကြ၏။ ကိုမြင့်မိုးကတော့ သူ့ကဗျာတစ်ပုဒ်ကို သီချင်းအဖြစ် ပြန် ပြောင်းပြီး သူပိုးနေသော အဆိုတော်အသစ်လေးကို ဆိုခွင့်ပေးလိုက် ရ၍ ကျေနပ်နေ၏။ ကိုမြင့်မိုးသည်လည်းကောင်း၊ ကိုတင့်ဝေသည် လည်းကောင်း အသံဝါနှင့် အသံပြာများဖြစ်ကြ၍ သီချင်းမဆိုနိုင်ကြ။ ကိုတင့်ဝေက သီချင်းရေးသမား သက်သက်။ ကိုမြင့်မိုးမှာမူ သီချင်း လည်းရေးသည်၊ ကဗျာလည်းရေးသည်။ ဝတ္ထု ဆောင်းပါးလေးများ လည်း တစ်ခါတစ်ရံ ရေးသည်။ နာမည်ကြီးလှသည်တော့မဟုတ်။ သို့သော် သည်တစ်ခါရေးလိုက်သည့် 'ငယ်ချစ်ဦး'ကိုတော့ အတော် ပင် မျှော်လင့်ထားလေသည်။

'မင်းရဲ့သီချင်းကို ချောကို ပေးပြီးပြီလား'

'ဒီတစ်ခါ မပေးသေးဘူးဗျာ၊ နားထောင်ပြီးမှ သူ့အံ့အားသင့် သွားအောင်လို့'

'အကွက်တွေ အကွက်တွေ'

ကိုမြင့်မိုးက ဝင်ထောက်လိုက်သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ပြောမနာ ဆိုမနာ၊ အခွင့်ကြုံလျှင် ဦးသူက ပြောစတမ်းမို့ ပျော်စရာ ရယ်စရာသဖွယ် ဖြစ်၍နေလေပြီ။



'ဘာပဲပြောပြော ကျွန်တော်ကမှ ကျွန်တော့်အကွက်နဲ့ ကျွန် တော် ဝင်ဝင်လာသေးတယ်၊' ခင်ဗျားသာ ဟိုလိုလို ဒီလိုလိုနဲ့ အကြံ အစည်တွေ များပြီး ကျန်ကျန်ခဲ့တာ'

အောင်က အားကျမခံ ပြန်တွယ်လေသည်။

'အိုး ငါက တကယ် မလုပ်သေးလို့ပါ'

'တကယ်သာမလုပ်တယ်ဗျာ၊ တံဆိပ်ခေါင်းဖိုးလဲ ကုန်လှပြီ၊ စာတိုက်သုပ်ဖိုးလဲ မနည်းတော့ဘူး၊ စာအုပ်တွေတောင် တော်တော်ရှား ကုန်ပြီ'

ကိုမြင့်မိုး ကဗျာပါသည့် စာအုပ်များအား ကောင်မလေးတွေ အား လက်ဆောင်တောင်းတတ်ကြသည်ကို ရည်ရွယ်၍ ပြောလိုက် လေသည်။

'ဟောကောင် ငါ ဘယ်တုန်းက စာအုပ်ပေးဖူးလို့လဲ၊ ဒီလောက် ထိ မကြောင်သေးပါဘူး၊ မင်းသာ သီချင်းတွေ ကူးကူးပေးရလို့ စာအိုးတွေ ဈေးတက်ကုန်တာ'

အားလုံး ရယ်ကြရလေ၏။ ထိုနေ့ညက သူတို့သည် အောင်ပွဲရ အထိမ်းအမှတ်အဖြစ် ကိုတင့်ဝေ၏ အိမ်သို့ လိုက်ကာ ဝိုင်းဖွဲ့ကြ သည်။ ပုရွက်ဆိတ်ကုန်းရွာလေးရှိ အမိုးနှင့်အကာ ပါသည်ဆိုရုံသာ ရှိသော မဒမတိုင်ထူ အိမ်လေးပေါ်မှ သီချင်းရေးသမားတစ်ယောက် ၏ ဘဝကို ပထမဆုံးအကြိမ် အောင် သတိထားမိသည်။ အနုပညာ သမားတို့၏ ဘဝကား မရေရာလှပါတကား။ သည်လိုလူမျိုးကို အကြင်ဖော်အဖြစ်ရွေးကာ ရဲရဲဝံ့ဝံ့ လိုက်လာသော မိုးမခ၏သတ္တိ ကိုလည်း ချီးကျူးမိ၏။ မိုးမခ၏ မျက်နှာသည် အစဉ် ပြုံး၍နေလေ သည်။ ဖြူဝိုင်းသော မျက်နှာပေါ်မှ နှုတ်ခမ်းထူထူလေးများသည် ညည်းခြင်းမရှိ၊ ရဲရင့်ခြင်းအဓိပ္ပါယ်ကိုသာ ဖော်နေ၏။ 'ဟင်းချက်စရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိရင် ကျွန်မတော့ အိမ်ရှေ့က ကန်စွန်းရွက်တွေခူးပြီး ကြော်စား လိုက်တာပဲ'ဟု အပြုံးမပျက်ပြောသောအခါ အောင့်ကိုယ်တွင် ကြက်သီး ဝင် ထလာရသည်။ အချစ်၏ တန်ခိုးသတ္တိပေပဲ။ မိမိ၏ချစ်သူတွင် ထိုသို့သောတန်ခိုးသတ္တိများရှိက ကောင်းလေစွ။

ထိုညက သူတို့အုပ်စုသည် ရမ်တစ်ပုလင်းနှင့် အိုးဘရန်ဒီ တစ်လုံးကို ဖြိုဖ်ခဲ့ကြသည်။ သောင်းကျန်းလိုက်ကြသည်မှာလည်း ပြောနှင့်တော့။ ကိုတင့်ဝေသည် အိမ်ရှင်ပီပီ ချိုးလှဲသောက်ကာ သူတို့ကို ပြုစုရသည်။ ရထားမမီ၍ တစ်ယောက်မျှ အိမ်မပြန်နိုင်ကြ။ နံနက်လင်းသော် ချဉ်စော်နံနေသော ကြမ်းကို ရေဖြင့်ဆေးချကြရ လေ၏။

\+ \+ \+

ပတ္တလားသံနှင့် ဗုံသံသည် သာယာနာပျော်ဖွယ် ပျံ့လွင့်၍နေသည်။ မိုးရွာပြီးစဖြစ်၍ မြေသင်းနံ့လေးများ လှိုင်နေ၏။ အောင် ထိုင်နေ သော အုတ်ခုံသည် စိုစွတ်၍ နေလေသည်။ အောင်က ကာရံထားသော တရုတ်ကတ်များကြားမှ အပန်းဖြေရိပ်သာ အတွင်းသို့ ချောင်း၍ ကြည့်လိုက်သည်။ မိန်းကလေးဆယ်ယောက်ခန့် ကနေကြဆဲ။ ချောက ဒုတိယတန်း ညာဘက်အစွန်ဆုံး။ ချော၏ လက်ချောင်းလေးများ အကွေးအဆန့်ကို ခေတ္တမျှ ငေး၍ကြည့်လိုက်မိသေး၏။ ပြီးမှ ပြန် လှည့်ကာ ပါလာသော ဝတ္ထုစာအုပ် တစ်အုပ်ကို ဖတ်နေလိုက်သည်။

ဆိုင်းသံရပ်သွားသည်။ မိန်းကလေးတို့၏ လှုပ်ရှားသံ စကား ပြောသံကိုကြားရသည်။ အောင်က အပန်းဖြေရိပ်သာကို လက်ယာဘက် မှပတ်ကာ ရှေ့ပေါက်မှ စောင့်နှင့်၏။ ချောသည် အဖော် မိန်းကလေး တစ်ယောက်နှင့် ရယ်ကာမောကာ စကားပြောရင်း ထွက်လာလေသည်။



'ဟော ကိုသက်အောင်ပါလား'

အောင်က ခေါင်းညိတ်ပြ၏။ ချောက အဖော်မိန်းကလေးကို [illegible]နှင့်ဟု အမူအရာဖြင့်ပြသည်။ အလိုက်သိတဲ့ ချော။

'အမောပြေ သံပရာရည်လိုက်သောက်ပါဦး'

ချောက ပြုံးလိုက်သည်။ နဖူးပြင်တွင် ချွေးသီးလေးများ [illegible]နေလေသည်။

'သူများ ဒီမှာရှိတယ်ဆိုတာ ဘယ်လိုလုပ်သိလဲ'

'အဆောင်ကို ရောက်ခဲ့တယ်လေ၊ မမချောရဲ့ အခန်းဖော်က [illegible]ပညာအသင်းကို လိုက်သွားတဲ့'

'အမယ် လိုက်သွားလို့တော့ ပြောမှာမဟုတ်ပါဘူး'

အောင်က ရယ်သည်။

'မမချောက ကတော့လဲ လှသားပဲ၊ ခါးလေးကို ညွှတ်လို့'

ချောက နှုတ်ခမ်းစူသည်။

'ခါးတုတ်လို့ တမင်ပြောတာပေါ့လေ'

'မိန်းကလေးတွေက သူတို့ကို မလှဘူးပြောရင် မကြိုက်ဘူး [illegible]'

'မိန်းကလေးတွေ အကြောင်းကို နှောကျပြီးသားပဲ သိမှာပေါ့'

အင်းဝဆောင်ရှေ့မှ စားသောက်ဆိုင်တန်းသို့ ဝင်ခဲ့ကြသည်။ [illegible]အတွက် အောင်က သံပရာရည် မှာပေးသည်။ အောင့်အတွက် [illegible]ရည်တစ်ခွက် မှာသည်။

'ကတာ ကောင်းတယ်၊ မမချော ပိုလှလာမှာ ပြီးတော့လဲ'

'ပြီးတော့ ဘာဖြစ်လဲ'

'ကတတ်တဲ့ မိန်းကလေးကိုလဲ ချစ်တယ်'

ချော၏ လက်ကလေးသည် သံပရာရည်ခွက်ကို လှမ်းယူမည် [illegible] ရပ်တန့်သွားသည်။

www.burmeseclassic.com



'ပြောပြန်ပြီကွယ်'

အောင်က လက်ဖက်ရည်ပူပူကို တစ်ကျိုက်သောက်လိုက်၏။

'ပြောရမှာပဲ မမချောရယ်၊ အောင့်ကို ဒီလိုနှိပ်စက်မထားပါနဲ့၊ အောင် မမချောကို သိပ်ချစ်တယ်'

'ဒီနေရာမှာတော့ မပြောပါနဲ့ အောင်ရယ်၊ တောင်းပန်ပါရစေ'

'တွေ့တဲ့နေရာတိုင်းမှာ အချိန်တိုင်း ပြောနေချင်တယ်'

'လာ ဒီလိုဆိုသွားမယ်'

ချောက နေရာမှ အလျင်ထ၍ အောင်က ကမန်းကတန်း ထလိုက်ရသည်။ ချောသည် အင်းဝလမ်းအတိုင်း ခပ်သွက်သွက် လျှောက်နှင့်လေသည်။ အောင်က ခြေလှမ်းကို ဖြည်းဖြည်းမှန်မှန် လှမ်းလာခဲ့သည်။ အင်းလျားလမ်းနှင့် ဆုံရာနေရာတွင် ချောက ရပ်စောင့်နေ၏။

'ဘယ်လိုမှန်းလဲ မသိဘူး သိပ်ဆိုးတာပဲ၊ လာလိုက်ခဲ့ လူဆိုးလေး'

'ဟင့်အင်း ပါလာထဲမှာ စကားမပြောချင်ဘူး'

ကလေးငယ်တစ်ယောက်သဖွယ် ထုံပေပေရပ်နေသော အောင့်ကို ချောကကြည့်၍ သက်ပြင်းလေးမသိမသာချသည်။

'ကဲ ပါလာထဲမှာ စကားမပြောချင်ရင်လဲ ကြိုက်တဲ့နေရာကို ကြွပါ ကိုယ်တော်လေး'

အောင့် ခြေလှမ်းများသည် အင်းလျားကို ဦးတည်လေသည်။ သည်တစ်ခါတော့ အောင်က သွက်သွက်လှမ်းသည်။ ချောက ခပ်လေးလေးပင် လိုက်လာခဲ့သည်။ ဘူးသီးကြော်ဆိုင်ရှေ့အရောက်တွင် 'ဘူးသီးကြော် မစားတော့ဘူးလား' ဟု ချောက လှမ်းနောက်၏။ အောင်က မကြားဟန်ပြုကာ ဆက်လျှောက်ခဲ့သည်။ မြေနီလမ်းကလေး အစိုင်းဆင်းသည်။ လေ့လော့်အသင်းဘက် ကူးသည်။ ကံ့ကော်ပင်



...တွင် အောင့်ခြေလှမ်းများ ရပ်တန့်သည်။ သည်နေရာသည် ...ခဲ့သည့် နေ့တစ်နေ့က ချောကိုခေါ်၍ ချစ်ရေးဆိုခဲ့သည့်နေရာ ...တ်လား။

'ကဲ ပြောချင်တာတွေ ပြောပေတော့၊ နောက်ကို လူရှေ့သူရှေ့ ... မပြောရဘူးနော်'

'ပြောချင်တာတွေပြော တစ်ခုမှ နားထဲမဝင်ဘူးဆိုတဲ့ သဘော ... မမချော'

'သိပ်ခက်ပါလား အောင်ရယ်'

ချောက ညည်းညည်းညူညူလေး ထိုင်ချလိုက်သည်။ အောင်က ...နှင့် အနီးဆုံးနေရာတွင် ထိုင်သည်။

'အောင်လို့ခေါ်တယ် ဟုတ်လား၊ အောင့်ကို ချစ်လို့ပေါ့နော်'

'မမချော တစ်ခုမေးမယ် အောင်၊ အောင်နဲ့ မမြေအေးတို့ ...'

'သူနဲ့ ပြတ်သွားပါပြီ မမချောရယ်'

ချောက အောင့်မျက်နှာကို စေ့စေ့ကြည့်သည်။

'သိပ်မကြာသေးပါဘူး အောင်၊ ကျောင်းဖွင့်စကလေ၊ ကျောင်း... အောင်နဲ့ မမြေအေးတို့ တွေ့ကြသေးတယ် မဟုတ်လား၊ ...င်းဖွင့်ပြီး သုံးရက်မြောက်တဲ့နေ့မှာ အောင် မမချောကို ...ဆိုတယ် မှတ်မိရဲ့လား အောင်ရယ်၊ ကျောင်းဖွင့်တာ မေလ ...ရက်၊ အောင် မမချောကို ချစ်ရေးဆိုတာ မေလ ဆယ့်နှစ်ရက်၊ ... အောင်နဲ့ မမြေအေးတို့တွေ့တာ မေလ ဆယ့်ငါးရက်'

တိကျလိုက်ပါတဲ့ မမချော၊ ၁၉၆၅ ခုလို့ကော ထည့်လိုက်ပါ ... မမချောရယ်။

'ကျွန်တော် နားလည်ပါပြီ မမချော၊ ဒါကြောင့် အောင့်ကို ...င်တာပေါ့နော်၊ ကျွန်တော်နဲ့ မမြေအေးတို့တွေ့တာ ဒီနေ့က

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပါပဲ မမချောရယ်၊ နောက်လဲ တွေ့စရာအကြောင်း မရှိတော့ပါဘူး၊ အဲဒီနေ့ကပဲ အောင်တို့ချင်း အပြီးတိုင် ပြတ်စဲလိုက်ပါပြီ၊ အောင် သစ္စာမဲ့ပါဘူး မမချော၊ သစ်ကိုင်းနှစ်ခုကို ခွမနားပါဘူး'

'မမချောက သဝန်တိုတတ်တယ်'

'ဒါဆိုရင် အောင့်ကို ချစ်လို့ပေါ့'

'လူဆိုး'

ချောသည် နေရာမှထမည် ပြုလေသည်။

'ခဏလေးထိုင်ပါဦး မမချော'

လှေတစ်စင်း အနားမှဖြတ်သွားသည်။ 'ဟေး'ဟု ညာသံပေးလိုက်၍ ချောက ကမန်းကတန်း ထိုင်ချလိုက်သည်။

'မမချောက သိပ် မှတ်မှတ်သားသားရှိတာပဲ၊ ဒီနေ့ ဂျူလိုင်လ နှစ်ဆယ့်ငါးရက်နေ့၊ အောင်နဲ့ မမချောတို့ ချစ်သူဖြစ်တဲ့နေ့၊ အဲဒါ မှတ်ထားနော်၊ ပြီးတော့ မမချောအဆောင်က မစပ်ရလေးတွေကိုလဲ မောင်းခတ်ခိုင်းလိုက်ပါဦး'

ချောက အောင့်ကို နေရာမှဆွဲထူပြီး ပြန်လာခဲ့ကြသည်။ အောင်က ချော၏လက်ကို မလွှတ်တော့။ လူတွေနားရောက်သည့်အခါ ချောက လက်ကို ကျိတ်ရုန်းသည်။ အောင်က တင်းတင်း ပြန်ဆုပ်သည်။ ချောက အောင့်ကို တောင်းပန်သလိုကြည့်သည်။ အောင့် လက်များကို ဖြေလွှတ်ပေးလိုက်၏။ 'အောင့်ကို ချစ်ပါတယ် စိတ်မဆိုးနဲ့နော်'ဟု ချောက တိုးတိုး တောင်းပန်သည်။ အောင့်ရင်သည် နွေးကနဲဖြစ်သွားသည်။ အလိမ္မာချော။ အချစ်ချော။

\+ \+ \+



လူဆိုးလေးအောင်ရယ်

'ချောရယ်'ဆိုတဲ့ သီချင်းကို ဘယ်တုန်းက သွင်းခဲ့တာလဲ၊ ချောကို ဘာလို့ပြောမပြခဲ့တာလဲ။ သီချင်းလေးက နားထောင်လို့ သိပ်ကောင်းတယ်၊ လွမ်းစရာလည်း ကောင်းတယ်၊ လွမ်းစရာကောင်းအောင် ကျောင်းပိတ်ရက်က ဆိုခဲ့တာများလားကွယ်။

စာမေးပွဲနီးပြီ အောင်ရယ်။ စာမေးပွဲအကြောင်း ပြောတဲ့သူကို သိပ်မုန်းတယ်လို့ ဆိုတယ်၊ မမချောကိုကော မုန်းမှာလား။ မမချောတို့လည်း စာမေးပွဲဖြေရတော့မယ်။ ချောကတော့ အောင်မှဖြစ်မယ်ကွယ်။ စာမေးပွဲမအောင်ရင် မေမေက ဆူလိမ့်မယ်၊ အစ်ကိုကလည်း စိတ်ဆိုးလိမ့်မယ်။ သူတို့က စာမေးပွဲတွေ အောင်စေချင်လို့ ချောကို တက္ကသိုလ်ရောက်အောင် ပို့လိုက်တာ မဟုတ်လား။

မမချောဆီ မလာနဲ့၊ ကျောင်းမှန်မှန်တက်နော်။ စနေနေ့ညနေစောင့်နေမယ်။ တနင်္ဂနွေနေ့ကျတော့ မိုးမခတို့ဆီ သွားလည်မယ် ဟုတ်လား။

အောင့်ကိုချစ်တဲ့

ချော

\+ \+ \+

'ချောကို အောင်က ဒီလိုနေရာမျိုးလေးမှာ ဒီလိုတဲလေးနဲ့ ထားမယ်ဆိုရင် နေနိုင်ပါ့မလား ဟင်'

'နေနိုင်တယ်လို့တော့ ကြိုပြောမထားချင်ပါဘူး အောင်ရယ်၊ ဒါပေမယ့်လေ ဖြစ်လာရင် ဘာမဆိုရင်ဆိုင်ဖို့ အသင့်အနေအထားမှာ ရှိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ချောက သိပ်စကားတတ်တာပဲ၊ စကားတတ်တဲ့အတွက် ဆုချချင်တယ်'

'မနမ်းပါနဲ့တော့ အောင်ရယ်'

ငှေပန်းနုံ့လေးများ သင်းလာလေသည်။ မိုးစက်မိုးပေါက်လေးများသည် ကျိုးတိုးကျဲတဲ ဖြစ်နေသော မနီမိုးကြားမှ ကျလာကြသည်။

'ချမ်းလား မမချော'

'တင့်အင်း ချစ်ရင် အခွင့်အရေးမယူရဘူးနော်၊ အခွင့်အရေးယူတတ်တဲ့ ယောကျ်ားရယ်၊ သဘောထားသေးတဲ့ ယောကျ်ားရယ်၊ မိန်းမတွေကို အထင်သေးတတ်တဲ့ ယောကျ်ားရယ်၊ သစ္စာမရှိတဲ့ ယောကျ်ားရယ်'

'အမယ်လေးဗျာ ယောကျ်ားတွေကလဲ များလှချည်လား'

'အဲဒီလို ယောကျ်ားမျိုးတွေကို သိပ်မုန်းတယ်လို့ ပြောတာ'

ပုခက်ထဲမှ ကလေးငယ်သည် အဲ့ခနဲ လူးလွန့်လိုက်သည်။ အောင်က ပုခက်ကြိုးစကိုဆွဲ၍ လွှဲသည်။ 'အို အိုး တိတ်ပါ' ဟုလည်း ကလေးချော့တေးကို ဆိုသည်။ ချောက ရယ်လေသည်။

'ကလေးချော့သီချင်းလဲ ဆိုတတ်သားပဲနော်'

'မယားချော့လဲ ဆိုတတ်တယ်'

'လူဆိုး'

ချောသည် အောင့်ပခုံးလေးကိုမှီ၍ ငေးနေလေသည်။ တိတ်ဆိတ် အေးချမ်းတဲ့ ရွာလေးတစ်ရွာမှာ သေးငယ်ယိုင်နဲ့တဲ့ တဲလေးတစ်လုံး၊ အနုပညာ နှလုံးသားနဲ့ လင်သားတစ်ယောက်၊ အနာဂတ်တွက် အားထားရမယ့် သားငယ်လေးတစ်ဦးနှင့် လူ့ဘဝကို အခြေချကြည့်သည်။ သက်ပြင်းကို ခိုး၍ ရှိုက်မိ၏။



'မမချောကလေ သက်ပြင်းချည်းပဲ ချနေတာပဲ၊ ဘာလဲ အောင်နဲ့နေရတာ မပျော်ဘူးလား'

'ပျော်ပါတယ်အောင်ရယ်၊ ဒါပေမယ့်လေ မမချောတို့ ဘဝတစ်လျှောက်လုံး ပျော်ဖို့လိုတယ်'

'ဘာတွေစဉ်းစားနေတာလဲ မမချောရယ်'

'အနာဂတ်ပေါ့'

အောင် တွေဝေသွားလေသည်။

'မိန်းကလေးတစ်ယောက်ဟာ ချစ်သူနဲ့အတူ လျှောက်ဖို့ အနာဂတ်ကို စဉ်းစားတယ်ဆိုတာ သူ့ချစ်သူကို သိပ်ချစ်လို့ပဲပေါ့ ကွယ်၊ အောင်ယုံရဲ့လားဟင်'

အောင်က ပုခက်ကြိုးစကို လွှတ်လိုက်သည်။ ချော၏ပခုံးကို တင်းတင်းဆုပ်မိ၏။

'မမချောကို အောင်ယုံတယ်၊ အောင်လေ ကိုယ့်ကိုကိုယ်လဲ သတိပေးနေပါတယ်၊ မမချောနဲ့ အတူနေနိုင်ဖို့ အောင်ကြိုးစားရမယ် ဆိုတာ'

'အချစ်မှာ စားဝတ်နေရေးတွေ ပါလာတာ သိပ်အကျည်းတန်တာပဲနော်'

'သိပ်မှန်တာပဲ မမချော၊ ဒါပေမယ့်လဲ အတူတူနေချင်ကြတာပေါ့ မမချောရယ်'

ချောက အောင့်နဖူးကို ညင်ညင်သာသာ နမ်းလိုက်သည်။

'အောင် လိမ္မာလာပြီနော်'

'အောင် မမချောကို သိပ်ချစ်တယ်၊ သိပ်ချစ်လို့ မမချောနဲ့ အတူတူနေချင်တယ်၊ အတူတူနေချင်လို့ အောင်ကြိုးစားမယ်၊ ကြိုးစားမယ် မမချော၊ အောင့်ကို စောင့်ပါ မမချောရယ်၊ အောင့်ကို စိတ်ချပါနော်၊ အောင့်ကို ခွင့်လွှတ်နော်'

www.burmeseclassic.com

www.burmeseclassic.com



အောင်သည် ချောကိုနမ်းရင်း နှုတ်မှ တတွတ်တွတ် ရွတ်နေလေသည်။ အမှတ်မထင် ပုကနဲ ခံစားလိုက်ရ၍ ချောက သူ့ပါးပြင်ကို ပွတ်ကြည့်လိုက်သည်။ ဘုရား ဘုရား မျက်ရည်စတွေ အောင့်မျက်ရည်စတွေပါလား။

'အောင် ဘာဖြစ်လဲဟင်'

'သိပ်ချစ်လို့ပါ မမချောရယ်'

'ဖြစ်ရလေကွယ်'

ကလေးငယ်သည် လူးလွန့်လာလေပြီ။ ချောသည် ကလေးကို မ,ချီ၍ ကလေးအမေကို ရှာသည်။ မိုးမခတစ်ယောက် စာတစ်အုပ်နှင့် အိပ်ပျော်နေပါပကော။

'ပြန်ကြစို့ကွယ်'

'မမချောရဲ့ ဒိုင်ယာရီမှာ နေ့တစ်နေ့တိုးပြီး မှတ်လိုက်ပါဦးနော်'

'သိပါတယ်အောင်ရယ်၊ ဒီနေ့ ဩဂုတ်လ နှစ်ဆယ့်ကိုးရက်ပါ'

\+ \+ \+

အောင့်ကို စိတ်မဆိုးပါနဲ့ မမချောရယ်၊ 'လူဆိုး'လို့တော့ ပြောချင်ပြောပါ။ ပြောရမှာ ရှက်တယ် မမချောရယ်။ နှစ်ယောက်တွေ့ကြတုန်းကလည်း အောင့်နှုတ်က ပြောမထွက်ခဲ့ဘူး။ စကားလုံးတွေအစား မျက်ရည်စတွေ ထွက်သွားမိတယ်။ အောင်ငိုတာ မဟုတ်ပါဘူး မမချောရယ်။ ဝမ်းနည်းတယ် အောင်ချစ်တဲ့ မမချောအတွက် ဝမ်းနည်းတယ်ကွယ်။

ဘာများလဲလို့ စိတ်ပူနေပြီလား အချစ်ရယ်။ ဒီလိုပါ မမချောရယ်၊ အောင်လေ အောင် စာမေးပွဲဖြေခွင့် မရဘူး



ကျောင်း ခေါ်ကြိမ် မပြည့်လို့ပါ မမချောရယ်။ 'လူဆိုး'လို့ ပြောပါဦး။ 'ဖြစ်ရလေကွယ်'လို့ အောင့်နဖူးကို နမ်းပါဦး မမချော။

ရထားသည် သယ်န်းကျွန်းကို လွန်လာလေပြီ။ ဖြစ်နိုင်လျှင် အောင့်ဆီကို ပြန်၍ ပြေးသွားချင်သည်။ အောင် ဝမ်းမနည်းပါနှင့်ဟု အားပေးချင်သည်။ အောင့်ကို ချစ်သည့်စိတ်သည် အနာဂတ်အတွက် မျှော်မှန်းချက်အားလုံးကို ဖုံးပစ်လိုက်လေသည်။ အောင့် စာရွက်ပြာပြာ ပေါ်ကြားမှ ရထားတွဲကိုမှီ၍ ရပ်နေသော အောင့်သဏ္ဌာန်ကို မြင်ယောင်မိသည်။ ခုချိန်ဆိုလျှင် အောင်တစ်ယောက် ဘာလုပ်နေပြီလဲ။ ချစ်စိတ်၏ တန်ခိုးအာနိသင်ဖြင့် အဝေးမှချစ်သူကို မြင်နိုင်စွမ်းရှိကသည်မျှ ကောင်းလိမ့်မည်လဲ။

ရထားခုံးတံတားပေါ်မှဆင်းသော် အောင် ဘယ်ကို ခြေလှမ်းရသည်မသိ။ ရန်ကုန်မြို့သို့ တစ်ခါမျှ မရောက်ဖူးသည့်အလား အောင်မြောက်လေးပါးကို ငေးကြည့်နေမိသည်။ နာရီကို ကြည့်မိ၏။ သည်အချိန် အလုံတွင် လူမစုံနိုင်သေး။ ၃၃ လမ်းမှ အိမ်ကိုပြန်လျှင် အနီးကလေး။ သို့သော် မပြန်ချင်သေး။ စာအုပ်ဆိုင်ကို သွားရလျှင် ကောင်း။ မသွားချင်။ အလုပ်လည်းမလုပ်ချင်။ သို့ဖြင့် ဦးတည်ချက် မရှိဘဲ ရုပ်ရှင်ရုံများဘက် လှည့်လာခဲ့သည်။ လုံချည်ဝါဝါ အင်္ကျီဖြူနှင့် ကောင်မလေးသည် သူ့ကို ငေး၍ကြည့်နေလေသည်။

'သြော်'

မမြေအေးက သူ့ကို နှုတ်ဆက်ဟန်ဖြင့် ပြုံး၍ပြ၏။ ဣန္ဒြေရသော အပြုံးမျှသာ။

'ရုပ်ရှင်လာကြည့်တာလား'

မမြေအေးက ခေါင်းညိတ်ပြ၏။ အောင်က ဘေးဘီကိုကြည့်သည်။ မမြေအေးတွင် အဖော်ပါမလာ။

www.burmeseclassic.com

www.burmeseclassic.com



အောင် လက်မှတ်တစ်စောင်ကို ဆုတ်၏။ အောင် ပြန်လှည့်လာသော် မမြေအေးသည် နေရာတွင် မရှိတော့။

အဖော် မိန်းကလေးနှစ်ယောက်နှင့် ယှဉ်တွဲ၍ ဝင်သွားသော မမြေအေး၏ ကျောပြင်ကိုသာ တွေ့လိုက်ရသည်။ မတည်ငြိမ်သော စိတ်ကို ကျိန်ဆဲရင်း ရုပ်ရှင်လက်မှတ်ကို ခြေပစ်လိုက်သည်။ ၂၉ လမ်းဘက်သို့ ဦးတည်ခဲ့လေသည်။

သည်ညနေ အလုံကို စောစောသွားရမည်။

\+ \+ \+

'မဒေါက်တို့ ရွှေကျင်တို့ဆိုတာ အကြမ်းဖက်သောင်းကျန်းသူနယ်တွေပေါ့ကွာ၊ ဟိုတစ်လောလေးကပဲ မဒေါက်ကို သောင်းကျန်းသူတွေ ဝင်စီးတယ်လို့ ကြားရသေးတယ်'

'ဟော့လူ တော်တော့ဗျာ'

'ရွှေကျင်က သောင်းကျန်းသူတင် ပေါတာမဟုတ်ဘူးမောင်၊ ကျားလဲ ပေါသတဲ့'

'ပေါက်တတ်ကရတွေ မပြောနဲ့ဗျာ'

ကိုမြင့်မိုးနှင့် ကိုကြည်မောင်သည် အောင့်ကို စ၍ ကောင်းတိုင်းစနေကြလေသည်။ ချော ပြန်သွားသည့်နေ့မှစ၍ အောင်တစ်ယောက် မနေတတ် မထိုင်တတ် ဖြစ်မှန်း သိလေလေ သူတို့ နောက်ချင်ပြောင်ချင်ကြလေလေ။

'မော်လမြိုင်သူတွေက သံလွင်မြစ်ရေချိုးလို့ အသားလှတယ်၊ ရွှေကျင်သူတွေက စစ်တောင်းမြစ်ရေ ချိုးလို့ အသားလှသတဲ့၊ မင့်ရွှေကျင်သူကတော့ ရွှေကျင်သူ အတုကြီးနဲ့ တူပါတယ်ကွာ၊ အသားကလဲ မည်းလိုက်တာ လွန်ပါရော'



'ခင်ဗျားတို့ ချောကိုတော့ မထိနဲ့ဗျာ'

'ခုလောက်ဆိုရင်တော့ မင်းရဲ့စာကိုဖတ်ပြီး အတော်ဒေါပွနေမှာသေချာတယ်၊ စာမေးပွဲမဖြေရလောက်အောင် ပေရတေရပါမို့လားလို့ပေါ့၊ သူ့အစ်ကိုဆိုတာက သိရင်လဲ ပြန်လွှတ်မှာမဟုတ်တော့ဘူး၊ ဘယ့်နှယ်ကွာ သူကတော့ တောမှာ ကုန်းရုန်းပြီး ပညာသင်လွှတ်လိုက်ရတာ၊ သူပျိုးတဲ့ပန်း သူပဲ ပန်မှာပေါ့'

အောင်သည် နေရာမှ ဝုန်းခနဲထကာ ကိုမြင့်မိုး၏ ပါးချိတ်ကို လက်သီးဖြင့် ခပ်ဆတ်ဆတ် ထိုးလိုက်လေ၏။ အောင့်မျက်နှာသည် နီမြန်း၍ နေလေပြီ။ အောင့်တွင် နောက်ပြောင်သည်ကို စိတ်ဆိုးသည်ထက် စိုးရိမ်ကြောင့်ကြမှုကို ခံနိုင်စွမ်းမရှိဖြစ်၍လာသည်။

ကိုမြင့်မိုးသည် နာချင်ယောင်ဆောင်ကာ မျက်နှာကို တရားလွန် ရှုံ့မဲ့လိုက်သည်။

'လုပ်ပါဖိုးအောင်ရာ၊ ခုတော့ မင်းက သူငယ်ချင်းတွေကို သုတ်ရက်ပြီပေါ့'

သူ့အမူအရာကိုကြည့်ကာ အားလုံး ရယ်ကြရသည်။

'ကဲကွာ ဖိုးသက်အောင်၊ မင်းလဲ ရည်းစားပူမိနေတာနဲ့ အနုပညာဈာန်မဝင်တာလဲ ကြာပြီ၊ ဘယ်လိုလဲ ဒီသီချင်းကို မင်းဆိုမှာလား ငါဆိုရမှာလား'

ကိုကြည်မောင်က သီချင်းစာရွက်ကို ကိုင်ကာ အောင့်ကို အားတွေ့ဆိုင်ဆိုင် မေးလိုက်သည်။ အောင်က စာရွက်ကို ဖျတ်ခနဲ လှမ်းယူလိုက်သည်။

'ကျွန်တော် ဆိုမယ်ဗျာ'

ဆိုမယ်သာပြောသော်လည်း စိတ်တော့ သိပ်ဝင်စားလှသည်မဟုတ်။ စာရွက်ကို စားပွဲပေါ်တင်ကာ ဆေးလိပ်ခွက်ဖြင့် ဖိထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘဲဆေးလိပ်တစ်လိပ်ကိုယူကာ မီးညှိ၏။ မီးခိုးများ လွန့်လူးပျံတက်သွားကြသည်။

'ကိုတင့်ဝေတစ်ယောက်လဲ မလာတာ လေးငါးရက်ရှိသွားပြီ၊ နေမှကောင်းရဲ့လား မသိဘူး၊ တို့ လိုက်သွားရအောင်'

အောင်သည် နေရာမှ ဖြုန်းခနဲ ထရပ်လိုက်သည်။

'ဟာ ဟုတ်ပြီဗျို့'

'ဘာ ဟုတ်တာလဲ'

'ကိုတင့်ဝေတို့ အိမ်ထောင်ကျပြီးမှ ချောက စာရေးရင် ကိုတင့်ဝေတို့အိမ်ကိုပဲ ရေးတော့တယ်၊ အဲဒီမှာ ချောရဲ့စာ ရောက်မှာသေချာတယ်'

'ခွေးမသား စာမလာလို့ လဒမှိုင် မှိုင်နေတာကိုး၊ ဟင်း ဖြစ်လိုက်မှဖြင့် အသည်းအသန်ချည်းပဲ'

ပြောသာပြောရသည်။ သူတို့လည်း အောင့်ဒုက္ခကို မကြည့်ရက်။ နေရာမှ ချက်ချင်းထကာ အပေါ်အင်္ကျီကို ကောက်ဝတ်ကြရလေသည်။

\+ \+ \+

**မိုးမခရယ်**

ချောချောမောမောပဲ ပြန်ရောက်လာတယ်။ ဒီတစ်ခါ ပြန်လာရတာ ရင်ထဲမှာ အလေးဆုံးပဲ။ အောင့်ကို စာမရေးနဲ့လို့ မှာထားတယ်။ ချောလည်း မရေးဘူးလို့။ စာလာရင် မေမေက ဖောက်ဖောက်ဖတ်တယ်။ မိုးမခ ရေးရင် သတိထားနော်။

မိုးမခရယ် သားလေးရယ် ချောရယ် အောင်ရယ် အတူနေခဲ့ ရတဲ့ ရက်ကလေးကို မမေ့ဘူးကွယ်။ သိပ်လွမ်းတယ် မိုးမခရယ် အောင့်ကိုလေ။ မိုးမခတို့ကိုတော့ သိပ်သတိရတယ် ဆိုရင် ကျေနပ်ပါနော်။



ဒီနှစ် မေမေ့ကျန်းမာရေး သိပ် မကောင်းဘူး။ ချောတော့ M.A. မှ ဆက်တက်နိုင်ပါတော့မလား မသိဘူး။ အဝေးကြီး လိုသေးပေမယ့် တွေးပူတယ်။ အောင်နဲ့ ကြာကြာမနေရမှာ စိုးတယ်ကွယ်။ အောင့်ကိုစောင့်ရဦးမယ် မဟုတ်လား။

အောင်က သိပ်ဆိုးတယ်ကွယ်။ ကျောင်းမတက်တာ အဆိုးဆုံးပဲ။ မိုးမခတို့ ဝိုင်းပြောပေးပါလား ဟင်။ ချော ပြောရင် ချောကို မုန်းတယ်တဲ့။ သူမုန်းမှာ ကြောက်တယ် မိုးမခရယ်။

\+ \+ \+

ယခုတော့ အောင်သည် ချော၏လက်ကို မလွှတ်တမ်းဆုပ်ထားမိပေပြီ။ ချောသည် သူ့လက်ကို အောင့် လက်တွင်းမှာ ကြည်ကြည်ဖြူဖြူပင် ထားသည်။ သူ့ပခုံးသားများကိုထိလာသော အောင့်ပခုံးကိုမူ မသိမသာ တွန်းပစ်သည်။

ရုပ်ရှင်ပြီးသွားပြီ။ အောင်တို့နှစ်ယောက် ငြိမ်သက်စွာပင် ဆိုင်နေမိကြ၏။ လူကုန်မှ နောက်ဆုံးက ထွက်ခဲ့သည်။ ဆူးလေဘုရားလမ်းကို အနှေးဆုံးလျှောက်ကာ ကျူဟာပျော်ပွဲစားရုံသို့ ဝင်သည်။ အခန်းငယ်တွင်းမှ ကန့်လန့်ကာကို တစ်ဝက်ဖွင့်၍ သူတို့ စကားပြောကြသည်။ ချောကို အောင် လေးစားပါသည်။ ချော အောင့်ကို ချစ်သည်ဆိုခြင်းကို အကြွင်းမရှိ ယုံသည်။ ချောသည် ပေးသင့်သည့် အခွင့်အရေးကိုပေး၍ ထိန်းသိမ်းသင့်သည်ကိုထိန်းသိမ်းသော မြတ်နိုးဖွယ် မိန်းကလေးပေပဲ။

www.burmeseclassic.com

www.burmeseclassic.com



'စာမရေးတာ သိပ်ဆိုးတယ်ကွယ်၊ အလွမ်းဖြေစရာ မရှိဘူးပေါ့၊ စိုးရိမ်ပူပန်လိုက်ရတာလဲ အနန္တပါပဲ ချောရယ်၊ နောက်တစ်ခါ အောင့်ကို ပစ်မသွားနဲ့နော်'

ချောသည် အချိုဆုံး ပြုံး၍နေလေသည်။ ချော၏ မျက်နှာလေးသည် ခရီးပန်းသဖြင့် နွမ်းနယ်နေသည်။ ချောကို ဘူတာမှာ ဆင်းကြိုပြီး ပစ္စည်းများကို အဆောင်ပြန်ပို့သည်။ ပြီးတော့ ချောကို ချက်ချင်းပြန်ခေါ်ခဲ့သည်။ ရုပ်ရှင်ကြည့်သည်။ ညစာစားသည်။ သည်နေ့အဖို့တော့ ချောသည် အောင့်အတွက်။

'ချောရဲ့မေမေ နေမကောင်းဘူးဆိုတာ ရန်ကုန်မှာ လာပြပါလား ဟင်၊ အခု သက်သာရဲ့လား'

'သိပ်မသက်သာပါဘူး အောင်ရယ်၊ မေမေက ဆေးရုံသိပ်ကြောက်တယ်၊ ပြောလို့လဲ မရဘူး၊ အောင် မြန်မြန်ဆရာဝန်ဖြစ်ရင်လဲ ကောင်းမှာ'

ချောက အောင့်မျက်နှာကို ဖျတ်ခနဲ ကြည့်မိ၏။ အောင်က ခေါင်းကို ငုံ့ပစ်သည်။

'ဆောရီးနော် အောင်'

ချောသည် ဤသို့သော ချော။ ချောကို အောင် ပို၍ပင် ချစ်ရမြတ်နိုးရသည်။

'အောင် စာမေးပွဲမဖြေရတာ ချောက အပြစ်မတင်တော့လေ အောင် ပိုဝမ်းနည်းတယ်'

'ဒီနှစ်ဖြေပေါ့ အောင်ရယ်၊ ချောကတော့ ဘာပဲဖြစ်ဖြစ် အောင့်ကို ချစ်နေမှာပဲ၊ အောင့်ကို ကြိုးစားစေချင်တာကတော့ အမှန်၊ ဒါပေမယ့် အလုပ်တစ်ခုကို ကြိုးစားတယ်ဆိုတာ သူများ တိုက်တွန်းတာထက် ကိုယ့် အသိစိတ်နဲ့က ပိုကောင်းပါတယ် အောင်'



စားပွဲပေါ်တွင် ဟင်းများစုံနေပြီ။ အောင်တို့ မစားဖြစ်ကြသေး။ လိမ္မော်ရည်ပုလင်းကို ကိုင်ကာ ချောရှေ့မှ ဖန်ခွက်ထဲသို့ အောင်းထည့်ပေးလိုက်သည်။ ချောက ချက်ချင်း ယူသောက်သည်။

'ပြီးတော့လဲ အောင့်ကို ပြောချင်သေးတယ်၊ အောင်တို့က အနုပညာ မြတ်နိုးတယ်၊ အနုပညာဘက်မှာတော့ တိုးတက်အောင် ကြိုးစားချင်တယ်၊ ဒါ မှန်ပါတယ်၊ ဒါပေမယ့် ကျောင်းပညာကို သုံးဝ အထင်မကြီးဘူးဆိုတဲ့ တစ်ဖက်သတ်အယူအဆကိုတော့ ထားစေချင်ဘူး၊ ကျောင်းပညာကိုလဲ အများလုပ်နေတဲ့ သာမန်ကိစ္စလို့ သဘောမထားဘဲ လေ့လာလိုက်စားသင့်တဲ့ ပညာရပ်တစ်ခုလို့ သဘောထားပါလား အောင်ရယ်'

'ဒီလောက်ဆိုရင် အောင် လက်ခံပါတယ် ချော၊ ကဲ စားဦးလေ၊ ချော ပင်ပန်းလာတယ်၊ ဆာလဲဆာနေမယ်၊ ဒီညနေ အဆောင်မှာ ထမင်းမကျွေးသေးဘူး မဟုတ်လား'

သူတို့နှစ်ယောက် များများမစားနိုင်ကြ။ ပန်းကန်များထဲတွင် ဟင်းတစ်ဝက်စီခန့် ကျန်နေကြသည်။ အဆောင်သို့ အပြန်လမ်းတွင်လည်း အောင်က ချောလက်ကို မလွှတ်တမ်း ဆုပ်လာခဲ့သည်။ ပြန်ခါနီးတွင် အောင်က ချောကို စာအုပ်တစ်အုပ် ပေးခဲ့သည်။ စာမျက်နှာ ရှစ်ဆယ်ပါ ဗလာစာအုပ်တစ်အုပ်။ ထိုစာအုပ်ထဲတွင် ချော ပြန်သွားသည့်နေ့မှစ၍ ပြန်မလာမီ တစ်ရက်အထိ နေ့စဉ်ရေးထား သော ချောအတွက်စာများ ပါရှိလေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

## ၆

ယခုလိုတော့လည်း အမိတက္ကသိုလ်သည် အောင့်အတွက် အခိပ္ပါယ်ရှိ၍ နေပြန်လေသည်။ စာအုပ်ဆိုင်နှင့် အလုံနံ့သာရိပ်ကို သံယောဇဉ်ဖြတ်၍ ကျောင်းဘက်သို့ ခြေဦးလှည့်ခဲ့သည်မှာ ပာစ်နှစ်ကျော်ခဲ့ပြီ။ အလုံတွင်လည်း လူစုကွဲကုန်လေပြီ။ ပထမဆုံး ထွက်ခွာသွားခဲ့သည်က ကိုသိန်းဦး။ ဒုတိယခြေလှမ်းပြင်သည်က ကိုတင့်ဝေ။ ကိုတင့်ဝေမှာ အိမ်ထောင်ကျပြီး အထီးကျန်ပါတီမှ ပဲ့ထွက်သွားပြီးသည့်နောက် နံ့သာရိပ်သာသို့ မှန်မှန်မရောက်နိုင်ခဲ့။ ဘဲဆေးလိပ်နှင့် လက်ဖက်ရည်တစ်ခွက်ကို အိမ်သူသက်ထား၏ အဖျော်ပျစ်သည့် ငါးပိတစ်ခွက်လောက် မခင်တွယ်တော့ပြီ။

ကိုကြည်မောင်သည် ကျောင်းမှဘွဲ့ရပြီး ကုန်သွယ်ရေးသင်တန်းသို့ တက်နေရပြီ။ ကိုမြင့်မိုးသည်ကား အလုပ်လက်မဲ့ဘဝဖြင့် ကဗျာအရေးကောင်းဆဲ။ လူချင်းမဆုံ၍ အောင်နှင့် ရန်မဖြစ်ရသည်မှာ ကြာပြီ။



ချောသည်ပင် နောက်ဆုံးနှစ် ရောက်လာပြီမို့ တောင်ငူဆောင်မှ မြန်မာစာ စာကြည့်တိုက်တွင် ကျမ်းကြီးကျမ်းငယ်ကို မွှေနှောက်၍ နေရလေပြီ။ နံ့သာသီချင်းသည်၏ တေးများသည်လည်း အဖြတ်အတောက် အပိတ်အပင်ခံရပေါင်းများ၍ ခတ်ပြားနှင့် ဝေးခဲ့သည်မှာ ကြာပြီ။ ကိုတင့်ဝေသည် သီချင်းရေးဖို့ထက် ဟင်းလျာအတွက် ငါးခွက်မျှားနေသည့်အချိန်က များလေသည်။

အောင်တစ်ယောက်သာ ရတနာသို့ ဝတ္တရားမပျက် ရောက်နေဆဲ။ ကျောင်းချိန်ပြီးလျှင် ရတနာဆောင်ကိုသွားမည်။ ညစ့်ချိန်ကုန်လျှင် အိမ်ပြန် ထမင်းစားသည်။ ညဘက်တွင် ၂၉ လမ်းမှ စာအုပ်ဆိုင်တွင် သွားအိပ်သည်။ စာကျက်သည်။ စာမကျက်လျှင်လည်း အောက်တတ်ရာရာ စာတိုစာစများကို ရေးစမ်းကြည့်သည်။ ဆိုင်ထပ်ခိုးသည် အောင့်အတွက် ဘူမိနက်သန်။

နံနက်လင်းသော် ဆိုင်ခန်းကိုဖွင့်ခဲ့ပြီး အိမ်မှလူများရောက်လာသည်နှင့် ကျောင်းဘက်ကို ထွက်ခဲ့သည်။ ယခုတော့ အောင်သည် လောကစက်ဝန်းတွင် ပုံမှန်လည်ပတ်စပြုနေပေပြီ။

သို့သော် ပုံမှန်အနေအထားသည် အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်ရမည့်ကိန်းသို့ ကြုံလေ၏။ ထိုအကြောင်းတစ်စုံတစ်ရာသည် အောင့်မွေးနေ့မှစလေသည်။ အောင်၏ ၂၃ နှစ်မြောက်မွေးနေ့။

အောင်သည် မွေးနေ့ကို အမှတ်တရပြုတတ်သူ မဟုတ်။ သို့သော် ချောက အောင့်မွေးနေ့ကို သိနေသည်။ သိလောက်အောင်လည်း အောင့်မွေးနေ့က ထူးခြား၏။

အောင့်မွေးနေ့သည် ဇန်နဝါရီ ၄ ရက်၊ လွတ်လပ်ရေးနေ့။

ချောက နံနက်စောစော အောင့်ဆီရောက်အောင်လာခဲ့မည်ဟု ဆိုသည်။ တကယ်ပင် ချောသည် အဆောင်တံခါးဖွင့်ဖွင့်ချင်း

www.burmeseclassic.com

www.burmeseclassic.com



အောင့်ဆီ ထွက်လာခဲ့၏။ ချောရောက်လာသည့် အချိန်တွင် အောင် မျက်နှာပင် မသစ်ရသေးချေ။ ချော နှိပ်လိုက်သော ခေါင်းလောင်းသံ မြည်လေမှ အောင် အိပ်ရာကနိုးခဲ့ရသည်။ မွေးနေ့ကို တန်ဖိုးထားသူများ အတွက်ဆိုလျှင် ပို၍ နှစ်သက်ဖွယ်ကောင်းပေမည်။ နံနက်လင်းစတွင် ချစ်သူ့မျက်နှာကို ဦးစွာမြင်ရသည် မဟုတ်ပါလော။

ချောသည် လှ၍နေ၏။ မီးခိုးနုရောင် ချိတ်ထဘီနှင့် အင်္ကျီ ပန်းရောင်နုကို ဝတ်ထားသည်။ ဆံပင်ကို နောက်တွင်စုစည်းကာ နှင်းဆီပန်းတစ်ပွင့် ပန်ထား၏။ မျက်နှာတွင် မိတ်ကပ်ပါးပါးလူး ထားသည်။ မျက်ခုံးနှစ်ဘက်သည် သေးသွယ်ဖြောင့်တန်း၍နေ၏။ နှုတ်ခမ်းက အင်္ကျီနှင့် တစ်ရောင်တည်း။ ပန်းရောင်နုနု။

'အား၊ သိပ်ချောတဲ့ ချောပါလား'

'ဟင်း သိပ်မကဲနဲ့ ပြန်သွားမှာနော်'

'အမယ်လေး ပြန်တော့မသွားပါနဲ့၊ အောင့် ရိပ်သာဆောင် ခန်းကို မြန်းကြွခဲ့ပါဦး မဖုရား'

ချောက ဆိုင်တွင်းသို့ မရဲတရဲ ဝင်ခဲ့သည်။ အောင် ဦးဆောင် ခေါ်ငင်ခဲ့ရာ ထပ်ခိုးလှေကားပေါ်သို့ တက်သည်။ ဘယ်သူမျှလည်း မရှိဘူးဟုဆိုကာ ပြန်ဆင်းမည် ပြုသေးသည်။

'အောင့်ကို မယုံဘူးလား ချောရယ်၊ တော်ကြာ ဆိုင်ဖွင့်မယ် လူတွေ လာကြတော့မှာပါ'

'ချောကိုတွေ့ရင် တစ်မျိုးထင်သွားမှာပေါ့'

'မထင်ပါဘူး ချောကို သိနေကြသားပဲ'

ချောသည် ဣန္ဒြေရစွာပင် အောင့်နောက်သို့ လိုက်ခဲ့တော့ သည်။ အောင်က မျက်နှာကို ပြေးသစ်သည်။ ရေကို ကမန်းကတန်း ချိုးသည်။



'အောင့်အတွက်'

ချောက အထုပ်တစ်ထုပ်ကို ပေး၏။

'အောင်က မွေးနေ့လက်ဆောင်တွေဘာတွေ ဝါသနာမပါပါဘူး ချောရယ်၊ ချော ရောက်လာတာကိုပဲ သိပ်ဝမ်းသာတယ်၊ အောင့်ကိုလဲ အနမ်းလက်ဆောင်ပဲ ပေးပါ'

ပန်းရောင်ခြယ်လာသော ချော၏ မျက်နှာလေးသည် နီညိုရောင် သမ်းလေပြီ။ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးလေးများ ပျောက်ကွယ် သပြီ။

'ဒီလိုဆို ပြန်တော့မယ်ကွယ်'

'ချစ်တယ် ချောရယ်၊ မပြန်နဲ့နော်၊ ဟော ဆိုင်လာဖွင့်ပြီ၊ အောင်လေ ချောကို ရုပ်ရှင်လဲပြမယ်၊ ထမင်းလဲကျွေးမယ်နော်၊ စောင့် ခဏလေးစောင့်'

အောင်သည် ဆိုင်တံခါးကို ပြေးဖွင့်၏။ မိခင်ဖြစ်သူထံမှ ပိုက်ဆံကိုတောင်းသည်။ အပေါ်သို့ပြေး၍ ပြန်တက်လာသည်။ ချောသည် အောင့်အိပ်ရာထိုင်ခင်းများကို ပြုပြင်လျက်ရှိလေသည်။

'ရော့၊ ချော ပေးတဲ့ ပုဆိုးအသစ်ကို ဝတ်'

ချောက စက္ကူထုပ်ထဲမှ လက်ဆောင်ပုဆိုးကို ထုတ်ပေးသည်။ အောင်က မငြင်းမဆန် ယူ၍ ဝတ်သည်။ ပြီးတော့ အောက်ပြန်ဆင်း ကာ တစ်စုံတစ်ယောက်နှင့် စကားပြော၍နေမိသည်။ စာအုပ်ကိစ္စ၊ ဝယ်ကိစ္စ။ အောင် အပေါ်ပြန်တက်လာချိန်တွင် ချော၏ မျက်နှာ သည် ရွာမည့်မိုးလို ညိုနေလေသည်။ အောင် ထိတ်ထိတ်ပျာပျာ ရလေတော့၏။

'ချော မျက်နှာမကောင်းပါလား၊ ဘာဖြစ်လဲဟင်'

ချောက နှုတ်ခမ်းနှစ်ခုကို တင်းတင်းစေ့ပစ်သည်။

'ရော့ ဒါ ဘာတွေလဲ'

www.burmeseclassic.com

www.burmeseclassic.com



အောင့်ရှေ့သို့ မာမာတောင့်တောင့် စက္ကူချပ်လေးများ ပြန့်ကျဲကျလာကြလေသည်။ အောင်က ထိတ်ထိတ်ပျာပျာ ယူ၍ကြည့်မိသည်။ ပို့စကတ်တွေပါလား။ စာပို့ကတ် လေးငါးခုကို မြင်ရလေသည်။ အောင်က နားမလည်သလို တစ်ခုချင်း လိုက်ကြည့်မိသည်။ အလိုမြတ်စွာဘုရား။ မမြေအေးရဲ့ လက်ရေးတွေပါလား။

'သိပ် အံ့သြချင်ယောင် ဆောင်မနေပါနဲ့လေ၊ တစ်ခုက ဝါကျွတ်လက်ဆောင် အထိမ်းအမှတ်၊ တစ်ခုက တန်ဆောင်တိုင်၊ ဟောဒီတစ်ခုက နှစ်သစ်ကူးဆုမွန်လေး၊ ဟောဒါက နောက်ဆုံးလွှတ်လပ်ရေး မွေးနေ့လက်ဆောင်လေးပါပဲရှင်၊ ဒီကတ်က မနေ့က ရောက်တာဆိုတော့ ချောထက် တစ်ရက်ပိုဦးတာပေါ့လေ ဟင်းဟင်း'

ချော၏မျက်နှာတွင် မနာလိုဝန်တိုမှုတို့ဖြင့် အကျည်းတန်လေပြီ။ အောင့်မှာမူစာပို့ကတ်များကိုကြည့်ကာ အစဉ်းစား ရခက်၍ နေလေသည်။ ဖြေရှင်းရန်စကားလုံးကို ရှာမရပါချေ။

'ပြောစမ်းပါ အောင်ရဲ့၊ ကြက်ကြီး လည်လိမ်ထားသလို လုပ်မနေပါနဲ့၊ ဒါ ဘယ်သူ့လက်ရေးလဲ၊ ဘယ်သူ့ဆီကလဲ၊ မိန်းမလက်ရေးတော့ မိန်းမလက်ရေးနော် ချော သိတယ်'

'မမြေအေးရဲ့ လက်ရေးပါ မမချော'

အောင့်နှုတ်ခမ်းမှ စကားလုံးများ ထစ်ငေါ့စွာ ထွက်သွားကြသည်။ ဘာကြောင့် သွက်သွက်လက်လက်မရှိသည်ကို အောင်ကိုယ်တိုင် စဉ်းစား၍မရ။ အောင့် အမူအရာကိုက သံသယဖြစ်စရာအတိ။

'သိပါတယ် သိပါတယ်၊ ဒါကြောင့် ချော သေသေချာချာ မေးခဲ့တယ် မဟုတ်လား၊ ချောကို ညာရက်တယ် အောင်ရယ် ညာရက်တယ်၊ အောင်တို့ချင်း အပြတ်စာရင်းရှင်းပြီးပါပြီဆို'

ချော၏အသံသည် တုန်၍နေလေသည်။



'သူ သူနဲ့ အောင်တို့ ပြတ်ခဲ့ပြီးပါပြီ ချောရယ်၊ ဒီ ဒီပို့စကတ်တွေ ဘယ်အချိန်ကရောက်နေတယ်ဆိုတာ အောင် မသိဘူး၊ ချော ဘယ်ကတွေ့လဲ'

'ဟောဒီ စာပုံးလေးထဲကလေ ဟောဒီစာပုံးလေးထဲက၊ ဒီမှာ တခြားစာတွေတောင် ရှိသေးတယ်၊ ချောရဲ့စာတွေတော့ အိမ်သာထဲ ရောက်ကုန်ပြီ ထင်ပါရဲ့ မတွေ့ဘူး'

ပြဿနာသည် ရှင်းစပြုလေပြီ။ အောင့်အတွက် စာများကို မေမေသည် အောင့်ကိုယ်ပိုင် စာပုံးလေးတွင် လာ၍ ထည့်ပေးထားခဲ့ခြင်း။ အောင် စာပုံးကို သတိမထားမိသည်မှာ ကြာပြီ။ အတော့်ကို ကြာပြီ။ မေမေကလည်း အရေးမကြီးတော့ဘူးထင်၍ အောင့်ကို နှုတ်မှ မပြောတော့ဘဲ နေခြင်းဖြစ်မည်။ သားအကြောင်းကို အတော်အတန် သိပြီးသား။

အောင်က ရယ်လိုက်လေသည်။ သို့သော် ရယ်သံသည် ပုံမှန်ဖြစ်လား မဖြစ်လားမသိ။ အောင့်အကျင့်ကိုက တစ်မျိုး၊ ပစ္စည်းတစ်ခုပျောက်၍ မင်းယူလားဟု စွပ်စွဲလာလျှင် မယူပါဘဲနှင့် အလိုလို ရယ်ချင်မိတတ်သည်။ ရယ်တတ်သည်။

'ဩော် ဟော် ဟော်၊ ချောရဲ့စာတွေကို အောင် သေသေချာချာ သိမ်းထားတာပါ ချောရယ်၊ ဟောဒီ စာပုံးလေးကလေ အောင် သုံးတာကြာပြီ၊ ဒီ ပို့စကတ်တွေ ဘယ်အချိန်က ရောက်နေမှန်း အောင် မသိဘူး၊ မေမေ လာထည့်ထားတာ ဖြစ်ရမယ်'

'ဆင်သေကို ဆိတ်ရေနဲ့ဖုံးပါ အောင်ရယ်'

ချော ငိုလေပြီတကား။

အောင် ဘာလုပ်ရမှန်းမသိတော့။ ရယ်ချော၊ နွဲ့ချော၊ အလိမ္မာချော အချစ်ချောသည် ယခုတော့ ငိုချောဖြစ်ရလေပြီ။ အောင်

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် တုန်လှုပ်မိပါ၏။ ချစ်သူ၏ မျက်ရည်ကို သွေးစက် အလား အောင် ချောက်ချားစွာကြည့်မိသည်။

'အောင် မညာပါဘူး မမချောရယ်၊ မမြေအေးရဲ့ပို့စကတ်တွေ ဘယ်တုန်းက ရောက်နေမှန်း အောင် မသိပါဘူး၊ သိလဲ အောင် မတုန်လှုပ်ပါဘူး ချော၊ အောင် ချစ်တာ မမချောပါ၊ ယုံပါ၊ မငိုပါနဲ့ မမချောရယ်'

ချောသည် သူ့မျက်ရည်စများကို အောင် သုတ်ပေးသည်ကို မစောင့်ဘဲ သူ့ဘာသာ လက်ဖမိုးဖြင့် ပွတ်ပြီး သုတ်သည်။

'အောင့် မွေးနေ့မှာ ဒီလိုဖြစ်ရတာ စိတ် မကောင်းပါဘူး၊ ချော ပြန်တော့မယ်'

အောင် ထိတ်ထိတ်ပျာပျာ ဖြစ်ရလေပြီ။

'မပြန်ပါနဲ့ဦး မမချောရယ်၊ အောင်ကျွေးတဲ့ ထမင်းကိုလဲ စားသွားပါဦး၊ ရုပ်ရှင်မကြည့်ချင် နေပါ၊ အောင်နဲ့တော့ ခဏလေး နေပါဦး ချောရယ်၊ အောင် ပြောတာတွေ မယုံလို့လားဟင်၊ အောင် မညာပါဘူး၊ တကယ် အောင်မညာဘူး'

အောင်သည် ချော၏ လက်တစ်ဘက်ကို လှမ်းဆွဲထားမိလေ သည်။ ချောသည် လွတ်နေသော သူ့လက်တစ်ဘက်မှ လက်သည်း ရှည်ရှည်လေးများဖြင့် အောင့်လက်ကို ကုတ်ခြစ် ဖယ်ရှားပစ်သည်။ ရွှေကျင်ကျားသစ်မလေး။ ပြီးတော့ အောင့်ကို တစ်ခါမျှ မကြည့်ဖူး သော ရွံမုန်းသည့်အကြည့်ဖြင့် ကြည့်သည်။

'ချောပြောဖူးတယ်မဟုတ်လား၊ မိန်းမတွေကို အထင်သေးတဲ့ ယောကျ်ား၊ သစ္စာမရှိတဲ့ ယောကျ်ားကို သိပ်မုန်းတယ်လို့၊ အောင့် အကြောင်းကို သူငယ်ချင်းတွေက ပြောတော့မယုံဘူး၊ အောင်ဟာ မမြေအေးနဲ့ မပြတ်ခင်ကတည်းက ချောဆီကို လာနေခဲ့တာ ချောနဲ့ အဆင်ပြေသွားတော့ ဟိုမိန်းကလေးမှာ စိတ်ဆင်းရဲနေရသပေါ့



ဒါပေမယ့် ချောက အောင့်ကို ချစ်ခဲ့တော့ ဒါတွေကို ဂရုမစိုက်ခဲ့ဘူး လေ၊ ခုတော့ သူများအချစ်ကို လုယူသလို ဖြစ်နေပြီမို့ ချော ဒီအဖြစ်မျိုးမှာ မနေချင်တော့ဘူး၊ သူ အောင့်ကို မပြတ်လို့ ခုလို ဆက်သွယ်တာပဲ၊ သွားမယ်၊ ချော သွားတော့မယ်'

ချောသည် လျင်မြန်သောအဟုန်ဖြင့် အောင့်အပါးမှ ခွာသွား လေပြီ။ အမျက်သိုလေသည့် ချော။ အမုန်းချော။ အောင်သည် မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် အုပ်ကာ သက်ပြင်းရှည်ကြီးကို ချမိ၏။

အောင့်ခါးတွင် ရေမချရသေးသော ပုဆိုးအသစ်ကလေးကို ဖြတ်လျက်ပါလား။

\+ \+ \+

အဖြစ်အပျက်များက မြန်ဆန်လွန်းလှသည်။ အချစ်ကို အမုန်းအဖြစ် ပြောင်းရသည့် ကာလသည် ဘာမျှမကြာလိုက်။ သည်လိုသာဆိုလျှင် ဖြင့် အချစ်၏ စွမ်းရည်သည် ဘယ်မှာ နိုင်ခံ့လို့တုံး။

မယုံ။ ချော အောင့်ကို မုန်းသည်ဆိုခြင်းကို မယုံ။ လွယ်လွယ်နှင့် မုန်းနိုင်ပါမည်တဲ့လား။ ချောနှင့်အောင်တို့ အချစ်သည် တော်ရုံ အချစ်မျိုးမဟုတ်။ အနမ်းပေါင်း ကုဋေကုဋာနှင့် နှလုံးသားချင်း ရင်းနှစ်အောင် ချစ်ခဲ့ရသည့် အချစ်။ စောင့်စည်းထိန်းသိမ်းမှုတွေဖြင့် အနာဂတ်အတွက် မျှော်မှန်းချက်တွေထားကာ ဖြူဖြူစင်စင် ချစ်ခဲ့ သည့် အချစ်။ ဘဝနှင့်ယှဉ်သော အချစ်။

ချစ်သူနှင့် ပေါင်းရဖို့အရေးအတွက် အနုပညာနှလုံးသားကို မြှုပ်နှံထားဖယ်၍ ဘဝအာမခံချက် ရရှိရေးကို ကြိုးစားလုံးပန်းနေချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင်မှ အဆင်မပြေဖြစ်ရသည့်ဘဝကို အောင် မကျေနပ်ဆုံး။ အောင့်နှုတ်မှ ဖွင့်မပြောခဲ့သည့်တိုင် ချောနှင့် ဘဝချင်းပေါင်းစပ်နိုင်အောင် အောင် မည်မျှကြိုးစားနေသည်ကို အောင်သာသိ၏။ အောင် ဝါသနာ မပါသော ပညာရပ်ကိုလည်း ချော ပြောသလိုပင် လေ့လာလိုက်စား သင့်သော ပညာရပ်တစ်ခုအဖြစ် လေးလေးစားစား သင်ယူနေပြီ။ တစ်နှစ်တာ ကာလအတွင်းမှာပင် အောင့်ဘဝသည် အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ။ ချော၏ နှုတ်မှ ဖွင့်မပြောရပါဘဲ နှုတ်ခမ်းသားလေးနှင့် ပါးကိုအပ်ကာ သာသာလေးနမ်းရုံမျှဖြင့် အောင့်ခြေထောက်များသည် ကျောင်းစာသင်ခန်းမတွင်းကို အလိုအလျောက် ရောက်ခဲ့ကြပြီ။ အချစ်၏ စွမ်းအင်ကို ဤသို့ သက်သေထူခဲ့သော ချောသည် ဘာ မဟုတ်သည့် အသေးအဖွဲကိစ္စလေးကို ရိုးမည်ဖွဲ့ကာ အောင့်ကို မုန်းပါမည်တဲ့လား။

ချော၏အမျက်ကိုပြေရန် ရတနာဆောင်သို့ အောင် အခေါက်ခေါက်အခါခါ ရောက်လာရပြန်လေသည်။ 'အခန်းထဲမှာ မရှိပါဘူး' 'သူငယ်ချင်းတွေနဲ့ အပြင်ထွက်သွားတယ်' 'လိုင်ဘရီမှာ စာသွားကျက်တယ်' ဟူသော အဖြေအမျိုးမျိုးကိုသာ ကြားခဲ့ရလေသည်။ အချစ်ကြီး၍ အမျက်ကြီးသည်ပဲ အောင် ထင်၏။ ချောသည် သွက်သွက်လက်လက်ရှိသလောက် ဣန္ဒြေသိက္ခာလည်းကြီး၏။ ထက်မြက်သလောက် ရည်မှန်းချက်လည်း ကြီးမား၏။ မဟာဝိဇ္ဇာဘွဲ့ကို ယူ၍ နိုင်ငံခြားထိ ပညာသင်ချင်သည်မှာ တကယ်တော့ ချောမဆေဆန္ဒမဟုတ်။ ချော၏ ဆန္ဒသာ ဖြစ်ကြောင်း အောင် သိရလေသည်။ ထို့ကြောင့် အခိုက်အတန့်အားဖြင့် ချော အောင့်ကိုတိမ်းရှောင်နေသည့်တိုင် အောင်သည် ချော၏စကားကို မပယ်ရှား။ ကျောင်းကို မှန်မှန်သွားသည်။ လက်တွေ့ခန်းကို မှန်မှန်ဝင်သည်။ စာကို စိတ်ဝင်စားအောင် ကြိုးစား၍ ကျက်သည်။ ချောနှင့် ပြန်တွေ့ရသည့်အချိန်တွင်



အောင်သည် ချောအတွက် မမေ့မလျော့ မပျက်မကွက် ကြိုးစားထားပါသည် ဆိုခြင်းကို ပြရန်အသင့် ဖြစ်နေလေသည်။

သို့သော် ချော စိတ်ကောက်သည်မှာ ကြာပါဘိခြင်း။ တစ်လမျှသော အချိန်ကာလသည် ချစ်ရသူတို့အတွက် အတိုင်းအဆမရှိကြာတောင့် ကြာလှပါဘိ။ ထို့ကြောင့် အောင် စာတစ်စောင်ရေးကာ ထည့်လိုက်မိသည်။

**အချစ်ချော**

အင်းလျားကန်စပ်က အောင်တို့ တွေ့နေကျ ကုံကော်ပင်အောက်မှာ ညနေတိုင်း စောင့်နေပါ့မယ်။ စိတ်ပြေတဲ့နေ့မှာ လာခဲ့ပါ ချောရယ်။

**အောင်**

အောင် တစ်ထစ်ချယူဆ၏။ ချောသည် ဤစာကိုရလျှင် အနည်းဆုံး တစ်ခေါက်တော့ လာတွေ့မည်။ အောင့်ကိုတော့ သည်နှယ်သည်အတိုင်း ဒုက္ခရောက်နေစေရန် ပစ်ထားလိမ့်မည် မဟုတ်။ လာတွေ့ပြီးမှသာ စိတ်မပြေလျှင် မပြေသလို ဆက်ဆံလိမ့်မည်။ ဤသို့သော ယုံကြည်ချက်ဖြင့် အောင်သည် ဝတ္တရားမပျက် အင်းလျားကန်စပ်မှ ကုံကော်ရိပ်ကို ညနေတိုင်းရောက်ခဲ့ရလေသည်။ အချစ်၏ အရှုံးပေပဲ။ ခုနစ်ရက်မြောက်သော နေ့တွင်တော့ အောင့် မျှော်လင့်ချက်များ လွင့်ပါးစပြုလေသည်။ သည်မျှ စိတ်ကြီးလှသည့် ချောကို အောင် နားမလည်နိုင်တော့။ ဘာပဲဖြစ်ဖြစ် နောက်တစ်နေ့တွင်တော့ ချော၏ စာသင်ခန်းများသို့လိုက်ကာ မရမနေ တွေ့ခွင့်တောင်းမည်ဟု ဆုံးဖြတ်လိုက်လေသည်။

လူအများရှေ့မှာ ဣန္ဒြေပျက်အောင် စကားလိုက်ပြောခြင်းကို မနှစ်သက်သော ချောအား သည်တစ်ခါတော့ မဖြစ်သည့် အခြေအနေမို့ ဤသို့ပြုမူရပါကြောင်း တောင်းပန်ရပေတော့မည်။

www.burmeseclassic.com



စိတ်ကောက်တတ်သည်မှာ ချစ်သူတို့၏ သဘာဝမို့ ပြေလည်ကြလျှင် နှစ်ဆတိုး၍ ချစ်ကြပေဦးမည်ဟုတွေးကာ ပျော်၍များပင်နေမိလေ၏။

\+ \+ \+

ဘီအိုစီကောလိပ်မှထွက်ကာ ကျောင်းလမ်းအတိုင်း လျှောက်ခဲ့လေသည်။ ယနေ့မှပင် စကာ ချစ်သူကို ချစ်ရေးဆိုရမည့်သူတစ်ယောက်အလား အောင့်ရင်သည် ခုန်၍နေလေသည်။ အားကစားကွင်းရှေ့ကိုဖြတ်ခဲ့သည်။ ရေကူးကန်ကို ကျော်ခဲ့သည်။ အောင် ပို၍ပျော်လာ၏။ ဤလမ်းကလေးကို အောင်နှင့် ချောတို့ အတူယှဉ်တွဲ၍ လျှောက်ခဲ့ဖူးသည်။ မိုးရာသီတွင် အဆက်မပြတ် ပွင့်တတ်သော မိုးပိတောက်လေးများ ကြွေရာလမ်းမို့ ပိတောက်လမ်းဟု အမည်ပေးထားသောလမ်းကလေး။ 'ကျောင်းတက်ပျင်းတဲ့ကောင်လေးကို ကျောင်းလိုက်ပို့ရမယ်'ဟု ပြောကာ ချောက အောင့်လက်ကိုဆွဲ၍ ဘီအိုစီကောလိပ်ရှေ့ထိ လိုက်ပို့ခဲ့ဖူးသည်ကို သတိရကာ အောင် ပြုံးလိုက်မိသည်။

တက္ကသိုလ်ရိပ်သာလမ်းကို ဖြတ်ခဲ့လေ၏။ ယူနီယံဝင်းကိုပတ်ကာ အဓိပတိလမ်းကို ကူးခဲ့သည်။ အောင့်ရင်သည် ပို၍ခုန်လာလေသည်။ တောင်ငူဆောင်ရှေ့ရောက်မှ အောင် ပြန်တွေးကြည့်၏။ ချော ဘယ်အခန်းမှာရှိမည်လဲ။ ကိစ္စမရှိ။ တစ်ခန်းဝင် တစ်ခန်းထွက်ရှာရမည်သာပ။ ချောသည် သူ့ကျောင်းကို မလိုက်လာစေလို၍ကျောင်းအချိန်ဇယားကို ပေးမထားချေ။

ဒုတိယထပ်ထိ မှန်းဆ၍ တက်ခဲ့သည်။ စာကြည့်တိုက်ကိုအလျင်ဆုံးသွားကြည့်မည်။ လှေကားမှအကွေ့တွင် ကျောင်းသူတစ်စု



ကိုမြင်လိုက်ရလေသည်။ ရတနာသူလေးတွေပဲ။ အောင်က မျက်နှာသိ ရှာကြည့်သည်။ မိန်းကလေးတစ်ယောက်က အောင့်ကိုပြုံးပြနှုတ်ဆက်၏။ ဟုတ်ပြီ။

'ဩော် ဒီမှာ ဒီမှာ'

မိန်းကလေးသည် သူ့ကို စကားပြောလိုပုံရလေသည်။ သူမက ရှုံ့တာဘက်ကပ်ကာ ရပ်လိုက်သည်။

'ကိုသက်အောင် ဘာလာလုပ်တာလဲ'

ရော ခက်ချေပြီတကား။ ကိုယ်က မမေးခင် သူက စမေးနှင့်လေပြီ။

'မမြတွေးနဲ့ တွေ့ချင်လို့ပါ၊ သူ ဘယ်ကလပ်စ်မှာလဲ၊ လိုင်ဘရီမှာရှိလား'

ကောင်မလေးက မျက်လုံးပြူး၍ ကြည့်လေသည်။

'ဘုရားရေ၊ ကိုသက်အောင်ကလဲ မမြတွေး ပြန်သွားပါပကော၊ ကိုသက်အောင်သိတယ် မှတ်နေတာ'

အောင့်ရင်မှာ ပူခနဲဖြစ်သွားရလေ၏။ ချော ဘာတွေလုပ်သွားပြီလဲ။ ရှက်လည်း ရှက်သွားမိသည်။

'မသိရပါဘူးဗျာ၊ သူက ကျွန်တော့်ကို စိတ်ကောက်နေတာ၊ ဘယ်ပြန်သွားတာလဲ၊ ဘယ်တုန်းကလဲ'

မထူးတော့ပြီမို့ ရှင်းရှင်းဖွင့်ပြောကာ မေးရတော့၏။

'ဩော် ဖြစ်ရလေ၊ အရေးထဲမှာမှ သူ့အမေ ဆုံးသွားလို့ရှင့်၊ ကြေးနန်းစာလာတယ်၊ အဲဒါနဲ့ ချက်ချင်းပြန်သွားရတာ၊ သူ့အခန်းဖော်ကို မေးကြည့်ရင် ပိုသိမှာပဲ၊ အဆောင်လာခဲ့ပါလား၊ ကျွန်မ ခေါ်ပေးမယ်'

အောင့်ရင်တွင် ဖြောင်းဆန်သွားလေသည်။ သည်တစ်ခါတော့ ဖြစ်ရလေချောရယ်'ဟု သူက ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လောက်ကြာပြီလဲဗျာ'

'တစ်ပတ်လောက်ရှိပြီရှင့်'

အောင် ထည့်လိုက်သည့်စာကို ရသွားမသွား မှန်း၍မရချေ။ စာကို မြန်မြန်ရောက်အောင် တက္ကသိုလ်စာတိုက်ကပင် ထည့်သည်။ စာထည့်ပြီး နှစ်ရက်အကြာ အင်းလျားက အောင် သွားစောင့်သည်။ ရသွားနိုင်ကောင်းရဲ့။

'ဒုက္ခပါပဲဗျာ၊ ညနေ ကျွန်တော် ရတနာကိုလာခဲ့မယ်၊ သူ့အခန်းဖော်ကို ခေါ်ပေးပါဦး၊ ကျွန်တော် ဘယ်အချိန်လာခဲ့ရမလဲ'

'လေးနာရီလောက်လာစောင့်နေ၊ ကျွန်မတို့ ဆင်းခဲ့မယ်၊ ကဲ သွားမယ်နော်'

သည်မျှ ကူညီသည်ကိုပင် ကျေးဇူးတင်ရပေဦးတော့မည်။ ယခုတော့ မျှော်လင့်ချက် ပျော်ရွှင်ချက်တို့သည် အားလုံးကွယ်ပျောက်ရလေပြီ။ ချောအတွက် အောင် ရင်ထုမနာ ဖြစ်မိရသည်။ ချစ်သူနှင့် အဆင်မပြေတုန်းမှာမှ မိခင်က ဆုံးသွားရသည်။ ချောတစ်ယောက် မည်မျှ စိတ်သောကရောက်နေရှာမည်လဲ။ ပူဆွေးငိုကြွေးနေမည့် ချောကို သူ ချော့မှ မချော့လိုက်ရချေ။ ဖြစ်နိုင်လျှင် ချက်ချင်းပင် လိုက်သွားလိုက်ချင်ပါသည်။ ရန်ကုန်မြစ်ကို လက်ပစ်ကူး၍ စစ်တောင်းမြစ်ကို အလျားလိုက်ဆန်ကာ ရွှေကျင်ကမ်းပါးကို အရောက်သွားလိုက်ချင်စမ်းပါဘိ။

\+ + +

'မမြထွေးကလေ စိတ်သိပ်ကြီးတာ၊ ကိုသက်အောင်ဆီမှာ အရင်အဆက်ပေါင်းရဲ့ စာတွေတွေ့လို့ဆိုလား သူစိတ်ဆိုးပြီး ပြန်လာတယ်လေ၊ အဲဒါ ကိုသက်အောင်လာရင် မရှိဘူးလို့သာပြောလိုက်လို့



ညွှန်သည်ခေါ်ပေးတဲ့လူကို မှာထားတာရှင့်၊ ဟိုလူကြီးလဲ လာခေါ်ချင်ယောင် ဆောင်လိုက်၊ သူ့ဟာသူ စဉ်းစားပြီး ဟိုသွားတယ် ဒီသွားတယ်ပြောလိုက်နဲ့ ကြာတော့ စိတ်ညစ်လာရော၊ အစ်မရယ် အင်းတွေ့လိုက်ပါ သနားပါတယ်လို့တောင် ပြောသေးတယ်'

ရှိပါစေတော့။ ဒီအကြောင်းတွေသည် အောင် သိပြီးသား။ အောင်မသိရသေးသည့် အကြောင်းကိုသာ သိချင်နေသည်။

'နောက်တော့ ကိုသက်အောင်ဆီက စာလာတယ်လေ၊ အင်းလျားမှာ နေ့တိုင်းလာစောင့်မယ်ဆိုတာ၊ အဲဒီလိုကျတော့လဲ သူ ပျော်နေတာရှင့်၊ သူ ကိုသက်အောင်ကို ချစ်ပါတယ်၊ စာရောက်တဲ့နေ့ကတော့ ဒီနေ့တော့ လာမလား မလာဘူးလား မသေချာဘူး၊ လာရင်လဲ လာပစေ တစ်ရက်တော့ ညှဉ်းထားလိုက်ဦးမယ်ဆိုပြီး နေတာ၊ နောက်နေ့မနက် သံကြိုးစာရတာပဲ'

'စာရရချင်း လိုက်သွားတာလား'

အမျိုးသမီးက ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ အဆောင်မှူးဆီ ပြေးပြောပြီး ရထားမီသေးတယ် သွားမယ်ဆိုလို့ ကျွန်မတို့ လိုက်ပို့လိုက်ရတယ်၊ သူ ကိုသက်အောင်ဆီ စာထည့်လိုက်မယ်လို့ ပြောတာပဲ'

'မရပါဘူးဗျာ၊ မနေ့ကထိ ကျွန်တော် အင်းလျားကို ရောက်သေးတယ်'

သူ့အဖြစ်ကို ရှက်ရှက်နှင့်ပင် ပြောပြရသည်။

'အို ဟုတ်လား၊ ကျွန်မလဲ အဲဒါကို သတိမေ့သွားတယ်၊ စိတ်မကောင်းလိုက်တာရှင်'

'ကိစ္စမရှိပါဘူးဗျာ ကိုယ့်ဒုက္ခနဲ့ကိုယ်ပဲ'

အောင် နေရာမှ ထလေသည်။ မိန်းကလေးနှစ်ယောက်ကပါ မိုင်တူ ထရပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ ကျွန်တော့်အတွက် စာလေးတစ်စောင်မှ ရေးမသွားဘူး နော်'

မိန်းကလေးက ခေါင်းကို တွင်တွင်ခါပြလေသည်။

ရတနာဆောင်ကို ကျောခိုင်း၍ ခွာလာခဲ့မိသည်။ ဘာပဲဖြစ်ဖြစ် ချောသည် သူ့ထံပါးမှ ထာဝရခွဲခွာသွားမည် မထင်ချေ။ ချောထံသို့ အားပေးစာ တစ်စောင်တော့ ရေးရဦးမည်။ ချစ်ကြောင်း လွမ်းကြောင်းကိုတော့ လျှော့ထည့်ရမည်ပ။ သည်တစ်ခါ တွေ့ကြလျှင်တော့ ချော၏ လက်ကလေးကိုသာမက တစ်ကိုယ်လုံးကို သိမ်းကျုံး၍ မလွှတ်တမ်း ဆွဲပိုက်ထားလိုက်မည်။

အင်းလျားလမ်းထိပ်မှ အမှတ်ခုနစ်ကားကိုစီးကာ ယောမင်းကြီးလမ်းမှ ဆင်းသည်။ ပြီးတော့ ဘူတာကြီးဘက်သို့ ခြေဦးလှည့်ခဲ့သည်။ လိုလိုမည်မည် ဘောင်လေးပင် လော်ကယ်ရထား၏ အချိန်ဇယား အပြောင်းအလဲကို ကြည့်ထားရပေမည်။

၇

**မိုးမခရယ်**

ဘယ်လိုမှ ကြိုတင် စိစဉ် မထားဘဲနဲ့ လူ့ဘဝရဲ့ အလှည့်အပြောင်းကို ရင်ဆိုင်လိုက်ရတော့ သိပ်ကို စိတ်ထိခိုက်မိတယ်ကွယ်။ ခုတော့လည်းလေ မျှော်လင့်သလို ဖြစ်မလာတောတဲ့ ဘဝမှာ ဖြစ်လာတဲ့အတိုင်းပဲ နေလိုက်ပါပြီ။

မေမေဆုံးသွားတဲ့ အချိန်ကျမှ အိမ်ရဲ့ကျဆင်းနေတဲ့ စီးပွားရေးအခြေအနေကိုလည်း အမှန်အတိုင်း သိရတယ်ကွယ်။ ဒီအချိန်မှာ ချောတစ်ယောက်တည်း ကိုယ့်ဘဝကောင်းစားရေးအတွက် ကိုယ်လွတ်ရုန်းလို့ မဖြစ်တော့ဘူး။ ဘွားဘွားရဲ့ အနားမှာ ချောရှိဖို့လိုတယ်။ ပြီးတော့ ငယ်စဉ်ကတည်းက ချောတို့ကို ပြုစုလုပ်ကျွေးလာတဲ့ အစ်ကို့ရဲ့ ချွေးနဲ့စာကိုလည်း မစားရက်တော့ဘူး။ ချော အခု ကျောင်းဆရာမ လုပ်နေတယ်။ စာမေးပွဲကိုတော့ အပြင်ကပဲ ဆက်ဖြေတော့မယ်။

www.burmeseclassic.com



မိုးမခရယ် ပြန်ပြောရင် မျက်ရည်ကျရမယ့် အကြောင်းတွေကို မပြောချင်တော့ဘူးကွယ်။

ချော အခု လက်ထပ်လိုက်ပြီ။ ဘယ်သူနဲ့လဲ ဆိုတာတော့ ပြောဖို့လိုမယ် မထင်ပါဘူးနော်။

ပြေပြေလည်လည်ရှိတုန်း ခွဲခွာခဲ့ရတာ မဟုတ်လို့ ရင်နာရတယ်ကွယ်။ အကုသိုလ်က ဆက်တိုက်ဝင်ခဲ့တယ်။ ချောလေ အောင့်ကို သိပ်ချစ်ပါတယ်။ မမုန်းပါဘူးကွယ်။ အောင့်အချစ်ကိုလည်း သံသယမရှိပါဘူး။ ချစ်သူတို့ဘာဝ စိတ်ကောက်ရင်း မုန်းဟန်ဆောင်ခဲ့တာ။ ခုတော့လည်း ကုန်ဆုံးသွားတဲ့ အချိန်တွေကို နှမြောလိုက်တာ။

ဘဝအနှမ်းကြားက
**အလွမ်းချော**

+ + +

၈

မျှော်လင့်ဘဲနှင့် လှုစုံတက်စုံ တွေ့လိုက်ရ၍ အောင် အံ့အားသင့်သွားသည်။ အောင် မရှိတုန်း စာအုပ်ဆိုင်ကို လူတစ်ယောက်လာသွားသည်ဆို၍ ပုံပန်းသဏ္ဌာန်ကို မေးမိသည်။ ကိုကြည်မောင့်ရုပ်သွင်ကို မြင်လာ၏။ ထို့ကြောင့်လည်း ဒေါပုံ သမဝါယမကို ရောက်နေသော ကိုမြင့်မိုးဆီ ဖုန်းလှမ်းဆက်သည်။ ကိုမြင့်မိုးက ကိုကြည်မောင့်အိမ်မှ စောင့်မည်ဟု ပြောသည်။

နံ့သာရိပ်တွင် ကိုတင့်ဝေနှင့် မမျှော်လင့်သော ကိုသိန်းဦးကိုပါ တွေ့ရလေသည်။ ကိုကြည်မောင်သည် ညောင်လေးပင်မြို့နယ် ဘုန်သွယ်ရေးကို ရောက်သွားရာမှ ရန်ကုန်သို့ ပြန်ပြောင်းလာရကြောင်း ဝမ်းသာဖွယ်သိရသည်။ အိမ်ထောင်ရက်သားပင် ကျလာခဲ့ပြီ။

'ခင်ဗျားကကော ဘယ်လိုကဘယ်လို ရောက်လာတာလဲ'

မတော်လိုက်ရသည့် ယောက်ဖကို အောင်က မေးလိုက်သည်။

'ကျွန်တော် အလုပ်ကတစ်ခါတည်းထွက်စာတင်ပြီး ဒေသကို ပြန်သွားတာဗျ။ ဟိုမှာ ပါတီယူနစ်မှာ ဝင်လုပ်တယ်ဗျ။ ခု အစည်း

www.burmeseclassic.com



အဝေး လာတက်တာလေ၊ ခင်ဗျားကော ကျောင်းတွေဘာတွေ တက်လို့ဆို'

'ဆရာဝန်ဖြစ်ဖို့ သုံးနှစ်တောင်လိုသေးတယ်'

သူတို့အားလုံး တိတ်ဆိတ်သွားကြလေသည်။ လွန်ခဲ့သည့် ကာလက တစ်စုတရုံး တပျော်တပါး နေခဲ့ကြသည်ကို သတိရနေသည်။

'အခုလို လူပြန်စုံတုန်း ဝိုင်းပြန်ထောင်ရအောင်'

သူတို့အားလုံး၏ ရင်ထဲမှဆန္ဒကို ကိုကြည်မောင်က ထုတ်ဖော်လိုက်သည်။

'ဖြစ်လာရမယ်လေ၊ ကိုသိန်းဦးလဲ ရန်ကုန်ကိုပြန်ပြောင်းခဲ့၊ ဒါနဲ့ ခင်ဗျား အခု ဘယ်မှာတည်းသလဲ'

ကိုသိန်းဦးက အောင့်မျက်နှာကို လှမ်းကြည့်သည်။

'ဦးလေးဆီမှာပဲလေ၊ အမယ် မမြအေးက ခင်ဗျားအကြောင်းကို ပြောနေဆဲပဲ၊ ဟိုတစ်နေ့က လာသွားသေးတယ်၊ သူက ခင်ဗျားကို သံယောဇဉ် မပြတ်ဘူးဗျ၊ ခင်ဗျားကသာ သူ့ အတိုးအလျှော့ လုပ်ကြည့်တာကို သည်းမခံနိုင်ဘဲ ချောဆိုတဲ့ ကောင်မလေးနောက် ပါသွားတာတဲ့ ပြောသေးတယ်'

'တော်ပါတော့ဗျာ'

အောင်သည် အားလုံးကိုမကြည့်ဘဲ မျက်လုံးများကို အဝေးသို့ ပို့ထားသည်။

'ခင်ဗျား ခုနပြောတာ မမြအေး လာသွားသေးတယ်ဆိုတော့ ခု သူက ဘယ်မှာနေလို့လဲ'



ကိုတင့်ဝေက မေးလိုက်သည်။ အောင့် မျက်နှာကပါ သူတို့ဘက် လှည့်လာသည်။

'အိမ်ထောင်ကျသွားပြီလေဗျာ၊ တက္ကသိုလ်က ဆရာတစ်ဦးနဲ့၊ သူနဲ့ တစ်ဌာနတည်းပဲ'

'အင်း၊ ကောင်းပါလေရဲ့ဗျာ'

အောင်က မချိပြုံး ပြုံးလိုက်လေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၂

www.burmeseclassic.com

www.burmeseclassic.com

၁

ကျောင်းသားအားလုံးထဲတွင် ထူးမောင်ကို လတ်လတ် ကြည့်၍[illegible]ဆုံး ဖြစ်လေသည်။ ထူးမောင်သည် အနောက်အပြောင် သန့်သည်။ အပြောအဆို ရိုင်းသည်။ အတင့်ရဲသည်။ အရွယ်နှင့် မတန်အောင်လည်း ဆော့သည်။ ဆယ်တန်းကျောင်းသားကြီး ဖြစ်နေသည့်တိုင် ထူးမောင်သည် ကြံကြံဖန်ဖန်ဆော့မြဲ။ တစ်ခါက ကျောင်းခေါင်မိုး မျက်နှာကြက်ပေါ်တက်ပြီး အပေါ်မှနေ၍ ခြေနှစ်ချောင်းကို တွဲလောင်းခိုပြသည်။ ကျောင်းသူကျောင်းသားများ အားလုံးက မော့ကြည့်၍ ရယ်မောနေကြဆဲ အတန်းပိုင်ဆရာ ဝင်လာသည်။ ထူးမောင်က မျက်နှာကြက်ပေါ် ပြန်တက်ကာ အခြားအခန်းမှ ဆင်းသွားသည်။ ဆရာက အမိုးပေါ်မှာ ဘယ်သူလဲဟု မေးသော်လည်း အတန်းသားများက မဖြေရဲကြ။ ထူးမောင်ကိုလည်း ကြောက်သည်။ ဆရာကိုလည်းကြောက်သည်။ ဆရာက 'မဖြေရင် တစ်တန်းလုံး မတ်တတ်ရပ်၊ လက်မြှောက်ထား'ဆို၍ လတ်လတ်တို့ အားလုံး လက်မြှောက်ကာ နာရီဝက်နီးပါး နေရလေသည်။ ထူးမောင်ကို [illegible]နာလိုက်သည်မှာ မပြောနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်ကလည်း လတ်လတ်မို့ဆိုလျှင် ချေး။ စစ်ဗိုလ်သမီး ဆိုပြီး မာနကြီးလိုက်တာဟု အမြဲပြောသည်။ အရွယ်နှင့်မလိုက်အောင် အလှပြင်လွန်းသည်ဟုလည်း ရှုတ်ချသည်။ 'နှုတ်ခမ်းနီကလဲ ဆိုးထား လိုက်တာ မျောက်ဖင်ကို ဓားရှထားတာကျနေတာပဲ၊ ဆံပင်က မြင်းမြီးလားအောက်မေ့ရတယ်' စသည်ဖြင့် မကြားတကြား လှောင် သည်။ တစ်ခါက လတ်လတ်တစ်ယောက်တည်းအလာ အတန်းရှေ့ ဝရန်တာတွင် ထူးမောင်နှင့် သူ့အပေါင်းအသင်းများ တန်းစီ၍ရပ်နေကြ သည်။ လတ်လတ်သည် ဝိုင်းကြည့်နေကြသော မျက်လုံးများအကြား ကြောင့် ကတုန်ကယင်ဖြစ်ကာ တစ်လက်မခန့်မြင့်သော ဖိနပ်ပေါ်မှ ခြေချော်ကျလေသည်။ ဝါးခနဲရယ်မောသံများ ကြားရပြီး လတ်လတ် တစ်ယောက် အခန်းထဲသို့ ရှက်ရှက်နှင့် ဝင်ခဲ့ရသည်။ အတန်းရှေ့မှာ ကျောင်းသားတွေရပ်ပြီး ကျောင်းသူတွေ အသွားအလာခက်အောင် လုပ်နေပါသည်ဟု လတ်လတ်က ဆရာ့ကိုတိုင်သည်။ ထူးမောင်တို့ သိရသောအခါ လတ်လတ်ကို ဝါးစားမတတ် အငြိုးဖြင့် ကြည့်ကြ လေသည်။

လတ်လတ်တို့ မိန်းကလေးများသည် စကားမပြောရလျှင် မနေတတ်။ အတင်းမပြောရလျှင် မနေနိုင်။ ဆရာစာသင်ချိန်တွင် စကားမပြောရ၍ စာအုပ်တစ်အုပ်တွင်ရေးကာ အပြန်အလှန်ပေးကြ သည်။ ကျောင်းသားတွေအကြောင်း၊ မိန်းကလေးအချင်းချင်း အကြောင်း၊ ဆရာဆရာမတွေအကြောင်း အတင်းအဖျင်းစုံသည်။ 'ဆရာ့အိုက်တင်က ကောလိပ်ဂျင်နေဝင်း ကျနေတာပဲ' ဆိုတာမျိုး လည်း ပါသည်။ သူတို့ စာအုပ်အပေးအယူလုပ်ပုံကို မျက်စိလျင်သော ထူးမောင်က မြင်လေသည်။ မုန့်စားဆင်းချိန် သူတို့အလစ်တွင် ထူးမောင်က ထိုစာအုပ်ကို ယူကာ ဆရာများရုံးခန်းထဲရှိ ဆရာကြီး စားပွဲပေါ် သွားတင်ထားခဲ့သည်။ 'မိန်းကလေးတွေဖြစ်ပြီး ဒီလိုလုပ်တာ



ကောင်းဘူး'ဟု ဆရာက အတန်းရှေ့တွင်အမည်ဖော်ကာဆူသဖြင့် လတ်လတ်တို့ သူငယ်ချင်းတစ်စု ခေါင်းမဖော်ဝံ့အောင် ဖြစ်ခဲ့ရ လေသည်။

ထူးမောင်နှင့်လတ်လတ် ဆိုလျှင် ကမ္ဘာရန်။ ထူးမောင်က လည်း ဆိုးလိုက်သည်မှ တာတေလံနေသည်။ လတ်လတ်ကလည်း ဆိုးလိုက်သည်မှ နှုတ်ခမ်းက ရှေ့သို့ တစ်လက်မခန့် ချွန်ထွက်နေ သည်။ ထူးမောင်သည် ပြည်မြို့တွင် နာမည်ကြီးသော ပွဲရုံတစ်ခု ပိုင်ရှင်၏သားမို့ ပိုက်ဆံပေါသည်။ ပေချင်တေချင်သည်။ လတ်လတ် ကလည်း ပြည်တစ်ဘက်ကမ်း ပန်းတောင်းမြို့မှ စစ်ဗိုလ်ကြီးတစ်ဦး၏ သမီးမို့ ဘဝင်ကိုင်သည်။ မာနကြီးသည်။ ထူးမောင်နှင့်လတ်လတ် တစ်ယောက်ယောက် ကျောင်းမတက်လျှင် အတန်းထဲတွင် ရန်ဖြစ်သံ မကြားရဘဲ တိတ်ဆိတ်နေတတ်လေသည်။ သို့သော် သူတို့နှစ်ဦး၏ ထူးခြားချက်ကား နှစ်ယောက်စလုံး တစ်ယောက်တစ်မျိုး ဆိုးကြ သည့်တိုင် စာတော်သည့်နေရာတွင် တူညီကြလေ၏။

ပြည်မြို့၏ နွေရက်များသည် ပူပြင်းလှချေသည်။ အရည်ပျော် လုသော ဦးနှောက်ဖြင့် လတ်လတ်တို့တစ်တွေ စာမေးပွဲအတွက် ကြိုးစားပြင်ဆင်ကြရလေသည်။ စာမေးပွဲနီးပြီဖြစ်၍ ကူးကြမှတ်ကြ မေးကြ မြန်းကြဖြင့် အလုပ်ရှုပ်နေကြလေသည်။ လတ်လတ်သည် အပေါင်း အသင်းများ၏ အားထားရာပင် ဖြစ်လေသည်။ လတ်လတ်ကိုယ်တိုင် မှတ်တတ်သော ပုစ္ဆာကိုမှ သူတို့ကို အားကိုး၍မရ။ စာကျက်ခွင့် ပိတ်ထားသော ကျောင်းပိတ်ရက်ရောက်ပြီမို့ လတ်လတ်တို့တစ်တွေ သူငယ်ချင်း အေးစုမာ၏ အိမ်တွင် စုပေါင်း၍ စာကျက်ကြသည်။

'ပြောသာ ပြောရတယ်၊ ထူးမောင်က သင်္ချာတော်တယ်၊ ထူးမောင်ကို သွားမေးရရင် ကောင်းမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



အေးစုမာ၏အိမ်နှင့် ထူးမောင်တို့ပွဲရုံသည် အနီးကလေး။ ထူးမောင်သည် လတ်လတ်ကိုသာ မျက်နှာကြောမတည့်ပေမယ့် အေးစုမာကိုတော့ ကောင်းကောင်းမွန်မွန်ဆက်ဆံသည်။ အေးစုမာတွင် အဖေမရှိ။ မိခင်ဖြစ်သူက ကားဂိတ်အနီးတွင် တောင်ပေါ်လက်ဖက်သုပ်လေးများနှင့် မလိုင်မုန့်အိုး စသည်တို့ကိုရောင်းကာ အေးစုမာကို ကျောင်းထားရသည်။

ထူးမောင်သည် မိမိထက်နိမ့်ပါးသော အေးစုမာအပေါ်မှာ မောက်မာလိုဟန် မရှိချေ။

'ဟင်း နင့်ကောင်ကို နင်ပဲ သွားမေး၊ ငါတော့ သူလိုလူမျိုးကို တစ်သက် အောက်ကျို့မခံဘူးမှတ်၊ လူပုံကိုက ဆောင့်ကြွားကြွားနဲ့ သချာတော်တယ်ဆိုပြီး ဆရာကိုတောင် သူက ချောက်ချချင်သေးတာ၊ တောင်မေး မြောက်မေးနဲ့ ဘဝင်ကိုင်နေတဲ့ကောင်'

ထူးမောင်နှင့် ပတ်သက်လာလျှင် လတ်လတ်သည် ခါးခါးတူးတူး ဖြစ်၍နေလေသည်။

'နင်ကလဲဟယ် ထူးမောင်များဆိုရင် ဘယ်တော့မှ အကောင်းမပြောဘူး၊ သူက စိတ်ရင်းကောင်းရှာပါတယ်ဟဲ့၊ ငါတို့ဆိုင်မှာ ညနေတိုင်း ဆေးလိပ်လာဝယ်တယ်၊ အမယ် သူက ညှော်သည်တွေကိုတောင် ဒီဆိုင်က လက်ဖက်ကောင်းတယ်ဆိုပြီး လွှတ်လွှတ်လိုက်သေးတယ်'

'နင့်ကို ပိုးနေလားမှ မသိတာ'

'အမယ် နင့်ကိုကြိုက်နေတာဟဲ့၊ နင့်အကြောင်းပဲ မေးမေးတာပဲ၊ ပန်းတောင်းက စစ်တပ်ထဲမှာ နေတာလားတဲ့၊ သူ့အဖေ ဗိုလ်မှူးလား ဗိုလ်ကြီးလားတဲ့ စုံနေတာပဲ'



'တော်စမ်းပါ'

လတ်လတ်တို့ စာမေးပွဲဖြေရန် တစ်ပတ်ခန့်သာလိုတော့သည်။ လတ်လတ်သည် ပန်းတောင်းမှ စစ်တပ်ထဲတွင်နေရ၍ တိုင်ပင်ဖော်မဲ့နေသည်။ ထို့ကြောင့်လည်း အေးစုမာဆီကို နေ့တိုင်းလာသည်။ အေးစုမာသည် လတ်လတ်၏ အရင်းနှီးဆုံးသူငယ်ချင်း။ သည်နေ့အဖို့တော့ ပုစ္ဆာတစ်ခု အဖြေရှာခက်နေ၍ အိမ်ပြန်နောက်ကျပြီ။ တစ်ဘက်ကမ်းသို့ နောက်ဆုံးအခေါက်ကူးမည့် ဇက်ရေယာဉ်နှင့် လိုက်ရပေမည်။

'ကဲဟယ် ဒီပုစ္ဆာတော့ ထားလိုက်ပါတော့၊ ခုနစ်နာရီကျော်ပြီ၊ ငါ့ကိုလိုက်ပို့တော့'

အခြားသူငယ်ချင်းများက ပြန်သွားကြပြီ။ လတ်လတ်တို့နှစ်ယောက်သည် စာအုပ်များကိုသိမ်းကာ ဘူတာရုံဘက်သို့ထွက်ခဲ့ကြသည်။ ဘူတာရုံရှေ့တွင် လတ်လတ်တို့စစ်တပ်မှကား ရှိလေသည်။

မတွေ့ချင်သူကိုမှ တွေ့ရလေ၏။ သူက ထူးမောင်။ ထူးမောင်သည် သူတို့သွားရာလမ်းတွင် ရပ်နေလေသည်။

'အေးစုမာ ပြန်တော့မလား'

သူက လတ်လတ်ကိုကြည့်ကာ အေးစုမာကို နှုတ်ဆက်၏။ အေးစုမာက ရယ်လေသည်။

'အေးစုမာ မပြန်ပါဘူး၊ ပြန်မှာက လတ်လတ်'

လတ်လတ်သည် မျက်နှာထားကို တည်ပစ်လိုက်သည်။

'စာတွေ သိပ်ရနေပြီပေါ့နော်'

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်သည် စကားပြောရင်းဖြင့် တစ်လှမ်းနှစ်လှမ်း လှမ်းကာ လိုက်လာလေသည်။

'ကိုထူးမောင်တို့လောက် မပိုင်ပါဘူး'

'တို့က မပိုင်ပါဘူး၊ တို့ထက်ပိုင်တဲ့သူတွေ ရှိပါတယ်။ မယုဉ်ရဲပါဘူး'

ထူးမောင်သည် လတ်လတ်ကို လှမ်းကြည့်လေသည်။

'အေးစုမာ နင်သိပ်စကားများတာပဲ'

လတ်လတ်က အေးစုမာကို မဲလိုက်သည်။ ထူးမောင်သည် ဘူတာရုံရှေ့အထိ လိုက်လာလေသည်။

'အတော်ပဲ ကိုထူးမောင်ကို ပုစ္ဆာတစ်ခုမေးမလို့'

အေးစုမာသည် လတ်လတ်က ပေါင်ကိုဆွဲဆိတ်နေသည့်ကြားမှ ပြောဖြစ်အောင် ပြောလိုက်သည်။

'ကျွန်တော်သိတာဆိုရင် ပြောမှာပေါ့၊ သူများလို ချီမထားတတ်ပါဘူး'

'ဟိုလေ လော့ဂရစ်သမ်ပုစ္ဆာ တစ်ခုပါပဲ၊ နက်ဖြန်ကျရင် ယူခဲ့မယ်'

'ဟင်း ကားကလဲ မရောက်သေးဘူး၊ သိပ် စိတ်ပျက်ဖို့ကောင်းတာပဲ'

လတ်လတ်က စိတ်မရှည်ဟန်ဖြင့် စောင်းမြောင်းညည်းညူလိုက်သည်။ ထူးမောင်က အေးစုမာကို မျက်စိတစ်ဘက် မှိတ်ပြသည်။

'ကားမလာရင် ကျွန်တော်လိုက်ပို့မယ်လေ၊ အိမ်ကကားနဲ့'

'မလိုပါဘူး၊ ကားရှိမှန်း သိပါတယ်'



လတ်လတ်က အငေါ်တူးပြန်သည်။ အေးစုမာနှင့် ထူးမောင်က ရယ်နေကြသည်။

'ဟော လာပြီ လာပြီ၊ အေးစုမာ နင်ပြန်တော့၊ နက်ဖြန် ငါမလာတော့ဘူးသိလား၊ အိမ်မှာပဲ ကျက်တော့မယ်'

'ဟယ် နင်ကလဲ လာခဲ့ပါ'

လတ်လတ်သည် ကားရှေ့ခန်းသို့ဝင်ကာ တံခါးကို ဝုန်းကနဲ ပိတ်ပစ်သည်။ အေးစုမာသည် မျက်နှာလေးငယ်ကာ ကျန်ရစ်လေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ ပြန်ပြောရတာပေါ့။ အေးစုမာကို သတိရလိုက်တာ ကွာ။ အမယ် သူက ပြောသေးတယ်။ အေးစုမာကို သူ တွက်ပေးလိုက်တဲ့ ပုစ္ဆာက စာမေးပွဲမှာ တိုက်ရိုက်ပါသတဲ့။ ဒါကြောင့် ရှင်ဂုဏ်ထူးရတာပေါ့လို့ လတ်လတ်က ငေါ့လိုက် တယ်။ သူက အာရ်အိုင်တီမှာရလို့ ကြီးကျယ်လိုက်တာ။

\+ + +

## ၂

**အေးစုမာရေ**

လတ်လတ် စာရေးလိုက်ပါတယ်။ လတ်လတ်တော့ အင်းလျားဆောင်မှာ ရတယ် သိလား။ အင်းလျားဆောင် အခန်းနံပါတ်က ၁၃–၁၄။ အပေါ်ထပ် ညာဘက်အစွန်ဆုံး ထောင့်ခန်းပေါ့ကွယ်။ အခန်းထဲမှာ ကျောင်းသူက ရှစ်ယောက် တောင်မှ။ ပျော်စရာကြီးပေါ့။ အေးစုမာပါလာရင် သိပ်ကောင်း မှာပဲ။ နောက်နှစ် အောင်အောင် ကြိုးစားနော်။ လတ်လတ် စောင့်နေမယ်။

တို့အဆောင်ကနေ လှမ်းကြည့်ရင် အင်းလျားကန်ကို မြင်ရတယ်ကွာ။ သိပ်လှတာပဲ။ အမယ် ဒါနဲ့ အေးစုမာရဲ့ အဆက်ကြီး ထူးမောင်ကို တွေ့တယ်ဆရာ။ သူကလေ အာရ်အိုင်တီမှာ ရတယ်သာဆိုတယ် တို့ Main ဘက်ကို လာ လာနေတာပဲ။ လတ်လတ်ကို နှုတ်တွေ ဘာတွေဆက်လို့။ ကျွန်တော်က ခင်ဗျားကနဲ့ ယဉ်ကျေးနေလိုက်တာ သိပ်ရယ် စရာကောင်းတာပဲ။ လတ်လတ်ကလည်း ဟုတ်ကဲ့၊ ရှင်၊

www.burmeseclassic.com

## ၃

လတ်လတ်အတွက်တော့ တက္ကသိုလ်နယ်မြေသည် ပျော်စရာအတိ။ သစ်ပင် ပန်းမန်တို့ဖြင့် လန်းဆန်းစိုပြည်သော တက္ကသိုလ်နယ်မြေကိုလည်း လတ်လတ် ချစ်သည်။ ရှုချင်စဖွယ် အသွယ်သွယ်ဖြင့် တင့်တယ်လှပသော အင်းလျား၏ ညနေခင်းကိုလည်း လတ်လတ် မြတ်နိုး၏။ ပြားပြားဝပ်ဝပ် သေသေသပ်သပ်နှင့် နေချင့်စဖွယ်ရှိသော အင်းလျားဆောင်ကိုလည်း လတ်လတ် နှစ်သက်၏။ လတ်လတ်အတွက်မူ တက္ကသိုလ်နယ်မြေကို ခြေချရခြင်းသည် လောကသစ်တစ်ခုကို စမ်းသပ်ဝင်ရောက်ရခြင်းပင် ဖြစ်လေ၏။

လတ်လတ်က အလှအပကို ကြိုက်သည်။ ထို့ထက် အနုပညာကိုလည်း လတ်လတ် စိတ်ဝင်စားသည်။ ဂီတနှင့် ရုပ်ရှင်ကို လတ်လတ် ခုံမင်၏။ ပြီးခဲ့သော ကာလများက ဖေဖေပြောင်းရွှေ့ရာ နယ်တကာကို ရောက်ခဲ့ရပြီး သဘာဝရေမြေ အပြောင်းအလဲကိုသာ လတ်လတ် တွေ့ကြုံခံစားခဲ့ရသည်။ အနုပညာဗီဇသည် ဖေဖေ့တွင်လည်းကောင်း၊ မေမေ့တွင်လည်းကောင်း တစ်ရွေးသားမျှပင် မရှိပါချေ။



မေမေသည် သီချင်းတစ်ပုဒ်ကို ဆုံးအောင်မရသလို စာတစ်အုပ်ကိုလည်း ဆုံးအောင်ဖတ်ရကောင်းမှန်း မသိ။ ဖေဖေရှိလျှင် အိမ်ကို သ,မည်။ ဖေဖေ့အလိုကျ စီမံချက်ပြုတ်ကျွေးမွေးမည်။ ဖေဖေမရှိလျှင် အိမ်သည် ခြေချစရာမရှိ။ ဖေဖေ ရှေ့တန်းထွက်ပြီဟောဆိုသည်နှင့်ဘုရား ပန်းများသတော့ လန်းဆန်းလာစမြဲ။သောက်တော်ရေနှင့် ဆွမ်းတော် ခွက်ကို နံနက်တိုင်းတွေ့ရစမြဲ။ အမွေးတိုင်ဆီမီးကိုလည်း မပြတ်မြင်ရမြဲ။ ညနေသည့်အချိန်တွင် တပ်ရင်းမှ အရာရှိကတော်များစုဝေးကာ အတင်းအဖျင်းပြောမည်၊ လုံချည်ချင်းပြိုင်မည်၊ ယောက်ျားက မိမိကို မည်မျှချစ်ကြောင်း ချစ်ကြောင်း အလုအယက်ပြောကြမည်။လတ်လတ်၏ပတ်ဝန်းကျင်သည် ထိုမျှသာဖြစ်၏။

ယခုတော့ အရာအားလုံးသည် လတ်လတ်အတွက် အသစ်အဆန်းချည်းသာ။ စိတ်ဝင်စားဖွယ်ချည်းသာ။ စူးစမ်းလေ့လာချင်စဖွယ်ချည်းသာ။ ယခုအချိန်တွင် လတ်လတ်အတွက် မည်သည့်အရာကိုမဆို လုပ်နိုင်သည့် အခွင့်အားရှိလေသည်။ ဖေဖေနှင့် မေမေသည် လတ်လတ်ကို တစ်ဦးတည်းသောသမီးမို့ အလိုရှိသမျှငွေကို ရက်ရက်ရောရော ပို့ပေးလေသည်။

ကျောင်းသူရှစ်ယောက်ရှိသော လတ်လတ်တို့အခန်းတွင်းဝယ် လတ်လတ်၏ စားပွဲသည် အသားနားဆုံး။ အလှပြင်သည့် မှန်သည်ပင် အများတကာထက်ကြီး၏။ တစ်ခါမျှ မမြင်ဖူးသော အလှပြင်ပစ္စည်းအီရိယာ အဆန်းအပြားများကို လတ်လတ်၏ စားပွဲပေါ်တွင် တွေ့ရတတ်သည်။ လတ်လတ်၏ နေရာသည် အစဉ် မွေးကြိုင်သင်းပျံ့နေ၏။ လတ်လတ် အလှပြင်နေပုံကို ကျောင်းသူအများက ငေးမောကြည့်ရှု နေရတတ်သည်။ လတ်လတ်ကိုယ်တိုင်က စည်းကမ်းမရှိသည့်တိုင် သူ့ပစ္စည်းများကိုမူ မည်သူမျှလာရောက်ကိုင်တွယ်သည်ကို မကြိုက်ချေ။ သို့သော် လတ်လတ်သည် အားလုံးကို သင့်တင့်ခင်မင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပေါင်းတတ်လေသည်။ ပေးတတ် ကမ်းတတ် ကျွေးတတ် မွေးတတ်လေသည်။

အလှအပနှင့် အနုပညာကို မြတ်နိုးတတ်သော လတ်လတ်၏ ပထမခြေလှမ်းသည် တက္ကသိုလ်အနုပညာအသင်းနှင့် ဆက်သွယ်ခြင်း ဖြစ်လေသည်။ အဆိုနှင့် ပတ္တလားသင်တန်းကို လတ်လတ် မှန်မှန် သွားသည်။ လတ်လတ်၏ အလှနှင့် အဆိုကောင်းခြင်းဂုဏ်သတင်းသည် ပင်မတက္ကသိုလ်၏ သိပ္ပံအဆောက်အအုံတွင် ကျော်ကြားစ ပြုလေ၏။

ပထမဆုံးအကြိမ်အဖြစ် နှဖူးတွေ့ ဒူးတွေ့ ပရိသတ်ရှေ့မှောက် ရောက်ခဲ့ရသည်က လတ်လတ်တို့ ရူပဗေဒဌာန၏ နောက်ဆုံးနှစ် ကျောင်းသူကျောင်းသားများ ဂုဏ်ပြုပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ။ သိပ္ပံမြက်ခင်းပြင်၏ ရောင်စုံမီးလုံးလေးများအောက်တွင် လတ်လတ်၏ အလှသည် ထူးခြားပေါ်လွင်၍ နေလေသည်။

ထိုနေ့ညက လတ်လတ်သည် အများ၏တောင်းဆိုချက်ဖြင့် သီချင်းတစ်ပုဒ်ကို ဆိုပြခဲ့ရသည်။ လတ်လတ်ဆိုသည့် သီချင်းသည် ထူးခြား၏။ အများတကာလို မိန်းမအဆိုတော်ဆိုသည့်သီချင်းကို မဆိုပြဘဲ ယောကျ်ားအဆိုတော်တစ်ဦး၏ ကျော်ကြားသော တေး တစ်ပုဒ်ကို ဆိုပြခဲ့ခြင်း ဖြစ်သည်။ အဆိုတော် ကိုသက်အောင်၏ 'နွေဦးပန်းချီ' သီချင်းဖြစ်သည်။ သီချင်းအဆုံးတွင် အားလုံး၏ လက်ခုပ်သြဘာသံကို ကြားရ၏။ နေရာမှ ပြန်လာပြီး လတ်လတ် ထိုင်ရမည့် ကုလားထိုင်ကို ရှာမိသည်။ ရှက်စိတ်နှင့် တုန်လှုပ်နေသော စိတ်တို့ကို ထိန်းချုပ်နေရသဖြင့် နေရာကို တော်တော်နှင့် ရှာမတွေ့နိုင်။

'မေ့ လတ်လတ်၊ တို့ ဒီမှာလေ'



သူငယ်ချင်းများ၏ ခေါ်သံကိုကြားရမှ လတ်လတ်က ဝမ်းသာ အားရ ဖြစ်သွားသည်။ ထိုစဉ် ဖြူဖွေးသော လက်ကလေးတစ်ဘက်က လတ်လတ်ကို လှမ်းကိုင်လိုက်လေသည်။

'ဒီမှာပဲ ထိုင်ပါလား ညီမရယ်'

လတ်လတ်ကို ဖေးမခေါ်ငင်လိုက်သော အမျိုးသမီးကို လှည့် ကြည့်မိ၏။ တော်တော်လှတဲ့ မိန်းမပါလား။ ချိုးကျူးခြင်းတစ်ဝက် ဝန်တိုခြင်းတစ်ဝက်ဖြင့် ထိုအမျိုးသမီး၏ဘေးတွင် ထိုင်လိုက်ရ လေသည်။

'ညီမက အသံတော်တော်ကောင်းတာပဲကွယ်၊ ဖရက်ရှာပဲ ထင်ပါရဲ့'

လတ်လတ်က ခေါင်းညိတ်ပြလိုက်သည်။

'မမက ဖိုင်နယ်ကလား ဟင်'

လတ်လတ်ကလည်း စကားတုံ့ပြန်ရလေ၏။

'မမက မနှစ်ကအောင်တယ်လေ၊ ခုတော့ ဒပတ်မင့်မှာပဲ ဒီမွန်စထရေတာ ပြန်လုပ်နေတယ်'

'သြော်'

လတ်လတ်သည် မိန်းမချင်းမို့ ဝန်တိုငြူစူခြင်းကင်းသည့် အပြုံးမျိုးကို ကြိုးစား၍ ပြုံးပြလိုက်ရသည်။

'ညီမဆိုတဲ့သီချင်းက သိပ်ကောင်းတာပဲကွယ်၊ တစ်ချိန်က ကိုသက်အောင်ဆိုခဲ့တဲ့ သီချင်းတွေထဲမှာ အတော်ရေပန်းစားခဲ့တဲ့ သီချင်းပေါ့'

'လတ်လတ်လဲလေ သူဆိုတဲ့သီချင်းတွေ သိပ်ကြိုက်တာ၊ ခုတော့ သူ သီချင်းမဆိုတော့ဘူးနော်၊ တော်တော်ကြာပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ညီမနာမည်က လတ်လတ်တဲ့လား'

'ဟုတ်ကဲ့ မမ၊ အင်းလျားမှာနေပါတယ်၊ မမတို့နဲ့ ပရက်တီကယ်ခန်းမှာ တွေ့ရဦးမှာပဲ'

'အင်း မမကိုလဲ မှတ်ထားပါ၊ မမနာမည်က မမြေအေးတဲ့'

'ဟုတ်ကဲ့မမ၊ လတ်လတ်ကိုတွေ့ရင်လဲခေါ်ပါ၊ ဟိုမှာ မုန့်တွေဝေနေပြီ၊ လတ်လတ် သူငယ်ချင်းတွေနဲ့ သွားစားလိုက်ဦးမယ်၊ ခွင့်ပြုပါဦး မမ'

'ကောင်းပါပြီကွယ်'

+ + +

တက္ကသိုလ်ကျောင်းသူလောကတွင်တော့ ကိုယ့်ထက် အတန်းကြီးသူကို 'မမ' ခေါ်ရသည်မှာ ဓလေ့ထုံးတမ်းတစ်ခု ဖြစ်၍နေလေပြီ။ ဆရာမများကိုလည်း မမ။ အဆောင်မှူးကိုလည်း မမ။ ငယ်ငယ်ရွယ်ရွယ် ဖြစ်စေ၊ ဆံပင်ဖြူနေသည့် ဘွားဘွားအရွယ်ပင် ဖြစ်စေ အားလုံးကို မမဟုသာ ခေါ်ရလေ၏။ မမဟူသော စကားလုံးတွင် အတန်းကြီးခြင်း၊ ဂုဏ်ကြီးခြင်း၊ ရာထူးကြီးခြင်းဟူသော အနက်အဓိပ္ပါယ်များဖြင့်သာ ပြည့်ဝ၍ နေလေသည်။

လတ်လတ်တို့ကတော့ ခုမှ တက္ကသိုလ်နယ်မြေကို ရောက်စ၊ အနိမ့်တကာ့ အနိမ့်ဆုံးမို့ အားလုံးကို မမခေါ်နေရသည့် အခိုက်ဖြစ်သည်။

ယခုလည်း သောတရှင်လိုရာဓာတ်ပြားအမီ ရေဒီယိုခန်းသို့ ပြေးလာခဲ့သော လတ်လတ်သည် စီနီယာမမများက ကုလားထိုင်များပေါ်တွင် အသီးသီး အသကအသက ဟန်ကျပန်ကျ ထိုင်နေကြ၍



ာမျှ မပြောသာဘဲ ရေဒီယိုနှင့် ခပ်လှမ်းလှမ်းတွင် မျက်နှာလေး ငယ်ဖြင့် ရပ်နေရလေသည်။

'လာလေ ညီမ၊ ဒီမှာ မမနဲ့အတူတူ လာထိုင်ပါလား'

ရေဒီယိုနှင့် အနီးဆုံးနေရာမှ မမတစ်ဦး၏ ခေါ်ယူမှုဖြင့် လတ် ဝမ်းသာအားရ ဖြစ်သွားသည်။ သို့သော် အခန်းထဲတွင် ဒီယိုမှ သီချင်းသံထက် မမများ၏ အလိုက်မသိ ဆူပူစကား သံများကသာ ဆူညံနေလေသည်။ သည်အခန်းသည် သတင်းစာ ခန်းလည်း ဖြစ်နေသေးသည် မဟုတ်လား။

'ငါ့ညီမ ဟိုနေ့က သီချင်းဆိုတာ သိပ်ကောင်းတာပဲ၊ အဆိုတော် ပါလား'

မမတစ်ဦးက လတ်လတ်ကို ထုတ်ဖော်ချီးကျူးသည်။ ရူပဗေဒ ဆုံးနှစ်က မမတစ်ဦး။

'ညီမဆိုတာ ကိုသက်အောင်ရဲ့ သီချင်းနော်၊ ညီမဆိုတဲ့သီချင်း သူ့ အဆက်ဟောင်းက နားထောင်နေလိုက်တာ ခေါင်းကိုစိုက်နေ ပဲ၊ ဆွေးနေတယ်နဲ့ တူပါရဲ့၊ သူ့ခမျာလဲ သနားပါတယ်၊ ရုပ် ပေမယ့် အချစ်ကံ မကောင်းရှာဘူး၊ ကိုသက်အောင်က နာမည် လဲကြီးတော့ ခပ်ပွေပွေနဲ့တူပါတယ်၊ ခု အမ်စီမှာပဲ ရှိနေသေး ယ်'

'ဟုတ်လား၊ အမျိုးသမီးက ဘယ်သူလဲမမ၊ မမတို့နောက်ဆုံး တာလား'

'သူက မမတို့ထက် တစ်နှစ်စောတယ်၊ မမတို့ဌာနမှာ တာပြန်လုပ်နေတယ်လေ၊ အမ်အက်စီလဲ တက်ရင်းပေါ့၊ ခုတော့ လဲ ဆရာတစ်ယောက်နဲ့ တွဲနေပါပြီ'

လတ်လတ် ခပ်တွေတွေ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟို မမြေအေးဆိုတာလား မမ'

'ဟုတ်တယ်၊ ညီမနဲ့သိလို့လား'

'အဲဒီနေ့ကမှ မြင်ဖူးတာပါ မမရယ်'

ထိုစဉ်ကတော့ ကိုသက်အောင်ဆိုသည်မှာ အတင်းအဖျင်းပြောရာမှ ကြားသိရသော လူရှုပ်လူပွေ တစ်ဦးမျှသာ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူနှင့် ပတ်သက်ရလိမ့်မည်ဟု လတ်လတ် မထင်မိပါချေ။

\+ \+ \+

၄

အကယ်တော့ လတ်လတ် ထူးမောင်ကို ရှောင်၍မရပါချေ။ မတွေ့ချင် မြင်လျက်သား ဆိုသလို ဖြစ်နေရလေသည်။ ခက်သည်က ထူးမောင်ကိုယ်တိုင်က လတ်လတ်ကို မတွေ့တွေ့အောင် လိုက်နေခြင်းပင် ဖြစ်သည်။

ထူးမောင်သည် လတ်လတ်ဆီကို အကြောင်းမရှိ အကြောင်းရှာ၍ လာသည်ဟုလည်း လတ်လတ် ထင်သည်။ ဧည့်သည်လာသည် ဆို၍ အပြေးအလွှား ဆင်းလာခဲ့သော လတ်လတ်သည် ထူးမောင်ကို မြင်ရသော် အံ့အားသင့်၍သွားလေသည်။ သူ့ဆီကို လာမည်ဟုလည်း မထင်၍ နှုတ်ဆက်ရုံမျှ ပြုံးပြပြီး အခြားဧည့်သည်ကို ရှာသည်။ ဧည့်သူကိုမျှမတွေ့။ ထူးမောင်က လက်ထဲမှ လက်ဖက်ထုပ်အတွဲလေးကို ထောင်ပြကာ 'အေးစုမာက ပေးလိုက်တာ'ဟု ပြောမှ ထူးမောင်ရှေ့သို့ မလှမ်းချင်လှမ်းချင် လှမ်းခဲ့ရသည်။

ကျွန်တော် ပြည်ကို ပြန်သေးတယ်၊ ဖေဖေက အလုပ်ကိစ္စအတွက် မှာလို့လေ၊ အေးစုမာနဲ့တွေ့လို့ လက်ဖက်လက်ကြိုပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟိုဘက်ကမ်းတော့ အချိန်မရလို့ မသွားခဲ့ရဘူးဗျာ၊ လတ်လတ်တို့အိမ်ကို ဘာမှာဦးမလဲလို့ မေးမလို့ပါပဲ'

သည်လိုတော့လည်း ပြောလိုက်သည်မှာ ရွှန်းရွှန်းဝေနေ၏။ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်နယ်မြေရောက်မှ ထူးမောင်တစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲနေလေသည်။ တစ်ရပ်တစ်ရွာမှာမို့ ကောင်းကောင်းမွန်မွန် ဆက်ဆံတာပဲဟုလည်း လတ်လတ်က တွေးမိ၏။

'ကိစ္စမရှိပါဘူးရှင်၊ ဟိုလောလေးကပဲ ဖေဖေလာသွားပါသေးတယ်၊ အေးစုမာက စာရေးမပေးလိုက်ဘူးလား'

'စာတော့ မပေးလိုက်ဘူး၊ ဧည့်သည်ကို ထိုင်စရာမပေးတော့ဘူးလားဗျာ'

လတ်လတ်က ခဏနှင့်ပင် ပြန်သွားမည်ဟု ယူဆကာ မတ်တတ်ရပ်၍ စကားပြောနေမိသည်။ ထူးမောင်ဖွင့်ပြောမှ အားနာဟန်ဖြင့် ကုလားထိုင်ရှာရသည်။ လတ်လတ်တို့၏ အင်းလျားဆောင်မှ ဧည့်ခန်းသည် မှောင်သဖြင့် တော်ရုံဧည့်သည်ကို ဧည့်ခန်းထဲခေါ်လေ့မရှိကြ။ သမီးရည်းစား စကားပြောရန်အတွက်သာ အသုံးများကြသည်။ ဧည့်ခန်းထဲသို့ စုံတွဲဝင်သွားမိလျှင်လည်း ရည်းစားဟုပင် ထင်ကြသည်။

လတ်လတ်က ရောင်စုံကုလားထိုင်လေးနှစ်ခုကို ဆွဲကာ တစ်ခုကို ထူးမောင်ဆီ ရွှေ့ပေးလိုက်ရသည်။ ထူးမောင်က အေးအေးဆေးဆေးဟန်ဖြင့် အကျအန ထိုင်သည်။ လတ်လတ် စိတ်ထဲမှ ကျိန်ဆဲလိုက်မိလေသည်။ တမင် အရွဲ့တိုက်နေသလားဟုပင် ထင်မိသည်။ ကျောင်းတုန်းကစိတ်နှင့်သာဆိုလျှင်ဖြင့် နှင်များလွှတ်မိမည်လားမသိ။

ကြည့်မရပါဘူးဆိုကာမှ ထူးမောင်က စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်နေပြန်လေသည်။



'လတ်လတ် ကျောင်းတက်ရတာ အဆင်ပြေရဲ့လား'

'ပြေပါတယ်'

'အဆောင်ကဟင်းတွေ သိပ်ညံ့မှာပဲနော်'

'ဒီလိုပဲပေါ့'

ထူးမောင်က ခပ်တိုးတိုး ရယ်လိုက်သည်။

'လတ်လတ်ကလေ ကျောင်းတော်က ရန်စကို အငြိုးထားတုန်းပဲ၊ ကျောင်းတုန်းကတော့ ကျွန်တော်တို့ကလဲ ဆိုးပါတယ်ဗျာ'

'အခုတော့ မိုက်တုန်းပဲပေါ့'

ထူးမောင်က ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

'အင်း ဟုတ်တယ် ဟုတ်တယ်၊ ဒါပေမယ့်ဗျာ လတ်လတ်တို့အပေါ်မှာတော့ တစ်မြို့တည်းသားချင်းမို့ မောင်နှမလိုပဲ သဘောထားပါတယ်၊ အကူအညီလိုရင်လဲ ပြောပါဗျာ၊ ကျွန်တော် အရင်ကလို ဆိုးစိုးတော့ပါဘူး'

'ကျေးဇူးတင်ပါတယ်ရှင်၊ ခုတော့ မလိုသေးပါဘူး'

ထူးမောင်သည် လတ်လတ်မျက်နှာကို အမှတ်မထင် ငေးကြည့်လိုက်မိလေသည်။ လတ်လတ်က ဖျတ်ခနဲအကြည့်နှင့် မျက်လုံးချင်းဆုံသွားကြသည်။ လတ်လတ်က မျက်နှာကို ချက်ချင်း လွှဲပစ်သည်။ ထူးမောင်ကမူ လတ်လတ်ကို ငေးစိုက်ကြည့်နေဆဲ။

'အဆောင်ကလေ ခြောက်နာရီမထိုးခင် ထမင်းတွေကို သိမ်းသိမ်းသွားတာပဲ၊ တစ်ခါတလေများ ဧည့်သည်လာလို့ စကားပြောကောင်းနေရင် ထမင်းငတ်ကရော'

လတ်လတ်ကအမှုအရာကောင်းကောင်းဖြင့် ပြောလိုက်လေ၏။

'ဟုတ်လား၊ ကျွန်တော်က အဆောင်မနေတော့ မသိဘူးဗျ၊ ထမင်းငတ်ရင်လဲ ကျွန်တော် အပြင်က ဝယ်ကျွေးပါ့မယ်၊ ပြန်စေချင်လို့ပြောတာဆိုရင်တော့ ပြန်ပါတော့မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်က နေရာမှ ထလေသည်။ စီးကရက်တိုကို ပစ်ချကာ ခြေဖြင့်နင်းလိုက်သည်။ လတ်လတ်က စီးကရက်တိုကို မနှစ်မြို့သလို ကြည့်သည်။

'ကဲ၊ ထမင်းမသိမ်းခင် ကျွန်တော် ပြန်ပါတော့မယ်'

လတ်လတ်က မကောင်းတတ်လွန်း၍ ပြုံးပြလိုက်ရသည်။ ထူးမောင်သည် ဖြည်းလေးစွာ ထွက်ခွာသွားလေသည်။

တကယ်တော့ လတ်လတ် ထမင်းစားပြီးပြီ။ လတ်လတ်က လက်ဖက်ထုပ်များကိုကိုင်ကာ အပေါ်ထပ်သို့ တက်လာခဲ့သည်။ အခန်းဝမှ သူငယ်ချင်းတစ်စုက ဆီးကြိုနေကြလေသည်။

'မျှော်လိုက်ရတာ ယောက်မရယ်၊ မင်းမှာ အစ်ကိုချောချော ရှိတယ်ဆိုတာ အစက ဘာလို့မပြောသလဲ'

အနောက်အပြောင်သန်သော မြမြမိုးက လက်ဖက်ထုပ်များကို လှမ်းယူရင်း လတ်လတ်ကို စသည်။ အခန်းထဲမှ မိန်းကလေးတစ်ယောက်၏ ဒေါ့သည်လာသည်ဆိုလျှင် နောက်မှလိုက်၍ ချောင်းကြည့်တတ်ကြသော မစပ်စုများပင်တည်း။

'မွှီ၊ ဒီရုပ်များ ချောသတဲ့၊ ဘယ်ကလာ အစ်ကိုရမှာလဲ၊ ဘာမှ မတော်ပါဘူး'

လတ်လတ်က ခါးသီးစွာ ပြောပစ်သည်။

'အမယ်လေး ဘာမှ မတော်ဘူးဆိုရင်တော့ သည်ပျိုမေ ရင်မအေးရတော့ဘူးပေါ့၊ လတ်လတ်ကို လာပတ်တဲ့အကောင်လား ဟင်'

သီသီစိုးက ရင်ကို လက်ဖြင့်ဖိကာ ပြောလိုက်လေသည်။

'သွားစမ်းပါ၊ လတ်လတ်ကို လာပတ်တာ မဟုတ်ပါဘူး တစ်စက်မှ မျက်နှာကြောတဲ့တာ မဟုတ်ဘူး၊ နင် လိုချင်ရင် ငါစပ် ပေးမယ်'



'လုပ်စမ်းပါ သူငယ်ချင်းရယ်၊ စောစောစီးစီး အမေမသိခင် တွဲထားရအောင်'

သူတို့အားလုံး ရယ်မောကြရလေသည်။ ဘာပဲပြောပြော ဆိုညက ထူးမောင်ကျေးဇူးဖြင့် သူတို့တစ်ခန်းလုံး 'လက်ဖက်သုပ် စားကြရသည်။ စနေနေ့ညမို့ စာကျက်ခေါင်းလောင်း မထိုးသဖြင့် ရယ်ကြမောကြ စကားပြောကြရင်း စားကြသောက်ကြသည်မှာ လက်ဖက်တစ်တွဲလုံး ကုန်လေသည်။ ရှိသမျှ ဆားပုလင်း ဆီပုလင်း များလည်း ပြောင်လေ၏။

+ + +

လတ်လတ်ရေ

အေးစုမာ စာရေးလိုက်ပါတယ်။

လတ်လတ်ရဲ့စာကို ရပါတယ်။ အေးစုမာပေးလိုက်တဲ့ လက်ဖက်ကို စားရတယ်ဆိုတော့ အေးစုမာ အံ့သြသွားတယ် ကွယ်။ နောက်မှ စဉ်းစားမိတယ်လေ၊ အဲဒီ လက်ဖက်ကို ကိုထူးမောင်က သူငယ်ချင်းတွေ လက်ဆောင်ပေးချင်လို့ ဆိုပြီး ဝယ်သွားခဲ့တာပါ။

ကိုထူးမောင်က လတ်လတ်အကြောင်း သိပ်ပြောတာပဲ။ လတ်လတ်က တက္ကသိုလ်ရောက်မှ သိပ်လှလာတယ်တဲ့။ လတ်လတ် ကျောင်းမှာ သီချင်းလည်းဆိုတယ်ဆိုလား၊ လတ်လတ် ကို တစ်စုံတစ်ခုဖြစ်မှာ သူသိပ်စိုးရိမ်တာပဲတဲ့ကွယ်။ ခုတော့ လည်း လတ်လတ်က သူ့ကို ကောင်းကောင်းမွန်မွန်

www.burmeseclassic.com

www.burmeseclassic.com



စကားပြန်ပြောပါတယ်တဲ့။အလျင်ကလောက်တော့ မတင်းမာတော့ဘူးတဲ့။ အေးစုမာထင်တယ်၊ ကိုထူးမောင်က ကျောင်းမှာကတည်းက လတ်လတ်ကို စိတ်ဝင်စားနေတာ၊ နော်က်တာပြောင်တာကတော့ သူ့အကျင့်ပဲ။

အေးစုမာတော့ မေမေ့ကိုဈေးကူရောင်းနေရတယ်။ ဒီနှစ်လည်း အောင်ပါ့မလား မသိပါဘူး လတ်လတ်ရယ်။ လတ် လတ်တို့ ကိုထူးမောင်တို့ကိုလည်း အားကိုးစရာမရှိတော့ သိပ်အားငယ်တာပဲ။

ဒါပါပဲ လတ်လတ်။ အားရင် အေးစုမာဆီ စာရေးနော်။

လက်ဖက်အတွက်တော့ အေးစုမာကို ကျေးဇူးမတင်နဲ့ သူငယ်ချင်းရေ။

အေးစုမာ

ဖြစ်နိုင်လျှင် စားပြီးသားလက်ဖက်ကို ပြန်အန်ထုတ်လိုက်ချင်ပါဘိ။

\+ \+ \+

'သိပ်မုန်းရင် သိပ်ချစ်ရတတ်တယ်တဲ့ လတ်လတ်ရဲ့'

'အဲဒါမျိုးတွေက ရိုးနေပါပြီကွာ'

'ဒါပေမယ့် လူတစ်ယောက်ကို အကြောင်းမရှိဘဲ သိပ်မုန်းနေတာတော့ မကောင်းဘူး'

ယခုတော့ မြမြမိုး၏စကားသည် စဉ်းစားစရာဖြစ်၍နေလေပြီ။ မြမြမိုးသည် အခန်းထဲတွင် လတ်လတ်နှင့် အရင်းနှီးဆုံး သူငယ်ချင်း။ မြမြမိုးက လတ်လတ်ခုတင်တွင် မကြာခဏ လာအိပ်ပြီး



ကျောင်းသူတို့ဘာဝ နှလုံးသားရေးရာများကို ဆွေးနွေးကြသည်။ လတ်လတ်သည် ခြင်ထောင်မိုးဖြူဖြူကို မော့ကြည့်နေမိလေသည်။ လတ်လတ်၏ ဆီမွှေးလိမ်းထားသော ဆံပင်နက်နက်လေးများက ခေါင်းအုံးပေါ် ပြန့်ကျဲနေကြသည်။ လတ်လတ်မျက်လုံးသည် သာမန်လူသည်ဆိုရုံမျှသာ။ သို့သော် မျက်တောင်များကမူ ရှည်လျားကော့ပျံနေသည်။ နှာတံသည် အနည်းငယ်ရှည်၏။ နှုတ်ခမ်းလေးများမှာ စုစုချွန်ချွန်လေးနှင့် တစ်မျိုးလှသည်။ အပေါ်နှုတ်ခမ်းတွင် အတန်ငယ်ကြီးသော မှဲ့လေးတစ်လုံးရှိသည်။ ရယ်လိုက်လျှင် ပါးချိုက်လေးနှစ်ခုက ချစ်စရာ။ အသားသည် အညိုနှင့် အဖြူကြားတွင် ပြေးနေလေသည်။

'မိမိုးက မသိလို့၊ ကျောင်းတုန်းက သူက သိပ်ဆိုးတာ၊ လတ်လတ်နဲ့ဆို တစ်စက်ကလေးမှ မတည့်ဘူး၊ လတ်လတ် ဘဝင်မြင့်တယ် မာနကြီးတယ်ဆိုပြီး သူက နှိမ်ချင်နေတာ၊ ခုလဲ လတ်လတ်ကို ချိုးချင်လို့ ကြံနေသလားမှ မသိတာ'

'တစ်ဖက်သားကို အကောင်းဘက်က လှည့်တွေးတတ်အောင်လဲ ကြိုးစားစမ်းပါ လတ်လတ်ရယ်၊ ဟိုတစ်နေ့ကလေ မိမိုးဆင်းသွားတော့ အပေါ်ထပ်ကို လည်တဆန့်ဆန့်နဲ့ ကြည့်နေတာ သနားပါတယ်ကွယ်၊ မိမိုးကလေ သူမရှိပါဘူး၊ ပေးစရာရှိရင် ပေးခဲ့ပါဆိုတော့ မျက်နှာခပ်ပျက်ပျက်နဲ့ အဲဒီငါးပိကြော်ပုလင်းကို ပေးခဲ့တာပဲ'

'လတ်လတ်တော့ မစားဘူး၊ မိမိုးတို့ပဲ စားကြ'

'အေး စားမယ်ဟော့ စားမယ်၊ မနက်ကတောင် ငါနှိုက်စားကြည့်သေးတယ်၊ ကြက်သွန်ကြော်လေးကို ရှူနေတာပဲ'

တစ်ဘက်ခြင်ထောင်မှ ကြူကြူက အော်လိုက်လေသည်။ မြမြမိုးက အိပ်ရာမှထပြီး သူ့ခုတင်သို့ ကူးသွားသည်။ လတ်လတ်

www.burmeseclassic.com

www.burmeseclassic.com



သည် ခုတင်ပေါ်တွင် စောင်းငဲ့လှူးလွန့်နေရင်း အေးစုမာဆီမှ စာလေးကို စားပွဲပေါ်မှ လှမ်းယူလိုက်သည်။ အခန်းထဲတွင် မီးများ ပိတ်ထားသဖြင့် ကော်ရစ်ဒါမှ မီးရောင်မှိန်မှိန်သာ ဝင်နေလေသည်။ စာကို အစမှအဆုံးတိုင် ပြန်ဖတ်လိုက်သည်။ ပြီးတော့ သက်ပြင်းကို မသိမသာချမိ၏။

အဆောင်ညစောင့် ဒရဝမ်ကြီး၏ သံချောင်းခေါက်သံ ဆယ့် တစ်ချက်ကို ကြားရပြီး 'အဟေဟေး'ဟု သူ မအိပ်သေးကြောင်း ပြသည့် ညာသံကိုပါ ကြားလိုက်ရလေ၏။

\+ \+ \+

## ၅

ကျောင်းသူတို့၏ မျက်နှာတွင် ထိတ်လန့်တုန်လှုပ်ခြင်းကိုသာ တွေ့ နေရလေသည်။ ပစ္စည်းသိမ်းသူသိမ်း၊ ထည့်သူထည့်နှင့် ယောက်ယက် ခတ်နေကြသည်။ 'ဘယ်လိုပြန်ရမှာလဲ၊ ဘယ်လိုလုပ် ပြန်ရမှာလဲ' ဟူ၍ ငိုသူက ငိုလေပြီ။

ကျောင်းပိတ်လိုက်ပြီဟု ရုတ်တရက်ကြေညာတော့ လတ်လတ် သည်း ဘာလုပ်ရမှန်းမသိ။ စာအုပ်ထည့်သော ထင်းရှူးသေတ္တာထဲ သို့သာ နီးစပ်ရာပစ္စည်းများကို ကောက်ထည့်နေမိသည်။

'ကားလမ်းတွေလဲ ပိတ်ထားတယ်၊ ဘယ်လိုလုပ်ပြီး ပြန်ရမှာ လဲ၊ စိတ်ညစ်လိုက်တာ'

မြမြမိုး၏ မျက်နှာတွင် မျက်ရည်စတွေ မြင်ရလေပြီ။ လတ် လတ်သည် မြမြမိုးထက်စာလျှင် သတ္တိကောင်း၏။

'မိမိုးကလဲ ငိုမနေနဲ့၊ ပစ္စည်းတွေ ပြီးအောင်သိမ်းထား၊ အောက်ဆင်းပြီး တွေ့ရာကားကို အတင်းလိုက်တက်ရမှာ၊ မြန်မြန် သိမ်းဟယ်'

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်သည် စိတ်မြန်လက်မြန်ရှိ၏။ သူ့ပစ္စည်းရော မိမိုးပစ္စည်းတွေကိုပါ သွက်သွက်လက်လက် သိမ်းဆည်းသည်။

'ကဲ ငိုမနေနဲ့၊ သူများတွေလဲ သယ်ကုန်ပြီ၊ လာ အောက်ကို သယ်ချမယ်၊ မောင်သောင်းလဲ ခေါ်ထားတယ်'

ဒရဝမ်မောင်သောင်းသည်လည်း ပစ္စည်းများကို သယ်ချပေးရသည်မှာ လက်မလည်နိုင်တော့။ ခြင်ထောင်တစ်လုံးကိုပင် ကိုယ်တိုင်ရိုက်မလျှော်နိုင်၍ အစဉ် ပင်မင်းပေးခဲ့သော လတ်လတ်သည် အဝတ်သေတ္တာများကို အားရှိပါးရှိ သယ်ချသွားလေသည်။

ပစ္စည်းများအားလုံး ဆင်ဝင်အောက်သို့ ရောက်နေပြီ။ နီးစပ်ရာ ဆွေမျိုးများက လာရောက်ခေါ်ငင်၍ ကျောင်းသူအတော်များများ ပြန်သွားကြလေပြီ။ ကျောင်းသူအချို့မှာ အားကိုးရာမဲ့ ငိုယိုလျက်ရှိကြလေသည်။ လတ်လတ်က တစ်စက်ကလေးမျှ မျက်နှာမပျက်။

'မိမိုး နှင့် ဒီကစောင့်နေ၊ ငါ လမ်းထိပ်မှာ ကားသွားခေါ်မယ်'

'ဖြစ်ပါ့မလားဟယ် နှင်တစ်ယောက်တည်း'

'ဘာလို့မဖြစ်ရမှာလဲ၊ တွေ့တဲ့ကားကို ဘယ်လောက်ပေးရပေးရ ခေါ်လာခဲ့မယ်၊ နှင်စောင့်နေ၊ ဘယ်မှမသွားနဲ့'

လတ်လတ်သည် မြမြမိုးကို ကလေးတစ်ယောက်သဖွယ် မှာကြားကာ အဆောင်ရှေ့သို့ ထွက်ခဲ့လေသည်။ ကားတစ်စီးက လတ်လတ်အားမှပတ်ကာ အဆောင်တွင်းသို့ ဝင်သွားသည်။ ခင်မင်ရင်းနှီးလှပါသည် ဆိုတိုင်းလည်း အကူအညီရတတ်သည် မဟုတ်။ ထို့ကြောင့်လည်း လာကြိုသမျှကားတိုင်းကို အတင်းမတက်ချင်တော့။ လတ်လတ်သည် မာနလည်းကြီး၏။

'လတ်လတ်ရေ လတ်လတ်'



နေရာမှမခွာပါနှင့်ဟု ဆိုထားပါလျက် မြမြမိုးတစ်ယောက် လတ်လတ်နောက်သို့ ပြေးလိုက်လာလေသည်။

'နေခဲ့လေဟယ်၊ ပစ္စည်းတွေ ပျောက်ကုန်မယ်'

'မသွားနဲ့တော့၊ ကားသွားမခေါ်နဲ့တော့၊ ဟိုမှာ ကားလာပြီ'

'ဘယ်ကကားလဲ၊ မိမိုးတို့အိမ်ကလား'

'ဘယ်ကလာ၊ ကိုထူးမောင်ရယ်'

လတ်လတ် တွေသွားလေသည်။

'အမယ်လေး အရေးထဲမှာ မာနထားမနေစမ်းပါနဲ့၊ လာပါ ဟိုမှာ ပစ္စည်းတွေတောင် တင်နေပြီ'

ဘာပဲပြောပြော စိတ်တွင်းမှတော့ ကျိတ်၍ ကျေးဇူးတင်လိုက်မိလေသည်။

\+ \+ \+

'အရေးကြုံတဲ့အခါမှာ ကူညီတာ မိတ်ဆွေကောင်းပါပဲ လတ်လတ်ရယ်'

'ငါကလဲ သူ့ကို မိတ်ဆွေကောင်းတစ်ယောက်အဖြစ် သတ်မှတ်ပါသတဲ့၊ နှင်ကလဲ အမွှန်းတင်လိုက်ရတာ နှင့်အဆက်ကြီးကို'

အေးစုမာက ရယ်လေသည်။ ဘာပဲဖြစ်ဖြစ် ထူးမောင်နှင့် လတ်လတ်တို့၏ တင်းမာနေသော အခြေအနေသည် ကျောင်းပိတ်လိုက်သည့် အရေးအခင်းတစ်ခုကြောင့် ပြေလျော့သွားခဲ့သည်ကို အေးစုမာ ဝမ်းသာမိလေ၏။ လတ်လတ်တို့တစ်တွေ ကားမရှိ၍ ဒုက္ခရောက်နေပုံ၊ ထူးမောင်က ကားငှားပြီးလာခေါ်ပုံ၊ သူ့ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်ထားပြီး ပြည်ကို ဖုန်းဆက်ပေးပုံ၊ ရထားပေါ်လိုက်ပို့ပေးပုံတို့ကို လတ်လတ်က အလုံးစုံ ပြန်၍ အစီရင်ခံလေသည်။

'ငါမပြောဘူးလား၊ နင့်ကို သူ စိတ်ဝင်စားနေတာပါလို့၊ စိတ်ဝင်စားနေလို့သာ အရေးဟဲ့အကြောင်းဟဲ့ဆိုတော့ ချက်ချင်း သတိရတာပေါ့'

လတ်လတ်က ဘာမျှပြန်မပြော။ တကယ်တော့ တစ်နယ်တစ်ကျေးတွင် ကျောင်းတက်နေရသော လတ်လတ်တို့လိုမိန်းကလေးများအဖို့ အားကိုးစရာ ယောကျ်ားလေးမိတ်ဆွေ တစ်ယောက်ယောက်တော့ ရှိသင့်တာအမှန်။ ပြည်မြို့မှ ကျောင်းသူကျောင်းသား အတော်များများရှိသော်လည်း လတ်လတ်နှင့်က သိပ်မရင်းနှီးကြ။ လတ်လတ်က ပြည်ဇာတိလည်းမဟုတ်။ မြန်မာပြည်အနှံ့ ပြောင်းရွှေ့ရင်း ခေတ္တရောက်လာခြင်းသာ။ ပြီးတော့ လတ်လတ်က မာနလည်းကြီးခဲ့သည်မို့ အပေါင်းအသင်းနည်းသည်။ တော်ရုံလူကလည်း လတ်လတ်ကို မျက်မုန်းကျိုး၍ မသိဘာသာနေကြ၏။ လတ်လတ်၏ ခင်မင်ရိုင်းပင်းတတ်သောစိတ်ကို ရင်းနှီးသူများကသာ သိလေသည်။

'ငါလဲလေ အရင်စိတ်မျိုး မထားတော့ပါဘူး၊ လူတွေကို ပြေပြေပြစ်ပြစ် ဆက်ဆံပါတယ်၊ ငါ ထူးမောင်ကို ကြည့်မရတာ တစ်ခုရှိတယ်၊ သူ့ကိုယ်သူ သူဌေးသားဆိုပြီး စီးကရက်လေး လက်ကြားညှပ်လို့၊ ထောင့်မကျိုးဘူးလို့ ထင်တာပဲ'

'ယောကျ်ားလေးပဲဟယ် ဒီလောက်တော့ ရှိမှာပေါ့၊ ဆေးလိပ်သောက်တာ မကြိုက်ရင် နင်ပြောရင် ရမှာပေါ့'

အေးစုမာက ချေးရောင်းရင်း လတ်လတ်နှင့် စကားပြောရသည်။ လတ်လတ်က အကြွေအမ်းနေသော အေးစုမာလက်ကို ပုတ်ချပစ်သည်။ အကြွေများ လွင့်စဉ်ကုန်သဖြင့် လိုက်ကောက်ပေးရလေသည်။



'ငါတော့ သူ ငါ့ကို ချစ်တယ်ကြိုက်တယ်များ ပြောလာရင် အရင်ကလိုပဲ ရန်တွေ့ပြီး ပါးချလွှတ်မှာပဲ'

လတ်လတ်သည် သူ့အတွင်းစိတ်ကို သူ့ဘာသာ မသိလိုက်ချေ။ အေးစုမာက သူ့ကို မျက်လုံးပြူး၍ ကြည့်သည်။

'သူ နင့်ကို ချစ်စကားပြောလာလိမ့်မယ်လို့ နင်မျှော်လင့်နေတယ် မဟုတ်လား'

လတ်လတ် ရှက်သွားလေသည်။

'မဟုတ်တာဟယ်၊ တကယ်လို့ ပြောလာခဲ့ရင်လို့ ပြောတာပါ'

လတ်လတ်၏အသံသည် အတန်ငယ် ပျော့ပျောင်းသွားသည်ကို အေးစုမာ သတိထားလိုက်မိလေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

## ၆

ကျောင်းတွင် လတ်လတ်တစ်ယောက် သည်မျှ ထင်ပေါ်ကျော်ကြား နေသည်ကို ထူးမောင်မကြိုက်။ သို့သော် လတ်လတ်ကို သူ မပိုင်။ ပြီးတော့ ယခု လတ်လတ်သည် သူနှင့် တစ်မြို့တည်းသားလည်း မဟုတ်တော့။ လတ်လတ်တို့ဖေဖေက အထက်မြန်မာပြည် မြို့တစ်မြို့သို့ ပြောင်းသွားရပြီ။

ဒုတိယနှစ် တက္ကသိုလ်ကျောင်းသူသာ ဆိုသော်လည်း လတ်လတ်သည် ရန်ကုန်မြို့ကို ခါးဆောင်းတင်နေလေပြီ။ ဗိုလ်ချုပ်ဈေး နှင့် ရုပ်ရှင်ရုံများသို့ ကျောင်းသူအဖော်များကို ခေါင်းဆောင်လုပ်က ခေါ်သွားတတ်လေပြီ။ ထူးမောင် အင်းလျားဆောင်ကို သွားတိုင်း လတ်လတ်ကို တွေ့ရခဲ့သည်။ ပြီးတော့ လတ်လတ်သည် အဆိုတော် လုပ်ရန် ကြိုးစားနေသည်ဆိုလား။ အနုပညာကို ရှေ့မှ ဗန်းပြကာ လူသားစားတတ်သော သမန်းကျားများနှင့် တွေ့မည်ကို စိုးလှ၏။

ယခုထူးမောင်သည်လည်း ယခင် ထူးမောင် မဟုတ်တော့။ ခေတ်နှင့်စနစ်ကို ဝေဖန်ပိုင်းခြားတတ်ပြီ။ မိဘချမ်းသာ၍ မိမိ တစ်ယောက်တည်း ငွေကို ရေလိုသုံးနိုင်သည့် ဘဝမျိုးတွင် မွေ့လျော်



နေနိုင်တော့။ ဦးချစ် လက်ဖက်ရည်ဆိုင်တွင်ထိုင်ကာ လူငယ်တို့၏ အနာဂတ်ကို ဦးဆောင်ဆွေးနွေးတတ်သောထူးမောင် ဖြစ်၍နေလေပြီ။

ဟာဒံပင်ရိပ်မှ လက်ဖက်ရည်ဝိုင်းတွင် ထူးမောင်တစ်ယောက် အပေါင်းအသင်းများကို စောင့်နေဆဲ တစ်ဘက်ဝိုင်းမှ လတ်လတ် ဆိုသောအမည်ကို ကြားလိုက်၍ ထူးမောင် နားစွင့်လိုက်မိသည်။

'လတ်လတ်ဆိုတဲ့ ကောင်မလေးကတော့ သိပ်မဆိုးဘူး'

'ဘာမဆိုးတာလဲ'

'သီချင်းဆိုတာပေါ့၊ ဟိုနေ့က ငါ အနုပညာအသင်းကို ရောက်လို့ သူဆိုတာ ကြားခဲ့ရတယ်၊ တို့ဝိုင်းပြန်ထောင်ရင် အဲဒီ ကောင်မလေးကို သုံးချင်တယ်လို့တောင် ကိုစောလွင်ကို ပြောခဲ့သေး တယ်'

'ကောင်းသားပဲ၊ တို့ဝိုင်းမှာ မိန်းကလေးနည်းနေတယ်'

သူတို့ကို ထူးမောင် မသိချေ။ ကျောင်းတွင်လည်း မမြင်ဖူး။ ကျောင်းမှထွက်သွားပြီးသူများသာ ဖြစ်ရမည်။ ကျောင်းသားအများစု မှာ ပြင်ပရောက်သွားသည့်တိုင် ဦးချစ် လက်ဖက်ရည်ဆိုင်ကို မေ့နိုင်ကြ။ အမှတ်တရ လာရောက်ဆုံဆည်းကြသည်သာ။

တစ်ဘက်ဝိုင်းမှလူများ ထသွားကြလေသည်။ ထူးမောင်က မသိမသာ လှမ်းကြည့်သည်။ လူပုံတွေကတော့ မဆိုးပါဘူး။ အနုပညာ သမား ပုံတွေပါပဲ။ ဆံပင်ကတော့ နည်းနည်းရှည်သည်ပေါ့။ ပေချင် သလောက်ချင်သည့်ပုံလည်း ပေါ်သည်ပေါ့။ မတော်မတရား လုပ်တတ်မည့် ပုံမျိုးတော့ မဟုတ်။ သို့သော် ဘူးတောင်းနှစ်လို့ စောင်းခြမ်းပေါ်သည့် ခေတ်တွင် အဆိုးအကောင်း ခွဲခြားသိမြင်နိုင်ဖို့က ခက်သား။

ဘာပဲဖြစ်ဖြစ် သည်ညနေတော့ လတ်လတ်ဆီ သွားပြီး တွေ့နိုင်သည်အထိ စောင့်ရမည်။ ဆုံးဖြတ်ချက်နှင့်သွားသည့်ပုံလား သော၊ လတ်လတ်ကို အဆင်သင့် တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုထူးမောင်ရယ်၊ လတ်လတ်က ကိုထူးမောင်ကို မောင်နှမလိုပဲ ခင်ပါတယ်၊ လတ်လတ်ကို သတိပေးတာလဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် လတ်လတ်ဝါသနာပါတာကိုတော့ လုပ်ချင်တယ်။ လတ်လတ် ကျောင်းတုန်းကတည်းက ဝါသနာပါခဲ့တာပဲ'

အပြောအဆို ယဉ်ကျေးလာသော လတ်လတ်ကို ထူးမောင် ကျေးဇူးတင်မိလေသည်။ လတ်လတ်သည် ကျောင်းတုန်းကလို မာဆတ်ဆတ်မဟုတ်တော့။ ထူးမောင်ကို အဆောင်ဧည့်ခန်းထဲခေါ်၍ ဣန္ဒြေရရထိုင်ကာ ဧည့်ခံစကား ပြောနေလေပြီ။ လတ်လတ် စကားပြောလျှင် ချွန်ထွက်လာသော နှုတ်ခမ်းလေးများနှင့် ပြုံးလျှင် ခွက်ဝင်သွားသော ပါးချိုင့်လေးများကို ထူးမောင် ငေးကြည့်နေမိလေသည်။

'ပြောလို့မရရင်တော့ လုပ်ပေါ့ လတ်လတ်ရယ်၊ တစ်ခုတော့ ပြောပါရစေ၊ လတ်လတ် ဘာပဲလုပ်လုပ် ကိုယ့်ကို အသိပေးပါနော်'

လတ်လတ်၏ မျက်နှာသည် အနည်းငယ် အရောင်ပြောင်းသွားလေသည်။ ရှက်သွားသည်လား၊ တင်းမာသွားသည်လား၊ အံ့သြသွားသည်လား ခွဲခြား၍မရချေ။

'တစ်ခုတော့ရှိတယ် ကိုထူးမောင်၊ လတ်လတ်ကိုယ် လတ်လတ် ပိုင်ပါတယ်၊ ကိုထူးမောင်ကို မိတ်ဆွေတစ်ယောက်အနေနဲ့ အသိပေးသင့်တာဆိုရင်တော့ အသိပေးပါ့မယ်'

လတ်လတ်၏ မာနက ငုပ်လျှိုးနေရာမှ ခေါင်းထောင်ထလာဟန်ရှိလေသည်။ လက်နှစ်ဘက်ကို ယှက်ကာ ဆုပ်ချည်ဖြေချည် လုပ်နေသော လတ်လတ်၏ လက်ကလေးများမှ အကြောစိမ်းစိမ်းများကို မြင်ရလေ၏။

အခြေအနေသည် နောက်ဆုတ်လိုက်လျှင် အရှုံးဟု ထူးမောင်က မှူဆလိုက်သည်။ ရှေ့တစ်လှမ်းတိုးရန် အားယူမိသည်။



'ကိုယ်က မိတ်ဆွေတစ်ယောက်အနေထက်ပိုပြီး လတ်လတ်ကို ရင်းနှီးချင်တယ်'

အခန်းထောင့်မှ စုံတွဲတစ်တွဲ၏ ခိုးခိုးခစ်ခစ်ရယ်သံကို ကြားလိုက်ရလေ၏။ တကယ်တော့ ထူးမောင်ကို ဧည့်ခန်းထဲခေါ်ခဲ့မိသည့်ကိုက လတ်လတ်အမှား။ အပြင်ဘက် ကော်ရစ်ဒါမှာသာ ဧည့်ခံခဲ့မိလျှင် ထူးမောင် သည်သို့ ပြောဝံ့မည်မဟုတ်။

'လတ်လတ်ကို စိုးမိုးဖို့မကြိုးစားပါနဲ့ ကိုထူးမောင်'

သွယ်ဝိုက်၍ ပြောလာသောစကားကို ကွေ့ကောက်၍ပင် ဖြေရပေမည်။

'စိုးမိုးချင်လို့ မဟုတ်ပါဘူး လတ်လတ်ရယ်၊ စိုးရိမ်တာပါ၊ လတ်လတ်ကို စိုးရိမ်တာ၊ ကိုယ် လတ်လတ်ကို'

'ကိုထူးမောင်'

လတ်လတ်က အလျင်အမြန် စကားကို ဖြတ်ပစ်သည်။ ထူးမောင်သည် နှုတ်ဟလျက်သားက ဆွံ့သွားသည်။ သည်မျှအသည်းကြောင်ရပါမို့လားဟု သူ့ကိုယ်သူ အပြစ်တင်မိလေသည်။

'ရှင်းရှင်းပြောရရင်တော့ ကိုထူးမောင်ကို ကျောင်းတုန်းကလဲ သိပ်ကြည့်မရဘူး၊ ခုလဲ သိပ်ကြည့်မရဘူးရှင်၊ ကျွန်မက ယဉ်ကျေးသမှုနဲ့ လက်ခံစကားပြောနေတာပါ၊ တစ်ဆင့်တက်ဖို့ မကြိုးစားပါနဲ့'

'ပြတ်တောင်းလှချည်လား လတ်လတ်ရယ်'

လတ်လတ်က နေရာမှ ထရပ်လိုက်လေသည်။ ထူးမောင်က လတ်လတ်ကို ကုလားထိုင်တွင် ပြန်ထိုင်ရန် လက်ကို လှမ်းဆွဲသည်။

'အို'

လတ်လတ်က ရှက်ရှက်ဖြင့် ထိုင်ချလိုက်သည်။

'ပြောလက်စနဲ့ ကိုယ်ဆုံးအောင် ပြောချင်တယ်၊ ကိုယ် လတ်လတ်ကို ချစ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဟာလေ အရင်ကလဲ ရိုင်းတာပဲ၊ ခုလဲ ရိုင်းတာပဲ၊ သွား ရှင်ပြန်သွား၊ ကျွန်မဆီ ဘယ်တော့မှ မလာနဲ့'

စုံတွဲအားလုံးက ဝိုင်းကြည့်လေပြီ။ တီးတိုးစကား ဆိုကြလေပြီ။ ထူးမောင် နေရာမှထ၏။ လတ်လတ်က သူ့ထက်ဦးစွာ အခန်းတွင်းမှ ထွက်သွားသည်။ သံဆန်ခါတပ် တံခါးလေးသည် လှုပ်ရမ်း၍ ကျန်ခဲ့၏။ ထူးမောင်က တံခါးရွက်ကို လှမ်းဆွဲကာ အပြင်သို့ထွက်ခဲ့ သည်။

ဒရမ်မောင်သောင်းသည် ခေါင်းလောင်းကို လက်နှစ်ဘက်ဖြင့် စုံကိုင်ကာ နားကွဲမတတ်သော အသံဖြင့် ညှို့သည်များကို နှင်နေလေပြီ။

\+ \+

'ဒီခေတ်မှာ ရည်းစားစကား အပြောခံရတာကို ငိုတယ်ဆိုတာ လတ်လတ်တစ်ယောက်ပဲ မြင်ဖူးသေးတယ်'

ပြောမည်ဆိုလည်း ပြောစရာ။ အလွန် စိတ်မာတတ်မာကျော သော လတ်လတ်က ရည်းစားစကားအပြောခံရ၍ ငိုသည်တဲ့။

'လတ်လတ်ရှက်လို့ မိမိုးရဲ့၊ သူကလေ လတ်လတ်ကို လက်ဆွဲပြီး အတင်းထိုင်ခိုင်းတယ်၊ ပါလာထဲက လူတွေက ကြည့် ကြတာပေါ့'

မြမြမိုးက လတ်လတ် ခုတင်တွင် တင်ပါးလွှဲထိုင်ကာ လတ်လတ်၏ လက်သည်းဆိုးဆေးကိုယူ၍ အကျဆိုးလျက် ရှိလေ သည်။ မြမြမိုးတစ်ယောက်ကိုတော့ သဘောရှိ ခွင့်ပြုထားရသည်။

'အမယ်လေးဟယ် ဒါ ရှက်စရာလား၊ သူများတွေ စာအုပ် ကလေး တစ်အုပ်ကွယ်ပြီးတောင် နမ်းနေကြသေးတာ၊ မမညွှန့်လုပ်ပြ တာ မတွေ့ဘူးလား'



ညှို့ခန်းထဲတွင် ကျောင်းသူများ အနေအထိုင်ဆင်ခြင်ဖို့ အဆောင်မှူးက ဩဝါဒပေးဖူးလေသည်။

'ပြီးတော့ သူက ခုကတည်းက စီးစီးပိုးပိုးကြီး၊ သိလား၊ လတ်လတ် သီချင်းဆိုမှာကို မဆိုစေချင်ဘူးတဲ့၊ ဘာမဆို သူ့ကို အသိပေးပြီးမှ လုပ်ပါတဲ့၊ ဟွန်း ကြီးကျယ်လိုက်တာ'

လတ်လတ်က မြမြမိုး၏ လက်သည်းများကို ဆေးခြောက် သွားရန် ဝိုင်းမှုတ်ပေးရင်း ပြောလိုက်သည်။ သည်နှစ်တော့ သူတို့ အခန်းက လေးယောက်ခန်းမို့ လူနည်းသွားသည်။ သူတို့ ခုတင် နှစ်လုံးကို ယှဉ်လျက်သားချထားကြသည်။

'ဒါကတော့ စိုးရိမ်လို့ပြောတာနေမှာပေါ့ဟယ်'

'သူစိုးရိမ်တာကလဲ နေရာတကာပါဟယ်၊ တော်ကြာ အလှ မပြင်ရဘူး ဘာဘူးတောင် ချုပ်ချယ်ချင် ချုပ်ချယ်နေမှာ၊ ပြီးတော့လဲ သူ လတ်လတ်ကို ချစ်တယ်ဆိုတာ လတ်လတ် မာနကြီးမှန်းသိလို့ ချီးတာလား မသိဘူး'

'ဒီမှာ လတ်လတ်'

မြမြမိုးက နေရာမှ ထလိုက်သည်။ လတ်လတ်ကို စေ့စေ့ ကြည့်သည်။

'လတ်လတ်ပါးစပ်က ဘာတွေပဲ ပြောနေနေ၊ လတ်လတ် စိတ်ထဲက သူ့ကိုချစ်နေပြီ၊ အဲဒါ မြမြမှတ်'

သည်ညအဖို့တော့ လတ်လတ် အိပ်ရေးပျက်ရချေပြီ။

လတ်လတ်စိတ်ကို လတ်လတ်ထက် ပိုသိနေသူတွေ ရှိနေပါ သား။ ဒွေးစုမာကလည်း လတ်လတ်ကို တစ်မျိုးတစ်မည် စွပ်စွဲဖူး သည်။ ယခု မြမြမိုးကလည်း လတ်လတ် ထူးမောင်ကို ချစ်နေပြီ ဟု ဆိုသည်။ လတ်လတ်ကိုယ့်ကိုကိုယ်လည်း ဆန်းစစ်ကြည့်သည်။ ဆန်းလေစွတကား။ အချစ်ဆိုသောအရာသည် မည်သည့်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



စတင် ပေါက်ဖွားလာပါသလဲ။ အသည်းနှလုံးကလား၊ ရင်ထဲကလား၊ ဦးနှောက်ကလား။ ဘယ်အချိန် ဘယ်နေရာကစပြီး ထူးမောင်ကို ချစ်မိပါလိမ့်။ ဘဲဥ အစရှာမရသလို ဖြစ်နေလေသည်။ လူ့ခန္ဓာကိုယ်တွင်းမှ အချစ်၏ မူလဘူတ၊ အရင်းအမြစ်၊ စတင်ပေါက်ဖွားရာနေရာကို ခွဲစိတ်ရှာဖွေကြည့်၍ရလျှင် ကောင်းလေစွ။ သိပ္ပံပညာရှင်များနှင့် အချစ်သုတေသီများ ပူးပေါင်း၍ ရှာဖွေသင့်လှပေသည်။

လတ်လတ်တစ်ယောက် အိပ်မပျော်တော့ပေ။ ကျောင်းနေစဉ်က အကြောင်းတွေကို ပြန်လည်တွေးတောမိ၏။ ယခင်က စိတ်ဆိုးစရာ ဒေါသဖြစ်စရာ အဖြစ်အပျက်ကလေးများကို ရယ်မောပျော်ရွှင်ဖွယ်ရာ အဖြစ် ပြန်မြင်ရလေသည်။ သည်သို့သာဆိုလျှင်ဖြင့် ယခင်က မုန်းခဲ့သူသည်ကော ယခုချစ်သူမဖြစ်နိုင်ပေဘူးလား။ အဖြေကို ရလုနီးနီး ဖြစ်သွားလေ၏။

လတ်လတ် မျက်စိနှစ်လုံးဖွင့်ချိန်တွင် အခန်းထဲမှ ကျောင်းသူများပင် အလုပြင်နေကြလေပြီ။ ဒီနေ့ တနင်္ဂနွေနေ့ပေပဲ။ သီသီစိုးနှင့် ကြူကြူတို့တော့ အတွဲကိုယ်စီနှင့်ထွက်ရန် မှန်နံ့သာ သနေကြပြီ။ မြမြမိုးသည်ပင် ထမင်းစားရာမှ ပြန်လာချေပြီ။

'နိုးပြီလား စုဖုရားလတ်၊ မဖုရားအတွက် ထမင်းလဲ သယ်ခဲ့ပါတယ်နော်၊ တကတည်း တစ်ညလုံး ဘာတွေများစဉ်းစားနေလဲ မသိဘူး၊ တလူးလူး တလိမ့်လိမ့်နဲ့ တော်တော်နဲ့ကို မအိပ်ဘူး'

မြမြမိုးက လတ်လတ်ခြင်ထောင်ကို အသာမတင်ပေးရင်း ပြောလိုက်သည်။ လတ်လတ်သည် မြမြမိုးကို ဆွဲ၍ထိုင်စေကာ အိပ်ချင်မပြေသေးဟန်ဖြင့် ခေါင်းဖြင့် တိုးဝှေ့လိုက်သည်။

'အမယ် ချွဲမနေပါနဲ့၊ ဘယ်သူများမှတ်နေလဲ၊ အင်း နောက် ဆိုရင်တော့ တစ်ခန်းလုံး အတွဲကိုယ်စီနဲ့ထွက်ကြလို့ မိမိုးတစ်ယောက် တည်း ကျန်ခဲ့မှာ မြင်ယောင်ပါသေးတယ်'



'တကယ်လားဟေ့'

ကြူကြူက နှုတ်ခမ်းနီဆိုးရင်းမှ လှမ်းမေးလေသည်။

'စောင့်သာကြည့်တော့ ကြူကြူရေ၊ မုန်းတယ် မုန်းတယ်နဲ့ ခုတော့ ကောက်ကောက်ပါတော့မှာ၊ မိမိုးတို့တော့ သူငယ်ချင်းတစ်ယောက် လက်တွဲပြုတ်လို့ ရုပ်ရှင်တောင် ဘယ်သူနဲ့ကြည့်ရပါ့'

'အင် မိမိုးကလဲ၊ မိမိုးပါလိုက်ခဲ့ပေါ့၊ ခေါ်သွားမှာပေါ့'

'ဟော တွေ့လား၊ မချစ်ဘူးလို့ မငြင်းတော့ဘူး'

လတ်လတ်သည် မြမြမိုး၏ခါးကို ခပ်တင်းတင်းလေးပင် ဖက်ထားလေသည်။

'မိမိုးက ပြည်က တောင်ပေါ်လက်ဖက်ကို ကြိုက်တယ်ဆို၊ လတ်လတ်က ပြည်မှာလဲ မနေတော့ဘူးဆိုတော့ မိမိုးလက်ဖက်စားရအောင် ကြံရတာပေါ့ မိမိုးရယ်'

'သွားစမ်းပါ စကားတတ်၊ အဲဒီမှ့က စကားလဲတတ်တယ်၊ စွာလဲစွာတယ်၊ မချစ်ဘူးလို့လဲ ညာတတ်တယ်'

မြမြမိုးက လတ်လတ်၏မှဲ့လေးကို ဆွဲဆိတ်ရင်း ပြောလိုက်သည်။

'နာတယ်မိမိုးရယ်၊ သူနဲ့တိုင်ပြောမယ်'

ယခုတော့ မြမြမိုးသည် လတ်လတ်၏ ကျောပြင်ကို ခပ်နာနာလေး ထုချေပြီတည်း။

\+ \+ \+

လာပါနှင့်ဟု ဆိုလိုက်ပြီးခါမှ မလာပြန်တော့လည်း မျှော်မိပြန်သည်။ မိန်းကလေးတို့၏ သိရခက်သောစိတ်ပေပဲ။ လတ်လတ် တစ်ယောက် သူငယ်ချင်းများနှင့် အပြင်ထွက်ရသည့်တိုင်ပင် စိတ်က

www.burmeseclassic.com



မဖြောင့်ချင်၊ ပြန်ရောက်ရောက်ချင်း မောင်သောင်းကို 'ညွှေ့သည်လာသေးလားဟင်'ဟု မေးတတ်သည်။ မောင်သောင်းသည် ပြုံးလျက်က ခေါင်းခါပြ၏။ ညွှေ့သည်ဆိုသည်မှာ မည်သူ့ကို ရည်ရွယ်မှန်း သူသိ၏။

မောင်သောင်းသည် သူ့နေရာတွင်တော့ သူ့လုပ်ငန်းကို ကောင်းစွာ ကျွမ်းကျင်နေပြီ။ ဘယ်သူသည် ဘယ်မိန်းကလေးဆီ လာမှန်း သူ မှတ်မိနေပြီ။ အစ်ကိုတော်သည်၊ ဦးလေးတော်သည်၊ သူငယ်ချင်းသာ ဖြစ်သည်တို့ကိုလည်း သူ ခွဲခြားသိ၏။ သူတို့က တော့ ပြေလည်နေပြီ။ သူတို့ကတော့ ခုမှ စခါရှိသေးသည်။ သူကတော့ မျှော်လင့်ချက်ရှိသည်။ သူ့အဖို့တော့ ချောင်းပေါက်အောင် လာနေလို့လည်း အပိုပဲဟု အခြေအနေ အရပ်ရပ်ကိုလည်း သူ နားလည်၏။

မောင်သောင်းတို့ နားလည်မှုက လွန်သွားသည်။ လတ်လတ်၏ အခန်းတံခါးကို ခပ်သာသာထုရင်း 'ဆရာမရေ ဆရာမမျှော်နေတဲ့ ညွှေ့သည်တော့လာပြီ'ဟု အော်လေသည်။ အခန်းထဲတွင် သူငယ်ချင်းများ စုံနိုက်မို့ လတ်လတ် ရှက်သွားသည်။

'နင်ကလဲ ငါ ဘယ်သူ့ကိုမျှော်လို့လဲ'

'ဟို အသားညိုညို အရပ်မြင့်မြင့် ဆိုက်ကယ်ကြီးနဲ့ အစ်ကိုလေ'

အခန်းထဲမှ မိန်းကလေးများက ရယ်ကြသည်။

'သွား လာခဲ့မယ်လို့ ပြောလိုက်'

ယခုတော့ လတ်လတ် မရှက်နိုင်တော့။ သူငယ်ချင်းများ ဝိုင်းကြည့်နေသည့်ကြားမှပင် အင်္ကျီကိုလဲ၏။ လုံချည်ကို ဗီရိုထဲမှ ထုတ်သည်။ မျက်နှာကို ပေါင်ဒါဖြည့်သည်။ ဆံပင်ကိုမူ သပ်ရပ်အောင် တစ်ချက်နှစ်ချက် ဖြီးလိုက်ကာ ဖားလျားပင်ချ၏။ တစ်ယောက်တစ် ပေါက် ဝိုင်းပြောနေသောအသံများကို မကြားဟန်ပြုကာထွက်ခဲ့သည်။



အဆောင်ရှေ့တွင် မောင်သောင်းတစ်ယောက် ယောင်ချာချာ ဖြစ်နေလေသည်။

'ဘယ်မှာလဲ မောင်သောင်း၊ ပါလာထဲမှာလား'

မောင်သောင်းက ခေါင်းကိုကုတ်လိုက်လေသည်။ လတ်လတ်၏ မျက်နှာလည်း ညိုလေပြီ။

'ခုန အဆောင်ရှေ့မှာ သေသေချာချာတွေ့တာပဲ၊ သူ အထဲ ဝင်လာမှာပဲဆိုပြီး ကျွန်တော်က ဆရာမကို လာခေါ်ထားနှင့်တာ၊ ဘယ်ရောက်သွားတယ် မသိဘူးဗျာ'

'သူဟာသူ ဖြတ်သွားတာဖြစ်မှာပေါ့ မောင်သောင်းရယ်၊ နင် ထွက်လိုက်မှဖြင့် အရမ်းချည်းပဲ'

မောင်သောင်းမှာ မျက်နှာမရဘဲ လတ်လတ်ကို တောင်းပန်ရ လေပြီ။ လတ်လတ်တို့ကို ချောင်းကြည့်ရန် တိတ်တဆိတ် လိုက် လာသော သူငယ်ချင်းများလည်း အချင်းချင်းလက်တို့ကာ ပြန်ပြေး လေပြီ။ လတ်လတ် အခန်းထဲ ပြန်ရောက်တော့ တစ်ယောက်မျှ မရှိ။ တံခါးကို ဝုန်းခနဲပိတ်လိုက်သည်။ ခုတင်ခြေရင်းတွင် ချွတ်ပုံ ထားခဲ့သော လုံချည်ကို အခန်းထောင့်သို့ ကန်ထုတ်လိုက်သည်။

'နင်ဟာလေ ကျောင်းတုန်းကလိုပဲ ငါ့ကို အရှက်ကွဲအောင် လုပ်တုန်းပါပဲလား ထူးမောင်ရယ်'

\+ \+ \+

အင်းလျား၏ ညနေခင်းသည် လန်းဆန်းလျက်။ မိုးသားကင်းသည် ကောင်းကင်၌ တိမ်တို့သည် တောက်ပနေသည်။ ပန်းရောင်နှင့်ခရမ်းရောင် သော သက်တန့်ရောင်စုံသည် ကျောင်းသူတစ်စု၏ နုပျိုတောက်ဆတ် သည့် မျက်နှာများကို အလှဖြည့်ပေးနေလေသည်။

www.burmeseclassic.com



မြမြမိုးတို့ ကြူကြူတို့ ခေါ်လွှန်း၍သာ လိုက်လာရသည်။ လတ်လတ်၏ မျက်နှာလေးမှာ ငယ်လျက်။ အင်းလျားတစ်ပတ် လှေစီးရန်ကြံခဲ့ကြသည်မှာ ကြာပြီ။ ယနေ့တော့ အားလုံးက ညီညီညာညာ ဆုံးဖြတ်ကြသည်မို့ လတ်လတ် တစ်ယောက်တည်း မနေသာ တော့။ သူမို့ မလိုက်လျှင်လည်း ရည်းစားပူမိနေသည်ဟု နဂိုကမှ ငြောချင်ချင်နှင့် ပြောဦးမည်။ စိတ်ကလည်း ခပ်ထွေထွေမို့ ရှေ ကြောက်လှသည့်တိုင် လှေပေါ်တော့ ရောက်နေပြီ။ တကယ်တော့ ကြူကြူမှလွဲလျှင် တစ်ယောက်မျှ ရေမကူးတတ်ကြ။ ပြီးတော့လည်း ကဲလိုက်ကြသည်မှာ မပြောနှင့်။ လှေလှော်သမားကို မခေါ်ဘဲ ကြူကြူနှင့် သီသီစိုးက လုတတ်လုပ်ကာ လှော်ကြသည်။

'အဝေးကြီးတော့ မသွားနဲ့နော်'

ရေထဲမှာတော့ လတ်လတ် သတ္တိမကောင်းဝံ့။ ပြည်နှင့် ပန်းတောင်းကို ကူးရသည့် ဆယ်မိနစ်မျှအချိန်ကိုပင် သမ္ဗုဒ္ဓေ ငါး ခေါက်ထက်မနည်း နေ့စဉ်ရွတ်ခဲ့သည့်လတ်လတ်။ သီသီစိုးကတော့ ပြောမရ၊ ရေလယ်ကိုရောက်အောင် လှော်လေသည်။ သို့သော် သူတို့ လှေသည် ရှေ့လည်းမတိုး နောက်လည်းမဆုတ်ဘဲ တစ်နေရာ တည်းတွင် ချာလည်လှည့်နေလေသည်။

'ကဲ ကမ်းဘက်ကို ပြန်လှော်ပါတော့ ဟယ်၊ ငါကြောက်လှပြီ'

လတ်လတ်၏ မျက်နှာကား ဆီးရွက်ခန့်သာရှိတော့လေသည်။ သီသီစိုးကတော့ မကြောက်မရွံ့၊ လှေဘယ်မှမသွားဘဲ ချာလည်လည် နေသည်ကိုပင် သဘောအကျကြီးကျကာ ရယ်နေလေသည်။

'ကြောက်တယ် ကြောက်တယ် ကမ်းဘက်ကို ပြန်လှော်စမ်းပါ၊ ကမ်းပေါ်က လှေသမားကို အော်ခေါ်လိုက်တော့မယ်'



လတ်လတ်တို့ ကြောက်ပြီဆိုတော့လည်း ကျေနပ်လှသည်။ လတ်လတ်တို့အဖြစ်ကို ရိပ်မိ၍ ထင်၏။ လှေတစ်စင်းသည် လတ်လတ် တို့အနားကို ရွေ့လျားလာလေသည်။

'ဟော မဏိမောင်ခလာကြီး ရောက်လာပါပြီ'

သူက ထူးမောင်။ မျှော်ပြန်တော့လည်း ပေါ်မလာ၊ မမျှော်ဘဲ နှင့် ရောက်လာသော ထူးမောင်ကို လတ်လတ် အားကိုးတကြီး ကြည့်မိ၏။ ထူးမောင်က လတ်လတ်တို့လှေကို ကူးလာသည်။ သူ့ လှေကို လှေပေါ်တွင် ပါလာသော ကောင်လေးတစ်ယောက်က ပြန် လှော်သွားသည်။

'ကိုထူးမောင်ကလဲ ကျွန်မတို့ဒုက္ခရောက်ရင် ဘယ်ကဘယ်လို ရောက်ရောက်လာမှန်း မသိဘူး၊ တကယ်အံ့သြဖို့ကောင်းတယ်'

မြမြမိုး၏စကားကို ထူးမောင်က ပြုံး၍ တုံ့ပြန်သည်။

'အမြဲတမ်း အရိပ်ကြည့်နေတဲ့သူပဲဗျာ'

'ကိုထူးမောင် အဆောင်ကိုမလာတာကြာပြီနော်၊ အဲဆောင် ရှေ့ကတော့ ဖြတ်တယ်ထင်ပါရဲ့'

အင်းလျားရှေ့မှ အဖြစ်အပျက်လေးကို သတိရကာ သူတို့ ပြုံးကြသည်။ လတ်လတ်ကတော့ ရှက်ရှက်နှင့်မို့ မျက်နှာကို တည်ထား ရသည်။

'ကျွန်တော် အင်းလျားရှေ့က နေ့တိုင်းဖြတ်ပါတယ်ဗျာ၊ မဝင်ရဲလို့ မဝင်တာပါ'

'ဒီနေ့ကစပြီး ဝင်ပေါ့ရှင်'

လတ်လတ်သည် မြမြမိုး၏ ပေါင်ကို ဆွဲဆိတ်လေသည်။ မိန်းကလေးတို့၏ မုဆိုးမာယာသာပဲ။ တကယ်တော့ အလိုက်သိ သော သူငယ်ချင်းကို လတ်လတ် ကျေးဇူးတင်မိရ၏။ မိန်းမတို့၏ သဘာဝက ချစ်ရသူကို မျှော်ရမည်ဟု ရှေးပဝေသဏီကပင် ဆိုခဲ့ကြပြီ

www.burmeseclassic.com



မဟုတ်လား။ ဟောင်းနွမ်းလှသော ဓလေ့ကို လတ်လတ်တို့ မလွန်ဆန်ရဲကြ။ သူ့ဆွတ်မှ ကိုယ်တိမ်း၊ သူယိမ်းမှ ကိုယ်ပါရသည့်ဘဝ။ မိန်းမတို့၏အချစ်ကို သိုသိုဝှက်ဝှက် ထားရမည်ဟု ဘာကြောင့်များ ပညတ်ခဲ့ပါလိမ့်။

မြမြမိုးသည် လတ်လတ်တို့နှစ်ယောက်ကို အင်းလျားမှာပင် ထားခဲ့လေသည်။

'ဘာဖြစ်လို့ ရေမကူးတတ်ဘဲ လှေစီးရသလဲ လတ်လတ်ရယ်'

ထူးမောင်သည် လှေပေါ်မှအဆင်းတွင် ဖေးကူဟန်ဖြင့် ကိုင်ထားသော လတ်လတ်၏လက်ကို ယခုထိ မလွှတ်။ မြက်ခင်းစပ်တွင် ထိုင်ခိုင်းတော့လည်း လက်တစ်ဘက်က လတ်လတ်ကို မလွှတ်သေး။ ယခုတော့ လတ်လတ်သည် အဆိပ်မရှိသည့် ရေမြွေမလေး။

'သူတို့က အတင်းခေါ်တာကို'

'ကိုယ် အင်းလျားကို နေ့တိုင်းရောက်တယ် လတ်လတ်၊ ကျောင်းဆင်းတိုင်း ရောက်ပါတယ် လတ်လတ်ရယ်၊ လတ်လတ်က မလာနဲ့ဆိုလို့ မလာတာပါ၊ ဒီနေ့ လတ်လတ်တို့ အင်းလျားကိုဝင်လာကတည်းက ကိုယ်ကြည့်နေတာ၊ လတ်လတ်မျက်နှာ သိပ်ညှိုးနေတာလဲ တွေ့ရတယ်၊ ကိုယ်ထင်တယ်လေ လတ်လတ်လဲ ကိုယ့်လိုပဲ ခံစားနေရတယ်လို့'

'အမယ် လိပ်မျိုး'

ယခုတော့ လတ်လတ်၏ နှုတ်ခမ်းလေးသည် ချွန်ထွက်မလာတော့။ ပါးချိုင့်လေးနှစ်ခုသာ ခွက်ဝင်သွားလေသည်။

\+ \+ \+

၇

ယခုတော့လည်း လတ်လတ်တို့ ချစ်တတ်လိုက်သည်မှာ မပြောနှင့်တော့။ သူ့အလျင်က ရည်းစားထားသူများပင် သူ့လောက် မသည်းကြ။ လတ်လတ်မှာတော့ ပိုလွန်းသည်ဟုဆိုရမည်။ ထူးမောင်သည်သာ လတ်လတ်၏ အားထားရာ။ ထူးမောင်သည်သာ လတ်လတ်၏ အတွေး။

အမြတ်တနိုး ထိန်းသိမ်းပြီး တသသမွေးခဲ့ရသည့် လက်သည်းရှည်ရှည်လေးများကိုပင် နှမြောတွန့်တိုခြင်းမရှိ ဖြတ်ပစ်ရသည်ဆိုတော့ လတ်လတ်၏ လိုက်လျောမှုကို မှန်းဆ၍ရနိုင်၏။ လက်သည်းအောက်တွင် လုံလုံခြုံခြုံနေခဲ့ရသော အသားနုနုလေးများသည် ထိလိုက်တိုင်း ကျိန်းစပ်၍နေလေသည်။ အချစ်သည် မာနတံခွန်ကို ချိုးပစ်နိုင်လေ၏တကား။

အနုပညာအသင်းကို လတ်လတ် မှန်မှန်သွားသော်လည်း အပြင်ဝိုင်းများတွင် သီချင်းဆိုရန် မကြိုးစားတော့ပါဟု လတ်လတ် သတိပေးမိလေပြီ။ လတ်လတ်ဖြစ်ချင်သော အဆိုတော်နှင့် ရုပ်ရှင်

www.burmeseclassic.com



မင်းသမီးဘဝကို စိတ်ကူးထဲမှ ထုတ်ပစ်လိုက်ပြီ။ မောင်ကမှ မလုပ်စေချင်ပဲလေ။ ပြီးတော့လည်း ကျောင်းသွားရာတွင် တောက်ပြောင်ဆန်းသစ်သော အဆင်အပြင်ထက် မေးမိုန်ကျနွေ့ရသော ဝတ်စားဆင်ယင်မှုကို ပြောင်းလဲခဲ့ပြီ။ မောင်က သည်လိုမှ ကြိုက်သတဲ့လေ။

အင်းလျား၏ ညှော်ခန်းသည်လည်းကောင်း၊ ကံ့ကော်ရိပ်အောက်မှ ခုံတန်းလျားလေးများသည်လည်းကောင်း မောင်နှင့် လတ်လတ်တို့၏ အချစ်ရိပ်သာလေးများ ဖြစ်လာရလေသည်။ ထူးမောင်သည် ကျောင်းကပြန်လာတိုင်း လတ်လတ်ဆီကို မှန်မှန်ဝင်၏။ အင်းလျား၏ ဆင်ဝင်အောက်မှနေ၍ ရေမိုးချိုး အလှပြင်နေသော လတ်လတ်ကို စောင့်၏။ ပြီးလျှင် သူတို့နှစ်ယောက် စကားပြောဖို့ နေရာရွေးကြသည်။ ဤသည်မှာ နိစ္စဓူဝအလုပ်။ ယခုတော့ လတ်လတ်သည် ထမင်းငတ်မှာ မကြောက်တော့ချေ။ ညှော်သည်ချိန် ကုန်သည့်တိုင် မောင့်ကို ကားမှတ်တိုင်အထိ လိုက်ပို့ပေးလိုက်သေးသည်။ လတ်လတ် ပြန်လာချိန်တွင် အဆောင်တံခါးမကြီးသည် ပိတ်၍နေပြီ။ ဆေးမှ လူဝင်ပေါက်ကလေးကိုပင် ဒရဝမ်ကြီးက သော့ခတ်ရန် စိတ်မရှည်စွာ စောင့်၍နေပြီ။ အဆောင်အတွင်း သံတံခါးကြီးကိုပင် လတ်လတ် ဝင်ပြီးသည်နှင့် ဟောလ်ကျူတာ မမစန်းက သော့ခတ်လေပြီ။

ထမင်းစားခန်းတွင် ဇွန်းပန်းကန်များကို ဆေးကြောသန့်စင်ကာ မှောက်ထားပြီးလေပြီ။ ထမင်းစားပွဲ အသီးသီးတွင် ကျောင်းသူများ နေရာယူကာ အမည်စာရင်းခေါ်သည်ကို ထူးရန် စောင့်နေကြပေပြီ။

တစ်ခါကမူ အမည်မဖော်သော်လည်း လတ်လတ်ကို ရည်ရွယ်၍ အဆောင်မှူးက ကျောင်းသူအများကို ဩဝါဒပေးရာတွင် ထည့်သွင်းပြောသွားသေးသည်။

'မိန်းကလေးတွေရဲ့ ညှော်သည် မောင်ဖားတွေဟာ သူငယ်နှပ်စေလေးတွေ မဟုတ်တော့ပါဘူး၊ သူတို့ လိုရာခရီးကို သူတို့ဘာသာ



ပြန်တတ်ပါတယ်၊ ခုတော့ တကတည်း မှောင်နဲ့ မည်းမည်းမှာ လိုက်ပို့လို လိုက်ပို့ရနဲ့'

သည်တော့လည်း လတ်လတ် ခေါင်းကို ငုံ့ထားမိပါ၏။ ပြောပါတော့ မမညွှန့်။ မိန်းကလေးများချစ်လျှင် သည်းတတ်သည်ကို မတောင်ထောင်ကို အုပ်ချုပ်နေရသော မမတို့သည် အပျိုကြီးများပေမင့်လည်း သိကြမည်သာ။ ကရုဏာဒေါသောဖြင့် ပြောသည်ကို ရှက်ရွံ့စိတ်ဖြင့် နားထောင်မိသည်။ သို့သော် အနည်းဆုံး အင်းဝလမ်းထိပ်အထိ၊ အချိန်မရလျှင် တံခါးဝအထိတော့ လိုက်ပို့ချင်ပါသေး၏။

မှောင်ရိပ်ကျသော ညှော်ခန်းထောင့်တွင် စာအုပ်ကွယ်ကာ နမ်းတတ်သည်ဆိုသော အတွဲများကို အံ့သြခဲ့သည့် လတ်လတ်သည် ယခုတော့ လက်ဝါးလေး တစ်ဘက်ကိုပင် လုံခြုံသည်ဟု ထင်မိလေသည်တကား။

'နင့်ဟာကလဲ မုန်းတုန်းကတော့လဲ တူးတူးခါးခါး၊ ချစ်ပြန်တော့လဲ အရူးအမူး အလွန်အကြူးချည်းပဲ၊ အလယ် အလတ်လေး ကျင့်စမ်းပါဦး လတ်လတ်ရယ်'

အင်းလျားဆောင်၏ အတွင်းမြက်ခင်းပြင်မှာ သဘော်မဲဇလီပင်ကြီးသည် အပွင့်ဝါဝါများကို တဖြုတ်ဖြုတ်ခြွေချနေလေပြီ။ လတ်လတ်က ပန်းပွင့်ဝါဝါလေးများကို စုစည်းကာ မြေပေါ်တွင် စာလုံးဖော်ရေးသည်။ 'မောင့်ကိုချစ်တယ်'။

'လတ်လတ် သူ့ကို သိပ်ချစ်တယ် မိမိုးရယ်၊ သူနဲ့အတူတူ သွားလာနေတော့လဲ သူ့အပြုအမူအားလုံးဟာ ချစ်စရာ အထင်ကြီးစရာတွေချည်းပဲ၊ ပြီးတော့လေ လတ်လတ် မောင့်ကို သနားတယ်'

'ရော ဘာဖြစ်လို့ သနားရပြန်တာလဲ'

ခေါင်းလျှော်ပြီးစဖြစ်၍ လတ်လတ်ဆံပင်များသည် ပခုံးကိုကျော်ကာ ဖားလျားကျ၍နေကြလေသည်။ မျက်နှာကို အလှခြယ်

www.burmeseclassic.com

www.burmeseclassic.com



မထား၍ သဘာဝအသွင်ဖြင့် တစ်မျိုးကြည့်ကောင်းနေသည်။ လည်ဟိုက် ဘလောက်စ်အင်္ကျီလေးအောက်မှ ရင်သားမို့မို့ကို ဝင်းဝင်းစိုစို တွေ့ရလေ၏။ လတ်လတ်၏ လည်တိုင်တွင် ရွှေနန်းကြိုးသေးသေးလေးနှင့် အသည်းပုံ ပုလဲဆွဲပြားလေးကို တွေ့ရသည်။ 'မောင်ပေးတာ' ဟု လတ်လတ်ပြောဖူးခဲ့ပြီ။

'မောင်ကလေ ငွေကြေးတော့ မပူပင်ရပါဘူး၊ ဒါပေမယ့် မောင့်ဘဝက သနားဖို့ကောင်းတယ်၊ မောင့်မေမေက ငယ်ငယ်ကတည်းက သေသွားတာတဲ့၊ ခုနေရတာ မိထွေးနဲ့တဲ့၊ မောင်က တစ်ဦးတည်းသော သားပဲ၊ ဒါပေမယ့် နောက်မိထွေးနဲ့ သားတစ်ယောက် သမီးတစ်ယောက် ရှိသေးတယ်'

'အဆင်မပြေကြလို့လား'

လတ်လတ်က အဆောင်ရှေ့ကို လှမ်း၍ကြည့်လိုက်ပြီးမှ ဆက်ပြောသည်။ တနင်္ဂနွေဆိုတော့ မောင် စောစောလာမည်လေ။

'သိပ်တော့ မပြေလှဘူးပေါ့ကွယ်၊ မောင့်ဖေဖေက မောင့်ကို ခပ်မြန်မြန် အောင်တဲ့ ဝိဇ္ဇာသိပ္ပံ ရိုးရိုးကိုပဲ တက်စေချင်တာ၊ အောင်ပြီးရင် ပွဲရုံမှာ ဦးစီးခိုင်းမယ်ပေါ့၊ ဒါပေမယ့် မိထွေးက သိပ်မလိုဘူးတဲ့၊ ဒါကြောင့် အင်ဂျင်နီယာဘွဲ့ကို အတင်းယူခိုင်းတာတဲ့'

'သွေးစိမ်းရင် အမြင်စိမ်းတတ်ကြတယ်လေ၊ သူ့ကို တကယ် ထူးချွန်စေချင်လို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့'

လတ်လတ်သည် ဆင်ဝင်အောက်သို့ ရောက်လာသော ထူးမောင်ကို လှမ်း၍မြင်လေသည်။ လတ်လတ်တို့ အောက်ထပ် ပြောင်းလာရပြီးမှ ထူးမောင်လာလျှင် လတ်လတ်ကို အထူးတလည် ခေါ်ခိုင်း မနေရတော့။ ဆင်ဝင်အဝမှ မြက်ခင်းပြင်ဘက်ကို ထွက်၍



လှုလုံးပြ လိုက်သည်နှင့် လတ်လတ်တစ်ယောက် အပြေးရောက်သွားသည်သာ။

ပြေးထွက်သွားသော လတ်လတ်၏ကျောကို ငေးရင်း မြမြမိုးရင်မောမိသည်။ ယောကျ်ားလေးတစ်ယောက်ကို လတ်လတ် သည်မျှ အရူးအမူး မချစ်စေချင်သေးပေ။

\+ + +

'ရုပ်ရှင်တွေလဲ ကြည့်စရာကုန်ပြီ၊ အင်းလျားမှာလဲ ခြေရာချင်းထပ်နေပြီ၊ ကုံးကော်ပင်အောက်မှာလဲ မထိုင်ဖူးတဲ့နေရာ မရှိတော့ဘူး၊ ဘယ်သွားကြမလဲ မောင်ရယ်၊ လတ်လတ်တို့ တစ်နေရာရာ သွားကြရအောင်'

လတ်လတ်က ထူးမောင်၏လက်မောင်းကို မှီတွယ်ရင်း ခပ်နွဲ့နွဲ့လေး ပြောသည်။ ထူးမောင်၏အရပ်သည် လတ်လတ်ထက် ခေါင်းတစ်လုံး ပိုမြင့်၍နေလေသည်။ အသားညိုသော်လည်း ထူးမောင်၏ မျက်နှာက ယောကျ်ားဆန်သည်။ မျက်ခုံးထူသည်။ နှာတံမပေါ်လှသည့်တိုင် နှုတ်ခမ်းက အနောက်တိုင်းရုပ်ရှင်မင်းသားများလို ကျယ်ဝန်းမိုရိုသည်။ တစ်ခါတစ်ရံ ဘုကန့်လန့်ပြောတတ်သည်ကပင် ယခုအချိန်တွင် လတ်လတ်အတွက် ယောကျ်ားပီသသည်ဟု ထင်စဖွယ် ဖြစ်နေလေသည်။

'လတ်လတ်ကို မောင်က တွေ့ကရာ ချောင်ကြိုချောင်ကြားလဲ ခေါ်မသွားချင်ဘူး၊ ခုခေတ်က မိန်းကလေးတစ်ယောက်ကိုမြင်ရင် ကြည့်တာကိုက တစ်မျိုး၊ မလေးစားချင်ဘူး၊ ဒါကြောင့် မောင်က လတ်လတ်ကို လူမြင်သူမြင်နေရာတွေကိုပဲ ခေါ်တာပေါ့

www.burmeseclassic.com

www.burmeseclassic.com



သည်လိုတော့လည်း မောင့်ကို လေးစားစိတ်က ပိုရပြန်သည်။

'ဒီလိုဆို မောင်နေတဲ့ မောင်တို့အဒေါ်အိမ်ကို သွားမယ်လေ၊ မောင်က မောင်နေတဲ့အိမ်ကို တစ်ခါမှလဲ အလည်မခေါ်ဘူး၊ ဘာလဲ လတ်လတ်ကို မောင့်အဒေါ်က သဘောမကျမှာစိုးလို့လား'

လတ်လတ်သည် ထူးမောင်၏ ခိုင်ခိုင်မာမာရှိသော လက်မောင်းအိုးများကို လှုပ်ယမ်း၍ ပြောလိုက်သည်။ အင်းလျားလမ်းမှ ပုဂံလမ်း၊ ပုဂံလမ်းမှ အင်းဝလမ်း၊ ထိုမှ ဂျဒ်ဆင်ကိုပတ်၍ သီရိဆောင်ရှေ့ ပြည်လမ်းမှထွက်ကာ စီးပွားရေးတက္ကသိုလ်ရှေ့မှ ပြန်ဝင်သည်။ လတ်လတ်တို့ ဦးတည့်ရာ လျှောက်နေကြသည်မှာ တက္ကသိုလ်နယ်မြေ၏ မြေပုံကြမ်းတစ်ခုပင် ရလောက်ပြီ။

လတ်လတ်၏ ချစ်စဖွယ် နှုတ်ခမ်းချွန်လေးကို ထူးမောင်က ငုံ့ကြည့်၏။

'လတ်လတ်ကို သဘောမကျမှာစိုးလို့ မဟုတ်ပါဘူး၊ မောင်ကိုယ်တိုင်ကလဲ အိမ်ကို သိပ်မခင်လို့၊ ကိုယ့်အိမ်မှ မဟုတ်ဘဲ လတ်လတ်ရယ်'

လတ်လတ်က စကားပွင့်ကြွေလေးများကိုလိုက်ကောက်နေ၍ ထူးမောင်က စောင့်ကြည့်ရင်း ငေးနေသည်။ လတ်လတ်လက်ထဲမှ ပန်းကိုယူကာ ဖားလျားချထားသော ဆံပင်ကြားတွင် ဆံညှပ်ဖြင့် တွယ်ပေးလိုက်သည်။ ပြီးတော့ 'အရူးမ'ဟု တိုးတိုးရွတ်သည်။

'ဒါဖြင့်လဲ အဆောင်မှာနေပါလား မောင်၊ ဘာလို့ အဆောင် မနေသလဲ'

'မမကြည်က အဆောင်မှာ အစားဆင်းရဲမှာစိုးလို့တဲ့၊ ပြီးတော့ အဆောင်မှာဆိုရင် စာလဲကျက်မှာမဟုတ်ဘူး၊ ဆိုးနေ ပေနေမှာတဲ့၊ မောင်ကလဲ ဆိုးတယ်မဟုတ်လား'

မမကြည်ဆိုသည်က ထူးမောင်၏ မိထွေး။



'ဒီလိုတော့လဲ မောင့်အမေက မောင့်ကို စေတနာရှိသားပဲ၊ ခုနေတာ မောင့်ဖေဖေဘက်က တော်တာလား၊ သူ့ဘက်ကလား'

'သူ့အစ်မအရင်းလေ'

'ဪ'

အဓိပတိလမ်းကို လျှောက်ကာ ကံ့ကော်ရိပ်အောက်တွင် ခိုကြသည်။ စာကြည့်တိုက်နှင့် အနီးဆုံး၊ အရိပ်အကောင်းဆုံး ခုံတန်းတွင် ထိုင်ကြသည်။ အနားပတ်ပတ်လည်တွင်လည်း စုံတွဲလေးတွေ ပြည့်လျက်။ လှမ်းမကြည့်စတမ်း၊ မစပ်စုကြစတမ်း ကတိပြုထားသည့်အလား ဘေးဘီကို ဂရုမထားဘဲ ကိုယ့်အတွဲနှင့်ကိုယ် တွတ်ထိုးနေကြ၏။ ထူးမောင်က လတ်လတ်ပခုံးကိုကိုင်ကာ ပြုတ်ကျလုသော ပန်းပွင့်လေးကို ပြင်ပေးသည်။ ဆံနွယ်ကြားမှ လတ်လတ် မျက်နှာလေးသည် လန်းဆန်းလျက်။ ပခုံးပေါ်ဝဲကျနေသော ဆံပင်များကို ဖယ်ရှားလိုက်သည့်အခါ ချစ်စဖွယ်နှုတ်ခမ်းစူစူလေးကို အနီးကပ် တွေ့ရလေသည်။

ယခုတော့ ကံ့ကော်ရွက်လေးတစ်ရွက်ကိုပင် လုံခြုံလှသည့် အကာအရံတစ်ခုအလား ထင်မှတ်မိပြန်လေ၏။

\+ \+ \+

လတ်လတ်ရေ

နင်တို့နှစ်ယောက် ပြေပြေလည်လည်ဖြစ်သွားကြတာ ငါ ဝမ်းသာတယ်ဟယ်။ နင်သာ ပြည်ကို ပြန်လာရမယ်ဆိုရင် တို့တစ်တွေ သိပ်ပျော်စရာကောင်းမှာနော်။ နင်တို့ ခုပြောင်းသွားတဲ့ တောင်ငူမြို့က ပျော်စရာကောင်းရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ငါတော့ နင်သိတဲ့အတိုင်းပဲ ဘီနှစ်လုံးပိုက်ပြီး လက်ဖက်ရောင်းနေရပြီ လတ်လတ်ရေ။ ဘယ်နှစ်မှာပဲ အောင်အောင်အောင်တဲ့ နှစ်မှာ ငါလာခဲ့မှာပဲ။ နင်တို့နဲ့ အတူတူမဆုံရတာ ဝမ်းနည်းတယ်ဟယ်။

ကိုထူးမောင်က ပြောတယ်။ လတ်လတ်က ခု သူ့စကားကို သိပ်လည်းနားထောင်၊ သိပ်လည်း လိမ္မာသတဲ့။ နင်တို့ ဘွဲ့ရပြီးပြီးချင်း လက်ထပ်ကြမယ်ဆို ဟုတ်လား။ ရန်ကုန်မှာပဲ နေကြမှာလား၊ ပြည်ကို ပြန်လာမလား။ ရန်ကုန်မှာပဲ နေချင်နေပါလေ၊ ပြည်ကို ပြန်လာရင်လည်း ကိုထူးမောင်အမေနဲ့ နင်နဲ့ အဆင်ပြေမှာ မဟုတ်ပါဘူး။ ဟို တစ်နေ့ကတောင် ငါ့ကို မေးနေသေးတယ်၊ အေးစုမာ သူငယ်ချင်း လတ်လတ်ဆိုတာ တက္ကသိုလ်မှာလား၊ ဘယ်အဆောင်မှာလဲနဲ့ စုံနေတာပဲ၊ ငါတော့ သိပ်မသိသလိုပဲ နေလိုက်တယ်။

နင်တို့တစ်တွေ အမြန်ဆုံး အဆင်ပြေပါစေလို့ ငါ ဆုတောင်းတယ်ဟယ်။

သူငယ်ချင်း

**အေးစုမာ**

\+ \+ \+

၈

အချိန်တွေ ကုန်ခဲလှပါဘိ။ ကျောင်းဖွင့်ရက်တွေရယ်၊ စာမေးပွဲရက်တွေရယ်ကို အနီးဆုံးရောက်အောင် အမြန်ဆုံး ဆွဲယူပြီး မောင်နဲ့ လက်ထပ်ရမယ့်ရက်ကို ရောက်စေချင်လှပြီ။ စောင့်ရမည့် အချိန်သည် နည်းလှသည်မဟုတ်။ လတ်လတ်က ဘွဲ့ရရန် တစ်နှစ်ကျော်ကျော် ကြာဦးမည်။ မောင်က နောက်လေးနှစ်။

လတ်လတ်ဘွဲ့ရလျှင် ရန်ကုန်မှာပင် နေမည်၊ အလုပ်ရှာမည်။ အလုပ်ရလျှင် မောင်နှင့် လက်ထပ်မည်။ မောင် ကျောင်းဆက်တက်ချင် တက်ဦး။ ကိစ္စမရှိ။ လတ်လတ်သည် တစ်ဦးတည်းသော သမီး။ အဖေနှင့် မေမေသည် လတ်လတ်ကို နားလည်ခွင့်လွှတ်မည်သာ။ သည်သမီးတစ်ယောက်ကို သွားလေရာ ခေါ်၍မဖြစ်သည်ကိုလည်း သူတို့ သိပြီးသား။ ပြီးတော့ လတ်လတ်မို့ဆိုလျှင် အိမ်က ဘာမဆို စိတ်ချသည်။

မောင်သည်လည်း မောင့်ဖေဖေ၏ တစ်ဦးတည်းသော သားပဲ။ စီးပွားရေးအနေဖြင့်လည်း ပြေပြေလည်လည်ရှိသည်မို့

www.burmeseclassic.com

www.burmeseclassic.com



သွားလုပ်စာကို အားကိုးမျှော်လင့်နေမည်မဟုတ်။ မောင့်မိတ္တေးက စီးပွားရေးကို မောင်ဝင်စွက်မည်ပင် စိုးနေသည်ဆိုတော့ မောင် တစ်ယောက် စောစောစီးစီး သူ့အိုးသူ့အိမ်နှင့် ဖြစ်သွားသည်ကိုဝမ်းပင် သာဦးမည်။ ထောက်ခံအားပေးမှုပင် ပြုဦးမည်။

လတ်လတ်အတွက်မူ မောင်နှင့်အတူနေရမည့် အရေးသည် ဘယ်ဘက်ကတွေးတွေး အဆင်ပြေနေသည်။ ပြီးတော့ လတ်လတ်က ဘာမဆို ဖြစ်အောင်လုပ်တတ်သည့် ဖွဲ့ကလည်းရှိသည်။

သို့သော် မောင့်ကိုကြည့်ရသည်မှာ လတ်လတ် အားမရ မောင်သည် လတ်လတ်အချစ်ကို မရခင်က တက်တက်ကြွကြွ လေးလေးနက်နက်ရှိခဲ့သမျှ နောက်ပိုင်းတွင် မောင့်အပြုအမူများ အေးစက်စက် ဖြစ်လာခဲ့သည်ဟု လတ်လတ် ထင်၏။ မောင်နှင့် ပတ်သက်၍ လတ်လတ်ဘက်မှ မည်မျှအလျှော့ပေးခဲ့သည်၊ လိုက်လျော ခဲ့သည်ကို မောင် အသိအမှတ်ပြုသင့်သလောက် မပြုဟုလည်း လတ်လတ်တွေး၏။ တကယ်ဆိုလျှင် မောင့်နှုတ်ဖျားမှ လတ်လတ်နှင့် အတူနေချင်လှပါပြီဟူသော စကားများကို တဖွဖွပြောနေရမည့်အချိန် မဟုတ်ပါလား။

ကြက်မောက်ပန်းနှင့် ရောင်စုံပန်းလေးများသည် မြက်ခင်းပြင် လယ်မှ အုတ်လမ်းတစ်လျှောက် ညီညာစွာ ဖူးပွင့်လျက်ရှိကြလေသည်။ နှင်းပွင့်လေးများ တဖြောက်ဖြောက်ကျသံကို ကြားနေရသည်။ ကောင်းကင်ကို မော့်ကြည့်မိ၏။ ကြယ်တွေလတွေစုံလျက်။ လတ်လတ် က အနွေးထည်ကို ရင်ညွန့်အလယ်သို့ ဆွဲစုလိုက်သည်။ အခန်း နံပါတ် ၈၆ တွင် မီးလင်းလျက်ပင် ရှိသေးသည်။

‘ညဉ့်နက်လှပြီ လတ်လတ်ရယ်၊ ဘာလို့ အပြင်ထွက်ထိုင်နေ တာလဲ’



မြမြမိုးသည် စာကို ဖြောင့်အောင်ဖတ်၍ရဟန်မတူချေ။ လတ် လတ် တစ်ယောက်တည်း မြက်ခင်းရှေ့တွင်ထိုင်ကာ အတွေးနယ်ချဲ့ နေသည်ကို ကြည့်မနေနိုင်။ လတ်လတ်တစ်ယောက် ပြောင်းမည့် ပြောင်းတော့ သံချောင်းကို အရည်ကျိုလိုက်သည့်နှယ်။ ဘာပဲဖြစ်ဖြစ် ခိုင်းမသည် မိန်းမသာတည်း။ အချစ်တွင် မိန်းမသားတို့ဘက်က အာဝရ ပိုတတ်လေသလားဟု မြမြမိုး တွေးမိသည်။

‘မောင့်အကြောင်းကို တွေးနေမိတယ် မိမိုးရယ်’

‘မိမိုးပြောတယ်မဟုတ်လား လတ်လတ်၊ မချိုမပင့်ပင္ဍာလမ်းကို လျှင့်စမ်းပါလို့၊ တစ်ချိန်ကတော့လဲ မုန်းတယ်မုန်းတယ်နဲ့ တူးတူး ခါးခါး၊ ခုတော့လဲ ချစ်လိုက်ရတာ သူမှသူ၊ လတ်လတ်ဟာ အစွန်း ရောက်နေပြီကွယ်၊ နောင်တစ်ချိန်မှာ တခြားအစွန်းတစ်ဘက်ကို ပြန်ရောက်သွားမှာစိုးတယ်’

မြမြမိုးစကားကြောင့် လတ်လတ်တစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

‘ဒီမှာ မိမိုး၊ နင် မချစ်ဖူးသေးတော့ အချစ်အကြောင်းကို သိဘူးနော်၊ လတ်လတ်ရင်ထဲမှာလေ အဲဒီအချစ်ဆိုတာ နှစ်ဝင်နေ သလားတောင် ထင်ရတယ်၊ တကယ်လို့များ လတ်လတ် သူ့ကို မုန်းစရာကြုံလာရင်လေ သူ့ကို လောကထဲမှာ အရှင်မထားဘူး၊ သတ်ပစ်လိုက်မယ် သိလား၊ သူဟာ လတ်လတ်ရဲ့အချစ်နဲ့အတူ မြေမြှုပ်ခံရစေမယ်’

လတ်လတ်၏ မျက်တောင်ကော့များအောက်မှ မျက်လုံးများ၏ အရောင်သည် ဆောင်းညကိုပင် လင်းလက်သွားစေသလား အောက်မေ့ ရလေ၏။ မာနမျက်လုံး၊ အချစ်ကြီးသူ၏ ရက်စက်တတ်သည့် မျက်လုံး၊ စုဖုရားလတ်မျက်လုံး။

www.burmeseclassic.com

www.burmeseclassic.com



'ဟောကြည့် ခုပဲ အစွန်းမရောက်ဖို့ ပြောနေတယ်၊ ချက်ချင်းပဲ ပြောင်းသွားလိုက်တာ၊ အသံကော၊ ဟန်ကော၊ မင်းတော့ ခက်ဦးမယ် လတ်လတ်ရယ်'

မြမြမိုးသည် ဗိုလ်ချုပ်ဈေးမှအပြန်တွင် တွေ့ခဲ့ရသည့် သူမကိုယ်တိုင် အမျိုးအစားမသိသော ကားတစ်စီးပေါ်မှ အမျိုးသမီးတစ်ယောက်နှင့် ယှဉ်တွဲထိုင်နေသည့် ထူးမောင်ကို မြင်ယောင်လာလေသည်။ သို့သော် သည်စုဖုရားလတ်ကို ဘယ်လိုလုပ် သံတော်ဦးတင်လို့ဖြစ်မှာလဲ။

'နည်းနည်းလျှော့လိုက်ဦး လတ်လတ်ရယ်၊ ချစ်စိတ်ကိုရော မာနစိတ်ကိုပါ နည်းနည်းစီလျှော့လိုက်ပါ၊ လာ အိပ်မယ်၊ နက်ဖြန် အိတ်သာတီး ကလပ်စ်ရှိတယ် မဟုတ်လား'

လတ်လတ်ကို အခန်းထဲအထိ ဆွဲခေါ်ခဲ့သည်။ သည်နှစ်တော့ သူတို့အခန်းက နှစ်ယောက်ခန်း။ လတ်လတ်ခေါင်းရင်းမှ မီးကို ပိတ်ပေးလိုက်၏။ ခြင်ထောင်ကိုလည်း ချလိုက်သည်။ သည်ဘက် ခုတင်မှ ခြင်ထောင်ကို မ ကာ ဝင်မည်ပြုပြီးမှ ရှိုက်သံကြား၍ လှမ်းကြည့်လိုက်မိသည်။ မရွှေစုဖုရားလတ် ငိုလို့ပါလား။

ငိုပေ့စေ။ ချစ်စိတ်ကြောင့် ငိုတာ ငိုပေစေတော့။ လတ်လတ်ကို မချော့တော့။ ချစ်မိမှတော့ သည်လောက်တော့ခံပေါ့ လတ်လတ်ရယ်။

\+ \+ \+

လတ်လတ် သံသယဖြစ်မည်ဆိုလည်း ဖြစ်စရာ။ ထူးမောင်တစ်ယောက် အခြေအနေပျက်ခဲ့သည်မှာ ကြာပြီ။ သည်နှစ် တတိယနှစ် ကျောင်းဖွင့်စကတည်းက ဆိုပါတော့။ ပထမဆုံး လတ်လတ် မကျေမနပ်



ဖြစ်ရသည်က လတ်လတ်အလာကို ဘူတာမှာလာကြိုပါဟု အတန်တန် စာရေးထားပါလျက် လာမကြိုခြင်းကိုတည်း။ လတ်လတ်က မေးတော့ စာပဲ မရဘူးလိုလို ရသလိုလိုနှင့် အင်တင်တင်ဖြစ်နေ၏။

အခါတိုင်း လတ်လတ်ဆီကို ကျောင်းဆင်းတိုင်း ဝင်နေကျ၊ အဆောင်တံခါးပိတ်မှ မြို့တွင်းသို့ပြန်နေကျ။ ယခုတော့ တစ်ရက်ခြား နှစ်ရက်ခြားမှသာ ဝင်တော့သည်။ စနေ တနင်္ဂနွေနေ့များတွင်လည်း လတ်လတ်ဆီကို စောစောရောက်မလာတတ်တော့။ ရုပ်ရှင်ကြည့်လျှင် ပင် မြို့ထဲအထိမသွား။ မြေနီကုန်းရုံလောက်တွင်သာ ကြည့်သည်။

သည်တော့လည်း မောင့်ကို လတ်လက် သံသယဖြစ်မိ၏။ မောင် ငါးရက်ခန့် ရောက်မလာတော့ပြီဆိုတော့ လတ်လတရင်တွင် မနေတတ်တော့ပြီ။

'လတ်လတ် သူနေတဲ့အိမ်ကို လိုက်သွားချင်တယ် မိမိုးရယ်၊ နေများမကောင်းဘူးလား မသိဘူး'

လတ်လတ်တစ်ယောက် စိုးရိမ်မှုထက် သိလိုမှုက ပိုနေပြီဟု မြမိုး ရိပ်မိ၏။

'နက်ဖြန် စနေနေ့ပဲ လတ်လတ်ရယ်၊ စောင့်ကြည့်ပါဦးလား'

'လတ်လတ်တော့ ခုပဲလိုက်သွားချင်တယ်၊ မိမိုးမလိုက်ချင်လဲ လတ်လတ်တစ်ယောက်တည်းပဲ သွားမယ်'

လတ်လတ် စိတ်မြန်လက်မြန်ရှိသည်ကို မြမြမိုး သိပြီးသား။ ပြီးတော့ စိတ်ထက်သော လတ်လတ်ကို တစ်ယောက်တည်းမလွှတ်ချင်။ သည်တော့လည်း ချစ်သောသူငယ်ချင်းနောက်ကို လိုက်ရန် ပြင်ဆင်ရသည်။ လတ်လတ်မှာဖြင့် မှန်နှံ့သာပင် မသနိုင်တော့။ ဆံပင်ကို ဖြီးစလွယ်စုစည်းကာ ဘလောက်စ်အင်္ကျီပေါ်မှ အပွဲ့ထည ထပ်ဝတ်ပြီး ထွက်ခဲ့လေသည်။ မြန်လိုက်သည့်ခြေလှမ်း။ အင်းလျား ဆောင်နှင့် အင်းလျားလမ်းထိပ်ကို ငါးမိနစ်ပင် မကြာလိုက်။

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်နေသည့် အိမ်ကို လတ်လတ်ရောက်ဖူးသည်မဟုတ်။ သို့သော် လတ်လတ်က မရမကမေးထား၍ လိပ်စာတော့ရှိသည်။ လတ်လတ်တို့ ရောက်သွားတော့ ထူးမောင်သည် ကျောင်းမှ ပြန်ရောက်စ၊ အင်္ကျီပင် မလဲရတတ်သေး။ လတ်လတ်နှင့် မြမြမိုးကို မြင်သော် ထူးမောင် ပျာပျာသလဲဖြစ်သွားလေသည်။

'ဟင် လတ်လတ် မြမြမိုး၊ လာ လာ ထိုင်၊ မြို့ထဲလာရင်း ဝင်လာတာလား'

အိမ်ရှေ့တွင် မည်သူမျှမရှိ။ အခန်းတွင်းမှ အမျိုးသမီးတစ်ယောက် အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သည်ကို တွေ့ရလေသည်။

'နေမကောင်းဘူးလားလို့ သတင်းလာမေးတာပါ'

မြမြမိုးက မနေသာ၍ ဝင်ပြောရသည်။ လတ်လတ်သည် တိတ်ဆိတ်အေးစက်သော မျက်လုံးများနှင့် ထူးမောင်ကို ကြည့်နေလေသည်။

'နေကောင်းပါတယ်ဗျာ၊ ဖေဖေရောက်နေလို့ မလာနိုင်တာပါ၊ နက်ဖြန်တော့ စောစောလာမလို့ပဲ၊ တစ်ခုခုစားပါလား လတ်လတ်'

မြမြမိုးမှတစ်ဆင့်ဖြေရင်း လတ်လတ်ကို တောင်းပန်ကြည့်ဖြင့် ကြည့်လေသည်။

'မစားတော့ပါဘူး၊ နေကောင်းတယ်ဆိုရင် ပြီးတာပါပဲ၊ နက်ဖြန်ကျတော့ လာပေါ့နော်၊ ကဲ လတ်လတ်ရေ ပြန်စို့ကွယ်'

မြမြမိုးသည် လတ်လတ်၏ သုန်မှုန်သောမျက်နှာထားကြောင့် အနေရခက်နေလေသည်။ သူစိမ်းအိမ်တွင် လတ်လတ် အပြောအဆိုများမည်ကိုလည်း စိုးသည်။



'ဟင် ကိုကို ဧည့်သည်တွေရောက်နေလား'

အပြင်သွားမည့်ဟန် ပြင်ဆင်ထားသော မိန်းကလေးတစ်ယောက်က ထွက်လာပြီးမှ အံ့ဩဟန်ဖြင့် ဆိုလေ၏။ တကယ်တော့ မိန်းကလေးသည် အထဲမှ သေသေချာချာ အကဲခတ်ကြည့်ရှုပြီးမှ ထမင်ထွက်လာမှန်း မြမြမိုးသိ၏။ မြမြမိုးသည် အပေါက်ဝဘက်ကို မျက်နှာမူ၍ ထိုင်နေခြင်းဖြစ်လေသည်။

'ဟုတ်တယ်ညီမရေ၊ စားစရာတစ်ခုခု လုပ်ပါကွယ်'

'မေမေရေ၊ ကိုကို့ဧည့်သည်တွေဖို့ ကော်ဖီဖျော်ယူခဲ့ပါ'

မိန်းကလေးသည် အထဲပြန်ဝင်မသွား။ မီခင်ဖြစ်သူကိုသာ လှမ်း၍ ပြောလိုက်၏။ မိခင်ကလည်း အကင်းပါးစွာဖြင့် 'ကောင်းပြီ သမီး'ဟု လှမ်းပြောသည်။ မြမြမိုးသည် ဤမိန်းကလေးကို ဗိုလ်ချုပ်ဈေးရှေ့တွင် ထူးမောင်နှင့်အတူ ယှဉ်တွဲ၍ မြင်ဖူးပြီးသား။ လတ်လတ်သည် စကားမပြော၊ ထပြန်မည့်ဟန်လည်းမပြဘဲ ခပ်ပေပေပင် ထိုင်နေလေသည်။

'ကိုကို့ သူငယ်ချင်းတွေလား ဟင်'

အမျိုးသမီးက လတ်လတ်ရှေ့မှ ကုလားထိုင်တွင် ထိုင်ကာ ထူးမောင်ကို မေးသည်။ သူမသည် အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်၊ ချွန်းလျားသောနှုတ်ခမ်းနှင့် ဝိုင်းစက်သော မျက်လုံးလေးများကို ပိုင်ဆိုင်ထားလေသည်။

'ဟုတ်တယ်၊ သူက အရင်ပြည်မြို့မှာ ကိုကိုနဲ့တစ်ကျောင်းတည်း နေခဲ့တာလေ လတ်လတ်တဲ့၊ သူက မြမြမိုး၊ ဒါက ကျွန်တော့် အဒေါ်ရဲ့သမီး ဖြူဖြူကျော်၊ စီးပွားရေး ဒုတိယနှစ်လေ'

မြမြမိုးက အလိုက်သင့် ပြုံးပြလိုက်သည်။ လတ်လတ်က နှုတ်ခမ်းလေးတွန့်သည်ဆိုရုံမျှ ပြုံးသည်။ ဖြူဖြူကျော်က ထင်မှတ်သည်ထက် ဖော်ရွေပြုံးရွှင်စွာ စကားပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုကလဲ ကိုကို့သူငယ်ချင်းတွေကို အိမ်တစ်ခါမှ အလည်မခေါ်ဘူး၊ သိပ်နေနိုင်တာပဲ၊ ကိုကို့သူငယ်ချင်းလဲ ဖြူ့သူငယ်ချင်းပေါ့၊ နောက်ကို ကိုကိုမရှိ လာပါနော်၊ ဖြူတို့က ခင်တတ်ပါတယ်၊ မမတို့က အဆောင်မှာနေတာလား'

အမျိုးသမီးက လတ်လတ်တို့ကို 'ကြော'လေပြီ။ ထူးမောင် မျက်နှာပျက်နေလေ၏။ လတ်လတ်က အံ့သြဖွယ် တည်ငြိမ်နေသည်။ မြမြမိုးသာ မနေတတ်မထိုင်တတ်ဖြင့် ရောယောင် ခေါင်းညိတ်ပြလိုက်ရသည်။

ထိုစဉ် မိခင်ဖြစ်သူက ကော်ဖီဗန်းကို ကိုင်၍ ထွက်လာသည်။ ထူးမောင် အဒေါ်ဆိုသူပင် ဖြစ်ပေမည်။

'သောက်ပါဦး မမလတ်၊ မမမိုးလဲ သောက်ပါ၊ မြော် ကိုကိုရော၊ မေမေရေ ကိုကို့ဖို့တစ်ခွက်ယူခဲ့ပါဦး၊ ဖြူတော့ မသောက်တော့ဘူး၊ ကိုကိုက ကော်ဖီကြိုက်တယ်၊ ဖြူတော့ မကြိုက်ဘူး၊ ကိုကိုကလေ အိမ်မှာ သိပ်ချေးများတာ မမရဲ့၊ ဟင်းဆိုရင် သူ့အကြိုက်ချည်းပဲ ချက်ရတာ၊ ဒါကြောင့် အန်တီကြီးက သူ့ကို အဆောင်မှာ မထားတာ၊ ကလေးလိုပဲ၊ ဆိုးလဲ ဆိုးတယ်၊ စာမကျက်လို့ ကိုကို့ကို ဖြူက အမြဲပြန်ဆူနေရတာ၊ မမတို့လဲ ဝိုင်းပြောပါဦးမရယ်၊ ဖြူတော့ မနိုင်တော့ဘူး'

ခံလိုက်ရပြန်ပြီ တစ်ကွက်။ အကင်းပါးသော ဖြူဖြူကျော်သည် အလှူ့ရှင်မှန်းသိအောင် မဏ္ဍပ်တိုင်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်နေလေပြီ။ မစွာကျယ် လတ်လတ်ထံမှ မည်သည့်အသံမျှ ထွက်မလာ။ ခေါသကို ထိန်းရင်း တုန်နေသော လက်များကိုမူ ကော်ဖီပန်းကန်အား လှမ်းအချတွင် မြမြမိုး မြင်လိုက်ရသည်။ ထူးမောင်သည် မဉ်သူ့ကိုမျှ မကြည့်ဝံ့သလို ခေါင်းကို ငုံ့ထားလေသည်။



လတ်လတ်သည် နေရာမှ ခပ်အေးအေး ထရပ်လိုက်လေသည်။ မြမြမိုးကပါ ရပ်လိုက်ရသည်။

'ပြန်မယ် ညီမရေ၊ ကော်ဖီတိုက်တာ ကျေးဇူးတင်ပါတယ်၊ ဟဲ လတ်လတ်ပြန်မယ် မောင်၊ မောင် နက်ဖြန်စောစောလာခဲ့နော်၊ ရှပ်ရှင်ကြည့်ရအောင် လတ်လတ် စောင့်နေမယ်'

ကဲ မှတ်ကရော။

ဖြူဖြူကျော် ပါးစပ်အဟောင်းသားဖြစ်ကျန်ခဲ့ဆဲ၊ လတ်လတ်သည် မြမြမိုးကို လက်ဆွဲကာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

အဆောင် ပြန်ရောက်လာသည်အထိ လတ်လတ်သည် စကားတစ်ခွန်းမျှ မဟ။ မြမြမိုးကသာ လတ်လတ်ကို စိုးရိမ်ထိတ်လန့်စွာ စောင့်ကြည့်နေရသည်။ အိပ်ရာထဲဝင်သွားတော့လည်း လတ်လတ် ငိုမည်လားဟု စိုးရိမ်စွာဖြင့် ခြင်ထောင်ကို မ ကြည့်မိသေးသည်။ လတ်လတ် မအိပ်သေး။ ငိုလည်း မငို။ လတ်လတ်၏ မျက်လုံးအစုံသည် မီးဝင်းဝင်းတောက်လျက်ရှိနေချေ၏တကား။

\+ \+ \+

'မောင့်ကို အဲဒီလိုမကြည့်ပါနဲ့ လတ်လတ်ရယ်၊ မောင် လတ်လတ်ကို ချစ်ပါတယ်၊ ကြောက်လဲ ကြောက်တယ်၊ မချစ်ခင်ကတည်းက လတ်လတ်ကို ကြောက်လာခဲ့တဲ့ မောင်ပါ၊ လတ်လတ်ကို မောင် သစ္စာမမဲ့ဝံ့ပါဘူး'

'ချစ်သူကို ကြောက်တယ်ဆိုတဲ့ စကား မသုံးပါနဲ့ မောင်၊ ချစ်သူကို ကြောက်ဖို့မလိုပါဘူး၊ ချစ်ဖို့ပဲ လိုပါတယ်၊ မောင်လတ်လတ်ကို ကြောက်လို့သစ္စာမဖောက်ဝံ့တာလား၊ ချစ်လို့ သစ္စာမဖောက်ဝံ့တာလား ပြောစမ်းပါ မောင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်သည် လတ်လတ်ကို အားငယ်ဖျော့တော့စွာ ကြည့်မိလေသည်။ တကယ်တော့ လတ်လတ်ကို ထူးမောင် ချစ်၏။ ချစ်၍ကြောက်သည်ဆိုလျှင်တော့ လတ်လတ် လက်ခံမည်မထင်။ လတ်လတ်ကို ချစ်လွန်း၍ လတ်လတ် ငြိုငြင်မှာကို သူ စိုးသည်။ လတ်လတ်မုန်းမှာကို သူ ကြောက်သည်။

လတ်လတ်သည် အချစ်ကြီးလျှင် အမျက်ကြီးမည့် စရိုက်သဘာဝ္ဖါလို လတ်လတ်မှန်း သူသိ၏။

'ချစ်တဲ့အကြောင်းကို ချစ်တယ်ဆိုတဲ့စကားထက် နက်နဲပေါ်လွင်တဲ့ စကားလုံးရှိရင် မောင် သုံးချင်ပါတယ် လတ်လတ်ရယ်'

'ဘယ်နှစ်ယောက်အတွက် သုံးချင်တာလဲ မောင်'

လတ်လတ်သည် ထူးမောင်ဘက်သို့လှည့်ကာ မျက်လုံးစိမ်းစိမ်းများဖြင့် ကြည့်လေသည်။ သည်မျက်လုံးများကို ထူးမောင် အကြောက်ဆုံး။ သည်မျက်လုံးများဒဏ်ကို ထူးမောင် မခံနိုင်ဆုံး။

'မောင် ရှင်းပြပါ့မယ်၊ မမကြည်က သူ့တူမနဲ့ ဖြစ်စေချင်တာကတော့ အမှန်ပဲ လတ်လတ်၊ ဒါမှ အိမ်ကစီးပွားရေးဟာ သူတို့လက်ထဲက လွတ်မသွားနိုင်တော့ဘူးလေ၊ ဖြူဖြူကျော့ အမေကလဲ မောင့်ကို လိုလားတယ်၊ ဖြူဖြူကျော်ကတော့ အဲ သူကတော့ မောင့်ကို လက်ခံသင့်တယ်လို့ယူဆပြီး လက်ခံမယ်ပေါ့'

'မောင်ကကော'

ထူးမောင်က လတ်လတ်လက်ကလေးများကို ဆုပ်ညှစ်လိုက်သည်။ ပြီးဆုံးအောင် နားထောင်စေလိုသည့် သဘော။ အင်းလျားရေပြင်သည် ချစ်သူနှစ်ဦး၏ ဖြေရှင်းချက်ကို အဆုံးအဖြတ်ပေးရန် ငြိမ်သက်စွာ စောင့်ဆိုင်းနေလေ၏။

လတ်လတ်က မျက်တောင်ကော့လေးများကို စင်းကာ မေးကိုရှေ့သို့ ဆတ်ပြလိုက်သည်။ ဆက်ပြောပါဟူသည့် သဘော။



'မောင့်အနေနဲ့တော့ မမေးပါနဲ့ လတ်လတ်ရယ်၊ မောင် လတ်လတ်ကိုပဲ ချစ်တာပါ၊ ဖြူဖြူကျော်ကလဲ မောင့်ကို ချစ်တာ မဟုတ်ပါဘူး၊ သူ့မှာ ချစ်သူရှိပါတယ်၊ သူ့အမေနဲ့ အဒေါ်တွေ နားချလို့ မောင့်ကို မယုတ်မလွန် နင်းထားတာပါ'

လတ်လတ်က ရေစပ်နားမှ ပန်းပွင့်လေးများကို လှမ်းခူးပြီး ခြေပစ်လိုက်သည်။ အင်းလျားသည် မှောင်စပြုပြီ။ သည်နေ့တော့ အပြတ်ရှင်းခဲ့မည်ဟု မြမြမိုးကို မှာခဲ့သည်။ အဆောင်ဝင်နောက်ကျသည့် အတွက်တော့ ခွင့်စာအုပ်တွင် လက်မှတ်ထိုးခဲ့သည်။

'ဒါဆိုရင်လဲ မောင်ရယ် ဘာလို့ ဒီအိမ်မှာ ဆက်နေ နေသေးလဲ၊ မောင်ယောကျ်ားပဲ၊ အရင်တုန်းက မောင်ဟာ တည်ကြည်ပြတ်သားတဲ့ ယောကျ်ားတစ်ယောက်ပါ၊ ခုမှ ဥဒေါင်းမ ညွှတ်ကွင်းမှာ မောင် တာမင်အမိခံမလို့လား၊ မောင် လတ်လတ်ကို ချစ်ရင် ပြတ်ပြတ်သားသား လုပ်ပေါ့'

လတ်လတ်၏ ထိုးနှက်ချက်သည် စူးရှသည်နှင့်အမျှ မှန်လည်းမှန်ကန်သည်။

'အဲဒီအတွက် မောင် ကြိုးစားနေတာပဲ၊ ခု သူငယ်ချင်းတစ်ယောက်နဲ့ လှည်းတန်းမှာ အိမ်ခန်းငှားဖို့ စီစဉ်နေတယ်၊ ဒါကြောင့် လတ်လတ်ဆီ မရောက်နိုင်တာပါ၊ အိမ်ရရင် မောင်နဲ့လတ်လတ် လက်ထပ်မယ်၊ မောင် ကျောင်းတက်ရင်းလဲ စီးပွားရှာတတ်ပါတယ် လတ်လတ်၊ လတ်လတ်သာ သစ္စာရှိပါစေ'

လတ်လတ်၏ မျက်လုံးစိမ်းစိမ်းများ အရောင်ပြောင်းသွားသည်ကတော့ အမှန်။ ကြည်လဲ့ရွှန်းမြစ ပြုလာသည်။ မိန်းမသားသည် မိန်းမသားပေပဲ။ မည်မျှခက်ထန်စေကာမူ ချစ်သူတို့၏ အချော့အညွှတ်တွင် ပျော့ပျောင်းတတ်သည်သာ။

'လတ်လတ်လဲ အလုပ်လုပ်ရင်း ကျောင်းတက်နိုင်ပါတယ်'

www.burmeseclassic.com



အချစ်သည် ရည်မှန်းချက်အားလုံးကို တစ်မျိုးတစ်ဖုံ ပြောင်းလွဲစေ၏။

'လတ်လတ် အလုပ်မလုပ်ရပါဘူးကွယ်၊ မောင် ရှာကျွေးမှာပါ၊ ဘွဲ့ရမှ လုပ်ချင်လုပ်ပါ၊ ဖေဖေကလဲ မောင့်ကို ပစ်ထားမှာမဟုတ်ဘူး၊ တော်ကြာ လတ်ရဲ့ဖေဖေ ဗိုလ်ကြီးကသာ'

'အို လတ်လတ်ကတော့ ကိုယ်လုပ်ချင်တာဆိုရင် ဘာပဲဖြစ်ဖြစ် ဇွတ်လုပ်မှာပဲ'

'အချစ်အတွက်ဆိုရင် ဘာပဲလုပ်ရလုပ်ရလို့ ပြောစမ်းပါ လတ်လတ်ရယ်'

'အမယ် သူ့ကျတော့ ပြောတတ်လိုက်တာ'

ယခုတော့ လတ်လတ်သည် ထူးမောင့်ရင်ခွင်တွင် ခေါင်းကို ဝှက်လေပြီ။ ထူးမောင်က လတ်လတ်၏ မျက်နှာလေးကို မော့၍ ခပ်ကြမ်းကြမ်းလေး နမ်းပစ်သည်။

စဖုရားလတ်၏ ကျဆုံးခန်းပေပဲ။

+ + +

လတ်လတ်နှင့် မောင်တို့ လက်ထပ်ရေးသည် ယခင်ကနှယ် မဝေးတော့။ မောင်ငှားထားသည့် အိမ်ကလည်း ရပြီ။ သူငယ်ချင်း တစ်ယောက်ကို စေ့စပ် နေခိုင်းထားသည်။ စာမေးပွဲအပြီး အောက်တိုဘာ ကျောင်းပိတ်ရက်တွင် မောင်က ပြည်သို့ပြန်မည်။ လိုအပ်သည့်ငွေကို မသိအောင်တစ်မျိုး သိအောင်တစ်မျိုး ယူလာခဲ့မည်။

လတ်လတ်ကလည်း တောင်ငူသို့ ဣန္ဒြေမပျက် ပြန်မည်။ အဆောင်တွင် အနေအစားဆင်းရဲကြောင်း အကြောင်းပြကာ အိမ်သုံး



ပစ္စည်းလေး၊ ဆီလေး ငံပြာရည်လေးလည်း အနည်းအကျဉ်းဆွဲခဲ့မည်ပေါ့။ ပြီးတော့ သည်နှစ်ဘွဲ့ရလျှင် ရန်ကုန်မှာပဲနေပြီး အလုပ်လုပ်မည်၊ မဟာသိပ္ပံ ဆက်တက်မည်ဟု အိမ်ကို မယုတ်မလွန် ပြောခဲ့မည်။

ကျောင်းဖွင့်လျှင်တော့ အဆောင်ကိုမလာတော့ဘဲ လှည်းတန်းတွင် စခန်းချရုံသာ။ နေ့ကောင်းရက်သာရွေးပြီး ရုံးမှာ လက်မှတ်ထိုး၊ တစ်အိုးတစ်အိမ် ထူထောင်ကြရုံသာ။

သည်လိုတော့လည်း အချစ်ခရီးလမ်းသည် ဖြောင့်ဖြူး၍ နေ၏။

မျှော်မှန်းရသည့် ကာလကား ဝေးလွန်းလှသည်ဟု ထင်မိသည်။ ယခုမှ ပထမနှစ်ဝက်ပင် ကျိုးသေးသည်။ မောင့်ကိုလည်း စိတ်မချ၊ နည်းနည်းလေးမျှ စိတ်မချ။ မောင်ကမူ ပြဿနာကို သူ ကျင်လည်စွာ ရှောင်တိမ်းတတ်ပါသည်ဟု လတ်လတ်ကို ကတိပေးသည်။ ကျောင်းပိတ်၍ အိမ်သို့သာ တစ်ခေါက်ပြန်ရသည်။ စိတ်ကမဖြောင့်၊ မောင် ပြည်ကို ပြန်ရောက်ပါပြီဟု စာလာမှ ရင်အေးရသည်။

**အေးစုမာရေ**

လတ်လတ်တို့ အကြောင်းတော့ အေးစုမာရဲ့သူငယ်ချင်းကြီးကိုပဲ မေးကြည့်ပါတော့။ လတ်လတ်တော့ ဒီတစ်ခါ စွန့်စားရတော့မယ် အေးစုမာရေ့။

တစ်ခါက သိပ်မုန်းခဲ့ပေမယ့် ခုတော့ သိပ်ချစ်မိပြီ အေးစုမာရေ၊ ရိုးလှပါပြီဆိုတဲ့ ဇာတ်လမ်းမျိုးကိုပဲ လတ်လတ်က ခဲ့မိတယ်။ ဘာကြောင့်များ သူ့ကို ဒီလောက်ချစ်မိရတယ် မသိတော့ပါဘူး အေးစုမာရယ်။

တကယ်လို့များ အေးစုမာ ဒီနှစ်စာမေးပွဲအောင်ရင်လေ လတ်လတ်တို့အိမ်ကနေ ကျောင်းတက် သိလား။

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်တို့ရဲ့ ကလေးတွေ၊ အေးစုမာရဲ့ တူလေးတွေ တူမလေးတွေကို ထိန်းရင်း ကျောင်းတက်ပေတော့ သူငယ်ချင်းရေ့။

အေးစုမာရဲ့
လတ်လတ်

'မီလတ် အရှုံးမ'

အေးစုမာ နှုတ်မှရေရွတ်လိုက်သည်။ ယခုတော့ လတ်လတ်သည် အရှုံးမ။ အချစ်ရှုံးမ လတ်လတ်။

လတ်လတ် ကျောင်းပြန်ရောက်တော့ ထူးမောင် ပြည်မှ ပြန်မလာသေး။ အနာဂတ်အတွက် အစီအစဉ် ရေးဆွဲနေမည့် ထူးမောင်ကို လတ်လတ် မြင်ယောင်၏။ နှစ်ဝက်ဆိုသည်မှာ ဘာမျှ ကြာသည်မဟုတ်။ သည်နှစ်ဝက်ကုန်လျှင် လတ်လတ်တို့ လက်ထပ်ရေးသည် တစ်ဆင့်ပိုနီးလာပြီ။ ကျောင်းပိတ်ရက်လွန်လျှင် လတ်လတ်ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းရတော့မည်။

မြမြမိုးသည် လတ်လတ်အတွက် ရင်မောမိ၏။ လတ်လတ်သည်မှု အရှုံးအမှုးဖြစ်နေသည်ကို သူ မလိုလားချေ။ သည်ကြားထဲများ တစ်ခုခု လွဲချော်သွားလျှင် သည်မိန်းကလေး ခက်ရချည့်။

လတ်လတ်တို့က မျှော်နေဆဲ။ သတို့သားလောင်းကြီး ထူးမောင်ကား ပေါ်လာခဲဘိသည်။ ကျောင်းကို သွားရှာသည်၊ မတွေ့။ လှည်းတန်းအိမ်ကို လိုက်သွားသည်။ ကျောင်းပိတ်ကတည်းက တစ်ခေါက်မျှ မရောက်ဘူးဟု ဆိုသည်။ ထူးမောင် ငှားထားသော အိမ်တွင် ကျောင်းသားသုံးယောက်ခန့် သော့ခတ်ဆောင်ပြုကာ နေကြလေသည်။



ထူးမောင်နေသည့်အိမ်ကိုမူ လတ်လတ်လိုက်မသွားချင်။ မြမြမိုးကလည်း မသွားချင်။ ထို့ကြောင့် ရင်းနှီးသော ကြူကြူနှင့်သီသီစိုးတို့ကို လွှတ်ရလေသည်။

'အမယ် တို့ကမေးတာကို မကြိုက်သလိုလို၊ ကိုထူးမောင်ကို အကြီးအကျယ် ဒေါပွနေတဲ့ပုံမျိုး သိလား၊ သူ့သမီးကိုလဲ မိဘမျက်နှာ အိုးမည်းသုတ်တဲ့ကောင်မ၊ ပစ်ကိုထားမယ် ဘာမယ်နဲ့ ပြောလိုက်တာ အိုက်တင်အပြည့်ပဲ'

လတ်လတ်၏ကမ္ဘာ ပျက်ပြီတည်း။ ထူးမောင်တစ်ယောက် ဖြူဖြူကျော်ကို ခိုးပြေးသည်တဲ့။ ဘယ်ရောက်နေမှန်းပင် ရှာမရသေးပါတဲ့။ လတ်လတ် မယုံနိုင်။ ဘယ်နည်းနှင့်မျှ မယုံနိုင်။ ခိုးပြေးခြင်း ခိုးပြေးလျှင် ဖြူဖြူကျော်ကပင် ခိုးပြေးတာဖြစ်ရမည်ဟု မိန်းမချင်းပေမည့် နှင့်နှင့်သီးသီး စွပ်စွဲမိ၏။ လတ်လတ်တို့ အစီအစဉ်များကို သိ၍ ဖြူဖြူကျော်နှင့် အတင်းထည့်ပေးလိုက်သည်ဖြစ်ရမည်ဟုလည်း ဖြူဖြူကျော့် မိဘများကို ကျိန်ဆဲသည်။ ယခုမှ လတ်လတ်သည် တကယ့် အရှုံးတစ်ပိုင်း။

လတ်လတ်၏ဒုက္ခကို သူငယ်ချင်းများ မကြည့်ရက်ကြပြီ။ သို့သော် ထူးမောင်သတင်းကား အစအနပင် စုံစမ်း၍မရ။ တစ်လ ကုန်၍ နှစ်လဆန်းသည့်တိုင် ထူးမောင်တစ်ယောက် ပျောက်ချက်သား ကောင်းနေလေ၏။

**လတ်လတ်ရယ်**

မမျှော်လင့်ဘဲ သိရ ကြားရတဲ့အကြောင်းတွေကလည်း မကောင်းလှပါလားကွယ်။ လတ်လတ်ရဲ့စာကိုလည်းရရော အေးစုမာလည်း တော်၏မတော်၏ မစဉ်းစားဘဲ ထူးမောင်တို့ အိမ်ကို သွားမေးတာပေါ့။ သူ့မိထွေးကတော့ ခပ်တင်း

www.burmeseclassic.com



တင်းပဲ။ ကိုထူးမောင် မကောင်းတဲ့ အကြောင်းချည်းပဲ ဖိပြော နေတယ်။

ဖြူဖြူကျော့ကိုခိုးဖို့ ဘူတာရုံမှာချိန်းထားပြီး သူကတော့ ပေါ်မလာဘူးတဲ့။ ဒါနဲ့ ဖြူဖြူကျော့တစ်ယောက်တည်း ပြည်ကို ရောက်လာတယ်။ သူ့အဒေါ်က လက်ခံထားရတာပေါ့လေ။ လက်မခံလို့လည်း မဖြစ်ဘူးတဲ့။ ဖြူဖြူကျော့မှာ ကိုယ်ဝန်သုံးလ ရှိနေပြီတဲ့။ အမျိုးသမီးကတော့ ငိုလို့ချည်း နေတာပဲ။

ကိုထူးမောင်တစ်ယောက်တော့ ရန်ကုန်မှာလည်း မရှိ၊ ပြည်ကိုလည်း ပြန်မလာ၊ ဘယ်ကမ္ဘာရောက်နေလဲ မသိဘူး လတ်လတ်ရေ။

စိတ်ကိုထိန်းပြီးဖြေပါ။ အချစ်အတွက်နဲ့၊ သစ္စာမဲ့တဲ့ ယောက်ျားတစ်ယောက်အတွက်နဲ့တော့ မင်းရဲ့ဘဝကို မနစ်မွန်း စေပါနဲ့လို့ သတိပေးပါရစေ သူငယ်ချင်းရယ်။

သူငယ်ချင်းချစ်
အေးရမာ

ထူးမောင်သည်ကား လတ်လတ်က သူ့အချစ်နှင့်အတူ မြေ မြှုပ်သဂြိုဟ်ပစ်မည်ကို သိ၍ အရှောင်အတိမ်းကောင်းနေသည်လား မဆိုနိုင်ချေ။ လတ်လတ်အကမှ သူ့ကို နုပ်နုပ်စဉ်းရုံမက သိပ္ပံပညာရှင် များက ရုပ်ဝတ္ထုတွင်အသေးဆုံးဟုသတ်မှတ်ထားသည့် အက်တမ် လေးများ ဖြစ်သွားသည်အထိပင် ခြေပစ်လိုက်ချင်မိလေ၏။

သည်ဘဝမှာတော့ ပြေးလေဦးပေါ့ ထူးမောင်ရေ။

\+ \+ \+

၉

ခုတော့လည်း ချစ်စဖွယ်အင်းလျားမှ လတ်လတ်တစ်ယောက် က်ခွာမသွားဖြစ်တော့ချေ။ ချစ်သူနောက်ကိုလိုက်ရန် တိတ်တခိုး စည်ခဲ့သော လတ်လတ်ကို အင်းလျားက ကြည်ဖြူစွာ ခွင့်လွှတ် သသည်။

စိန်ပန်းတွေကြွေသော နွေရက်များက အနာဟောင်းသည် ပျောက်စပြုလေပြီ။ အချစ်၏ဒဏ်ရာဒဏ်ချက်ကို လတ်လတ် ယောက် အသိတရားဖြင့် ဖြေသိမ့်ခဲ့ပြီ။ မေမေသည်ပင် ယောက်ျား ရန် ကြံစည်ခဲ့သော သမီးမိုက်၏ အစီအစဉ်ကို လုံးဝ မရိပ်မိခဲ့။ ပ်ပြေလက်ပျောက် ရှမ်းပြည်ဘက်ကို ခရီးထွက်ချင်သည် ဆိုတော့ ည်း တစ်ဦးတည်းသော သမီးအလိုကျ ဖေဖေက စီမံပေးခဲ့သည်။ စရာ နာစရာ နွေရက်များကို ချစ်စဖွယ် ရှမ်းတောင်တန်းတွင် လတ် ဖြေဖျောက်ပစ်ခဲ့သည်။

ယခုပြန်လာသော လတ်လတ်သည် လူသစ်စိတ်သစ်။ အမုန်း သောမာနနှင့် အချစ်ကြီးသောဒုက္ခကို လတ်လတ်ခါးခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း မြမြမိုး ဆုံးမသလို အလယ်အလတ်တရားကို ကျင့်သုံးနိုင်ရန် လတ်လတ် အားထုတ်ပါ၏။ စင်စစ်တော့လည်း မလိုတော့ပြီ။ လောကတွင် မုန်းရန်ကိုသော်လည်းကောင်း၊ ချစ်ရန်ကို သော်လည်းကောင်း လတ်လတ်မှာ အင်အားမရှိပြီ။ မုန်းလည်း မုန်းဖူးပြီ။ ချစ်လည်း ချစ်ဖူးပြီ။ အချစ်ဟူသည့်အရာကိုပင် စံတင် ထိုက်စရာ၊ နှစ်သက်ခုံမင်စရာ၊ စိတ်နှလုံးချမ်းမြေ့စရာ စိတ္တဇနာမ် တစ်ရပ်ဟု လတ်လတ် မသတ်မှတ်တော့ပြီ။

ချစ်စရာရှိတော့လည်း ချစ်ကြသည်သာ။ ကွဲချိန်တန်တော့ လည်း ကွဲကြသည်သာ။ မုန်းချိန်တန်တော့ မုန်းကြပြီး၊ မေ့ချိန်တန် တော့ မေ့ကြသည့်အရာသာတည်း။ အချစ်ကို ရုပ်ဒြပ်တစ်ခုလို ဆုပ်ကိုင်ပြ၍ မရခြင်းကိုက ဘာမျှ အဓိပ္ပါယ်မရှိသည့် သဘောပင် ဖြစ်သည်ဟု သိပ္ပံနည်းကျကျ တွေးမိလေသည်။ အချစ်သည် ရုပ် မဟုတ်။ အချစ်သည် စိတ္တဇနာမ်တစ်ခုသာတည်း။ အချစ်ဟူသော စိတ္တဇနာမ်တစ်ခုအတွက် ရုပ်ဝတ္ထုပစ္စည်းပေါင်းများစွာ၊ သတ် အသိဉာဏ်ရှိ လူပေါင်းများစွာသည် ပျက်စီးလောင်ကျွမ်းကြရကုန်၏။ အချစ်တွင် မမြင်နိုင်စွမ်းသော စွမ်းအင်များ ရှိနေသည်ကိုလော လတ်လတ် မငြင်းနိုင်။ လတ်လတ်ကိုယ်တိုင်ပင် အချစ်၏ မမြင်နိုင် စွမ်းသော စွမ်းပကားများကြောင့် မကြုံအပ် မကြုံရာကို ကြုံစည်မိခဲ့ လောကကို စောစီးစွာ စိန်ခေါ်ရန် ကြိုးပမ်းခဲ့မိပြီ မဟုတ်ပါလော။

ယခုတော့ လတ်လတ်သည် မူလလမ်းကြောင်းပေါ်ကို ပြန် ရောက်ခဲ့ပြီ။ အချစ်ကြောင့် တိမ်းပါးမည့်ဆဲဆဲ ရည်ရွယ်ချက်ပန်းတိုင် မှ သွေဖည်လုဆဲဆဲ ဘဝမှ အခြေတကျ ပြန်လည်ထူမတ်ခဲ့ပြီ။

လတ်လတ် ယောကျ်ားမယူဖြစ်ခြင်းကို မြမြမိုး ဝမ်းသာ၏။ ပညာတစ်ပိုင်းတစ်စဖြင့် လူ့ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်ဆိုသော လတ်လတ်လို မရင့်ကျက် မတည်ငြိမ်သေးသော မိန်းကလေးတစ် ယောက်အတွက် မြမြမိုး စိုးရိမ်ခဲ့၏။ သို့သော် အချစ်ရှိန်တက်နေ သော လတ်လတ်ကို သူ မတားသာခဲ့။ လတ်လတ်၏သတ္တိကို ယုံကြည်သည့်တိုင် လတ်လတ်၏ နုနယ်သော အတွေ့အကြုံဖြင့် ဘဝကို ရင်ဆိုင်ရန် ကြိုးစားသည်ကို စိတ်မချ။ ယခုတော့ လတ်လတ် သည် ယခင်ကာလများထက် ရင့်ကျက်တည်ငြိမ်သော မိန်းကလေး တစ်ယောက် ဖြစ်ခဲ့လေပြီ။ အချစ်သည် လတ်လတ်ကို သင်ခန်းစာ များစွာပေးခဲ့ပေပြီ။



အနည်ထိုင်လုသော လတ်လတ်၏စိတ်ကို အေးစုမာသည် မမျှော်လင့်ဘဲ လာရောက်လှုပ်ခတ်လေ၏။ အေးစုမာ သည်နှစ် အောင်လာလိမ့်မည်ဟု လတ်လတ် မမျှော်လင့်ခဲ့။ လတ်လတ်၏ သက်မောင်းနှစ်ဘက်ကို လာရောက်ဆုပ်ကိုင်ကာ မျက်ရည်တွေဝဲ နေသော အေးစုမာကို လတ်လတ် အံ့သြဝမ်းသာစွာ ဖက်တွယ်မိ လေသည်။

'အေးစုမာရယ်၊ နင် ငါ့ဆီကို ဘာလို့စာမရေးတာလဲ ဟင်၊ နင် အခု ဘာမေဂျာရလဲ၊ ဘယ်အဆောင်မှာလဲ ပြောစမ်းပါဦး သူငယ်ချင်းရယ်၊ လတ်လတ်လဲ ကိုယ့်အပူနဲ့ကိုယ်မို့ အေးစုမာ အောင်စာရင်းကို မကြည့်မိဘူး၊ ပြီးတော့ ကျောင်းပိတ်ရက်မှာ လတ်လတ် ရှမ်းပြည်ကိုရောက်နေတယ်၊ စိတ်ဝေဒနာလဲ ကုစားရင်း ပေါ့ အေးစုမာရယ်'

လတ်လတ်သည် အေးစုမာကို အသက်ရှူရပ်မတတ် ပြောဆို ကိုင်လှုပ်ရင်း သိပ္ပံစားသောက်ဆိုင်တန်းမှ အင်းလျားဆောင် နောက်ဖေး ကြိုလမ်းထိ ဆွဲခေါ်ခဲ့သည်။

'အေးစုမာ အဆောင်နေဖို့ မတတ်နိုင်ပါဘူး လတ်လတ်ရယ်၊ သူငယ်ချင်းက မေမေ့မောင်တစ်ယောက်အိမ်က တက်တယ်၊ ပြီးတော့ အေးစုမာ ဇူးမေဂျာရတယ်၊ အမှတ်ကလဲ ညံ့တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'မဆိုင်ပါဘူး အေးစုမာရဲ့၊ ဘာပဲရရ ပညာရပ်တိုင်း တန်ဖိုးရှိတာချည်းပါပဲ၊ အေးစုမာ လတ်လတ်အခန်းကို လိုက်ခဲ့နော်'

လတ်လတ်က အပေါ်ထပ်နောက်ဖေးဆောင်မှ သူတို့၏ တိတ်ဆိတ်အေးချမ်းသော အခန်းလေးသို့ခေါ်သွားသည်။ သည်နှစ် နောက်ဆုံးနှစ်ဆိုတော့ လတ်လတ်တို့သည် အခန်းကောင်းကို ပြောင်းရ ပြန်လေသည်။ မြမြမိုးကတော့ လတ်လတ်နှင့်မခွဲ။ သူတို့နှစ်ယောက် ဘာသာတွဲချင်း မတူပေမယ့် ကျောင်းရောက်စမှ ယခုတိုင် အတူတူ နေခဲ့ကြသည်။

လတ်လတ်က အေးစုမာကို မြမြမိုးနှင့် မိတ်ဆက်ပေး၏။ အေးစုမာသည် လတ်လတ်ဘဝတွင် အရေးကြီးသော သူငယ်ချင်း တစ်ယောက်ဟု မြမြမိုး နားလည်၏။ ထို့ကြောင့် လွတ်လွတ်လပ်လပ် ရင်ဖွင့်နိုင်စေရန် မြမြမိုး အပြင်ထွက်ခဲ့သည်။

အေးစုမာသည် လတ်လတ်နှင့် နှစ်ယောက်တည်း ကျန်ခဲ့ခါမှ လတ်လတ်ကို ဖက်၍ ငိုလေသည်။ ယခုတော့ လတ်လတ်ကပင်လျှင် အေးစုမာကျောကို သပ်ကာ ချော့မော့ပြန်လေ၏။

'ဝမ်းမနည်းပါနဲ့ အေးစုမာရယ်၊ ဖြစ်ခဲ့ရတဲ့အကြောင်းတွေကို လတ်လတ် ကြိုးစားပြီး မေ့ပစ်လိုက်ပါပြီ၊ လတ်လတ်တို့က ငယ်ရွယ် ခဲ့တယ် ရူးခဲ့တယ် မဟုတ်လားကွယ်၊ ဘာပဲဖြစ်ဖြစ် သူ့ကို အသေ တလျှင် လက်မထပ်ခဲ့မိတာ လတ်လတ်ကံကောင်းတယ်လို့ ဆိုရမယ်'

'ဒီလိုလဲ မပြောပါနဲ့ လတ်လတ်ရယ်၊ သူ အေးစုမာဆီ လာ သွားခဲ့သေးတယ်၊ ဖြူဖြူကျော့ကို အတွေ့ကိုမရှောင်နိုင်လို့ အဓိ လိုက်ရပေမယ့် တကယ်တမ်း ယူရမယ်ဆိုတော့ မယူချင်ဘူးတဲ့၊ ဖြူ ဖြူကျော့ မျက်နှာများတယ်ဆိုတာလဲ သိတယ်တဲ့၊ လူယုတ် အခေါ်မခံချင်လို့ ဖြူဖြူကျော့နဲ့ယူလိုက်ရပေမယ့် လတ်လတ်ကို ချစ်တာပါတဲ့ကွယ်၊ ခုတော့ သူ စိတ်ဆင်းရဲနေရပြီတဲ့လေ'



လတ်လတ် မျက်နှာသည် ပျော့ပျောင်း၍ မသွားပါချေ။

'အေးစုမာက သူ့စကားကို ယုံကြည်တုန်းပဲလား၊ လတ်လတ် တော့လေ သူ့ကို အမုန်းနဲ့စခဲ့သလို လမ်းခွဲတော့လဲ အမုန်းနဲ့ပဲဆုံး တာပဲ၊ ခုနေများ သူ့ကိုတွေ့ရင် လတ်လတ် ဒေါသတွေ ပြန်နိုးကြားလာ ပြီး သတ်မိမလား မသိဘူး၊ သူ လတ်လတ်ကို မတွေ့အောင် ရှောင် နေတာ ကံကောင်းတယ်'

လတ်လတ် ဘာကြောင့် အသည်းမာနေနိုင်သေးသည်ကို အေးစုမာ နားလည်ရလေပြီ။ အေးစုမာ အငိုရပ်ပြီးခါမှ မျက်ရည် တစ်စက်က ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။ လတ်လတ်ကသာ သည်မျှ ဝမ်းနည်းတတ်နေသော အေးစုမာကို နားမလည်သလို ကြည့်လိုက်မိသည်။

'လတ်လတ် သူ့ကိုမသတ်ချင်ပါနဲ့ လတ်လတ်ရယ်၊ လတ် လတ်ရဲ့ ကျိန်စာသင့်လို့ သူ သူ လူ့လောကမှာ မရှိတော့ပါဘူး'

အေးစုမာ အားပါးတရ ငိုချေပြီတကား။

လတ်လတ်၏ နှလုံးသားကျောက်စိုင်သည် ယိုင်လဲ ပြိုမျက် သွားချေ၏။

'ဘာရယ်၊ သူ လောကမှာ မရှိတော့ဘူးဟုတ်လား၊ သူ ဘာ ဖြစ်လဲ၊ မောင်သေပြီလား အေးစုမာရယ်'

ယခုတော့ စုဖုရားလတ်၏ မျက်ဝန်းတွင် မျက်ရည်စတွေ ရစ်ဝဲလာချေပြီတည်း။

'ဟုတ်တယ် လတ်လတ်၊ ကိုထူးမောင် သေပြီ၊ ကလေးတစ် ယောက် ရေနစ်တာကို ဆင်းဆယ်ရင်း သူပါနစ်ပြီး အသက်ဆုံးရတာ၊ ကိုထူးမောင် သေရတာ မြတ်ပါတယ် လတ်လတ်ရယ်၊ ဒါပေမဲ့လေ သူ သေသာသွားရတယ် လတ်လတ်ရဲ့အမုန်းကိုခံသွားရသေးတယ်နော်၊ အဲဒါ အေးစုမာ သိပ် သနားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မိန်းကလေးနှစ်ယောက်လုံး ငိုပါလေပြီ။ သေသူကို ခွင့်လွှတ်ရိုးထုံးစံရှိကြသည် မဟုတ်လား။ လတ်လတ် သူ့ကို တကယ် သေစေရန် ကျိန်ဆိုခဲ့မိလေသလားဟု တွေးကာ ကိုယ့်ကိုကိုယ်ပင် အပြစ်တင်မိရလေပြီ။ ထူးမောင်သည် သေသည်အထိ လတ်လတ်ကို အနိုင်ယူသွားခဲ့လေပြီ။

'သူ့ကို စစ်ဆေးကြည့်တော့လေ သူသေရတာ ရေနစ်လို့မဟုတ်ဘူး၊ နှလုံးရောဂါကြောင့်တဲ့၊ နှလုံးကြောင့် ရေချော်မိပြီး သေရတာ၊ ဒါကြောင့် အေးစုမှာ သူ့ကို သိပ်သနားတယ်'

'တော်ပါတော့ အေးစုမာရယ်၊ လတ်လတ် နားမထောင်ပါရစေနဲ့တော့'

ယခုတော့လည်း လတ်လတ်သည် အိပ်ရာပေါ်တွင် မှောက်ကာ အားရှိပါးရှိ ငိုချေပြီတကား။

\+ \+ \+

## ၁၀

အချစ်သည် ပူဆွေးသောကကိုပင် အစဉ်ပေးတတ်ပါသလား။ အချစ်ကြောင့် ပျော်ရွှင်ကြည်နူးရသည့် အချိန်ကာလထက် ပူဆွေးသောင်ကျွမ်းရသည့် အချိန်က များနေသည်ဆိုတော့ အချစ်သည် အချိုထက် အခါးဘက် ကဲနေပြီဟုပင် ထင်ချင်၏။

အချစ်ကြောင့် ဝါသနာဗီဇကိုပင် စွန့်လွှတ်ခဲ့၏။ အချစ်ကြောင့် ရည်မှန်းချက်ပန်းတိုင်ကိုပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲမိခဲ့၏။ အချစ်ကြောင့် မလုပ်သင့် မလုပ်အပ်သော အခါတွင် မလုပ်သင့် မလုပ်ထိုက်သည့် စွန့်စားမှုကို ပြုရန်ပင် ဆုံးဖြတ်ခဲ့မိဖူး၏။ တစ်ဖန် အချစ်၏ ရက်စက်မှုကြောင့် လူ့လောကတစ်ခွင်လုံးကိုပင် ငရဲစရာ စက်ဆုပ်စရာအတိဟု ထင်မြင်ခဲ့မိဖူး၏။ ယခုတစ်ဖန် အချစ်ကြောင့် စိတ်နှလုံး ပူဆွေးလောင်မြိုက်ရပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် သက်တမ်းတိုသော လူတို့၏ သောကကို အထိ ရောက်ဆုံး ကုစားနိုင်မည်ဆိုပါလျှင် လူ့ဘဝ၏ သက်တမ်းတစ်ဝက် မကျိုးမီပင် သောကလှောင်အိမ်မှ လွတ်မြောက်လိုပါ၏။ ပျော်ရွှင် ဖွယ်ရာ ကာလများသည် လူ့ဘဝခရီးမဆုံးမီ ရောက်မှရောက်လာဦးမလားဟု သံသယဖြစ်မိလေသည်။

\+ \+ \+

# အပိုင်း ၃

www.burmeseclassic.com

www.burmeseclassic.com

# ၁

အောင် တင်စုလတ်ကို စတင်မြင်ဖူးသည်မှာ ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့်တွင် ဖြစ်လေသည်။ ထို့ထက် တိတိကျကျဆိုရလျှင် တက္ကသိုလ် အနှစ်ငါးဆယ်ပြည့်ရန် တစ်လအလိုခန့်တွင် ဖြစ်၏။

အောင်သည် တက္ကသိုလ်နယ်မြေတွင် နောက်ဆုံးခြေချရသည့်နှစ်ကို ရောက်နေပြီ။ နံ့သာသီချင်းသည်ကိုလည်း 'တေးဝတ်ရည်' အဖြစ် ပြောင်းလဲဖန်တီးခဲ့သည်မှာ သုံးနှစ် တိုင်ခဲ့ပြီ။ အခြေအနေသည် အစစအရာရာပြောင်းလဲလျက်ရှိ၏။ နံ့သာအုပ်စုသည် တေးဝတ်ရည်သို့ လူစုံမပါလာကြတော့။ ကိုကြည်မောင်နှင့် အောင်သာလျှင် ရှေ့ကြီးကြီးဖြင့် ကျန်ခဲ့ကြသည်။ သီချင်းရေးသူတို့နေရာတွင် မြန်မာစာဌာနမှ ကိုမြင့်စိုးနှင့် ကိုတင်အောင်ဝင်းတို့ ဝင်လာကြသည်။ သူတို့ကို ဆက်သွယ်ပေးခဲ့သူက ကိုတင့်ဝေပင် ဖြစ်လေသည်။

တေးဝတ်ရည်သည် နံ့သာသီချင်းသည်ကဲ့သို့ စည်းစည်းလုံးလုံး ကျွမ်းကျွမ်းဝင်ဝင် မရှိကြပေမင့် အလုပ်သဘောအရတော့ ခင်မင်ရင်းနှီးကြသည်။ ကိုတင်အောင်ဝင်းသည် ဂီတတွင် ကျွင်လည်နှံ့စပ်

www.burmeseclassic.com

www.burmeseclassic.com



သော စန္ဒရားဆရာတစ်ယောက်လည်း ဖြစ်သည်မို့ တေးဝတ်ရည်သည် ပိုမိုအားကောင်းသည်ကား အမှန်ပင်။ အောင့်အတွက်တော့ အကြောင်းကြောင်းဖြင့် အဆက်ပြတ်ခဲ့ရသော အနုပညာရျာန်ကို ပြန်လည်ဝင်စားလာရသည်မို့ အပြောင်းအလဲကို နှစ်သက်ခဲ့မင်၏။ အောင့်ဘဝတွင် ထို့ထက်ပြောင်းလဲစေသော အရာတစ်ခုကိုလည်း ရယူပိုင်ဆိုင်ခဲ့ရသေးသည်လေ။

မာမာအေး၏ 'မနက်ဖြန်မှဆက်၍ငိုမယ်'ကို ဆွေးဆွေးမြည့်မြည့် ဆိုပြနေသော မိန်းကလေးကို အောင် ငေး၍ကြည့်မိ၏။ နဂိုကမှ အဆွေးဓာတ်ခံနှင့်ကိုယ်မို့လည်း တဒင်္ဂတော့ ငေးငိုင်တွေဝေသွားမိသည်။ သီချင်းဆိုနေသော မိန်းကလေးကိုယ်တိုင်ကပင် ဆွေးမြည့်ကြေကွဲနေ၏။ ခံစားမှုသည် ရင်မှတစ်ဆင့် ပွင့်ထွက်၍လာဟန်ရှိသည်။

'ဘယ့်နှယ်လဲ'

ကိုမြင့်စိုးက အောင့်သဘောကို မေးသည်။

'မဆိုးဘူး ရွေးထားလိုက်ပါ'

နှစ်ငါးဆယ် ရွှေရတုသဘင်အတွက် အနုပညာပိုင်းဆိုင်ရာ တာဝန်ကို ကိုမြင့်စိုးတို့က ယူရ၏။ ထိုအခါ တစ်နွယ်ငင် တစ်စင်ပါဆိုသလို အောင်သည်လည်း မလွှဲမရှောင်သာ ပါလာရသည်။ ထိုနေ့က ပဏာမလူရွေးပွဲ။

'သူ့နာမည် ဘယ်သူလဲ'

'တင်စုလတ်'

နာမည်ကတော့ ခပ်စီးစီးပဲဟု အောင်ကတွေးမိ၏။ သို့သော် မိန်းကလေး၏မျက်နှာသည် နာမည်နှင့်မလိုက်အောင်၊ ရွှန်းလဲ့တောက်ပြောင်သော မျက်လုံးလေးများနှင့် မလိုက်အောင်၊ ပါးလျားစူချွန်သော နှုတ်ခမ်းလေးများနှင့် မလိုက်အောင် ညှိုးလျော် နွမ်းလျလွန်းလှ၏။



'သီချင်းတိုက်နေတဲ့ရက်တွေမှာတော့ အပြန်နောက်ကျမယ်၊ အိမ်ကို ပြောလို့ရမလား'

'ကျွန်မ အင်းလျားဆောင်မှာ နေပါတယ်'

'ဒီလိုဆို ဖြစ်ပါတယ်၊ နောက်ကျရင် ကျွန်တော်တို့လိုက်ပို့ပေးပါ့မယ်'

မိန်းကလေးက ခေါင်းကို ခပ်ညင်ညင်သာသာပင် ညိတ်ပြသည်။ နှုတ်ခမ်းပေါ်မှ မှဲ့လေးနှင့် မလိုက်အောင်ပင် စကားနည်းလှချေ၏။ အောင်သည် တေမိလုပ်ကာ သူ့ကို ငေးကြည့်နေမိသည်။ ကိုမြင့်စိုးကပင် အစီအစဉ်များကို ဆက်လက်ညွှန်ကြားနေသည်။ မိန်းကလေးသည် ခေါင်းကိုတဆတ်ဆတ်ညိတ်လျက် နားထောင်သည်။

သူမ ပြန်တော့မည်ဆိုတော့ ကိုမြင့်စိုးက အောင့်ကို အဖော်ညှိသည်။ အောင်က ခပ်ရိုင်းရိုင်းပင် ငြင်းလိုက်မိ၏။ ကုံကော်ရိပ်မှ အင်းလျားဘက်ကို အောင် ခြေမလှည့်သည်မှာ ကြာပြီ။ အင်းလျား၏ အနားတွင် ရတနာကရှိသည် မဟုတ်လား။ ဒဏ်ရာသည် ကောင်းစွာ ကျက်တတ်သေး။

'နေပါစေ ကျွန်မပြန်ရဲပါတယ်'

သည်လိုတော့လည်း အောင့်ကိုကြည့်လိုက်သည့် မိန်းကလေး၏ မျက်လုံးသည် ထက်မြက်စူးရှလေစွ။ အောင် မှားသွားပြီကို သိလိုက်၏။ ရှိစေတော့။ ဝေဒနာဆိုတာ အစွဲအလမ်းကြီးသူတို့အဖို့ ဖြေဖျောက်ရခက်သည်ကို မင်းလည်းသိမှာပါပဲ။

'ခင်ဗျား သူ့ကိုမသိဘူးလား၊ ခင်ဗျားမိတ်ဆွေ ကိုမြင့်မိုးဆိုတာတောင် ပြောပြောနေသေးတယ်လေ၊ အနုပညာ အသင်းက သတ်လတ်ဆိုတာပေါ့၊ ခုတော့ နာမည်ပြောင်းလိုက်သလား မသိဘူး၊ တင်စုလတ်လို့ ပေးသွားတာပဲ'

'အင်း ဟုတ်မှာပေါ့၊ ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး'

www.burmeseclassic.com

www.burmeseclassic.com



'တစ်ချိန်တုန်းကတော့ ခင်ဗျားလဲ ဒီဘက်မှာ ကျက်စားခဲ့ဖူးတာ မဟုတ်လား'

'ကြာပါပြီဗျာ'

အိမ်ပြန်ရောက်တော့ ရေချိုးရင်းမှ တေးတစ်ပုဒ်ကို အမှတ်မထင် ညည်းမိ၏။

အို ဘယ်တော့များမှကွယ်.... စမ်းကျရေတစ်ပေါက်သဖွယ်.... ပန်းသမျှတွေ ပျောက်မလဲ မောင်ရယ်.... ဟင် ခုတော့ ငိုပင် ငိုနေရသော်လဲ ခန်းခြောက်လှပြီဖြစ်သော မျက်ရည်စမ်းများက.... နှင်းပုလဲများသဖွယ် သွယ်တန်းမကျလာနိုင်တော့ပြီမို့.... ငိုမယ်.... ဆက်၍ တစ်သက်ပန်ဘဝ.... မနက်ဖြန်မှ ဆက်၍ငိုမယ်....

\+ + +

အောင့် ဘဝသည် အစစအရာရာ အနည်ထိုင်လုပြီဟု ထင်၏။ မိဘ ညီအစ်ကိုမောင်နှမတို့ ဖြစ်စေချင်သော ဆရာဝန်အဖြစ်ကိုလည်း ရလုနီးပြီ။ ဝါသနာပါသော ဂီတကိုလည်း ကျေနပ်လောက်သည် မဟုတ်သည့်တိုင် တစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ လုပ်ခွင့် ရပြီ။ လုပ်နေရပြီ။ အချစ်ဟူသော အရာသည်လည်း အောင့် နှလုံးသားမှ အမှတ်မထင် ပြေးထွက်လွင့်ပါးသွားသည်မှစ၍ ခံစားမှု မရှိခဲ့သည်မှာ ကြာပြီ။ မိန်းကလေးလှလှမြင်လျှင် ချစ်စရာဟု အောင် မတွေးတတ်တော့။ ချစ်တယ်ဆိုတာ အပိုပါပဲဟု အောင် တွေးမိတတ်၏။ ပစ္စည်းဥစ္စာပြည့်စုံ၍ လူ့လောက၏တာဝန် ဝတ္တရား တစ်ရပ်အဖြစ် အိမ်ထောင်ပြုကြစို့ ဆိုလျှင်လည်း ပြုလိုက်ရုံသာ။



မိဘက ရှာပေးသည်ပဲ ဖြစ်စေ၊ ကိုယ်တိုင်က နှစ်သက်သည်ပဲ ဖြစ်စေ၊ အိမ်ထောင်ဖက် ရွေးချယ်ရေးသည် ခက်ခဲလှမည်မဟုတ်။ စိတ်တိုင်းကျ ရွေးချယ်တိုင်းလည်း ကောင်းမည်ဆိုးမည်ကို မည်သူ အာမခံနိုင်မည်နည်း။

ဤသို့သော အခြေအနေမျိုးကျမှ အောင်သည် 'အချစ်မရှိရင်လဲ မဖြစ်သေးပါဘူး' ဟူသော အတွေးမျိုးကို ပြန်တွေးမိရပြန်ချေသည်။ ဘာ့ကြောင့်ပါလိမ့်။ ဒူးယားစီးကရက်တိုများကို ငေးမောကြည့်မိ သည်။ အချိန်ကာလပေါင်း မည်မျှသည် အချည်းနှီး ကုန်ဆုံးခဲ့ရပြီလဲ။ ပြန်တွေးပြန်တော့လည်း အတိတ်ကာလသည် များစွာ မကြာလှသေး ဟု ထင်ရလေသည်။ ချော သူ့အပါးမှ ခွာသွားသည်မှာ မနေ့တစ်နေ့ ကပဲဟုပင် သူ ထင်၏။ မမြေအေးတစ်ယောက် လက်ထပ်သွားသည် ဆိုသည်မှာလည်း ပူနွေးသော အကြောင်းအရာတစ်ရပ်ဟုပင် ထင်မှတ် ၏။ ပြန်လည်ခံစားကြည့်မည် ဆိုလျှင်တော့လည်း သည်ဘဝထဲမှာ ပင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာတွေပေပဲ။ အလှမ်းကွာလွန်း သည်ဟု မဆိုနိုင်ပါချေ။

နံနက်လင်းသော် ဆိုင်တံခါးကို ဖွင့်ပေးပြီး ကိုယ်တိုင်ကမှု ဆေးရုံဆင်းရန် ပြင်ဆင်၏။ ကျောင်းနှင့်ဆေးရုံကို လေးစားခဲ့သည် မှာလည်း ကြာပြီ။ မရွှေချော၏ ကျေးဇူး။ ညနေကျလျှင်တော့ တက္ကသိုလ်နယ်မြေဘက်ကို ခြေဦးလှည့်ရမည်။ ကိုမြင့်စိုးတို့တစ်တွေ အလုပ်ရှုပ်နေသည်ကို သွားကူရဦးမည်။ ဒီဇင်ဘာ တစ်ရက်နေ့သည် သိပ်မဝေးတော့။ အမိတက္ကသိုလ်၏သမိုင်းကို ထုတ်ဖော်ရမည်မို့ အားလုံးက တက်ကြွနေကြသည်။ ပင်မတက္ကသိုလ်တွင် လှုပ်လှုပ်ရှား ရှား ဖြစ်နေကြလေသည်။

ဘွဲ့နှင်းသဘင်ခန်းမဆီသို့မဝင်မီ စီးပွားရေးတက္ကသိုလ်ရှေ့မှ စားသောက်ဆိုင်တန်းသို့ ခေတ္တဝင်မိသည်။ ဟာနေသောဝမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ရန်တည်း။ လက်သုပ်ဆိုင်ရှေ့တွင် ထိုင်မိသည်အထိ ဘေးပတ်ဝန်းကျင်ကို သတိမထားမိ။ လက်ချောင်းသွယ်သွယ်လေးနှစ်ဘက်က ပိုက်ဆံအိတ်ကိုဖွင့်ပြီး ဆိုင်ရှင်သို့ လှမ်းပေးသည်ကို မြင်ရမှ မော့်ကြည့်မိ၏။ သူ့ဘေးတွင် ငြိမ်သက်စွာ ထိုင်စားနေခဲ့သော မိန်းကလေး။ သူမ၏ ထက်မြက်စူးရှသော မျက်လုံးနှစ်လုံး။ မမှတ်မိနိုင်စရာမရှိ။ သည်လိုမျက်လုံးမျိုးကို အောင် သတိထားမိတတ်မြဲ။ ထက်မြက်ထူးချွန်သော မိန်းကလေးတို့တွင်သာ တွေ့ရတတ်သည့် မျက်လုံးမျိုး။ ချောသည်လည်း သည်လိုမျက်လုံးမျိုးကို ပိုင်ဆိုင်သည် မဟုတ်လား။

အောင်က မျက်လုံးပိုင်ရှင် မိန်းကလေးကို နှုတ်ဆက်သည့်အကြည့်ဖြင့် ကြည့်လိုက်သည်။ မိန်းကလေးက အသိအမှတ်ပြုဟန်ဖြင့် ဣန္ဒြေရရပင် တုံ့ပြန်၏။ ပြီးတော့ နေရာမှ ဖြည်းနှေးစွာပင် ထွက်ခွာသွားသည်။ တင်စုလတ်။ သူမအမည်ကို တီးတိုးရေရွတ်ကြည့်မိ၏။ နာမည်သည် နွဲ့လည်းမနွဲ့။ ချောလည်းမချော။ ပျော့ပျောင်းဟန်လည်း မရှိ။ လတ်လတ်မှသည် တင်စုလတ်ဟု ပြောင်းလိုက်သည်တဲ့။ လတ်လတ်ဟူသည့် အမည်ကလေးကမှ အပြစ်ကင်းစင်ပါသေးတော့။

မဆီမဆိုင်အတွေးကိုဖြတ်ကာ ဘွဲ့နှင်းသဘင်ဘက်သို့ ဦးတည်ခဲ့သည်။ ကိုမြင့်စိုးတို့ သီချင်းတိုက်၍ ကောင်းဆဲ။ အောင်က ကိုမြင့်စိုးဘေးတွင် ဝင်ထိုင်သည်။ တင်စုလတ်နှင့် မျက်နှာချင်းဆိုင်။ အရောင်ထွက်သော မျက်လုံးနှစ်လုံးသည် ဖျတ်ခနဲ လင်းလာပြီးမှ မျက်တောင်ကော့များက ဖုံးအုပ်လိုက်၏။

ကောင်းချီးသခါ.... ရွှေတောဇာ....ဘုန်းမိုးစွေကာ သွန်းဖြိုးဇေယျာ.... ဟသ်ာတွေ အောင်မြေရွှေဘုံဦး.... ဩဘာတော်သာ ကျူးရင့် ကြွေးကြော်ညာ....



တင်စုလတ်၏အသံသည် အေးနွဲ့ကြည်လင်စွာ ပေါ်ထွက်လာသည်။ အောင်က ငေး၍နားထောင်နေ၏။ သူ့ဘဝ၌ ဂီတ အနုပညာတွင် အချိန် သုံးပုံတစ်ပုံခန့် သုံးခဲ့ပါ၏။ ဆယ့်နှစ်နှစ်သား အရွယ်က အောင် ပူဆာ၍ ဖေဖေက ပတ္တလားသင်တန်းသို့ ပို့ဖူးသည်။ ထိုတျာ သီတာလောက်နှင့် အောင် ပြန်ခဲ့၏။ နောက်တစ်ကြိမ် ၏ါအောင်ကြည်ထံတွင် အဆိုသင်သည်။ အချိန်အတန်ကြာ ရှိခဲ့သည်။ နောက်တော့လည်း ဖေဖေတို့က 'ဝါသနာက ဘယ်အချိန်လုပ်လုပ် ရတယ်၊ ကိုယ့်ဘဝ အာမခံချက်ရအောင် ကျောင်းလဲ လုပ်ဦး' ဟု ဆိုကာ ကျောင်းကို အတင်းပို့သည်။ အသွင်မတူသော ပညာရပ်နှစ်ခု၏ တိုက်ပွဲကြောင့် နှစ်အချို့ ကုန်ဆုံးလွင့်ပါးခဲ့ရ၏။ ထိုအနယ်တွင် တို့ကာ ထိကာ ကျင်လည်ခဲ့ရသည့် ကာလအတွင်း ဝါသနာတူမိန်းကလေးများနှင့် ကျွမ်းဝင်မှုက နည်းပါးခဲ့သည်။ မိမိကို ချီးကျူးအားကျသော မိန်းမသားများကို အောင် တွယ်တာမိခဲ့၏။ အတူတကွ လှုပ်ရှားရန်းကန်ရသော ဝါသနာတူ မိန်းကလေးမျိုးကို အောင် စိတ်မဝင်စားဖူးသေးပါလား။

အဖြစ်ဆိုးကြုံ.... မယုံနိုင်ငြား.... အသည်းကြိမ်မီးအုံးသလို နှလုံးမသာယာ....

တင်စုလတ်၏ အသံသည် အရှင်ထက် အလွမ်းကဲသည်ဟု အောင် ထင်၏။ ခံ့ခံ့ထည်ထည်ဆိုရမည့် နေရာမျိုးထက် လွမ်းလွမ်းဆွေးဆွေး နေရာမျိုးတွင် ပို၍ပိုင်သည်။ ထို့ကြောင့်လည်း တစ်နေရာတွင် အောင်ကဖြည့်၍ ပြောမိ၏။

ထီးနှင့်နန်းနှင့် လျှမ်းတင့်တေဇာ.... အမျိုးဘာသာ သာသနာနှင့် အဋ္ဌာရသ ပြည့်ဝပညာ....

သည်လိုနေရာမျိုးတွင်တော့ ဇာတိသွေးဇာတိမာန်ပါအောင် ဆိုတိုမြင့်ဖို့လိုသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



တင်စုလတ်၏ မျက်လုံးနှစ်ဘက်မှ ရွှန်းလက်သောအရောင်များ ပျံ့လွင့်လာကြလေ၏။ အောင် ခွင့်လွှတ်ပါသည် မိန်းကလေး။ မိန်းကလေးတို့မည်သည် သူတို့ကို ဝေဖန်လျှင် မကြိုက်တတ်။ အမှန်ကိုပေမယ့် လက်ခံရန် ဝန်လေးတတ်ကြသည်။ မိန်းကလေးတို့၏ သဘောကို နားကျေပြီဟု မဆိုသာသော်လည်း မိန်းကလေးတို့ကို ကျွမ်းဖူးချစ်ဖူးရုံနှင့်ပင် သည်မျှတော့ အောင် နားလည်ပါသည်။ သို့သော် အနုပညာတွင် ဝေဖန်ခြင်းနှင့် ပြုပြင်ခြင်း လမ်းညွှန်ပေးခြင်းကိုမှ မခံယူတတ်ဘဲ အမှားကို အမှန်ထင်မိက ထိခိုက်ဆုံးရှုံးရတတ်၏။ မာနဟူသည် မိမိကိုယ်ကို အထင်ကြီးခြင်းကို ခေါ်သည်မဟုတ်။ မဆိုင်ရာတွင် မာနမထားသင့်။

သို့သော် တင်စုလတ်သည် အောင့်ကို ကောင်းစွာ ကျေနပ်ဟန်မတူ။ အသံကို ပြောင်း၍ နောက်တစ်ကြော့ ဆိုပြ၏။ လွမ်းဆွေးသံသည် မသိမသာ ကပ်ငြိနေ၏။ သို့သော် အောင် မပြောတော့။ သည် နေရာတွင် အခြားသူများနှင့် ရောနှောဆိုရမည်၊ ကိစ္စမရှိ။

တင်စုလတ်သည် ခေတ္တနားနေရာမှ အခြားမိန်းကလေးများအား သီချင်းချပေးနေသော အောင့်ကို မသိမသာလှမ်းကြည့်၏။ အောင်၏ အလှည့်တွင်မှဆုံမိသည်ဆိုရုံလေးမျှသာ ဆုံလိုက်ရသည်။ လျင်မြန်စွာ ပြန်လှည့်သွားလေသည်။ အောင်က စိတ်တွင်းမှ ပြုံးမိ၏။ ဘာကြောင့်မှန်းမသိ၊ သည်မိန်းကလေးသည် အောင်နှင့် ပတ်သက်လာရတော့မည်ဟု အလိုလို သိတတ်သော စိတ်ဖြင့် ထင်လိုက်မိ၏။

အောင်သည် အချစ်ကျွမ်းကျေသူမဟုတ်သည့်တိုင် နှလုံးသား ခံစားချက်ကိုတော့ ကောင်းစွာသိရှိ နားလည်တတ်ပါပြီ တင်စုလတ်

၂

လတ်လတ်သိသမျှတော့ အဆိုတော်ကိုသက်အောင်ဆိုတာ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်က ခပ်ရှုပ်ရှုပ်ခပ်ပွေပွေ လူတစ်ယောက်ပါပဲ။ အဆိုကလည်းကောင်း၊ ရုပ်ကလည်းဖြောင့်၊ ပညာကလည်း အများ အထင်ကြီးစရာဆိုတော့ ပွေမယ်ဆိုလည်း ပွေချင်စရာ။ တစ်ချိန်ကတော့ သူ့သီချင်းတွေကို လတ်လတ် အသည်းစွဲခဲ့သည်။ အားလုံးလိုလို အလွတ်ရခဲ့သည်။ မြန်မာ့အသံမှ တစ်ကြိမ်သာလွှင့်ပြီး ခေတ်ပြားမရလိုက်သည့် သီချင်းအချို့ကိုပင် မှတ်မိလိုက်သေး၏။ တက္ကသိုလ် ရောက်စတွင်တော့ သူ့သတင်း အစအနကို မကြားရသည်မှာ အမှန်။ ငါးနှစ်ကောင် ပြိုင်တူဖမ်းမိလို့ အားလုံးလက်လွှတ်ပြီး ငိုင်ကျွဲနာကျနေရချိန် ထင်ပါရဲ့။ ကြံဖန်ပြီး တိုက်ဆိုင်ချင်တော့ အောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် သူ့သီချင်းကိုမှ လတ်လတ်က ဆိုခဲ့သည်။ သူ့အဆက်ဟောင်း မမြအေးဆိုတာကတောင်မှ လတ်လတ်ကို ခေါ်ပြီး မိတ်ဖွဲ့သေးသည်။ သည့်နောက်တွင်လည်း ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



မမြေအေးကို လက်တွေ့စမ်းသပ်ခန်းမှာ ကျူတိုရီရယ်ခန်းမှာ မကြာမကြာ တွေ့ရပါ၏။ သည်မျှ ချောလည်းချော ကျက်သရေလည်းရှိတဲ့ ဆရာမကို ဘာကြောင့်များ ပစ်သွားပါလိမ့်ဟုတွေးကာ ကိုသက်အောင်ကို ငြိုငြင်မိသေးသည်။

ထူးမောင်တို့လို ယောကျ်ားမျိုးနှင့် ကြုံရပြန်တော့လည်း ယောကျ်ားတို့၏ သဘောကို နားလည်သင့်သလောက် နားလည်ခဲ့ရပါ၏။ ယောကျ်ားတို့၏ မပြတ်သားသော စိတ်၊ ဟိုဘက်သည်ဘက် လက်မလွှတ်ချင်သည့် စိတ်၊ နီးစပ်လျှင် တိမ်းညွှတ်တတ်သည့်စိတ်။ ကိုသက်အောင်သည်လည်း ယောကျ်ားအမျိုးအစားတွင် ပါဝင်သည်မို့ မမြေအေးကို စွန့်လွှတ်ခဲ့ခြင်းအတွက် အံ့သြစရာအဖြစ် မမြင်တော့။

မိမိ၏အဖြစ်ကတော့လည်း ဆန်းကြယ်ထွေပြားသည်။ စိတ်နာရမည်ဆိုလျှင်လည်း တူးတူးခါးခါး နာပစ်ချင်၏။ လွမ်းဆွတ်ပူဆွေးရမည်ဆိုလျှင်လည်း အသည်းကျွမ်းအောင် လွမ်းပစ်ချင်၏။ ယခုတော့ နာလည်းနာရသည်။ လွမ်းလည်း လွမ်းရသည်။ ဝေဒနာနှစ်ရပ်ကို တစ်ပြိုင်နက်တည်းပေးခဲ့သည်မို့ ဖြေရခက်ဘိသည်။ ထို့ကြောင့်လည်း ယောကျ်ားတို့၏ ရက်စက်တတ်သော နှလုံးသားကို ကြောက်၏။ ဝေးဝေးမှ ရှောင်ချင်၏။ သို့သော်လည်း ယောကျ်ားမုန်းသူဟူ၍ မိမိကိုယ်ကိုမိမိ မကြေညာချင်။ လောကတွင် အစွန်းရောက်ခဲ့၍ ဒုက္ခရောက်ခဲ့ရဖူးပြီ။ ထို့ကြောင့်လည်း မိမိကိုယ်ကို မိမိဆုံးမ၏။ တတ်နိုင်လျှင် ယောကျ်ားသားတို့၏ အချစ်ကို မကြုံမတွေ့သော နေရာတွင် နေချင်သည်။

ညစ်ညူးထွေပြားသည့်စိတ်ကို ထိန်းချုပ်၍ ရလိုရငြား ဝါသနာပါရာ လုပ်ရပ်တွင် မြှုပ်နှံမည်ဟု ကြိုးစားမိသည်။ ထို့ကြောင့်လည်း အမိတက္ကသိုလ် အနှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်



တက္ကသိုလ်သမိုင်းပြဇာတ်အတွက် သီချင်းဆိုလိုသူအဖြစ် စာရင်းပေးမိသည်။ သည်အချိန် သည်ကာလမှစ၍ အနုပညာဂီတနယ်ကို ခြေချရလိမ့်မည်ဟုတော့ မထင်မှတ်ခဲ့။ ပြီးတော့ သူ့ဘဝတွင် အဆိုတော် တစ်ယောက်အဖြစ် နှစ်သက်ခဲ့ရသော၊ ယောကျ်ားတစ်ယောက်အဖြစ်လည်း မုန်းတီးခဲ့ရသော လူတစ်ယောက်ကို သည်ပွဲမှာ လာတွေ့ရတော့ လူ့ဘဝ၏ မဆန်းပြားလှသော အလှည့်အကွေ့တစ်ရပ်ကို နားလည် သဘောပေါက်ခဲ့ရသည်။

ကိုသက်အောင်သည် မိမိထက် အနုပညာသက်ရင့်သူ၊ မိမိက ယခုမှ နဖူးတွေ့ဒူးတွေ့ တွေ့ရသူဟူ၍ ခွဲခြားသိမြင်သည့်တိုင် နေရာတကာ ဆရာလုပ်လွန်းသည်ဟု ထင်မိ၍ ကိုသက်အောင်ကို နည်းနည်းတော့ မနှစ်မြို့ချင့်သလို ဖြစ်မိရသည်။ ပြီးတော့ ပြောသေးသည်။ မိမိအသံသည် ခုံခုံထည်ထည်ဆိုရမည့်နေရာတွင် လွမ်းလွမ်းဆွေးဆွေး ဖြစ်နေသည်တဲ့။ ကြိုးစား၍ ပြုပြင်သည့်တိုင် သူက သိပ်ကျေနပ်ပုံမပေါ်။ လွင့်ပါးပျက်ယွင်းနေသော စိတ်ဝေလေကို ကိုယ်တိုင်က မကျေနပ်သည့်တိုင် တစ်ဘက်လူက ထိုးဖောက်သိမြင်သွားသည်ကိုတော့ သိပ် လက်မခံချင်။ မိန်းကလေးပေမယ့် အသည်းကမာတတ်ပါသည်။ ထို့ကြောင့် နာမည်ကိုပင် တင်စုလတ်ဟု ပြောင်းပစ်သည်လေ။ စုဖုရားလတ်ဟူသည့် သူငယ်ချင်းတွေပေးသော အမည်ကိုလည်း ကြိုက်သည်။ ဘာပဲပြောပြော မိန်းမကြမ်းလေး စုဖုရားလတ်ကို သူအားကျ၏။ စုဖုရားလတ်လို မိမိချစ်သူကို အရအမိယူနိုင်စွမ်းမရှိခဲ့၍ တစ်ပါးသူ၏ အထိအတွေ့နောက်ကို ကောက်ကောက်ပါသွားခဲ့ဖူးသည် မဟုတ်လား။ သေသွားသည့်သူကိုပေမယ့် ပြန်တွေးလျှင် စိတ်ကနာဆဲ။ ချစ်လျက်နှင့် ဘဝကူးသွားလျှင် မျက်ရည်ကိုပင်လယ်ပြုကာ နှလုံးသားကို ကျောက်တိုင်ထူပစ်ချင်သည်။ ယခုတော့ လွမ်းရသည့်တိုင် မပိုင်လွမ်း။

www.burmeseclassic.com

www.burmeseclassic.com



ယခုလိုအချိန်မျိုးမှာ ယောက်ျားတစ်ယောက်က ရူးရူးရဲရဲ ကြည့်လာသည့်တိုင် ရင်က မခုန်တတ်ပြီ။ ယောက်ျားတို့ သဘောကို နောကျေအောင်သိပါသည်ဟု မိန်းမတတ်ကြီး မလုပ်ချင်သော်လည်း ဘယ်လိုကြည့်လျှင် ဘာကိုမြင်မည်၊ ဘယ်လိုလှမ်းလျှင် ဘယ်စခန်း ဆိုက်မည် ဆိုသည်လောက်ကိုတော့ မှန်းဆတတ်ပါပြီလေ။

\+ \+ \+

## ၃

အားလုံး၏မျက်နှာတွင် ကျေနပ်နှစ်သိမ့်မှု၏ ရောင်ပြန်ဟပ်မှုကို ပြက်ပြက်ထင်ထင် မြင်နေရလေသည်။ ကျောင်းသူကျောင်းသားများ၏ ဟန်က တက်ကြွနေသည်။ မာန်ဝင့်နေသည်။ ဂုဏ်ယူနေသည်။ လူကြီးပိုင်းကလည်း ကျေနပ်အားရနေသည်။ ၎င်းတို့၏ သမိုင်းကြောင်းကို ပြန်မြင်ရသဖြင့် ပီတိအဟုန်ဖြင့် ဝမ်းသာကြည်နူးနေကြသည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတို့ကို ဆော်ကျူးသော နေရာအချို့တွင် အောင်တို့ လူသိုက်ကပါ သပိတ်မှောက် ကျောင်းသားများအဖြစ် ပါဝင်သရုပ်ဆောင်ကြသည်။ ပရိသတ်ထဲမှ သပိတ်မှောက် ကျောင်းသားဟောင်းအချို့ကပင် မျက်ရည်ကျကြသည် ဆိုတော့ အောင်တို့တစ်တွေ အပင်ပန်းခံရကျိုးနပ်ပေ၏။

အောင်တို့ကို တာဝန်ပေးခဲ့သော မြန်မာစာဌာနမှ ဆရာ ဦးဖိုးကျော်မြင့်ကိုယ်တိုင်ကလည်း ဝမ်းမြောက်ကြည်နူးလျက်ရှိပြီ။ ဇာတ်ညွှန်းရေးပေးခဲ့သော ဦးသိန်းဖေမြင့်ကိုယ်တိုင်ကလည်း ဇာတ်ဖော် [illegible]ကျူးပြီဆိုတော့ ပြောဖွယ်ရာမရှိတော့။ ထိုနေ့က ရွှေရတုသဘင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆိုကဇာတ်ကို အင်းလျားလေးစခန်းတွင် ဝတ်စုံပြည့် အစမ်းကပြခဲ့ရသည်။ မိမိတို့ကိုယ်တိုင် ပါဝင်ကြိုးစားခဲ့ရသည့်လုပ်ငန်း တစ်ခု အောင်မြင်သည်ဆိုတော့ အဘယ်မှာလျှင် ဝမ်းမသာဘဲ ရှိပါမည်လဲ။ ပြီးတော့ ဤမည်သော လုပ်ရပ်သည် အောင်နှင့် တင်စုလတ်တို့ မြတ်နိုးရာ အနုပညာနှင့်လည်း ပတ်သက်နေသည်။

ယခုတော့ အောင်ကိုယ်တိုင်ကပင် တင်စုလတ်ကို ဝမ်းမြောက် ဝမ်းသာ ချီးကျူးစကား ဆိုမိလေ၏။

'တင်စုလတ် သိပ်ကြိုးစားတာကိုမြင်ရတာ ဝမ်းသာတယ်ဗျာ။ သူ့နေရာနဲ့သူ ရင်ထဲကလာတဲ့ အသံနဲ့ကို အပြည့်အဝ ဆိုပေးနိုင်ပါ တယ်'

တင်စုလတ်တို့သည် ဇာတ်စင်အောက်က ဆိုပေးရသောအဖွဲ့။ ထို့ကြောင့် တင်စုလတ်က အောင့်ကို တစ်ခွန်းတော့ ခနဲ့လိုက်၏။

'စင်ပေါ်က သရုပ်ဆောင်တဲ့လူတွေက တော်လို့ပါရှင်'

သည်လိုတော့လည်း အောင်သည် ဟက်ဟက်ပက်ပက် ရယ် မောလိုက်လေသည်။ အောင်ရယ်တော့လည်း တင်စုလတ်ကပါ ပြုံး လိုက်သည်။ အောင်သည် လက်သီးလက်မောင်းတန်း၍ အားပါးတရ ဟစ်ကြွေး သရုပ်ဆောင်ခဲ့သော သူ့ကိုယ်သူ ပြန်၍ မြင်ယောင်ကာ ရယ်မိခြင်းဖြစ်၏။ တစ်စုလတ်ကတော့ အောင် ရယ်သည်ကို သဘောကျကာ ပြုံးမိခြင်းပဲ ဖြစ်မည်။ အောင်သည် အများအလယ်တွင် စကားဟဟမပြောဘဲ အစဉ် တေမိလုပ်နေတတ်သည် မဟုတ်လား။

အောင်ကတော့ တင်စုလတ်၏ အပြုံးကို မြင်ခဲ့သည့် အား လျော်စွာ ခွက်ဝင်သွားသော ပါးချိုင့်လေးနှစ်ဘက်ကို တအံ့ငေးမောကြည့်ရှုလိုက်မိ၏။ တင်စုလတ်တွင် သည်မျှ ချစ်စရာကောင်း



သော ပါးချိုင့်လေးများရှိသည်ကို အောင် မသိခဲ့ရပါလား။ 'ဘာ ကြောင့်များ လှပသောအပြုံးများကို သိုဝှက်သိမ်းဆည်းထားရပါလိမ့် မိန်းကလေးရယ်'ဟု ကရုဏာတွေး တွေးမိပြန်သည်။

'ဒီနေ့တော့ တင်စုလတ်ကို ကျွန်တော် လိုက်ပို့ပါရစေ'

စေတနာပိုလိုက်မိသည်လား မပြောတတ်။ တင်စုလတ်သည် အတေးအမှတ်ထားဟန် မရှိသော်လည်း အမှတ်တရတော့ ရှိဟန် တူသည်။

'နေပါစေ၊ လိုက်ပို့ဖို့ တာဝန်ယူထားတဲ့သူတွေ ရှိသားပဲ၊ ကျွန်မမှာ သူငယ်ချင်းအဖော်တွေလဲ ပါပါတယ်'

စကားပြောတိုင်း ရယ်၍ပြောလျှင် ကောင်းလေစွဟု အောင် တွေးမိ၏။ တင်စုလတ်သည် သူ့အပြုံးကို ပြန်လည် သိမ်းဆည်းကာ အောင့်ကို နှုတ်ဆက်ထွက်ခွာသွားလေသည်။

'ဟော့လူဘယ်လိုလဲ၊ ရွှေရတုသဘင်ကြောင့် ရည်းစားဖြစ်သွားတဲ့ သူတွေထဲမှာ မပါလိုက်ရရင် ခေတ်နောက်ကျသွားမှာ စိုးလို့လား'

ကိုမြင့်စိုးက အောင့်ပခုံးကို ပုတ်ကာပြော၏။ ပြောမည်ဆိုလည်း ပြောစရာ။ ရွှေရတုသဘင်အတွက် တစ်လကျော် လေ့ကျင့်ခဲ့ရသည်။ ကျောင်းသူကျောင်းသားက တစ်ရာခန့် ပါဝင်၏။ ရင်းရင်းနှီးနှီး ကျွမ်းကျွမ်းဝင်ဝင် နေကြပြောကြရသည်ဆိုတော့ ရွှေဖူးစာကံဆုံ၍ နှလုံးသားချင်း ပူးပေါင်းသွားသူတွေကလည်း မနည်း။

အောင်သည် မလုံမလဲ ပြုံးလိုက်မိသည်။

'မဟုတ်ပါဘူးဗျာ၊ တစ်ခုစဉ်းစားမိလို့ပါ'

'ဘာများလဲ'

'ကျွန်တော်တို့ ထေးဝတ်ရည်မှာ သူ့ကိုထည့်ရင် ကောင်း မလားလို့'

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်မိုးသာရှိလျှင်တော့ ထွင်ကွက်တွေဟု စွပ်စွဲဦးမှာမလွဲ၊ ကိုမြင့်မိုးကတော့ ခေါင်းညိတ်ပြ၏။

'မဆိုးပါဘူး ကောင်းသားပဲ'

နံ့သာ သီချင်းသည်မှာတုန်းကလို အောင့်ရင်သည် ပြန်လည်နိုးကြား၍ လှုပ်ရှားစပြု၏။ လူ့ခန္ဓာကိုယ်ကို ခွဲစိတ်ရှာဖွေကြည့်ရာတွင် နှလုံးသားကို မြင်နိုင်၏။ သို့ရာတွင် ခင်တွယ်တတ်သော စိတ်၊ ချစ်တတ်သောစိတ် လှုပ်ရှားတတ်သောစိတ်ကိုမူ နှလုံးသားကို ခွဲ၍ ရှာဖွေသော်လည်း မတွေ့နိုင်ပါကလား။ ဘယ်နေရာ ဘယ်ဌာနကများ စတင်ပေါက်ဖွားလာပါလိမ့်။

ပင်ပန်းပန်းနွမ်းနယ်သော စိတ်ဖြင့် တစ်ကိုယ်တည်းစံမြန်းရာ ဘုံရိပ်သာကို ပြန်ရောက်ခဲ့၏။ သည်နေရာမှာ စံမြန်းခဲ့သည်မှာ ကြာပြီ။ သည်နေရာမှာ ချစ်သူနှင့်တွေ့ဖူး၏။ အနမ်းချင်း ဖလှယ်ဖူး၏။ ချစ်လက်ဆောင် ပုဆိုးအသစ်တစ်ထည်ကိုလည်း ရဖူး၏။ ချစ်သူ၏ အငိုအရှိုက်နှင့် အမုန်းစကားများကိုပါ ကြားခဲ့ရဖူးသည်။ သူနှင့် ချောတို့ သည်နေရာမှာ လမ်းခွဲကြရတာပါပဲ။ သို့သော်လည်း သည်နေရာကို သူ မပစ်နိုင်။

တစ်ယောက်စာ အိပ်သာရုံ ရှင်းလင်းထားသော အိပ်ရာလေးကို ဖုန်ခါလိုက်သည်။ ယခင်က ရွှေဘဲဆေးလိပ်တိုများအစား ဒူးယားစီးကရက်တိုများ ပြန့်ကျဲနေ၏။ ရင်သည်ပင် တဒိတ်ဒိတ်ခုန်နေတတ်လျက်၊ ကျန်းမာရေးအတွက် မသင့်မှန်း သိလျက် စီးကရက်တစ်ဘူးကို ထပ်ဖောက်မိသည်။ အမှတ်မထင် သူ့ကိုယ်ပိုင် စာပုံးလေးကို မျက်စိရောက်သွား၏။ စာပို့ကတ်လေး လေးငါးခုသည် နေရာမပျက် ရှိနေသေးသည်။ ရုတ်တရက် စိုးရိမ်စိတ်ဝင်ကာ စာပို့ကတ်လေးများကို မီးနှင့်ရှို့လိုက်မည် တွဲသည်။ ပြီးမှ အရေးမကြီးလှ



ပါဘူးဟု တွေးကာ အိပ်ရန် ပြင်ဆင်လိုက်သည်။ တိုက်ပုံအကျႌအိတ်ထဲမှ ရွှေရတုသင် သီချင်းစာ မိတ္တူများကို ထုတ်ကာ စာပုံးလေးထဲ ထိုးထည့်လိုက်သည်။ ပြီး ခေါင်းအုံးပေါ် လှဲချလိုက်လေသည်။

\+ + +

'ပျော်စရာ သိပ်ကောင်းတာပဲ မိမိုးရယ်၊ ကိုယ်ဝါသနာပါရာ လုပ်ရတာ ပျော်စရာပဲ၊ အစကတော့ ချစ်သူက မကြိုက်ဘူးဆိုလို့ ဝါသနာကိုတောင် စွန့်လွှတ်ခဲ့တာ၊ ခုမှပဲ ကိုယ့်ဘဝဟာ လွတ်လပ်သွားတယ်'

'စိတ်လေပြီး လွတ်လွတ်လပ်လပ် လျှောက်လုပ်တာမျိုးတော့ မဖြစ်စေနဲ့နော်'

မြမြမိုးသည် သူ့ကို ယခုတိုင် စိတ်မချသေးချေ။ လတ်လတ်သည် ချစ်သူအတွက် အနစ်နာခံခဲ့ရသည့်တိုင် ချစ်သူ၏ သစ္စာပျက်မှုကို ခံခဲ့ရသည်။ ထို့ကြောင့် စိတ်နာနာဖြင့် ဝါသနာသန်ရာကို ဇွတ်လုပ်ပစ်မှာ စိုးရိမ်၏။ သို့သော် ချစ်သူကို စိတ်နာလျက်က လွမ်းဆွတ်ကြေကွဲရသည့် အဖြစ်ကြောင့် ပြေလျော့သင့်သလောက် ပြောလျော့သွားမည် ထင်သည်။ ဝေဒနာနှစ်ရပ်ကို ပြိုင်တူခံစားရသည့်အတွက်တော့ သူငယ်ချင်းဖြစ်သူအတွက် စိတ်မကောင်း။ သို့သော် မတတ်နိုင်ချေ။ လူ့ဘဝ၏ ဒုက္ခတွေပေပဲ။

လတ်လတ်ကို စိတ်ချပါ မိမိုးရယ်၊ ခု ကိုယ့်ကိုကိုယ် အများကြီး ထိန်းနိုင်ပါပြီ၊ မုန်းစရာရှိလဲ သိပ်မမုန်းမိအောင်၊ ချစ်စရာရှိလဲ သိပ်မချစ်မိအောင် လတ်လတ် ကြိုးစားပါ့မယ်'

လတ်လတ်သည် အပြင်သွားရန် ပြင်ဆင်နေသော မြမြမိုးကို ကြည့်ကာ ပြောလိုက်သည်။ သူချစ်သော မြမြမိုးတစ်ယောက်ပင်

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတွေနေပြီပဲ။ မည်သို့သော အတွေ့အကြုံသင်ခန်းစာများကို မြင်တွေ့ရယူသည့်တိုင် လူဆိုသည်က ကိုယ်တိုင် ပါဝင်ရူးစမ်းမှု မပြုရသေးသမျှ ကျေနပ်ကြသည် မဟုတ်။ ကိုယ်တိုင် ဒုက္ခခံစားရသူသည်ပင် ထိုဒုက္ခတောကို လွတ်အောင် ရုန်းမထွက်နိုင်ကြ။ အပြန်တစ်ရာ ထပ်တိုးတတ်ကြသည်သာ။

'လတ်လတ်မှာ ချစ်စရာတွေများ ထပ်တွေ့ပြီလားဟင်'

မြမြမိုးသည် လုံချည်ကို တင်းတင်းချည်လျက်က သူ့ကို မေးသည်။ လတ်လတ်က ခေါင်းအုံးနှစ်လုံးကိုဆင့်ကာမှီရင်း မြမြမိုးကို ငေးကြည့်နေ၏။ ညို၍ အရုပ်မြင့်ပြီး မျက်လုံးပြူးပြူးနှင့် ချစ်စရာကောင်းသော သူငယ်ချင်းသည် သူ့ကို အစဉ်ဖေးမကူညီတတ်ခဲ့သည်။ သူငယ်ချင်းနှင့်ပတ်သက်လျှင် ထိမ်ဝှက် ခြွင်းချန်ထားတတ်သော အကျင့် လတ်လတ်တွင်မရှိ။

'အနာက အသားနုတက်မယ်တောင် မကြံသေးပါဘူး မိမိုးရယ်'

တိမ်ညိုသည်ကို မြင်ရုံနှင့် မိုးရွာတော့မည်ဟု ကြိုပြောမထားချင်။

'တစ်ခုပျောက်ခါနီးမှ နောက်တစ်ခုကို ဆက်ကူးတတ်တာ၊ ပထမအနာက မကျက်လေလေ ပိုဂရုစိုက်ရလေလေပဲ'

'အမြစ်ပြတ်အောင် ကုပစ်ပါ့မယ် မိမိုးရယ်'

မြမြမိုးက လတ်လတ်၏ ပါးကို မနာအောင် ဆွဲဆိတ်ရင်း အပြင်ထွက်သွားသည်။ ယခုတော့ လတ်လတ်သည် တစ်ယောက်တည်း ကျန်ရစ်၏။ တံခါးကိုထ၍ ပိတ်လိုက်၏။ အခန်းသည် မှောင်၍သွားသည်။ ကြေနေသော အိပ်ရာခင်းဖြူဖြူကို ဆွဲ၍ဆန့်လိုက်



သည်။ ခေါင်းအုံးကို သပ်သပ်ရပ်ရပ် ပြန်ဆင့်လိုက်၏။ အိပ်ရာပေါ် လှဲကာ မျက်နှာကြက်မှ လေးထောင့်ကွက်လေးများကို ရေတွက်ကြည့်နေမိ၏။ အထီးကျန်နေရသော ဘဝသည် ငြီးငွေ့ဖွယ်ရာပါလား။ ထို့ကြောင့်လည်း လူတို့သည် တစ်ယောက်တည်းမနေဘဲ ထာဝစဉ် အဖော်အပေါင်းနှင့် အုပ်စုဖွဲ့နေတတ်သည် ထင်ပါ၏။ ဘာကြောင့်များ လူတွေကို တစ်ဦးချင်း တစ်ယောက်ချင်း နေထိုင်ရှာဖွေ စားသောက်တတ်ကြသူများအဖြစ် ဖန်တီး၍ မထားပါလိမ့်။ လူ့အသိုင်းအဝိုင်း ဖြစ်လာစေရန် မိသားစုပေါင်း မြောက်မြားစွာကို စုစည်းထားရသည်။ မိသားစု ဖြစ်လာစေရန် ယောကျ်ားနှင့်မိန်းမကို ပေါင်းဖက်ပေးကြသည်။ ဤသို့ ပေါင်းဖက်ပေးရန် လူသားနှစ်ယောက်ကို အခြေတည်ရ၏။ အဒမ်နှင့် အီ(ဗ်)။ ထို့ကြောင့်လည်း အချစ်သည် ပေါ်ပေါက်လာရဟန်ရှိ၏။ အချစ်ကြောင့် လူသားများ ဖြစ်ထွန်းလာရသလား။ လူသားများ ပေါ်ပေါက်ပြီးမှ အချစ်ပေါက်ဖွားလာရလေသလား။ မည်သူသည် အမှန်တရားကို သိနိုင်ပါမည်နည်း။

စာကြည့်စားပွဲအောက်တွင် စာအုပ်သေတ္တာကို နေရာချထားသည်။ စာအုပ်သေတ္တာကို ထ၍ ဖွင့်၏။ စက္ကူအိတ်ရှည်ရှည်တစ်ခုကို ဆွဲထုတ်သည်။ စာအချို့နှင့် ဓာတ်ပုံတစ်ပုံ ထွက်လာ၏။ အိပ်ရာပေါ် ပြန်လှဲပြီးမှ တစ်ခုမျှ မကြည့်ဖြစ်တော့ဘဲ စက္ကူအိတ်ထဲ ပြန်ထည့်မိသည်။

ခုတင်ပေါ်မှထကာ မှန်ရှေ့တွင်ထိုင်၏။ ဆံပင်ကို ဖြန့်ချကာ ဖြီးသည်။ ဆံထုံးထုံးကြည့်သည်။ မျက်နှာကို အလှခြယ်ကြည့်၏။ ပြီးတော့ မှန်ရှေ့တွင် ပြုံးလျက်သား ထိုင်နေမိ၏။ မိန်းကလေးများ အိပ်လေတော့ လုပ်စရာမရှိ။ ထိုအခါ အလှပြင်တတ်ကြသည်။ ထို့ကြောင့် စိတ်ညစ်လျှင် အလှပြင်သည်ဟု အဆောင်နေ မိန်းကလေးများက တင်စား၏။

www.burmeseclassic.com



ဆံထုံးကိုဖြေကာ အိပ်ရာပေါ် ပြန်လှဲချလိုက်သည်။ အနှစ်ငါးဆယ်ငါးပွဲအတွက် သီချင်းစာသားများကို ထုတ်ကာ ဆိုကြည့်နေမိ၏။

စိတ်တေလေကို ဝါသနာမှာပဲ မြှုပ်နှံရမည်။

\+ \+ \+

ခဲလေသမျှ သဲရေကျဆိုသည်မှာ သည်လိုအဖြစ်မျိုးကို ဆိုခြင်းဖြစ်ရာ၏။ အောင်တို့ မျှော်လင့်အားခဲထားခဲ့သည့် ရက်ကိုကားရောက်လာခဲ့သည်။ သို့သော် အဖျက်မိုးသည် အောင်တို့ပွဲကို အငြိုးနှင့်ကျီစယ်လေသည်။

ဝိဇ္ဇာခန်းမ၏ မြက်ခင်းပြင်သည် မိုးစက်မိုးပေါက်တို့၏ နှိပ်စက်ကလူပြုမှုကို ခံရလေပြီ။ သုံးညသုံးလီ အစွမ်းကုန်ကြိုးရန် အားခဲခဲ့သည့်တိုင် မိုးသည် အချိန်အခါမဟုတ် ရွာလေသည်တကား။ နှစ်ညမျှနှင့်ပင် ပွဲပျက်ခဲ့ရ၏။ ကြိုးစားအားထုတ်ခဲ့ရသည့် ကာလ၏ ရလဒ်ကို အစွမ်းကုန် မထုတ်ဖော်လိုက်ရ၍ အားလုံးရင်တွင် ဘဝင်မကျကြ။ ဖြစ်နိုင်လျှင် အဖျက်မိုးကို တန်ခိုးဖြင့် ဝေးရာသို့ ဖယ်ရှားပစ်ချင်သည်။ သို့သော် မထင်မှတ်သော အရာတို့သည် လောကတွင် ဖြစ်တတ်စမြဲ။

အောင့်အတွက်တော့ သည်ပွဲတွင် တင်စုလတ်နှင့် ပိုမိုရင်းနှီးခွင့်ရ၍ အရှုံးထဲမှ အမြတ်ထွက်ခဲ့ရသည်။ အစွမ်းကုန် ကြိုးစားပြလိုက်မည်ဟု အားခဲထားသော တင်စုလတ်၏ မျက်နှာလေးသည် မိုးနှင့်အတူ ညှိုး၍ညှိုး၍သွားသည်ကို အောင်က ကရုဏာသက်စွာ စောင့်



ကြည့်နေခဲ့မိသည်။ အခြေမလှ၍ ပြန်ရသည့်ညတိုင်း အောင်သည် တင်စုလတ်ကို အဆောင်အထိ လိုက်ပို့ဖြစ်၏။ အားပေးနှစ်သိမ့်သော စကားကိုလည်း ပြောဖြစ်သည်။

'ဒီပွဲမှာ အစွမ်းကုန်မနွှဲလိုက်ရလို့ စိတ်မပျက်ပါနဲ့ တင်စုလတ်၊ နောက်တော့လဲ အခွင့်အလမ်းဆိုတာ ရှိလာဦးမှာပါ'

'လတ်လတ်အတွက်တော့ အရာရာမှာ အဆင်မပြေပါဘူးရှင်၊ ဒီပွဲတောင်မှ လတ်လတ်ပါလို့ ပျက်ရသလား မသိဘူး'

'ဒီလောက်လဲ အားမငယ်ပါနဲ့ လတ်လတ်ရယ်၊ လူ့ဘဝဆိုတာ အသက်ရှင်နေသေးသမျှ မျှော်လင့်ချက်ရှိစမြဲပါ'

သူ့ကို နှစ်သိမ့်သလိုနှင့် ကိုယ့်ကိုကိုယ်လည်း အားပေးမိသည်။ တင်စုလတ်သည် အောင့်ကို ခွင်မင်သောအကြည့်ဖြင့် ကြည့်ဖော်ရလေသည်။ တင်စုလတ်ထံမှ အားကိုးသောအကြည့်မျိုးကို အောင်ရယူချင်မိလေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

## ၄

ပြုဖွယ်အမှုကိစ္စတို့ ကုန်ဆုံးပြီဆိုတော့လည်း ပင်မတက္ကသိုလ်သည် အောင်နှင့် ဘာမျှမဆိုင်တော့။ အောင် ကျက်စားရမည့် နေရာဌာနသည် လမ်းမတော် စာသင်ဆောင်နှင့် ဆေးရုံကြီးတို့တွင်သာ ဖြစ်၏။ အရေးကြီးသည့် အစိတ်အပိုင်းသို့ ရောက်လာသည်နှင့်အမျှ ဂရုစိုက်လေ့လာမှတ်သားနေရ၏။ 'ကျောင်းစာကိုလဲ လေ့လာသင့်တဲ့ ပညာရပ်တစ်ခုလို သဘောထားပါ' ဟု ပြောခဲ့သော ချော၏စကားသည် အောင့်နားထဲက မထွက်။ ဆေးပညာကဲ့သို့သော လေ့လာစူးစမ်းဖွယ် ကောင်းသည့် အရာကို အောင် စိတ်မဝင်စားဘဲ မနေနိုင်။ အောင့် ပညာရေးနှင့် ပတ်သက်၍မူ ချော၏ ကျေးဇူးတရားကို အစဉ်အောက်မေ့မိ၏။

ဆေးရုံတစ်ခုနှင့် တစ်ခု ကူးနေရ၍ တေးဝတ်ရည်၏ ဆုံစည်းရာ ကျောက်မြောင်းသို့လည်း မရောက်သည်မှာ ကြာပြီ။ အိမ်ပြန်ရောက်လျှင် နေ့လယ်က ဘယ်သူလာသွားသေးလဲဟူသော မေးခွန်းကို နေ့စဉ် မေးမိသည်။ ကိုမြင့်စိုးတို့ ကိုတင်အောင်ဝင်းတို့ပင် ရောက်



မလာသည်မှာ ကြာပြီ။ တစ်စုံတစ်ဦးကို သတိရစိတ်သည် စက္ကန့်နာရီခြား၍ ဝင်ရောက်လာတတ်၏။ ယခင်ကလိုမူ အရှုံးအမူး အသည်းအသန် မဖြစ်တတ်တော့။ ထိန်းထိန်းသိမ်းသိမ်း အေးအေးဆေးဆေး ဣန္ဒြေရရ နေတတ်ပေပြီ။

တစ်ညနေတွင်တော့ အောင့် ဘုံရိပ်သာစားပွဲပေါ်တွင် စာတိုလေးတစ်စောင်ကို တွေ့ရ၏။

ဆရာဝန်လောင်းကြီးခင်များ

ကျွန်တော်တို့ တေးဝတ်ရည်ဝိုင်းတော်သားများ နက်ဖြန်နံနက် ကိုးနာရီတွင် ဦးချစ်လက်ဖက်ရည်ဆိုင်၌ ရှိနေပါမည်။

ဓာတ်ဆရာ
မြင့်စိုး

စာတိုလေးကိုဖတ်ကာ အောင်က ပြုံးမိ၏။ မိုးဖျက်ခဲ့သော အောင်တို့၏ တက္ကသိုလ် ရွှေရတုသဘင် ဓာတ်ကိုလည်း သတိရလိုက်မိသည်။ ဘာပဲပြောပြော အောင်တို့ဘဝတွင်တော့ အမှတ်တရ ဖြစ်စေမည့် အနုပညာလုပ်ရပ်တစ်ခုသာဖြစ်၏။ သမိုင်းတွင် စာတင်၍ နေသည့် လုပ်ရပ်။ အောင်တို့အတွက်တော့ ကျေနပ်စရာသာ။

ရွှေရတုသဘင်ပွဲ ပြီးသည့်နောက်မှစ၍ တေးဝတ်ရည် ဓာတ်ခေါင်းကွဲခဲ့ရသည်မှာကြာပြီ။ ယခုတော့ လူပြန်စုံတော့မည် ထင်၏။ တစ်စုံတစ်ယောက်ကို သတိရ၍ ဒုတိယအကြိမ် ပြုံးလိုက်မိပြန်သည်။

တက္ကသိုလ်နယ်မြေသည် စည်စည်ကားကား လှုပ်လှုပ်ရှားရှား။ အောင်က ကမာရွတ်ရဲစခန်းရှေ့မှ ရာမညဆောင်ဘက် ကူးခဲ့သည်။ ထိုမှတစ်ဆင့် လက်ဝဲဘက် လမ်းသွယ်လေးကို လျှောက်သည်။ ဆောင်ဂူဆောင်ဘက်သို့ အမှတ်မထင် ငုံ့ကြည့်မိ၏။ စိမ်းဖန့်ဖန့်

www.burmeseclassic.com

www.burmeseclassic.com



ငုစပ်ပင်ပျိုသည် ယိမ်းနွဲ့လှုပ်ရှားနေ၏။ ချောတစ်ယောက် တက္ကသိုလ် နယ်မြေမှ ပျောက်သွားခဲ့သည့် တစ်နေ့ကို သတိရမိသည်။ ဇာဒံပင် ရိပ်တွင် ကိုမြင့်စိုးနှင့် ကိုတင်အောင်ဝင်းတို့ ရောက်နေကြလေပြီ။

'ကိုကြည်မောင်ဆီလဲ ဖုန်းဆက်ထားတယ် ရောက်မလာသေးဘူးဗျာ'

ကိုမြင့်စိုးက ရေနွေးကြမ်းပန်းကန်ပြားကို ဆေးသည်။ ပြီးတော့ ရေနွေးအနည်းငယ် ငှဲ့ချလိုက်၏။ အောင့်အတွက် လက်ဖက်ရည် တစ်ခွက် ထပ်မှာသည်။

'လာမယ့် တနင်္ဂနွေမှာ ကျောက်မြောင်းမှာ ဆုံကြရအောင် သီချင်းအသစ်တွေလဲ ရေးထားတယ်'

အောင်က လက်ဖက်ရည်ပူပူကို ဦးစွာ တစ်ကျိုက် ကျိုက်လိုက်သည်။ ပြီးတော့ စီးကရက်ဘူးကို ထုတ်၏။

'မောင်ရင်တော့ ဆရာဝန်သာဖြစ်မယ် အသက်ကတော့ ရှည်မယ်မထင်ဘူး'

ဆေးလိပ်နှင့်လက် မပြတ်သော အောင့်ကို ကိုတင်အောင်ဝင်းက သတိပေး၏။

'ဒီဘဝမှာတော့ မထူးပါဘူးဗျာ'

အောင်က စီးကရက်ကို မီးညှိ၏။ နှစ်ရှိုက်မျှ ဖွာလိုက်ပြီး စီးကရက်ဘူးကို ရှေ့တိုးပေးလိုက်သည်။

'တကယ်လား၊ အမျိုးသမီးအဆိုတော်တစ်ယောက် ထပ်တိုးဖို့ ကိုတင်အောင်ဝင်းကတော့ သဘောတူနေပြီ'

အောင့်မျက်နှာသည် ပြောင်းသွား၏။ ကိုမြင့်စိုးကို ကျေးဇူး တင်သော မျက်လုံးများဖြင့် ကြည့်သည်။

'ဒါပေမယ့် လူ့ဘဝကို ပျော်ပျော်ရွှင်ရွှင် အဆုံးသတ်ရရင်တော့ ကောင်းတာပေါ့ဗျာ'



သူ့စကားကို ဆက်ဟန်ဖြင့် ပြောသည်။

'စည်းရုံးရေးတာဝန်ကို အောင်ကယူမှာလား'

'ပေးအပ်လာတဲ့တာဝန်ကို ခေါင်းရှောင်လို့ ဘယ်သင့်မလဲဗျာ'

သူတို့စကားကို သဘောကျကာ သူတို့ဘာသာ ရယ်လိုက်ကြသည်။

'ဒါပေမယ့် မင်းကောင်မလေး ကြည့်ရတာ တစ်ခါတစ်ခါတော့လဲ မှိုင်တွေတွေနဲ့၊ တစ်ခါတစ်ခါတော့လဲ ဂျစ်ကန်ကန်နဲ့၊ ငါတို့ဘာ ရတ်ရတ်သဲသဲ ပျော်ပျော်ပါးပါးနေတတ်တာ၊ ဖြစ်ပါ့မလား'

'ကျွန်တော်တို့လို ခင်မင်စရာကောင်းတဲ့ လူမျိုးတွေနဲ့ မပေါင်းဖူးသေးလို့ ဖြစ်မှာပေါ့'

ထို့နောက်တော့လည်း စကားလမ်းကြောင်းပြောင်းကာ ဂီတအကြောင်း၊ စာပေအကြောင်းကို ရောက်သွားကြသည်။ သူတို့အတွက်တော့ လက်ဖက်ရည်ဝိုင်းသည် စကားဝိုင်း၊ စာပေဝိုင်း၊ အနုပညာဝိုင်း။ အချိန်လင့်မှ နေရာက ထကြ၏။ လက်ဖက်ရည်ဖိုးကို အောင်က ရှင်းသည်။

'တင်စုလတ်ဆီ ဘယ်တော့သွားမလဲ'

ကိုမြင့်စိုးက မေး၏။

'ဒီညနေပဲ သွားလိုက်မယ်လေ'

'သြော် သိပ်မသွားချင်ဘူးထင်ပါ့'

\+ \+ \+

သည်နေ့ ဖေဖေ့ဆီမှ စာလာသည်။ ဖေဖေ မကြာခင် မော်ဒါကို ပြောင်းလာရမည်ဟု ဆိုသည်။ 'သမီးလဲ ဒီနှစ်အောင်မှာနဲ့ ဖေဖေတို့ ပြောင်းလာမှာနဲ့ အတော်ပဲ၊ သမီး အိမ်ကနေပြီး မဟာသိပ္ပံတွဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိ ဆက်တက်ချင်လဲတက်၊ အလုပ်လုပ်ချင်လဲလုပ်ပေါ့'ဟု ရေးထားသည်။

လတ်လတ်အနေနှင့်တော့ ကျောင်းတက်ချင်စိတ် မရှိတော့။ လူ့ဘဝ၏ အချိန်များစွာအား စာကျက်ခြင်းဖြင့်သာ ကုန်ဆုံးစေရမည်ကို နှမြောသလိုရှိ၏။ တစ်ခုခုကို အဓိပ္ပာယ်ရှိရှိ လုပ်ချင်သည်။ အထူးသဖြင့်တော့ လတ်လတ်သိသမျှ မိန်းကလေးတို့၏ဘဝသည် ပုံသေကျလွန်းလှ၏။ ခေတ်ပညာသင်မည်။ ရသင့်ရထိုက်သော ဘွဲ့ကို ယူမည်။ ကံကောင်းထောက်မလျှင်တော့ အဆင့်မြင့်မြင့်ဘွဲ့ကို ရမည်ပေါ့။ နောက်တော့လည်းအိမ်ထောင်သားမွေးပြုကာ အရိုးဆုံးလမ်းကို လိုက်ကြသည်သာ။ အရည်အချင်းအရသော်လည်းကောင်း အတွေးအခေါ်အားဖြင့်သော်လည်းကောင်း တိုးတက်မြင့်မားလာမှုသည် နည်းပါးလှ၏။ များပြားရှုပ်ထွေးလှသော အိမ်ထောင်မှု၊ လူမှုကိစ္စများတွင် မြုပ်ကွယ်ကာ လူ့ဘဝကို အဆုံးသတ်သွားတတ်ကြသည်။ အနီးစပ်ဆုံး မေမေ့ကိုပဲ ကြည့်။ အကောင်းဆုံးသောကျောင်းတိုတက်ကာ အကောင်းဆုံး စာကို သင်ခဲ့၏။ ကျောင်းမှထွက်တော့ သမားရိုးကျလမ်းစဉ်အတိုင်း အသင့်တော်ဆုံးယောကျ်ားနှင့် အိမ်ထောင်ပြုလိုက်သည်။ နောက်ဆုံးတော့ မေမေ့ဘဝသည် ယောကျ်ားတစ်ယောက် သွားလေရာလိုက်ကာ ရေပူရေချမ်းကမ်းလှမ်းရုံ၊ ဘုရားပန်းဆီမီး ထွန်းညှိရုံဖြင့်သာ ကုန်ဆုံးနေရလေသည်။

ဝါသနာပါရာ အလုပ်တစ်ခုကို ယခုလိုအချိန်မျိုးတွင်မှ ရွေးမပြုလျှင် ဖေဖေတို့ဘက်က လွန်မည်ဟု လတ်လတ်က ကြိုတင်တွေးတောထား၏။ အကျိုးမဖြစ်ထွန်းသည့်တိုင် အကျိုးမယုတ်စေသည့် အလုပ်တစ်ခုကိုလုပ်ခြင်းကိုတော့ ကန့်ကွက်ခြင်းငှာ မသင့်။ အဆင်သင့်လျှင် အောင်မြင်မှုရနိုင်သည်။ လူ့ဘဝတွင် အဓိပ္ပါယ်ရှိသောကဏ္ဍတစ်ရပ်၌ ပါဝင်ရဖူးသည်လည်း ရှိဦးမည်။



ဖေဖေ့စာကိုချကာ အတွေးလက်စနှင့် ရေချိုးခန်းဘက်ကူးခဲ့သည်။ သည်ညနေ အေးစုမာတို့အိမ်ကိုသွား၍ ထမင်းစားရန်ချိန်းထား၏။ ဖေဖေတို့ပြောင်းလာမည့်အကြောင်း သိရလျှင် အေးစုမာလည်း ဝမ်းသာမည်။ လတ်လတ်နှင့် အေးစုမာသည် ရန်ကုန် တစ်မြို့တည်းတွင် အတူနေကြရဦးမည်။ ရေချိုးရင်းမှ သီချင်းတစ်ပုဒ်ကို ခုနစ်သံချီ ဟစ်လိုက်၏။ သည်လိုတော့လည်း လူ့ဘဝသည် ပျော်စရာ။

အလှအပပြင်ကာ အပေါ်ထပ်မှဆင်းလာသော လတ်လတ်ကို တစ်စုံတစ်ယောက်သည် ဆီးကြိုနှုတ်ဆက်နေလေသည်။

'မတင်စုလတ်'

'ဩော် ကိုသက်အောင်၊ လာလည်တာလား၊ ဘယ်သူ့ကို ခေါ်ပေးရမလဲဟင်'

လတ်လတ်၏မျက်နှာသည် ပုံမှန်အနေအထား။ ကိုသက်အောင် အနည်းငယ်ကြောင်သွားဟန်ရှိသည်။ ထိုင်ရာမှ ထရပ်လိုက်သော ကိုသက်အောင်သည် အနည်းငယ် ကိုယ်ရှိန်သတ်သွားသည်။ ပြင်ဆင်ဝတ်စား၍ ထွက်လာသော လတ်လတ်ကိုလည်း မျက်လုံးတစ်ချက် ဝေ့၍ မသိမသာ အကဲခတ်သလို ကြည့်သည်။

'ကျွန်တော် မတင်စုလတ်ကိုခေါ်ခိုင်းထားပါတယ်ဗျာ၊ ကျွန်တော့်ကိုတွေ့ဖို့ဆင်းလာတယ် မှတ်နေတာ'

'ဩော်'

လတ်လတ်သည် အားနာသွားဟန်ဖြင့် သူ့ရှေ့တွင် ထိုင်မည်ပြုရလေ၏။

'မတင်စုလတ် သွားစရာရှိရင် သွားပါဗျာ၊ ကိစ္စ မရှိပါဘူး'

ဧည့်သည်ခေါ်သော မောင်သောင်းသည် အပေါ်ထပ်မှ ပြန်ဆင်းလာသည်။ သူတို့နှစ်ယောက်ကို တွေ့လိုက်ရ၍ အနေခင်ရှေ့ ပြန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်၊ သူငယ်ချင်းတစ်ယောက်ဆီ သွားမလို့ပါ၊ ကိုသက်အောင် ကိစ္စရှိရင် ပြောပါ၊ ကျွန်မ အချိန်ရပါတယ်'

ကိုသက်အောင်သည် လာရင်းကိစ္စကို တိုတိုတုတ်တုတ်ပင် ပြောလေသည်။ လတ်လတ်က ပြုံး၍ နားထောင်နေမိသည်။ တိုက်ဆိုင်မှုလေပဲ။ ခုကလေးတင်ကပင် လတ်လတ် သီချင်းဆိုချင်သည့်အကြောင်းကို တွေးနေမိသည်။ ယခု ကိုသက်အောင်က သူတို့ဝိုင်းတွင်ဝင်ဆိုဖို့ လာပြောသည်။ ကိုသက်အောင်ကမူ လတ်လတ်၏အပြုံးကို ငေးကြည့်နေ၏။ မြင်ရခဲ့သော လတ်လတ်၏ ပါးချိုင့်လေးများ ခွက်ဝင်သွားသည့် အရေအတွက်ကို မှတ်သားနေဟန်ရှိလေသည်။

'တနင်္ဂနွေနေ့ကျတော့ ကျွန်မ လိုက်ခဲ့ပါ့မယ် ကိုသက်အောင်'

'ဒီလိုဆို ကျွန်တော်လဲ ပြန်မယ်ဗျာ၊ မတင်စုလတ်သွားစရာရှိတာ နောက်ကျသွားပြီထင်ပါရဲ့'

'လတ်လတ်လို့ပဲ ခေါ်ပါရှင်၊ သူငယ်ချင်းဆီကို ခုသွားလဲရပါသေးတယ်၊ သူက ထမင်းစားဖို့ စောင့်နေမှာဆိုတော့ မသွားလို့တော့ မဖြစ်ဘူး'

'လတ်လတ်သူငယ်ချင်းအိမ်က ဘယ်မှာလဲ'

'စမ်းချောင်းမှာပါ'

နှစ်ယောက်ပြိုင်တူ ထမိလေသည်။ သွားရမည့်လမ်းက တစ်လမ်းတည်း။ သည်တော့လည်း ကိုသက်အောင် ဘေးမှပါလာသည်ကို ဘာမျှမပြောသာ။ မိန်းကလေးတစ်ယောက်တည်းမို့ လမ်းကြုံသည်မို့ ယဉ်ကျေးမှုအရ လိုက်လာရခြင်းပဲ ဖြစ်မည်။ စိတ်ကို ဖြေလိုက်ရသည်။

အင်းဝလမ်းမှ လျှောက်လာခဲ့သည်။

'ရွှေရတုသဘင်ကို မိုးဖျက်တာ နာတယ်ဗျာ၊ နောက်တစ်ချီ ပြန်နွှဲလိုက်ချင်သေးတယ်'



တိတ်ဆိတ်နေလွန်း၍ စကားစ ရှာပြောလိုက်ရဟန် တူ၏။ လတ်လတ်က ပြုံးသည်ဆိုရုံမျှ ပြုံးပြလိုက်သည်။ ဂျဒ်ဆင်ကို လွန်ခဲ့၏။ မာလာဆောင်ရှေ့မှ ဘတ်စ်ကားကို စောင့်စီးသည်။ သိပ်ကြာကြာ မစောင့်လိုက်ရ။

'လတ်လတ် တစ်ယောက်တည်း သွားတော့နော်'

'ဟုတ်ကဲ့၊ လတ်လတ် သွားနေကျပါ'

ဤသည်မှာတော့ မိန်းကလေးတို့ကို ဂရုစိုက်သည့် ယဉ်ကျေးမှု။ သို့သော် လတ်လတ် ဆင်းလာရာနောက်သို့ ကိုသက်အောင်တစ်ယောက် ကားပေါ်မှလှမ်းကြည့်နေမည်ဟု လတ်လတ် စိတ်က အတပ်သိလေသည်။

\+ \+ \+

'သူက လတ်လတ်ရဲ့ အချစ်ဆုံးသူငယ်ချင်း အေးစုမာတဲ့၊ လူပိုတစ်ယောက် ခေါ်လာလို့ ရပါတယ်နော်'

'ရပါတယ်ဗျာ၊ နောက်ဆိုရင် အဖော်နဲ့ပဲ အတူတူလာလဲ ရပါတယ်'

အောင်နှင့် နှစ်ယောက်တည်း သွားရမည်ကို ကြောက်၍လားဟု တွေးကာ နှုတ်မှ တစ်စွန်းတစ်စ ပွင့်ထွက်သွားသည်။ တင်စုလတ် မျက်နှာပျက်သွားလေသည်။

'ကိုသက်အောင်ကို ယုံပါတယ်ရှင်၊ လတ်လတ်က သူငယ်ချင်းကို ခင်လို့ခေါ်လာတာပါ'

'ဩော် ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး'

၁၁ နာရီတိတိတွင် သီချင်းစတိုက်ဖြစ်ကြသည်။ တင်စုလတ် ဆိုရမည့် သီချင်းကို အောင်ကယူလာခဲ့သည်။ တစ်ချိန်က ကိုတင့်ဆ

www.burmeseclassic.com

www.burmeseclassic.com



ရေးပြီး မှတ်ပြားမရခဲ့သည့် သီချင်း။ 'နွေထဲက ထွက်ပြေးချင်တယ်'။ တင်စုလတ်အသံနှင့်ဆိုလျှင် သည့်သီချင်း ကျော်ကြားလာမည်ဟု သူ ယုံကြည်၏။ တင်စုလတ်ကလည်း ကြိုးစားသည်။ စိတ်ပါလက်ပါ ဆိုသည်။ သူ့သူငယ်ချင်း အေးစုမှာသည် တင်စုလတ်ကိုကြည့်ကာ ပီတိဖြစ်နေပုံရ၏။

ကိုကြည်မောင်သည် အောင့်အေးတွင်ထိုင်ကာ ဘဲဆေးလိပ်ကို ဖွာလျက်ရှိသည်။ အောင် ဆွယ်လွန်း၍သာ သည်အလုပ်ကို ဆက်လုပ်ဖြစ်သည်။ ရုံးအလုပ်တစ်ဖက်နှင့်မို့၊ အသက်ကလည်းကြီးလာပြီမို့၊ သားနှင့်မယားနှင့်လည်း ဖြစ်နေပြီမို့ ယခင်ကလို ဈာန်မဝင်တော့။ အောင်ကမူ ယခုမှပင် ပြန်လည်ရှင်သန်းတက်ကြွနေပုံရလေသည်။ သည်ဝိုင်းတွင် အောင့်အကြောင်းကို အမြစ်မြေခါးသိနေသည်မှာ သူ တစ်ယောက်တည်းသာရှိ၏။ ဘာပဲဖြစ်ဖြစ် အောင့်ဘဝ ပြန်လည်လန်းဆန်းလာလျှင် သူ ဝမ်းသာသည်။ နှံ့သာသီချင်းသည်မှာတုန်းကသာဆိုလျှင်ဖြင့် ဘယ်မျှ ပျော်ကြလိမ့်မတုံး။ ကိုမြင့်မိုးကို တွေ့လျှင် ပြောပြရဦးမည်။ ကိုတင့်ဝေတစ်ယောက်တော့ မြုပ်ချက်သားကောင်းနေသည်။

'ဟော့လူ ဘာတွေစဉ်းစားနေလဲဗျာ၊ ခင်ဗျား ဆိုမလားလို့ မေးနေတယ်'

ကိုကြည်မောင်က ခေါင်းညိတ်ကာ ရှေ့တိုးသည်။ အောင်သည် သူ့အပါးမှခွာကာ တင်စုလတ်ကို အားပေးချီးကျူးနေသည်။ ကိုကြည်မောင်သည် သီချင်းစာရွက်ကို ကိုင်လျက်က အောင်တို့ကို လှည့်ကြည့်၏။ အောင်က မလုံမလဲ ပြုံးပြလိုက်လေသည်။

\+ \+ \+



အသံလွှင့်ရုံ ခန်းမထဲ ဝင်ရသည်ဆိုလျှင်ပင် လတ်လတ်ရင်သည် တဒိတ်ဒိတ်ခုန်လျက် ရှိပေပြီ။ ပထမဆုံးအတွေ့အကြုံမို့ စိုးရိမ်ပူပန်စိတ်က လွှမ်းကဲနေ၏။ အရေးထဲတွင် ညက အိပ်ရေးပျက်ကာ အသံက နှာချင်နေသည်။ တကယ့် နဖူးတွေ့ဒူးတွေ့ကျခါမှ အရှက်ကွဲလျှင် ခက်ရချည့်။

'ဘာမှ မကြောက်နဲ့နော်၊ စိတ်လဲ သိပ်လှုပ်ရှားမနေပါနဲ့၊ အသက်ဝဝရှူ၊ သက်သက်သာသာနေ'

အောင်က တဖွဖွ အားပေးနေလေသည်။ သို့သော် ခုန်နေသည့်ရင်ကို တည်ငြိမ်အောင် ကြိုးစား၍မရ။ လက်ဖျားများပင် အေးစက်လာသည်။ လတ်လတ်ကို လူသစ်မို့ ဦးစားပေးသည့်အနေဖြင့် စိတ်တိုင်းကျ ဆိုစေသည်။ လတ်လတ် အချိန်များများ ရစေသော်ငြားလည်း ရှေ့လူများက အချိန်ကိုလု၍ မြန်မြန်နှင့်ပြီးအောင် ကြိုးစားဆိုပေးကြသည်။ အောင်က လတ်လတ်ကို ညွှာသည်။ အောင့်အတွက် ပထမတစ်ခေါက်ကို အားမရသဖြင့် ဒုတိယအကြိမ် ပြန်ဆိုရန် ပြောကြသော်လည်း အောင်က ငြင်းသည်။ လတ်လတ်အတွက် အချိန်နည်းမှာ အောင် စိုး၏။

အအေးခတ်လွှတ်ထားသော သီချင်းဆိုခန်းထဲတွင် လတ်လတ်သည် ချွေးများစို့လာလေသည်။ အောင်သည် အသံဖမ်းသည့်အခန်းမှ မှန်တံခါးကိုကျော်ကာ လတ်လတ်ကို အားပေးသောအကြည့်ဖြင့် ကြည့်နေလေသည်။ နှံ့သာသီချင်းသည်မှ အဆိုတော်ဟောင်း မလေးနွယ်သည် လတ်လတ်အေးတွင်ရပ်ကာ ဖေးမ ကူညီပေးသည်။ သို့တိုင် လတ်လတ်ကိုယ်သည် နတ်ကျသလို တဆတ်ဆတ် တုန်လျက်ရှိလေသည်။

စိတ်တိုင်းကျ တိုက်ထားသည့်တိုင် ပထမပိုဒ်ကိုပင် နှစ်ခါတိုင်တိုင် အဝင်မှားနေခဲ့သည်။ လတ်လတ်နဖူးပြင်တွင် ချွေးများစို့လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂီတမှူးသည် လတ်လတ်၏ မပီပြင်သော စာသားအချို့ကို ပီပီသသ ရွတ်ဆိုနိုင်ရန် ညွှန်ကြားပေးသည်။ သီချင်းတစ်ပုဒ်ပေါ်ထွက်လာဖို့ဆိုသည်မှာ မလွယ်ပါလား။

အောင်သည် ဆုမတောင်းစဖူး လတ်လတ်အတွက် ဆုတောင်းပေးနေမိသည်။ 'ချောချောမောမော ဖြစ်ပါစေ'။ လတ်လတ်ကို ဖြစ်စေချင်သောဆန္ဒသည် အောင့်ရင်တွင် လှုံ့တက်နေ၏။ အသံဖမ်းခန်းထဲမှ အောင်သည်လည်း လတ်လတ်နည်းတူ ချွေးပြန်နေသည်။

လတ်လတ်၏အသံသည် ကြည်ကြည်လင်လင် ဝင်လာသည်နှင့်အမျှ အောင့်ရင်သည် သိမ့်သိမ့်ခုန်အောင် ကြည်နူးလှုပ်ရှားနေလေသည်။

ငရွှေကဲ့ကော် ပျှဉ်းမ ပျော်သည့် နံ့သာတောအလယ်....
ဥသြသီချင်းက တေးအလှ သင်းမြမြချိုတယ်.... နွေကိုမြင်
ရင်မှာပန်းသူမတော့.... ကံ့ကော်ငရွှေ ပျဉ်းမဝေတိုင်း....
နေဆဲဘဝ ဝေခွဲမရ နွေထဲက ထွက်ပြေးချင်ပါတယ်....

နွေဦးတစ်နေ့မှာ ဆုံလာခဲ့ဖူးသူရဲ့ ယုံတမ်းစကားတွေ
ကို.... စုံစမ်းမထားလို့ ပုံဖမ်းမှား.... မှားခဲ့လေတယ်....
မဆုံလမ်းများ ခြားခဲ့ပြီကွယ်....

လတ်လတ်၏ အသံသည် အလွမ်းကို ပိုင်ပြီးသား။ အနွေးထည် ပါးပါးလေးကိုဝတ်ကာ ခပ်နွဲ့နွဲ့ရပ်နေသော လတ်လတ်၏ ရပ်သွင်ကို အောင် ကြည့်၍မဝ။ သီချင်းတစ်ပုဒ်လုံး ချောချောမောမော ပြီးဆုံးသွားမှ အောင် သက်ပြင်းချသည်။ လတ်လတ် ငါးကြိမ်တိတိ ပြန်ဆိုခဲ့ရသည်။ သို့သော် ဂီတမှူးက ဘဝင်မကျသေး။ စာသားမပီသော တစ်နေရာကို ညွှန်ကြားကာ ဒုတိယ ကတ် ပြန်ယူခိုင်းသည်။

ဒုတိယခေါက်ကိုပင် သုံးကြိမ် တိုင်တိုင်ကြိုးစားခဲ့ရလေသည်။



စတူဒီယိုထဲမှထွက်လာသောလတ်လတ်ကို အောင်သည် ပြိုင်ပွဲတစ်ခုမှ အောင်ပွဲရလာသူအလား ဝမ်းသာအားရ ဆီးကြိုမိလေသည်။ လတ်လတ် လက်ကလေးများ အေးစက်နေပါပကော။

'မတင်စုလတ်က ကြောက်နေလို့ပါ၊ အဆိုက တော်တော့်ကို ကောင်းတယ်'

မလေးနွယ်က ထုတ်ဖော် ချီးကျူးသည်။ အောင်သည် ပြုံးလျက်။ လတ်လတ်သည် အားလုံးကိုပင် ကျေးဇူးတင်စွာ ပြုံးပြသည်။

အနုပညာနယ်ပယ်တွင် လူတစ်ယောက်အောင်မြင်ကျော်ကြားလာရေးမှာ အသိုင်းအဝိုင်း၏ စာနာမှု၊ နေရာပေးမှု၊ စေတနာဖြင့် ကူညီယိုင်းပင်းမှုတို့သည် များစွာ အရေးပါကြောင်း လတ်လတ် နားလည်ခဲ့ရပေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

၅

ယခုတော့ ဆေးရုံသည် အောင့်အတွက် ပညာရရုံ၊ စာမေးပွဲအတွက် ပြင်ဆင်ရုံ နေရာတစ်ခုအနေအထားထက် ပိုလာပြီဖြစ်၏။ ဆေးရုံသည် အောင့် တာဝန်ချိန်အရ မှန်မှန်လာရသည့် ဌာနတစ်ခု ဖြစ်လာပြီ။ အလုပ်သင်ဆရာဝန်တစ်ယောက်အနေဖြင့် ဆေးရုံကို အောင် လေးလေးစားစား လာနေရပြီ။

ဦးချစ်လက်ဖက်ရည်ဆိုင်နှင့် ကုံကော်ရိပ်ကို အောင် မှန်မှန် မရောက်တော့။ ကိုမြင့်စိုးတစ်ယောက်သာ မြန်မာစာဌာန စာကြည့်တိုက်မှနေကာ အပေါင်းအသင်းများ ရောက်အလာကို လည်တဆန့်ဆန့်ဖြင့် မျှော်နေရတာတ်သည်။

အောင်မရောက်ဖြစ်သည့် နောက်အကြောင်းတစ်ခုကလည်း ရှိနေ၏။ အောင့်အတွက် စိတ်ဝင်စားစရာဟူသမျှ တက္ကသိုလ်နယ်မြေတွင် မရှိတော့ခြင်းပင်။ တင်စုလတ်တစ်ယောက် 'နွေထဲက ထွက်ပြေးချင်တယ်'နှင့်အတူ ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေသည်။ တင်စုလတ်သည် ဘယ်မြို့ရောက်ပါလဲ။ သူ မမေးမိ။ တင်စုလတ်



ကျောင်းမှထွက်သွားခြင်းသည် လမ်းစပျောက်သွားခြင်းပေပဲ။ အသံလွှင့်ရုံခန်းမမှ လမ်းခွဲထွက်ပြီး မကြာမီမှာပင် စာမေးပွဲများ ဖြေခဲ့ရသည်။ တင်စုလတ်ကို အောင် အနှောင့်အယှက် မပေးခဲ့။ သို့သော် စာမေးပွဲပြီးသည့်ရက်ကို အရအမိ မသွားခဲ့နိုင်သည်မှာ အောင့် ညံ့ဖျင်းမှုပင်ဖြစ်၏။ တင်စုလတ်၏ 'နွေထဲက ထွက်ပြေးချင်တယ်' မာတ်ပြားရသည့် သတင်းလေးကိုပင် ပြေးမပြောလိုက်ရ။

သဲလွန်စကို ရှာကြံမိ၏။ အေးစုမာကို သတိရသည်။ စမ်းချောင်းတွင် နေသည်ဟုသာ သိရသည်။ ဘယ်နေရာတွင်လည်း အောင် မသိ။ အေးစုမာ မည်သည့်ဘာသာယူ၍ မည်သည့်အတန်းတက်နေသည်ကိုလည်း အောင် မသိလိုက်။ နောက်ဆုံးတော့ ညံ့ဖျင်းလှသော မိမိကိုယ်ကိုသာ အပြစ်တင်မိလေသည်။

တင်စုလတ်ဘက်ကလည်း နည်းနည်းတော့ ချွတ်ယွင်းသည်။ လူမှုရေးဘက်က ညံ့ဖျင်းသည်ဟု အောင် တွေး၏။ တကယ်တော့ တင်စုလတ်ဟူသော အမည်နှင့် 'နွေထဲကထွက်ပြေးချင်တယ်'ကို မြန်မာ့အသံမှတစ်ဆင့် သူ မကြားဘဲနေမည် မဟုတ်။ ကြားမည်သာ။ ယခုဆိုလျှင် တင်စုလတ်၏သီချင်းကို သုံးကြိမ်ထက်မနည်းကြားခဲ့ရပြီ။ သောတရှင်လိုရာခန်းတွင်ပင် တစ်ကြိမ်ကြားလိုက်ရသေး၏။ ဤသို့ဆိုလျှင် တေးဝတ်ရည်ကို အမှတ်တရတော့ ရှိသင့်သည်။ စာတစ်ကြောင်းမျှသော်လည်းကောင်း ရေးသင့်၏။ ရှေ့ဆက်ပြီးတော့သည်း လမ်းဖွင့်ပေးထားလျက်၊ သူမကိုယ်တိုင်ကလည်း ဝါသနာပါနေလျက် ပထမဆုံးလှေကားထစ်ကိုပင် နင်းခဲ့ပြီးဖြစ်ပါလျက် တေးဝတ်ရည်ကို အဆက်မဖြတ်သင့်ဟု အောင် ထင်၏။ တင်စုလတ်သည် နားလည်ရခက်ခဲသော မိန်းကလေး။ ထက်မြက်ထူးချွန်သော ရုပ်ရည်၊ ဆွေးမြည့်ကြေကွဲဖွယ်သောဟန်တို့နှင့် ဆန့်ကျင်ဘက်နှစ်ခုကို ဆောင်းစပ်ထားသော မိန်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



တင်စုလတ်ကို အောင် သတိရနေ၏။ အော်ဟစ်ညည်းတွားနေသော လူနာများ၊ များပြားလှသော တာဝန်ဝတ္တရားများကြားမှ အချိန်အားရတိုင်း သူမအကြောင်းကို အောင် တွေးမိ၏။ နှလုံးသားသည် အနည်ထိုင်လာသည်နှင့်အမျှ အသက်အရွယ်သည် ကြီးရင့်လာသည်နှင့်အမျှ နိုးကြားတက်ကြွမှု၊ မျှော်လင့်တောင့်တမှုသည် လေးလံလာသည်လား မပြောတတ်။ အောင်သည် ဓာတ်တစ်ခုကို သည်မျှကြာကြာ တစ်ခါမျှမကဖူးခဲ့။ အောင်နှင့် ပတ်သက်သော အဖြစ်အပျက်တို့သည် မြန်ဆန်မြဲ။ အောင်သည် စိတ်ဝင်စားရာတစ်ခုကို အချိန်ကြာကြာ မဆွဲဘဲ အလျင်အမြန်ရအောင် ယူတတ်မြဲ။ သို့သော် ယခုပွဲမှာတော့ အောင် နှေးကွေးလွန်းလှ၏။

အခန်း(၁) နှင့် အခန်း(၂)ကို လှူးလာခေါက်တုံ့ ကူးနေမိသည်။ ဆရာဝန်ကြီးများ ပြန်သွားချိန်မို့ အောင်တစ်ယောက်တည်း မနိုင်မနင်း ဖြစ်နေရသည်။ စိတ်ကမူ ဆောင်ထားဆဲ။ နောက်မှနေ၍ လုံချည်အနီဝတ် ကောင်မလေးတစ်ယောက်က လှမ်းခေါ်သည်။

'ဆရာ၊ ဟိုမှာ လူနာတစ်ယောက် ကျပ်နေလို့ လိုက်ကြည့်ပါဦး'

ရင်ကျပ်နေသည့် လူနာ။ အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်။ အရှေ့ဘက်ဝရန်တာထောင့်ဆုံးမှ ခုတင်။ အောင် ချက်ချင်းသိလိုက်၏။ လက်နှစ်ဘက်ကို ခပ်သွက်သွက်ဆေးပြီး လက်သုတ်ပဝါဖြင့် သုတ်လိုက်သည်။ နားကြပ်ကို လက်မှကိုင်ကာ ထွက်ခဲ့၏။ လူနာဘေးတွင် မိန်းကလေးတစ်ယောက် ထိုင်နေသည်။ အသားညိုညိုဆံပင်ရှည်ရှည် ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ထားသည်။ အင်္ကျီကလက်ရှည်။ လူနာကို စမ်းသပ်လျက်က တွေးမိ၏။ သည်လိုဆင်ယင်ထုံးဖွဲ့မှုမျိုး ဘယ်မှာတွေ့မိပါလိမ့်။ အမှတ်မထင် မိန်းကလေးမျက်နှာကို ငဲ့ကြည့်လိုက်သည်။



'ဆရာ၊ အဲ အစ်ကိုသက်အောင်'

'ဟော အေးစုမာ'

သည်နာမည်ကတော့ မမှတ်မိစရာမရှိ။ ဆန်းလည်းဆန်း၍ ချစ်စရာလည်းကောင်းသည့် နာမည်လေးများ။ အေးစုမာ၊ တင်စုလတ်၊ သူငယ်ချင်းနှစ်ယောက် ဆင်တူမှည့်ထားသလား မသိ။

လူတစ်ယောက်အကြောင်းကို တွေးနေမိစဉ် ထိုလူကိုသော်လည်းကောင်း၊ ထိုလူနှင့်ပတ်သက်ရာကိုလည်းကောင်း ဖြုန်းစားကြီး တွေ့လိုက်ရသည့်အဖြစ်မျိုး ကြုံဖူးကြမည်ထင်၏။ အောင်သည် အတွေးနှင့် လာရောက်ဆုံစည်းသော အဖြစ်အပျက်ကို အံ့သြသည်နှင့်အမျှ ဝမ်းသာ၍လည်းသွားသည်။

'ခုပဲ အေးစုမာတို့အကြောင်းတွေးနေတာ၊ ဒါ အေးစုမာနဲ့ ဘာတော်သလဲ'

'အေးစုမာ အဒေါ်ပါ'

လူနာသည် သူတို့နှစ်ယောက်ကို အားရဝမ်းသာကြည့်သည်။ ဆရာဝန်နှင့်တူမဖြစ်သူတို့ သိကျွမ်းကြသည်ဆိုတော့ အားတက်သွားသည်ထင်၏။

'ဩော် ဟိုနေ့ကတော့ မတွေ့ပဲကိုး၊ ဒါနဲ့ အေးစုမာက ဘယ်မှာနေတာလဲ၊ ကျွန်တော်လဲ လိပ်စာတွေဘာတွေ သေသေချာချာ မမေးမိဘူးဗျာ'

အောင် မည်သည့်အရာကို သိချင်နေမှန်း အေးစုမာ သိ၏။ အောင် စောစောက တွေးနေသည်ဆိုခြင်းမှာ သူ့အကြောင်းတော့ ဟုတ်တန်ရာ။

'အေးစုမာက မအူပင်လမ်းမှာနေတာ၊ လတ်လတ်ကတော့ ရုံးကင်းက တိုက်ခန်းမှာလေ၊ သူ့အဖေက မော်ဘီကိုပြောင်းလာရလို့'

www.burmeseclassic.com

www.burmeseclassic.com



အောင်က လူနာခုတင်ခေါင်းရင်းကို မသိမသာ မှီလိုက်သည်။

'သူ အခု ဘာလုပ်နေလဲ'

'အလုပ်တော့ မရသေးဘူး၊ ကိုသက်အောင်ကို အေးစုမာ လိပ်စာတွေရေးပေးခဲ့မယ်၊ ဒါပေမယ့် လတ်လတ်ဆီကိုတော့ မသွားနဲ့'

သူ့ အဒေါ်ဖြစ်သူက မျက်လုံးဝင့်၍ ကြည့်သည်။

'သူကတော့ သူ့ အဖေအမေတွေကို သိချင်းဆိုဖို့ ခွင့်တောင်းမယ်လို့ အားခဲထားတာပဲ၊ ခုတော့ အိမ်က မဆိုရဘူးလို့ ပြောတယ်တဲ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ကိုသက်အောင်က ဆရာဝန်ဖြစ်နေပြီပဲ၊ အဆိုတော်အနေနဲ့ မသွားနဲ့ပေါ့၊ ဆရာဝန်အနေနဲ့သွား'

အေးစုမာပြောပုံကို သဘောကျကာ အောင် ရယ်မိ၏။ အေးစုမာပြောပုံက မိဘသဘောမတူသည့် သမီးရည်းစားချင်း အချိန်းအဆက် လုပ်ပေးပုံမျိုး။ ဘာပဲဖြစ်ဖြစ် အေးစုမာဆီမှ လိပ်စာကိုတော့ သူ ယူထားလိုက်၏။ အင်း ခုလိုတော့လည်း ဆရာဝန်ဘွဲ့က အသုံးကျသားပါလား။ လူ့သဘာဝကိုတွေးကာ အောင် ပြုံးလိုက်မိလေသည်။

\+ \+ \+

အသက်အရွယ် မငယ်လှတော့သည့် သားသမီးကို သည်မျှ ချုပ်ချယ်သည်ကတော့ မေမေတို့ လွန်လွန်းသည်ဟု လတ်လတ်ထင်၏။ မေမေတို့ ပြောသလိုသာဆိုလျှင်ဖြင့် လတ်လတ် တွေးထင်ခဲ့သလိုထင် လူ့ဘဝသည် ဘာမျှအရာထင်မည်မဟုတ်။ ကျောင်းဆက်တက်ချင်လည်း တက်၊ အလုပ်လုပ်ချင်လည်း လုပ်။ နောက်ထပ် သုံးလေးနှစ်ကြာအောင် စာတွေသင်၊ ကျမ်းတွေပြုပြီး သမီးတစ်ယောက် အပျိုကြီး



ဖြစ်သွားလျှင်လည်း ခပ်ကောင်းကောင်းဟု တွေးဟန်ရှိ၏။ လခလေးနှစ်ရာသုံးရာမျှနှင့် ကြိမ်ခြင်းလေးဆွဲကာ အိမ်မှ တစ်နေကုန်အောင် ထွက်နေလည်း တည်ငြိမ်နေပြီဟုပင် သတ်မှတ်လိုဟန်ရှိ၏။ အချိန်တန်တော့ သင့်တင့် စပ်ဟပ်မည့်သူနှင့် ပေးစားလိုက်ရုံ။

လတ်လတ်ကိုယ်တိုင်က ဝါသနာပါရာကို တလေးတစား ခွင့်ပန်ပါလျက် မေမေက တူးတူးခါးခါး တားဆီးသည်ကို ဝမ်းနည်းမိ၏။ ဖေဖေက 'လုပ်ချင်လုပ်ပါစေ'ဟု အသာတကြည် မဟုတ်သည့်တိုင် အလိုလိုက်သည့်သဘောဖြင့် ပြောလာသည်ကိုပင် 'ရှင်က ဘာသိလို့လဲ'ဟူသော အပြောဖြင့် တားဆီးပိတ်ပင်ပစ်၏။ သည်လိုသာဆိုလျှင်ဖြင့် မပြောဘဲနှင့် ထင်ရာလုပ်သည်ကမှ ကောင်းဦးမည်။ နောက်ဆုံးနှစ်နှင့် ကျောင်းမှထွက်ကာ လင်နောက်လိုက်မည်ကြံခဲ့သည်ကိုတော့ မေမေမသိ။ ယခု အသိပေးခါမှ တားရဆီးရကောင်းမှန်းသိနေသည်။ မေမေတို့ ပြောင်းမလာရင် ခပ်ကောင်းကောင်းဟု တွေးနေမိသည်။

မေမေကတော့ အားလျှင် တိုက်ခန်းတစ်ခန်းမှ တစ်ခန်းသို့ ကူးကာ အတင်းချည်းပြောလို့နေသည်။ ဝဖိုင့်သောခန္ဓာကိုယ်ကြီးကို အနိုင်နိုင်သယ်ရင်း အိမ်ဖော်မလှရင်ကို လက်ညှိုးထိုး၍ အကွက်ဆူအောင် ခိုင်းလားခိုင်းတတ်၏။ နေဝင်မိုးချုပ်မှ ပြန်လာတတ်သော အဖေ၊ တစ်ခါတစ်ရံ အဆင်မသင့်လျှင် တစ်ပတ်မှတစ်ခါမျှသာ ပြန်လာနိုင်သော ဖေဖေ့ကိုတော့ ဆူချင်ပူချင်တိုင်း ဆူလို့မရတော့။ ထို့ကြောင့် အားအားရှိလျှင် လတ်လတ်ကို အရိပ်ကြည့်ကာ မျက်နှာကြောက်က မခွာဘဲရှိ၏။ လတ်လတ်မို့လို့ ရေဒီယိုကို ကျယ်ကျယ်ဖွင့်လျှင်လည်း ဆူချင်သည်။ ရေချိုးခန်းထဲက သီချင်းဆိုပြီး ထွက်လာသည်ကိုပင် မျက်စောင်းထိုး၏။ ကြာတော့လည်းအိမ်ကို အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဟုပင် လတ်လတ် ထင်လာသည်။ အလုပ်ကလည်း ရခဲပါဘိ။ အပြင်လောကသို့ ရောက်သွားလျှင်တော့ မေမေ ဘာမျှတတ်နိုင်တော့မည်မထင်။

တွေးမိလျှင် ကိုမြင့်စိုးတို့ ကိုသက်အောင်တို့ကို အားနာဖို့ပင်ကောင်းသေးတော့။ လတ်လတ်အပေါ် စေတနာရှိရှိနှင့် ကူညီဖေးမခဲ့သည့်ကျေးဇူးကို မမေ့အပ်။ တစ်ပုဒ်တည်းသောသီချင်းကို မြန်မာ့အသံမှ ကြားရတိုင်း ကြည်နူးရသည်နှင့်အမျှ သူတို့ကိုလည်း အမှတ်ရ၏။ သို့သော် အခြေအနေက ခြေငြိမ်နေရသည့်အခိုက်။ အလုပ်တစ်ခုခုရလျှင်တော့ အလုပ်ကလေးပြကာ အိမ်မှထွက်မည်။ ဝါသနာပါရာကို လိုက်တားချင်ဦးတော့ နေရာတကာ မေမေ လိုက်နိုင်မည်မဟုတ်။ ဇွတ်လုပ်မှ ဖြစ်မည့်ကိစ္စ။

တံခါးကို ခပ်သာသာ ခေါက်လိုက်သည့်အသံကြောင့် အတွေး ပြတ်သွားသည်။ မေမေသည် မျက်မှန်တဝင်းဝင်းနှင့် သတင်းစာဖတ်နေရာမှ လတ်လတ်ကို မော့်ကြည့်၏။ လတ်လတ် တံခါးကို ဖွင့်လိုက်သည်။

'အမယ် ဘုရားရေ'

ကိုသက်အောင်ကို တွေ့လိုက်ရတော့ လတ်လတ် အမှန်ပင် အံ့အားသင့်သွားသည်။ မေမေသည် မျက်မှန်ကို နှာခေါင်းပေါ်သို့ ဆွဲချကာ လှမ်းကြည့်သည်။

'ဘယ်သူလဲ'

'ဪ သမီး သူငယ်ချင်းပါ မေမေ၊ လာ ကိုသက်အောင် ထိုင်ပါ၊ ဒါ လတ်လတ်တို့ မေမေလေ၊ သူက အမ်စီက မေမေ့ရဲ့ ဟို ကိုသက်အောင်တဲ့'



လတ်လတ် သည်မျှ ဖော်ရွေပျူငှာသည်ကို ကိုသက်အောင် တစ်ခါမျှ မြင်ဖူးမည်မဟုတ်ချေ။ မေမေက ကိုသက်အောင်ရှေ့မှ ကုလားထိုင်သို့ နေရာရွှေ့လာသည်။

'ကျွန်တော် အခုဆေးရုံကြီးမှာ ဂျူတီကျနေတယ်၊ အေးစုမာ အဒေါ် ဆေးရုံလာတက်တာနဲ့ တွေ့လို့'

'ဪ၊ ခု ကိုသက်အောင်က ဟောက်စ်ဖြစ်နေပြီလား၊ အင်း ဟုတ်တာပေါ့လေ၊ အေးစုမာအဒေါ် တော်တော်နေမကောင်းဘူးလား၊ မရောက်တာတောင်ကြာပြီ'

လတ်လတ်ရော ကိုသက်အောင်ပါ သွက်သွက်လက်လက် ပြောကြားလိုက်၍ ကိုသက်အောင်ကို ဆရာဝန်ပေါက်စမှန်း မေမေ သိသွားသည်။ မျက်နှာထား ပျော့ပျောင်းသွား၏။

'တစ်ခုခုကျွေးရအောင် လုပ်ပါလားသမီးရယ်'

သို့သော် လတ်လတ်သည် အနားမှ ချက်ချင်း ခွာမသွားရဲ။ မေမေ့နောက်ကွယ်မှနေ၍ ကိုသက်အောင်ကို တစ်စုံတစ်ခုမပြောရန် လက်ဟန်ဖြင့် ပြသည်။ ကိုသက်အောင် နားလည်ဟန်တူ၏။ ခေါင်းကို မသိမသာညိတ်ပြသည်။

သံပရာရည်ဗန်းကို ကိုင်ကာ လတ်လတ် ပြန်ထွက်လာသည့် အခါတွင်မူ မေမေနှင့်လေပေးဖြောင့်နေသော ကိုသက်အောင်ကို တွေ့ရ၏။ မေမေက သူခုတစ်လော မောမောနေသည့်အကြောင်းကို ပြောပြနေသည်။ ကိုသက်အောင်သည် မေမေ့ကို အဆင်ပြေအောင် လိုက်လိုက်လျောလျော ပြောနေ၏။

'နောက်ကိုလဲ လာလည်ပေါ့ မောင်ရင်ရယ်၊ သမီးကတော့ အလုပ်မရသေးလို့ စိတ်ညစ်နေတယ်၊ ဒီကြားထဲ အဆိုတော်လုပ်ချင်ပါတယ်ဆိုလို့ မနည်းတားထားရတယ်'

ကိုသက်အောင်က မသိမသာ ပြုံးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်သည် ကိုသက်အောင်ကို အောက်ထပ် လှေကားထိပ် အထိ လိုက်ပို့သည်။

'ကိုသက်အောင်လာတာ လတ်လတ် သိပ်ဝမ်းသာတာပဲ၊ ကိုသက်အောင်တို့ဝိုင်းပြန်လွှင့်ရင် လတ်လတ်ကို ခေါ်နော်၊ မေမေ ကတော့ မလွှယ်ဘူး၊ ခွတ်လုပ်ရမှာပဲ'

'ကြားပါတယ်ဗျာ၊ လတ်လတ်တစ်ယောက် ဒုက္ခရောက်နေပြီ ဆိုလို့ ကယ်တင်ဖို့လာရတာ'

လတ်လတ် အိမ်ပေါ်တက်အလာကို မေမေက စောင့်နေသည်။

'ဟဲ့ ညည်းအဆက်နဲ့ ဘာတွေပြောနေတာလဲ'

'အို မေမေကလဲ မဟုတ်တာ'

\+ \+ \+

## ၆

တင်စုလတ်၏ ကယ်တင်ရှင်ဖြစ်ရခြင်းအတွက် အောင် အမှန်ပင် ဝမ်းသာ၏။ ယခုတော့ တင်စုလတ်သည် အောင့် အနီးအနားမှာပင် ရှိနေရဦးမည်။ တင်စုလတ်သည် အောင်နှင့် ဝါသနာတူ စိတ်တူ ကိုယ်တူ။ ပြီးတော့ ယခုအချိန်သည် အောင့်ဘဝတွင် အနည်ထိုင်စ အချိန်။ မရေမရာလူးလွန့်လှုပ်ရှားရသည့် ကာလကို လွန်ခဲ့ပြီ။ ရှေ့ခရီးသည် ကြမ်းတမ်းဖွယ်မရှိတော့။ ဘယ်ဘက်ကတွေးတွေး အနာဂတ်သည် ဖြောင့်ဖြူးလျက်ရှိလေ၏။

အောင်သည် ဆေးရုံတာဝန်များကြားမှ တေးဝတ်ရည်ကို လိုက်လံစုစည်းလေသည်။ ထိုအချိန်တွင် အမှတ်မထင် ကိုတင့်ဝေကို တွေ့ရ၏။ တွေ့ရပုံကလည်း ခပ်ဆန်းဆန်း။ အောင်က ဆေးရုံမှ ပြန်အလာ ၃၃ လမ်းသို့ ခြေကျင်လျှောက်၍ လာ၏။ ဆူးလေဘုရား လမ်းကို ကျော်လာသည်တွင် ကိုတင့်ဝေကို ခြင်းနှစ်ခုလက်မှာဆွဲလျက် မြူးတူးပျာတာ တွေ့ရလေသည်။

www.burmeseclassic.com



'အလို ကိုတင့်ဝေ ဘယ်က ပြန်လာတာလဲ၊ အထုပ်တွေ အပိုးတွေနဲ့'

'ဟာ ဖိုးသက်အောင်၊ အတော်ပဲ အတော်ပဲ၊ ငါ မင်းတို့အိမ်ကို လိုက်ခဲ့မယ်'

အိမ်ပေါ်ရောက်မှ ကိုတင့်ဝေက ရေတစ်ခွက်ကို သောက်ချပြီး စကားပြောနိုင်၏။

'ရဲတွေလိုက်လာလို့ကွ မောလိုက်တာ'

အောင်သည် ကိုတင့်ဝေကို နားမလည်သလို ကြည့်၏။

'မော်လမြိုင်နဲ့ ရန်ကုန်ကို ကူးရင်း မှောင်ခိုပါ လုပ်နေတာ'

အောင်သည် ဆန်းကြယ်ထွေပြားသော လူ့ဘဝကို အံ့ဩမိ၏။ စကားလုံး နုနုလုလုလေ တွေကို ရေးသီတတ်သော အနုပညာသမား တစ်ယောက်က မှောင်ခိုကုန်ကူးနေသည်တဲ့။

'ကျွန်တော်လဲဗျာ ခင်ဗျားတို့နဲ့ ကွဲသွားပြီးကတည်းက ကျောင်းချည်းပဲ ဖိတက်နေတာ၊ ခုတော့ ဆရာဝန်ဖြစ်ပြီ ဆိုပါတော့၊ သီချင်းကတော့ ဆိုချင်တုန်းပဲဗျာ'

'မင်းသတင်းတွေလဲ ငါကြားပါတယ်၊ 'နွေထဲကထွက်ပြေးချင်တယ်'ကိုလဲ ငါကြားတယ်၊ ပြီးတော့ ချောဆီကတောင် စာလာသေးတယ်'

အနည်ထိုင်နေပြီဖြစ်ပါလျက် မြူမှုန်လေးများ လှုပ်ရှားထကြွလာကြလေသည်။

'မင်းသီချင်းပြန်ဆိုနေတာ ကြားရတယ်တဲ့၊ သူလဲ ကလေး တစ်ယောက်ရနေပြီဆိုပဲ'

အောင်က စီးကရက်ဘူးကို အလိုလို လှမ်းလိုက်မိလေသည်။



'ကိုတင့်ဝေ သီချင်းပြန်ရေးပါလားဗျာ၊ နံ့သာသီချင်းသည်ကို ပြန်ပြီးတော့ အသက်သွင်းချင်တယ်၊ ခုတော့ အရင်ကလောက် ပျော်စရာမကောင်းတော့ဘူး'

ကိုတင့်ဝေသည် အောင် ကမ်းပေးသော စီးကရက်ကို လှမ်းယူ၏။

'တေးဝတ်ရည်မှာ အဆင်မပြေဘူးလား'

အောင်က မီးခြစ်ကိုခြစ်ပြီး ရှေ့တိုးပေးသည်။

'အဆင်တော့ ပြေပါတယ်၊ သိပ်ပြီး တိုးတက်မလာဘူး'

'ခုနေခါ ဘယ်နေရာမှာများ သိပ်ပြီး တိုးတက်လာတာရှိလို့လဲ၊ တစ်ခုတော့ရှိတယ်၊ စတီရီယိုတေးအနေနဲ့ ကိုယ့်ဘာသာလုပ်ရင်တော့ တစ်မျိုးပေါ့'

အောင့်မျက်လုံးများ တောက်ပြောင်လာလေသည်။

'ဟုတ်တယ်ဗျာ၊ အဲဒါ ခင်ဗျားရော ကိုကြည်မောင်ရော ပြန်ပြီး ဆွေးနွေးကြရင်ကောင်းမယ်၊ ကိုကြည်မောင်ကတော့ သိပ်စိတ်မဝင်စားတော့ဘူး ထင်တယ်'

ကိုတင့်ဝေက ဆေးလိပ်ပြာကို ခပ်လွယ်လွယ်ပင် ကြမ်းပေါ်ခါချလိုက်သည်။

'အသက်တွေလဲ ကြီးလာပြီလေ၊ မင်းကကော ဆရာဝန်ပဲ ဖြစ်နေပြီ သီချင်းဆိုဦးမလို့လား'

အောင်က မကွယ်မဝှက် ပြုံးလိုက်လေသည်။

'ကျွန်တော့်မှာ စင်တင်ရမယ့် မင်းသမီးတစ်လက်ရှိတယ်ဗျ'

သည်တော့လည်း ကိုတင့်ဝေက အောင့် ပခုံးကို ခပ်သာသာ ပုတ်လိုက်၏။

'ဒီတစ်ခါတော့ တစ်ခါတည်းသာ စွံအောင် လုပ်ပေတော့ ငါ့ညီ၊ ဒါမှ မဟုတ်ရင်တော့ မင်း လူပျိုကြီးဘဝနဲ့ အရိုးထုတ်ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်ဝေပြန်သွားတော့ ရေမိုးချိုးပြီး ၂၉ လမ်းသို့ အောင်ပြန်လာခဲ့သည်။ အနော်ရထာလမ်းတစ်လျှောက်တွင် တက္ကသိုလ်ထွန်းနောင်၏ သီချင်းသံများ ပျံ့လွင့်နေလေသည်။

\+ + +

မေမေတို့သဘောထားသည် ဖြောင့်စင်းခြင်းမရှိဟု လတ်လတ် ထင်၏။ အစကတော့ လတ်လတ်ကို သီချင်းမဆိုစေချင်၍ တားမြစ်ပိတ်ပင်လိုက်ရသည်မှာ မောနေသည်။ ယခုတော့လည်း လတ်လတ်ကို 'ဒီလောက် ဝါသနာပါရင်လဲ လုပ်လေ၊ လူတော့ မပျက်စီးစေနဲ့'ဟု ခွင့်ပြုစကား ဆိုလာလေသည်။

ကိုသက်အောင်တစ်ယောက် ရန်ကင်းတိုက်ခန်းကို အရောက်အပေါက်များလာသည်နှင့်အမျှ ပတ်ဝန်းကျင်၏ တီးတိုးဆိုစကားတို့သည် ပျံ့နှံ့လာ၏။ သို့သော် မေမေသည် အပြုံးမပျက်။ မေမေတစ်ယောက် လတ်လတ်တို့အပေါ် နားလည်သဘောပေါက်မှု လွဲမှားနေပြီကို တွေးကာ လတ်လတ် မျက်လုံးပြူးရလေသည်။ သည်ကြားထဲ လတ်လတ်ကလည်း သီချင်းတိုက်ရန် အပြင်ကို လိုက်သွားရတတ်သည်ဆိုတော့ မေမေ့ကို ပြတ်ပြတ်သားသား ရှင်းမပြဝံ့။ ကိုယ်ဝါသနာပါရာ မလုပ်ရမှာလည်း စိုးသေး၏။ ထို့ကြောင့်လည်း လတ်လတ်၏ဓာတ်သည် မစခင်ကပင် ရှုပ်နှင့်သည်။

ကိုသက်အောင်သည် ခင်မင်ဖွယ်ရာလူတစ်ယောက်ဟု လတ်လတ် မြင်၏။ သို့သော်လည်း ယောကျ်ားတစ်ယောက်အနေဖြင့်မူ အထင်ကြီး၍မရ။ ပြီးတော့ ကိုသက်အောင်၏ သတင်းကလည်း ခပ်ရှုပ်ရှုပ်။ လတ်လတ် သိသမျှပင် မိန်းကလေးနှစ်ယောက်သည် ကိုသက်အောင်၏ မပြတ်သားမှုကြားတွင် အလွမ်းဓာတ် ကသွားရသည်။ သည်တော့ ကိုသက်အောင်ကို လတ်လတ် မယုံ။ သို့သော် ကိုသက်အောင်သည် လတ်လတ်အတွက် ဖြတ်သန်းကျော်လွှားသွားရမည့် လှေကားထစ်တစ်ခု။



အကြောင်းသင့်တိုင်းဆုံစည်းလာတတ်သော ကိုသက်အောင်၏မျက်လုံးများကို လတ်လတ် ရှောင်တိမ်းနေရလေသည်။ လတ်လတ်သည် သူ့ကိုယ်သူ ကြီးမားသောဂုဏ်ရည်ဖြင့် ကာဆီးထားလေသည်။ ထို့ကြောင့်ပဲထင်ရဲ့၊ အားလုံးက လတ်လတ်ကို တလေးတစားဆက်ဆံကြ၏။ ပြီးတော့ သူတို့သည် ကိုသက်အောင်ကို လတ်လတ်ရှေ့တွင် ယောကျ်ားတို့ဘာဝ နောက်ရပြောင်ရမည်ကိုပင် နှုတ်မဝံ့ဘဲ ရှိကြ၏။ လတ်လတ်က သိလျက်နှင့် မသိဟန်ပြုနေရသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ကိုသက်အောင်ကို ရင်ဆိုင်ရလိမ့်မည်ဟု လတ်လတ် တွေးထင်ထား၏။ သို့သော် ကိုသက်အောင်၏ချဉ်းကပ်မှုသည် လတ်လတ်ထင်သလို ဖြောင့်ဖြောင့်တန်းတန်းရောက်မလာ။

တေးဝတ်ရည်၏ နောက်ဆုံးသံပြိုင်တေးကို တိုက်မည့်နေ့တွင်မှ ကိုသက်အောင်က မရှိ။ ဆေးရုံတာဝန် ရှိသည်ဟုဆိုကာ စောစောပြန်သွားသည်။ လတ်လတ်ကိုလည်း ကိုမြင့်စိုးတို့ ဇနီးမောင်နှံက လိုက်ပို့လိုက်ပါဟု တာဝန်ပေးသွား၏။ ကိုသက်အောင် မရှိတော့မှ ကိုသက်အောင်အကြောင်းကို သူတို့ ပြောဖြစ်ကြသည်။ ယခုတော့ ကိုသက်အောင်သည်လည်း သီချင်း မဆိုတော့။ တေးဝတ်ရည်သို့ သူဆက်သွယ်နေခြင်းသည် လတ်လတ်အတွက်သက်သက်ဟု သူတို့က ထုတ်ဖော်၏။ ယခုဆိုလျှင် တေးဝတ်ရည်တွင် အပြင်လူ အတော်များများ ဝင်ရောက်နေကြသည်။ လတ်လတ်သည်ကား ကိုသက်အောင်၏လူ။ ထိုသို့ဆိုတော့လည်း လတ်လတ်သည် ကိုသက်အောင် တျေးစူးနှင့် မကင်း။

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်ကို အိမ်ပြန်အပို့တွင် ကိုမြင့်စိုးသည် ကိုသက်အောင်အကြောင်းကို တဖွဖွ ပြောလာ၏။ ပြီးတော့ ပြန်ခါနီးတွင်မှ စာတစ်စောင်ကို လတ်လတ်လက်ထဲ ထည့်သွားသည်။

ကိုသက်အောင်သည် လတ်လတ်ထင်သလို သူ့လမ်းကို ဖြောင့်အောင် လှမ်းမလာခဲ့။ ထို့ကြောင့်လည်း သူသည် လတ်လတ်ကြိုတင်ရည်ရွယ်ထားသော စကားလုံးများကို မကြားလိုက်ရ။ လတ်လတ်က ပြောလိုက်ချင်သည်။

'မိန်းမတို့ရဲ့အချစ်ကို အထင်မသေးပါနဲ့၊ ကိုယ့်ကိုကိုယ်လဲ အထင်မကြီးပါနဲ့'ဟူ၍။

\+ \+ \+

တင်စုလတ် ဤသို့ တုံ့ပြန်လိမ့်မည်ဟု အောင် မထင်မိ။ ယခုတော့ တင်စုလတ်သည် သူ့ကို နင့်နင့်နဲနဲပင် စွပ်စွဲလေသည်။ အောင်သည် မိန်းကလေးတို့၏ အချစ်ကို ခပ်လွယ်လွယ်နှင့်ပင် ရမည်ဟု မျှော်လင့်ထားသူ၊ မိမိကိုယ်မိမိ အထင်ကြီးသူ၊ အချစ်ကို အလေးအနက်မထားသူ၊ လှေနံနှစ်ဘက်နင်းတတ်သူ စသည်ဖြင့်။ ပြီးတော့ ပြောသေးသည်။ တင်စုလတ်သည် ဂီတကို ဝါသနာပါ၍ အဆိုတော်ဖြစ်ချင်၍သာ အောင့်ကို မိတ်ဆွေအပေါင်းအသင်းတစ်ယောက်လို အားကိုးခဲ့တာပါတဲ့။ ထို့ထက်ပို၍ ယောကျ်ားတစ်ယောက်အနေဖြင့် အောင့်ကို ယုံကြည်အားကိုးခြင်း မဟုတ်ပါတဲ့။

လူတိုင်းကို သံသယစိတ်ဖြင့်များ ကြည့်တတ်ပါသလား မိန်းကလေးရယ်။ အောင်သည် ယနေ့ထက်ထိ မည်သည့်မိန်းကလေးကိုမျှ အထင်မသေးဖူးခဲ့။ မည်သည့် မိန်းကလေး၏ အချစ်ကိုမျှလည်း မစော်ကားဖူးခဲ့။ အောင် တွေ့ခဲ့ရသည့် မိန်းကလေးများကသာ



အချစ်ကို သံသယစိတ်၊ သဝန်တိုစိတ်၊ အလျှော့အတင်း အပေးအယူပြုချင်သည့် စိတ်ကလေးများဖြင့် တို့ထိ ဆော့ကစားသွားခဲ့ကြသည်။ ယခုတော့ အောင်သည် လူဆိုး။

မိန်းကလေးတစ်ယောက်ကို သူဖြစ်ချင်ရာ ဇန်းပြ၍ ကိုယ်လိုချင်သည့် အခွင့်အရေးကို ရယူတတ်သည်အထိတော့ အောင် မယုတ်မာပါ။ အောင်သည် မည်သည့်မိန်းကလေးကိုမျှ စိတ်ထဲက မပါဘဲနှင့် ချစ်ပါသည်ဟု ဖွင့်မပြောစဖူး။ ယခုတော့ အောင့်ကို စွပ်စွဲထိုးနှက်ချက်များသည် ပြင်းထန်လှချေ၏။

မိန်းမဟူသည် စိတ်နာစရာမဟုတ်၊ ချစ်စရာဟုသာ အောင်တွေး၏။ တင်စုလတ်ကတော့ သည်သို့မဟုတ်။ ယောကျ်ားတို့ကို အချစ်စိတ်ထက် သံသယစိတ်၊ နာကြည်းစိတ်တို့ဖြင့်သာ ကြည့်တတ်သည်ဟုထင်၏။ ထို့ကြောင့်လည်း တင်စုလတ်ကို အောင် မတွေ့အောင် ရှောင်တော့သည်။

အသံသွင်းမည့်ရက်သည် နီး၍လာ၏။ တင်စုလတ်ကို မတွေ့ဘဲနေလိုလျှင်လည်း အောင့်အတွက်ကတော့ ဖြစ်သည်။ သည်တစ်ပတ်အောင် သီချင်းတစ်ပုဒ်မျှ ဝင်မဆိုခဲ့။ တင်စုလတ်၏ ဒုတိယအကြိမ်စွန့်စားမှုလေးကို အောင် ကြည့်လိုသော်လည်း မကြည့်တော့ဟု ဆုံးဖြတ်မိသည်။ အားပေးလိုသော်လည်း အားမပေးချင်တော့။ ထို့ကြောင့် အသံသွင်းမည့်ရက်တွင် အောင် တမင်မသွားဘဲ နေခဲ့သည်။ တင်စုလတ်လို သတ္တိကောင်းသောမိန်းကလေးသည် ကိုယ့်ဘဝအောင်မြင်မှုကို မည်သည့်အကူအညီမျှ မပါဘဲလည်း ရယူနိုင်လိမ့်မည်ဟု အောင် ယုံကြည်၏။

တင်စုလတ်တို့ မြန်မာ့အသံ စတူဒီယိုထဲသို့ ရောက်နေမည့်အချိန်တွင် အောင်သည် အားလပ်လျက်ရှိ၏။ ပုံနှိပ်စက်သံ တဂျုံးဂျုံး

www.burmeseclassic.com

www.burmeseclassic.com



ညံ့နေသော ဆိုင်အပေါ်ထပ်တွင် အောင်သည် တစ်ယောက်တည်း ငုံ့တိတိ။ စက်သံများအကြားမှ တင်စုလတ်၏အသံကို ကြားယောင်မိသည်။

သည်အချိန်မျိုးတွင် အသံသွင်းပြီးလောက်ပြီ။ တင်စုလတ် ချောချောမောမောမှ ဆိုနိုင်ပါ၏လား။ ယခင်တစ်ခါကလိုပဲ စိတ်များ သိပ်လှုပ်ရှားနေလေမလား။ အဖွဲ့သားများနှင့်မှ အစစအရာရာ အဆင်ပြေပါ့မလား။ စိုးရိမ်ပူပန်စိတ်သည် ဝင်လာ၏။ ထို့ကြောင့် အမှတ်မဲ့ အပေါ်အင်္ကျီကိုကောက်ဆွဲမိသည်။ သို့သော် နေရာမှ မထဖြစ်။

ပျံ့လွင့်ထွေပြားသောစိတ်ကို ထိန်းချုပ်၍ရလိုရငြား တစ်ရေး အိပ်မည်ဟု စိတ်ကူး၏။ တယ်လီဖုန်းသံက မြည်လာပေသည်။ မိမိကို ခေါ်မည်ဟု အလိုလိုပင် သိနှင့်သည်။

တယ်လီဖုန်းခွက်ကို ကိုင်တော့လည်း အောင့်လက်သည် မသိမသာ တုန်နေ၏။

'ကျွန်တော် သက်အောင်ပါ'

'လတ်လတ်ပါ ကိုသက်အောင်'

'ရန်တွေ့မလို့လား'

'မဟုတ်ပါဘူးရှင်၊ မေမေက ကိုသက်အောင်ကို မေး မေးနေလို့၊ ကိုသက်အောင်မလာတော့ မေမေက ကိုမြင့်စိုးတို့နဲ့ သိပ်မထည့်ချင်ဘူးရှင့်၊ ပြီးတော့ လတ်လတ်ကိုလဲ မယုံဘူး'

'ဟုတ်ကဲ့၊ နောက်တစ်ခါ အသံလွှင့်ရင် ကျွန်တော်လာခေါ်ပါ့မယ်'

ခေတ္တမျှ တိတ်ဆိတ်သွားလေသည်။

'ကိုသက်အောင်ကလဲ စိတ်ဆိုးတတ်သားပဲနော်'

'မိန်းကလေးတစ်ယောက်ကို စိတ်ဆိုးတယ်ဆိုရင် အဲဒီယောကျ်ားက သဘောထားသေးလို့ပေါ့'



'ဒီလိုဆိုလဲ လတ်လတ်ဆီကို လာလည်နိုင်ပါတယ်လို့ ဖိတ်ခေါ်ပါရစေ'

'ဟုတ်ကဲ့၊ လတ်လတ်ရဲ့မေမေကို ကျွန်တော် မအားလို့ မလာနိုင်သေးတဲ့အကြောင်း၊ အခုတော့ အားသွားပြီမို့ လာပါတော့မယ်လို့ ပြောလိုက်ပါ'

'ကောင်းပါပြီရှင်'

'ဩော် ဒါနဲ့ ဒီနေ့အဆင်ပြေရဲ့လား'

'အဲဒါပြောမလို့ပဲ၊ အရင်တစ်ခါလောက်တော့ မဆိုးပါဘူး၊ ဒူးတွေကတော့ တုန်တုန်းပဲ၊ ကြောက်စိတ်ကတော့ ဖျောက်လို့မရဘူး၊ အဆင်ပြေလိမ့်မယ် ထင်ပါရဲ့'

'ဝမ်းသာပါတယ် မတင်စုလတ်'

ဖုန်းကို အသာအယာချသွားလေသည်။ အောင် အပေါ်ထပ်ကို ပြန်တက်ခဲ့၏။ အပေါ်အင်္ကျီကို ဆွဲယူလိုက်သည်။ 'ဆေးရုံက အခုပဲ ပြန်လာရတယ်'ဟု တင်စုလတ်၏ မေမေကို ပြောရမည်။

\+ + +

ယခုအချိန်ထိတော့ ကိုသက်အောင်ကို ချစ်ကြည့်၍ မရသေး။ သို့သော် စိတ်လိုက်မာန်ပါ ပြောမိဆိုမိသည်ကိုတော့ နောင်တရနေမိသည်။ အနားမှ ဖျောင်းဖျပြောဆိုမည့် သူငယ်ချင်းများကလည်း ဝေးနေပြီမို့ ငယ်စိတ် မာနစိတ်ကလေး ပြန်ဝင်လာကာ ကက်ကက် လန်အောင် ရန်တွေ့လိုက်မိ၏။ မိမိုးသာရှိလျှင်ဖြင့် 'နင့် ပါးစပ်က ဘာတွေပြောပြော၊ နင့်စိတ်ထဲက သူ့ကို ချစ်နေပြီ'ဟု ပိသသေသေးနှင့် ဆောပစ်မည်လား မပြောတတ်။ ယခုတော့ မြမြမိုးလည်း ဘယ်သောင် ဘယ်စခန်း ဆိုက်နေပြီ မသိ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လတ်လတ် 'အချစ်'ကို ယုံကြည်၏။ ယောကျာ်းတို့၏ မေတ္တာကိုလည်း လေးနက်စေချင်၏။ ယောကျာ်းတို့၏ အချစ်ကို တုဘက်မရှိ တစ်ယောက်တည်း ရယူပိုင်ဆိုင်ချင်၏။ ကိုယ်တိုင်က အချစ်ဦးရှိခဲ့သည့်တိုင် တစ်ပါးသူ၏ ဒုတိယလူ မဖြစ်ချင်။ အချစ်ဦးပင် ဖြစ်စေချင်သည်။ ကိုယ့်အလျင်က ချစ်ခဲ့ဖူးသူ ရှိခဲ့ခြင်းကို မလိုလားချင်။ နောက်ထပ် ချစ်သူရှိဦးမည်ဆိုလျှင်တော့ ဝေလာဝေး။ အချစ်ကို တစ်ဦးတည်းရယူပိုင်ဆိုင်လိုသည့် စိတ်၊ သဝန်တိုစိတ်၊ မာနစိတ်သည် အများတကာ မိန်းမများနှယ် လတ်လတ်တွင်လည်း ရှိ၏။

ကိုသက်အောင်နှင့်သာ ချစ်ရမည်ဆိုလျှင် လတ်လတ်သည် ဒုတိယလူ။ နစ်နာလိုက်သည့် ဖြစ်ခြင်း။

သံသယစိတ်နှင့် သဝန်တိုစိတ်သည် လတ်လတ်နှင့် ကိုသက်အောင်ကို ကာဆီး၍ထားလေသည်။ မေမေတို့ တစ်မျိုးတစ်မည် ထင်မည်စိုး၍သာ ကိုသက်အောင်ကို ယခင်ကနှယ် ဝင်ထွက်သွားလာစေရ၏။ သို့သော် သူ့ကို လိုက်လျောသည့် အမူအရာကိုမူ လုံလုံလဲလဲ သိမ်းဆည်း၍ထားမိ၏။ မိန်းမတို့၏ ဝက်နှ ဉာဏ်သာတည်း။

ဝယ်စရာရှိ၍ ဗိုလ်ချုပ်ဈေးသို့ ထွက်ခဲ့သည်။ ကိုသက်အောင် ပြောပြောနေသည့် သူတို့ကိုယ်ပိုင် မြန်မာ့စာအုပ်တိုက်သည် ဗိုလ်ချုပ်ဈေးနှင့် အနီးကလေး။ သို့သော်လည်း သည်အချိန် သူရှိချင်မှ ရှိမည်။ ပြီးတော့လည်း ကိုယ့်ဘက်က တစ်လေးလျော့သွားမည်ကို စိုးရသည်။ ဈေးကို တစ်ပတ်ပတ်မိ၏။ ပြီးမှ စားသောက်ဆိုင်တန်းဘက်သို့ ဝင်သည်။ မိန်းကလေးတစ်ယောက်တည်းဆိုတော့လည်း ခပ်ကြောင်ကြောင်။ ဟိုလူသည်လူက ကြည့်ချင်၏။ လူရှင်းရာ ဆီချက်ခေါက်ဆွဲဆိုင်ထဲသို့ ဝင်ခဲ့သည်။ မမျှော်လင့်ဘဲ ကိုသက်အောင်ကို တွေ့လိုက်ရ၍ ရှက်ကိုးရှက်ကန်းပင် ဖြစ်သွားမိလေ၏။



'ဟင်၊ တင်စုလတ် တစ်ယောက်တည်းလား'

'ဟုတ်တယ် ဝယ်စရာလေးနည်းနည်းရှိလို့'

သူတို့စားပွဲကို မျက်လုံးဝေ့၍ကြည့်မိ၏။ ကိုသက်အောင်အပြင် ယောကျာ်းတစ်ယောက်နှင့် မိန်းမတစ်ယောက်။ လတ်လတ်က တခြားနေရာလွတ်ကို ရှာသည်။

'လာပါ ဒီမှာပဲလာထိုင်ပါ၊ ကိုတင့်ဝေနဲ့လဲ မိတ်ဆက်ပေးချင်လို့'

ကိုတင့်ဝေဟူသော အမည်ကို ကြားလိုက်၍ မငြင်းသာပဲ ဝင်ထိုင်လိုက်ရသည်။ ကိုတင့်ဝေသည် လေးစားရမည့်သူတစ်ယောက်။ အသိမိတ်ဆွေပြုရမည့် လူတစ်ယောက်။ ထို့ကြောင့် သူတို့စားပွဲမှာ ဝင်ထိုင်၏။ ကိုတင့်ဝေက ကိုသက်အောင်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ လတ်လတ်က အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် ထိုင်ရ၏။ ကိုသက်အောင်က အမျိုးသမီးရဲ့ ညာဘက်၊ လတ်လတ်ရဲ့ ဘယ်ဘက်။ စားပွဲသည် လေးယောက်စားပွဲ ဖြစ်လေသည်။

'သူက နွေထဲကထွက်ပြေးချင်တယ်ကိုဆိုတဲ့သူ တင်စုလတ်၊ သူက ကိုတင့်ဝေလေ'

လတ်လတ်က ကိုတင့်ဝေကို ပြုံးပြ၏။ ကိုတင့်ဝေက အသိအမှတ်ပြုဟန် ခေါင်းညိတ်ပြသည်။

'သူကတော့ မမြထွေးတဲ့၊ ရွှေကျင်မှာ ကျောင်းဆရာမလုပ်နေတယ်၊ ရန်ကုန်ကို ခဏလာတာ'

ကိုသက်အောင်၏ အသံသည် တစ်မျိုးဖြစ်သွားသည်ဟု လတ်လတ် ထင်၏။ အမျိုးသမီး၏ အပြုံးသည် လျော့ရဲလှ၏။ လတ်လတ်သည်ပင် မည်သို့ပြုံးပြလိုက်မိသည် မသိ။ ခပ်ကြောင်ကြောင်တွေဖြစ်နေမည်မှာတော့ မုချဟု တွေးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်ဝေသည် ယနေ့ ဂီတလောကနှင့် မြန်မာ့အသံအကြောင်းကို ဝေဖန်ပြောဆိုနေသည်။ သူ့ကြောင့်သာ စကားဝိုင်းသည် အနည်းငယ် စိုပြည်နေရသည်။ လတ်လတ်သည် ဆီချက်ခေါက်ဆွဲကို စားလျက်က ရှေ့တူရူမှ အမျိုးသမီးကို မသိမသာ အကဲခတ်ကြည့်မိသည်။ ကျောင်းတွင်တော့ တစ်ခါမျှမမြင်ဖူး။ သူ့ထက်တော့ အသက်ကြီးပုံရ၏။ ကိုတင့်ဝေ မိတ်ဆွေလား၊ ကိုသက်အောင် မိတ်ဆွေလား ခွဲခြား၍ မရတတ်။ ကိုတင့်ဝေနှင့်လည်း ရင်းနှီးဟန်ရှိသည်။ ကိုသက်အောင်ကိုလည်း ကျွမ်းကျွမ်းဝင်ဝင် ဖြစ်ပုံရသည်။ စကားပြောတော့ ခပ်ပြုံးပြုံး။ သို့သော် တစ်စုံတစ်ခုသည် မရှင်းလင်းစွာ တွယ်ရောက်ကပ်ငြိနေသည်ဟု အလိုလို ထင်မိ၏။ ပြီးတော့ သူမသည် လတ်လတ်ကို ရဲရဲမကြည့်။ ယဲ့ယဲ့မျှသာ ပြုံးပြ၏။

စားသောက်ပြီး၍ နေရာမှ ထကြတော့လည်း ခပ်ကြောင်ကြောင်သာ။ လတ်လတ်က တစ်ယောက်တည်းရောက်လာသည်မို့ တစ်ယောက်တည်းပင် ပြန်မည်ပြုသည်။ ကိုသက်အောင်သည် 'လတ်လတ် တစ်ယောက်တည်းလား' ဟုဆိုကာ လူကတော့ နေရာမှမရွေ့။

'အောင် လိုက်ချင်လိုက်သွားလေ'

အမျိုးသမီး၏ ညင်နွဲ့သောအသံ။

လတ်လတ်ရင်သည် ဒိန်းကနဲ မြည်သွား၏။ ဒါမျိုးဆိုလျှင် လတ်လတ်တို့က နှာနေအောင်သိသည်။ ရိုးသားပျော့ပျောင်းလှသည့် အသံပင်ဖြစ်စေကာမူ အနက်အဓိပ္ပါယ်အကျယ်အဝန်းကို ကောင်းစွာ သိ၏။ ငယ်စိတ်ငယ်သွေးသည် လတ်လတ်ကိုယ်တွင် ပျံ့နှံ့လာသည်။

'အို နေပါစေ၊ လတ်လတ်ကို လိုက်မပို့ပါနဲ့၊ လတ်လတ် တစ်ယောက်တည်းလာတာပါ၊ ဒီက မမက တစ်ခါတစ်လေလာတာ



အေးအေးဆေးဆေးနေပါ၊ ကိုသက်အောင်လဲ နောက်မှ အေးအေးဆေးဆေးလာတော့နော်'

ဘာကြောင့်များ အရာဝတ္ထုတစ်ခုကို ကင်းကင်းရှင်းရှင်း တစ်ယောက်တည်း ရယူပိုင်ဆိုင်သည့်ကိုယ် မဖြစ်ရပါလိမ့်။ တစ်ဦးတည်းသောသမီး ဖြစ်လာသည့်တိုင် တစ်ဦးတည်းသောချစ်သူ တစ်ခါမျှ မဖြစ်လိုက်ရ။

ယခုတော့လည်း အကြောင်းတစ်စုံတစ်ရာကြောင့် မာနကွန်ရက်ဖြင့် ယှက်သွယ်ဖုံးအုပ်ထားသော လတ်လတ်၏ အချစ်မျက်နှာဖုံးသည် ကွာကျလာရလေသည်။ အချစ်သည် သဝန်တိုစိတ်မှများ စတင်ပေါက်ဖွားလာလေသလား။ ချစ်ခြင်းမေတ္တာကို မည်သည့်အတိုင်းအတာထိ ခွင့်လွှတ်တတ်ကြပါသလဲ။ ချစ်လျှင် ခွင့်လွှတ်စမြဲသာဆိုလျှင်ဖြင့် ကိုသက်အောင်နှင့် ပတ်သက်သမျှကို လတ်လတ် ခွင့်လွှတ်ရပေမည်။ လျစ်လျူရှုရပေမည်။

ခွင့်လွှတ်တတ်အောင်တော့ လတ်လတ် များစွာ ကြိုးစားရပေဦးမည်။

\+ \+ \+

ကဲကြဲဖန်ဖန် ဆုံတတ်ချင်တော့လည်း မိန်းမနှစ်ယောက်ကို မျက်နှာချင်းဆိုင်ပင် ဆုံပေးမိ၏။ အောင့် ကုသိုလ်ကတော့ သည်မျှဆိုးသည်ဖြစ်အောင်တို့ လုပ်လိုက်လျှင် လူမိသည်ချည်း။ အဖြစ် တစ်စုံတစ်ရာကြီးကြီးကျယ်ကျယ် မပြုမိပါဘဲနှင့်လည်း အဖြစ်တစ်စုံတစ်ရာသည် ဖြစ်လာရတတ်မြဲ။

www.burmeseclassic.com

www.burmeseclassic.com



ချောတစ်ယောက် ရန်ကုန်ရောက်နေသည်ဟု ကိုတင့်ဝေက ပြောလာတော့ စိဘ်က များစွာမလှုပ်ရှားမိသည့်တိုင် နည်းနည်းတော့ ရင်ခုန်သွား၏။ 'သူက မင်းနဲ့တွေ့ချင်တယ်တဲ့' ဆိုတော့လည်း ဘာမျှ ပြန်မပြောမိ။ ရန်သူတွေမှ မဟုတ်ဘဲ၊ ချစ်ခဲ့ကြတာမှ ရင်းရင်းနှီးနှီး ကျွမ်းကျွမ်းဝင်ဝင် ချစ်ခဲ့တာပဲ၊ ချစ်ရသူကို မတွေ့နိုင်စရာအကြောင်း မရှိ။ ချောနှင့် သူတို့ဇာတ်လမ်းတွင် မည်သူ့ မည်သူကိုမျှ အပြစ်ရှိပါသည်ဟု ပြောရ၍မဖြစ်။ ချောတွင် အပြစ်မရှိ။ အောင့်တွင်လည်း အပြစ်မရှိ။ ထို့ပြင် အောင့်တွင် အပြစ်ရှိသည်ဟု ပြောနိုင်သလို ချောတွင်လည်း အပြစ်ရှိသည်သာ။

သို့သော်လည်း အတိတ်ကာလသည် ကုန်လွန်ခဲ့ပြီ။ အောင်တို့သည် တစ်ယောက်ကိုတစ်ယောက် အငြိုးကြီးခဲ့ကြသူများမဟုတ်။ မုန်းတီးခဲ့သူများ မဟုတ်။ ထို့ကြောင့်လည်း ချောကို အောင်သည် မိတ်ဆွေရင်းချာ တစ်ယောက်လိုပင် သည့်ခံမိ၏။ ချောက ရွှေကျင်တွင်လည်း အဘွား ဖြစ်သူဆုံးသွား၍ မနေချင်တော့။ ရန်ကုန်တွင်လာ၍ သားအမိ သားအဖတစ်တွေ အခြေချချင်သည်။ မြို့ပြင်ကျကျ ပါရမီလိုနေရာမျိုးတွင် သင့်တင့်သော မြေကွက်တစ်ကွက် ဝယ်ချင်၏။ ချော၏ အစ်ကိုက စိုက်ပျိုးမွေးမြူရေးကို ဝါသနာပါသည်။ ချော ကိုယ်တိုင်ကမူ ဆရာမအလုပ်ပဲဖြစ်ဖြစ် သင့်တော်ရာ အလုပ်တစ်ခုခုကို လုပ်မည်။ ချောသည် ယခုတော့ ရင့်ကျက် တည်ကြည်သော အိမ်ရှင်မ တစ်ဦး။ သားသည်အမေ တစ်ဦး။

ထို့ကြောင့်လည်း ချောကို လေးစားခင်မင်သော အစ်မတစ်ယောက်သဖွယ် အောင် အစစအရာရာ ကူညီလို၏။ အောင်တို့သည် သဘောအေးအေးသော မိန်းမသားမဟုတ်။ ပြီးတော့လည်း သံယောဇဉ်ဟူသည်မှာ တွယ်ငြိတတ်မြဲ။ ချောဆိုသော မိန်းမသားတစ်ဦးသည်



သူ့ရင်မှာ တွယ်တာကပ်ငြိဖူးသူ။ သူ့ဘဝကို တစ်မျိုးတစ်ဖုံ လမ်းပြောင်းပေးခဲ့သူ။ ထို့ကြောင့် ချောကို သူ လျစ်လျူမရှုချင်။

သို့သော် တင်စုလတ်ကို အောင် မည်သို့ ဖြေရှင်းရချိမ့်နည်း။ အစကပင် တင်စုလတ်သည် အောင့်ကို သံသယမျက်လုံးဖြင့် အမြဲ သုံးသပ်ကြည့်ရှုခဲ့သူဖြစ်၏။ ယခုလည်း တင်စုလတ်သည် အောင့်ကို ပြုံးပြက်ထက်မြက်သော မျက်လုံးများနှင့် ကြည့်ရှုသုံးသပ်သွားလေသည်။ မရိုးဘဲနှင့် ရယ်မိတတ်သော အောင်သည် ယခုလည်း မယိုးခင်ကပင် ဝန်ခံမိပြီတည်း။ အောင့် အမူအရာများ ပျက်ပြားနေသည်ကို အကင်းပါးသော တင်စုလတ် ရိပ်မိမည်သာ။

စမည်မှ ကြံကာရှိသေး၊ မလည်ရှုပ်ဇာတ်ကို ခင်းမိချေပြီ။ ဤအတွက် ချောကလည်း 'အားနာဟန်ရှိ၏။ 'အောင့်ကိုတော့ ကောင်မလေး စိတ်ဆိုးသွားပြီ ထင်ပါရဲ့'ဟု မခနဲ့သာ ခနဲ့သာ ခနဲ့ လေသည်။

'ရှိပါစေတော့ဗျာ၊ ပို့စကတ်လေးတစ်စောင်နဲ့တောင် ချစ်သူကို စွန့်လွှတ်ရသေးတာပဲ'

အောင်ကလည်း အနာဟောင်းကို ဖော်မိ၏။

'အဲဒီတုန်းက သဝန်တိုစိတ်နဲ့သာ စိတ်ဆိုးခဲ့တာပါ၊ အောင် မဟုတ်တာမလုပ်မှန်းသိပါတယ်၊ ဒါပေမယ့် အဖြစ်အပျက်တွေက ဆက်ကုန်တယ်လေ'

ချောသည် မျက်နှာငယ်ငယ်ဖြင့် အောင့်ကို တောင်းပန်လေသည်။ ချောသည် အောင့်ကို အောင် ဟုပင် တရင်းတနှီးခေါ်သည်။ သို့သော် ချော၏ 'အောင်'ဟု ခေါ်လိုက်သော အသံသည် ပိုင်ပိုင်စိုးစိုး ရှိလှသည်ကို တင်စုလတ် မသိဘဲနေမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အောင်သည် သူ့ဘုံရိပ်သာသို့ ပြန်ခဲ့သည်။ ဝီရိယ ကောင်းကောင်းနှင့် ချောနှင့် သူတို့ အပြန်အလှန်ရေးခဲ့ကြသော စာများကို ရှာသည်။ ချော၏စာများကို မမြေအေး၏ ကတ်လေးများနှင့် အတူ မီးတင်ရှို့မိ၏။ ခွင့်လွှတ်ပါလေတော့။

ဘဝကို အသစ်တစ်ဖန်ပျိုးချင်၍ အတိတ်ဟောင်းကို ဖျောက်ဖျက်မိလေသည်။

\+ \+ \+

၇

သူ့အချစ်ကိုလက်သာခံလိုက်ရသည်၊ သူ့ကို ယနေ့ထိ မကျေနပ်။ သူနှင့် မသိကျွမ်းခင်ကပင် သူ့ကို ရှုပ်ထွေးပွေလီသော လူတစ်ယောက်အဖြစ်၊ မပြတ်သားသူတစ်ယောက်အဖြစ်၊ လှေနံနှစ်ဘက်နင်းသူတစ်ယောက်အဖြစ် ထင်ခဲ့မြင်ခဲ့မိ၏။

လတ်လတ်အတွက်တော့ အချစ်ကို တစ်ယောက်တည်း ရယူပိုင်ဆိုင်ရေးကို လက်လျှော့လိုက်ရပေပြီ။ အချစ်ကို လက်လွှတ်အရှုံးပေးခဲ့ရသူပင်ဖြစ်ခဲ့ရပြီဆိုတော့ လတ်လတ်သည် ကိုယ့်ကြမ္မာကိုပင် ကိုယ်အပြစ်တင်မိ၏။

ချစ်မိပြီဆိုတော့လည်း သူသည်သာ လတ်လတ် ယုံကြည်မြတ်နိုးရာ၊ အားထားရာ၊ ဘဝတစ်လျှောက် လက်တွဲလျှောက်ရမည့် အဖော်ကောင်းတစ်ယောက် ဖြစ်လာရပေပြီ။ လူ့ဘဝသက်တမ်း၏ သုံးပုံတစ်ပုံကို မရေရာသောအကြောင်းခြင်းရာတို့ဖြင့် ကုန်ဆုံးစေခဲ့ရပြီ့လည်း နောင်လာမည့် အနာဂတ်ကို ရွှင်လန်းတက်ကြွဖွယ်တို့ဖြင့်

www.burmeseclassic.com



ပြည့်စုံစေချင်၏။ ထို့ကြောင့်လည်း ငြိမ်းငွေ့ဖွယ်ရာဘဝကို အချစ်၏ မွေးပေါင်းနံ့သာတို့ဖြင့် ထုံလွှမ်းရစ်ပတ်စေရန် ကြိုးပမ်းမိသည်။

သို့သော် အချစ်သည် ထာဝရ ချမ်းမြေ့မှုကို ပေးစွမ်းနိုင်ပါ သလား။ အချစ်ကို သန့်သန့်စင်စင်နှင့် ရှင်သန်ကြီးထွားစေနိုင်လျှင် မည်မျှ ကောင်းလေမည်လဲ။ ယခုတော့လည်း မနာလိုဝန်တိုမှု၊ ရယူပိုင်ဆိုင်လိုမှု၊ အစော်ကားအထိပါး မခံလိုမှုတို့ဖြင့် အချစ်သည် ညစ်နွမ်းလောင်ကျွမ်း၍ နေလေသည်။ ခွင့်လွှတ်ခြင်းကို မပြုနိုင်သေး သမျှ အချစ်၏ဒဏ်ကို ခံကြရစမြဲ။ သို့သော်လည်း သိလျက်နှင့်ပင် ပြင်ရခက်ချေသည်တကား။

ကြည်နူးဝမ်းသာရမည့် အချိန်တိုင်းတွင် အတိတ်ဟောင်းသည် အရိပ်ထိုးလျက်ရှိလေသည်။

'ဟင့်အင်း၊ လတ်လတ်တော့ အောင်လို့ မခေါ်ချင်ဘူး အောင်ဆိုတာ အရင်ရည်းစားက ခေါ်သွားတဲ့နာမည်'

သည်လိုနေရာမျိုးတွင်ပင် လတ်လတ်သည် ပြဿနာတက် လေ၏။

'လတ်လတ်ရဲ့ အဆက်ဟောင်းကကော ဘယ်လိုခေါ်သလဲ'

'လတ်လတ်နာမည်က လတ်လတ်ပဲ၊ အားလုံးကပဲ လတ်လတ် လို့ ခေါ်တာပေါ့'

ကိုယ့်အတွက်တော့ တစ်ကွက်ချန်လိုက်မိလေသည်။

'ဒီလိုဆို ကိုယ်လဲ လတ်လတ်လို့ မခေါ်ဘူး'

'ဘယ်လိုခေါ်မှာလဲ'

'စုဖုရားလတ်'

'ကောင်းတယ်၊ အဲဒီနာမည် သိပ်ကြိုက်တယ်၊ သူငယ်ချင်းတွေ ဒီနာမည်ပေးထားတာ၊ တရားဝင်မှည့်ရမှာ မကောင်းတတ်လို့



ဘာပဲဖြစ်ဖြစ် စုဖုရားလတ်ကို သဘောကျတယ်၊ ကိုယ့်ချစ်သူကို ကိုယ် ပိုင်ဆိုင်နိုင်အောင် လုပ်နိုင်စွမ်းရှိတာ ချီးကျူးတယ်'

ဘယ်လိုစိတ်ဓာတ်မျိုးလဲဟု ထိတ်လန့်သွားဟန် တူသည်။ အောင်က သူ့ကို စူးစိုက်ကြည့်သည်။ မိမိအတိတ်ကို မိမိပြန်လည် တူးဖော်လိုက်မိသည်ကို လတ်လတ် မသိလိုက်။

'ရူဋ္ဌသုဘဒ္ဒါတော့ မဖြစ်ချင်ဘူး၊ အချစ်ကိုလဲ မျှဝေယူရသေး တယ်၊ လျစ်လျူရှုလဲ ခံရသေးတယ်၊ လတ်လတ်သာ ရူဋ္ဌသုဘဒ္ဒါ ဖြစ်ရင်လဲ အစွယ်ပါမကဘူး အသည်းနှလုံးကိုပါ ပန်ဆင်ရပါလို၏လို့ ဆုတောင်းမိမှာ'

အောင်သည် သူ့ကို ကြင်နာကြည့်ဖြင့် ကြည့်လေသည်။ အချစ်ကြီးတတ်သော စိတ်ကို အောင် နားလည်လိမ့်မည် ထင်၏။ ဘာပဲဖြစ်ဖြစ် မိန်းမတို့၏ အချစ်ကြီးတတ်သော သဘောကို အောင် လည်း သိသင့်သလောက် သိမည်သာ။ တစ်ကြိမ်တစ်ခါက ချစ်သူ၏ စွန့်ပယ်ခြင်းကို ခံရဖူး၍ အချစ်နှင့် ပတ်သက်လျှင် အတိမ်းအစောင်း ခံလိုစိတ်မရှိတော့။

'လတ်လတ်ကို အောင် နားလည်ပါတယ်ကွယ်၊ အောင် လတ်လတ်ကို တစ်ခုပဲတောင်းပန်ချင်တယ်၊ ကိုယ်တို့ဘဝမှာ မလွှဲသာ ရှောင်သာ အတိတ်ဟောင်းက ရှိခဲ့တယ်၊ လတ်လတ်မှာလဲ ရှိခဲ့တာပဲ တော့တ်လား၊ ဒီတော့ ခွင့်လွှတ်စိတ်လေးကို လုံးဝမဟုတ်တောင် နည်းနည်းတော့ ထားဖို့၊ ဘာမဆို မမေးမမြန်းဘဲ အဆုံးအဖြတ် မပြန်ဖို့'

မိမိနှင့် နှိုင်းယှဉ်လာပြန်တော့လည်း အလေးအနက်ထားသည့် အရာကို ပေါ့တန်သွားမှာ စိုးမိပြန်၏။

'အံမယ်၊ လတ်လတ်ဘဝမှာ အတိတ်ဆိုတာ လုံးဝပျောက်သွားကွယ် ချေပါပြီ၊ ပြန်ပြီးဆုံစရာလဲ မရှိတော့ပါဘူး၊ ကိုအောင်ကသာ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော် ကိုအောင်တဲ့လား'

အောင်သည် သူ့ကို ကြင်နာစွာပွေ့ဖက်လေသည်။ ပြီးတော့လည်း မဲ့လေးပါ မြုပ်ကွယ်သွားအောင် နှုတ်ခမ်းအစုံကို ငုံ၍နမ်းသည်။

အမျက်ဒေါသ သင့်ဆဲသော အချစ်၏ အဆိပ်အတောက်ဟူသမျှသည် အောင့် ဝမ်းထဲသို့ သက်ဆင်းသွားလျှင် ကောင်းလေစွ။

\+ \+ \+

၈

ကိုတင့်ဝေကိုယ်တိုင်က လာရောက်ခေါ်ငင်သည်ဆိုတော့လည်း အောင်ငြင်းပယ်၍မသင့်။ ပြီးတော့ တစ်နယ်တစ်ကျေးမှ ပြောင်းရွှေ့လာသူတစ်ယောက်ကို အထိုက်အလျောက် အကူအညီပေးသင့်ပါလျက်မပေးခဲ့မိသည်ကိုလည်း ဝတ္တရားပျက်ကွက်ခဲ့မိသည်ဟု ထင်၏။ ထို့ကြောင့် တကူးတကန့် ဖိတ်ခေါ်ကမ်းလှမ်းလာသည်ကိုတော့သွားဖို့သင့်နေသည်။

ချောက သူဝယ်ထားသော ခြံနှင့်အိမ်သို့ အောင်နှင့်တကွကိုတင့်ဝေတို့ ဇနီးမောင်နှံကိုပါ ဖိတ်ခေါ်ထားခဲ့သည်။ ရွှေကျောင်းမှရှိသမျှ ခြံမြေ ပစ္စည်းအားလုံးကို စုပြုံရောင်းချပြီး ပြန်ဝယ်ရပါသည်ဆိုသည့်တိုင် ချော၏ ခြံဝန်းလေးသည် နေချင့်စဖွယ်။ အိမ်မှာမူခပ်သေးသေး ရိုးရိုး ပျဉ်ထောင် ပျဉ်ကာ၊ မိသားစုနေရုံသာ။ ခြံထဲတွင်ပျိုးလက်စ ချဉ်ပေါင်ပင်များကို မြင်နေရသည်။

ချော၏ အစ်ကိုဆိုသူသည် အဆွေခင်ပွန်းကောင်း ပီသဝါဆသည်။ အသားညို၍ ထောင်ထောင်မောင်းမောင်းရှိပုံသည် မိန်းမသား

www.burmeseclassic.com

www.burmeseclassic.com



တို့ အားကိုးထိုက်သည့်ပုံမျိုး။ စကားပြောလျှင် ဟောဟောဒိုင်းဒိုင်းမို့ ပွင့်ပွင့်လင်းလင်း ဆက်ဆံ၍ရသည်။

'စားကြပါဗျာ၊ ကျွန်တော့်ညီမကတော့ ခင်ဗျားတို့အကြောင်း ခဏခဏ ပြောတယ်၊ ကျွန်တော်ကတော့ သူခေါ်လွန်းလို့သာ လိုက်လာရတယ်၊ ကိုယ့်အရပ်ကို မစွန့်ချင်လှဘူး၊ ဒါပေမယ့် ဟိုမှာ ကလဲ လုပ်လို့ကိုင်လို့ အဆင်မပြေတော့တာနဲ့လေ'

ကြမ်းတမ်းတုတ်ခိုင်သော လက်မောင်းနှစ်ဘက်သည် ကြွက်သားပြိုင်းပြိုင်းထလျက်။ အောင်သည် သူ၏ ဖြူဆွတ်သေးကွေးသော လက်နှစ်ဘက်ကို စားပွဲအောက်တွင် ဝှက်ထားမိသည်။ သို့သော် ချော၏ အစ်ကိုသည် ရှိရင်းစွဲအသက်ထက် တစ်ဝက်မျှ ပိုမိုအိုစာ နေသည်ဟု အောင်က ထင်မိလေသည်။

'အစ်ကိုကလေ မိတ်ဆွေအပေါင်းအသင်းနည်းလို့ ငြီးငွေ့နေတာ၊ ကိုတင့်ဝေတို့ အောင်တို့က မကြာမကြာလာနော်၊ ကျွန်မလဲ အလုပ်က မရသေးတော့ အားနေဦးမှာ'

ချောသည် အိမ်ရှင်မကြီးတစ်ယောက်၏ ဟန်ပန်အပြည့်ဖြင့် အောင်တို့ကို ထမင်းမြိန်အောင် ကျွေးလေသည်။ ကိုတင့်ဝေ၏ သားနှင့် ချော၏ သားငယ်တို့သည် အပေါင်းအသင်းဖွဲ့ကာ ပြေးလွှား ဆော့ကစားနေကြ၏။ အောင်က ကိုတင့်ဝေ၏ သားကြီးကိုကြည့်ကာ ပုခက်လွှဲရင်း စကားပြောခဲ့သော ပုရွက်ဆိတ်ကုန်းရွာလေးမှ ချစ်စရာ နေ့တစ်နေ့ကို သတိရလိုက်မိသည်။

'ဘာတွေစဉ်းစားနေလဲ စားလေ'

အောင်က ထမင်းကို တို့ကာဆိတ်ကာ စားသည်။ ချော၏ အစ်ကိုကမူ 'ညော့်သည်တွေချည်း လွတ်လွတ်လပ်လပ်စားကြဗျာ'ဟု ဆိုကာ ခြံထဲသို့ ဆင်းသွားလေသည်။



'သြော် လူ့ဘဝကြီးက ဆန်းကြယ်သားပါလားလို့ တွေးနေမိ တာပါ'

ချော၏ မျက်နှာသည် ညှိုးသွား၏။ မိုးမခကိုကြည့်ကာ ခပ်ယဲ့ယဲ့ပြုံးပြသည်။

'အင်းပေါ့လေ၊ ကိုသက်အောင်တောင်မှ ဆရာဝန်ဖြစ်ပြီး တစ်အိုးတစ်အိမ် ထူထောင်ဖို့ ရေကန်အသင့် ကြာအသင့် ဖြစ်နေပြီပဲ'

မိုးမခက ချောကို ဝင်ရောက်ကယ်တင်သည်။

'ထမင်းစားရင်း စကားပြောရင် အစာမကြေဘဲ နေမယ်ကွာ'

ကိုတင့်ဝေက ထမင်းလုတ်ကို သွင်းကာ ပြောလိုက်သည်။ ချောသည် ဘေးမှရပ်ကာ အောင်တို့ကို ပြုစုနေလေသည်။ ချော၏ ညိုညိုတုတ်တုတ်ခန္ဓာကိုယ်လေးသည် အောင့်အပေါ်မှာ [illegible] မျက်ဝန်းနက်နက်လေးသည် အောင့်ကို မောင်ငယ်တစ်ယောက်သဖွယ် ကြည့်ရှုနေသည်။ ထမင်းပန်းကန်ထဲသို့ ခပ်ထည့်ပေးလိုက်သော ဟင်းများသည် လျှံထွက်လုခမန်း။ စားသာစားရသည်။ [illegible] ပိုင်ပိုင်နိုင်နိုင် မရှိလှ။ ပန်းကန်ထဲမှ ထမင်းတစ်ဝက်ကို [illegible] ဖြင့်ပင် ချန်ကာ လက်ကိုဆေးလိုက်သည်။

'ညော့်သည်တွေ ထမင်းစားပြီးရင်စားဖို့ သဘော[illegible] တယ်၊ စားလေဗျာ မမြိန်ဘူးလား'

အောင်က ရေတစ်ခွက်ကို မျှော၍ချလိုက်ပြီး '[illegible] ပါတယ်'ဟု ညာလိုက်ရသည်။

'အစ်ကိုကော မစားသေးဘူးလား'

ချော၏ နူးညံ့သောအသံ။

'မဆာသေးလို့ပါ'

'အစ်ကိုကတော့ ဒီလိုပဲ၊ အလုပ်လုပ်နေရရင် [illegible] ဟင်းမေ့၊ ဒါကြောင့် ဗိုက်အောင့်အောင့်နေတာ၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



အောင့်ဆီမှာ အပ်ရမယ်၊ ဆေးလေး ဘာလေး ကုပေးပါဦး အောင်ရယ်’

ချော၏ စကားလုံးများသည် ချောမွေ့လွန်းလေစွ။ မိန်းမတို့သည်ကား ဣန္ဒြေလည်း ကောင်းလှပေ၏။ ဟန်ဆောင်လည်း ကောင်းလှပေ၏။ အရာရာတိုင်းသည် သူတို့၏ ပဥ္စလက်နည်းပညာများတွင် အံဝင်ခွင်ကျ ရှိလွန်းလှချေသည်တကား။

\+ \+ \+

မိန်းမတို့၏ သဝန်တိုစိတ်ကို အောင် နားလည်သင့်သလောက် နားလည်ပါ၏။ သို့သော်လည်း တင်စုလတ်က နေရာတကာ စိတ်မြန်ကိုယ်မြန်ရှိခြင်းကို အောင် စိုးရိမ်၏။ ပြီးတော့ ကိုယ့် အကြောင်းလည်း ကိုယ်သိသည်။ အောင်သည် တစ်စုံတစ်ခုကို ဆုံးဖြတ်လျှင် မည်သည့်အခါမျှ မပြတ်သားတတ်။ ပြီးတော့လည်း အောင် ဆုံးဖြတ်လိုက်တိုင်း အရာရာသည် အလွဲလွဲအချော်ချော် ဖြစ်ရသည်။ အောင်မို့လို့ တစ်စုံတစ်ခု ပြုမိလျှင် အကျိုးထက် အပြစ်ကိုသာ ခံစားရတတ်လေသည်။

ယခုလည်း အောင့်ဘက်ကတော့ ခိုင်လုံသည်။ တင်စုလတ်သည် သူ့ချစ်သူ။ ချောသည် သူ့မိတ်ဆွေ။ ထို့ကြောင့်လည်း တင်စုလတ်ကို ချစ်၍ အလိုလိုက်ရသည်နှင့်အမျှ ချောကိုလည်း မိတ်ဆွေကောင်းတစ်ယောက်အနေဖြင့် သူ ကူညီရမည်။ အောင့် အတွက်တော့ အပြစ်ကျူးလွန်သည်ဟု မထင်မိ။ ထို့ကြောင့်လည်း ချောတို့မိသားစု ရန်ကုန်ပြောင်းလာသည်ကို တင်စုလတ်ကို မပြောမိ။ ပြောစရာလည်း မလိုဟု အောင် ထင်၏။ ချော၏ခင်ပွန်းဖြစ်သူနှင့်ပင် တွေ့ဆုံမိတ်ဆက်ပြီးပြီ။ ထို့ကြောင့် အောင်သည် ရိုးသားသည်ဟု မိမိ



ကိုယ်ကို ယုံကြည်၏။ ထိုယုံကြည်ချက်ဖြင့် ချောအတွက် လိုအပ်သော ဆေးဝါးနှင့် အိမ်သုံးပစ္စည်းအချို့ကို လိုက်လံဝယ်ယူပေးရန် တာဝန်ယူမိသည်။ အပြန်တွင် လတ်လတ်ဆီသို့သွားမည်။ လမ်းလည်းကြုံသည်မို့ အမှတ်(၁၇) ဘတ်စ်ကားပေါ်သို့ အတူတူတက်ခဲ့သည်။ ကံကောင်းချင်၍လား ကံဆိုးချင်၍ပဲလားမသိ။ ရှေ့ဆုံးခုံတန်းသည် လွတ်၍နေသည်။ ချောကို ဦးစားပေးသောအားဖြင့် ပြတင်းပေါက်နားမှာ ထိုင်စေလျက် အောင်က သူ့ဘေးတွင် ဝင်ထိုင်သည်။ ပြီးတော့ အထုပ်အပိုးများကို လက်တစ်ဘက်ကသိမ်းရင်း အကြွေထုတ်ရန် ဟန်ပြင်နေသော ချော၏လက်ကို ဘေးသို့ဖယ်၍ အင်္ကျီအိတ်မှ အကြွေကို နှိုက်ကာ ကားခကို အလျင်အမြန် ပေးမိသည်။ အောင့် လက်တစ်ဘက်သည် မြှောက်လျက်သား။ မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံကို တွေ့လိုက်ရ၍ တစ်ကိုယ်လုံး လောင်မြိုက်သွားသည်သို့ ခံစားလိုက်ရလေသည်။

တင်စုလတ်သည် သူ့ကို တစ်ချက်သာ ကြည့်သည်။ မျက်နှာကို တစ်ဘက်သို့လှည့်သွားလေသည်။ ချောသည် အခြေအနေကို မသိသေး။ အပြင်ဘက်သို့ မျက်နှာမူကာ ငေးမောနေသည်။ အောင်က နေရာမှ ထမည့်ဟန်ပြင်၏။ တင်စုလတ်သည် ကားနောက်ပိုင်းသို့ အတင်းတိုးဝေ့ဝင်သွားလေသည်။ အောင်သည် ဘာလုပ်ရမည်မသိဖြစ်ကာ ခုံတန်းပေါ်တွင် ကိုးရိုးကားရားဖြစ်နေသည်။

‘အောင် ဘာဖြစ်လဲ ထိုင်လေ’

‘ဘာ ဘာမှ မဖြစ်ပါဘူး’

သက်ပြင်းရှည်နှင့်အတူထိုင်ချလိုက်ရ၏။ ခေါင်းကို အသာ ယမ်းမိသည်။ မိုးကို မီးလောင်ချေပြီတည်း။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



သဘောထားကို အတိအလင်း ကြေညာထားပြီးဖြစ်ပါလျက် ဤသို့ ပြုရက်သည်ကို နားကြည်းလှ၏။ ဘာမဆို စိတ်မြန်ကိုယ်မြန် မပြုမိဖို့ လတ်လတ်ကို သတိပေးခဲ့သည်မှာ သည်လို အရေးအခင်းမျိုးကို ကာကွယ်ဖို့ပင် ဖြစ်ဟန်တူ၏။ ဒေါသမီးသည် တစ်ကိုယ်လုံးကို လောင်မြိုက်လျက် ရှိချေသည်။

ဘတ်စ်ကားပေါ်မှ ဆင်းတော့ သူ နောက်မှပါလာသည်ကို သိသော်လည်း လှည့်မကြည့်။ အပေါ်ထပ်သို့ ခြေကို ခပ်ပြင်းပြင်း နင်းကာ တက်ခဲ့သည်။ သူ့နောက်က ခပ်နွေးနွေး လိုက်လာနေ၏။ တံခါးဖွင့်ပေးသော မေမေ့ကို တစ်ချက်မျှကြည့်ပြီး အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ ပြန်ထွက်မသွားတော့။

'သူ ကျွန်တော့်ကို စိတ်ဆိုးသွားတယ်'

သူ့ အသံကိုကြားရသည်။ အခန်းတံခါးကို ထ၍ ပိတ်ပစ်သည်။ အိပ်ရာပေါ်တွင် မှောက်ချလိုက်၏။ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ယင်နေလေသည်။

'သမီး တံခါးဖွင့်စမ်း၊ မောင်သက်အောင် ရောက်နေတယ်'

ပြန်မထူးမိ။ သူ အရှုံးပေး၍ တပ်ခေါက်ပြန်သွားသည်ကို သိလိုက်ရ၏။ သူ့ဘဝတွင် ဒုတိယချစ်သူကို ပထမဆုံးအကြိမ်အဖြစ် ပြင်းပြင်းထန်ထန် နာကြည်းမိလေသည်။

ထို့နောက်တွင်တော့ သူ့ကို လတ်လတ် တိမ်းရှောင်၍နေခဲ့မိသည်။ ယခုတော့ လတ်လတ်လည်း အလုပ်ရနေပြီမို့ အောင့်ကို ရှောင်၍ လွယ်သည်။ ရုံးအဆင်းတွင် လတ်လတ်ကို သူလာစောင့်သည်။ မသိဟန်ဆောင်၍ ကျော်လွှားခဲ့သည်။ ကြာတော့လည်း အောင်သည် စိတ်ပျက်အားငယ်စွာဖြင့် အိမ်ရှေ့တွင် တစ်နေကုန် ထိုင်နေတတ်လေသည်။



'ညည်းကလဲအေ ဟိုက တောင်းပန်နေမင့်ဟာဘဲ၊ စကား လေးတော့ ပြောလိုက်ပါဦး'

မေမေက မနေသာ၍ ဝင်ပြောလာသည်။ သို့သော် လတ်လတ် စိတ်က ပြတ်သည်။ ဖေဖေပြန်လာသည့်နေ့တွင်မှ ပြဿနာက တစ်မျိုးတစ်ဖုံဖြစ်သွားရသည်။ ဖေဖေက အောင်နှင့် လတ်လတ် လက်ထပ်ရေးကိစ္စကို ဝင်ရောက်ဆွေးနွေးသည်။ ဖေဖေသည် လတ်လတ်တို့ ပြဿနာကို မသိ။ ထို့ကြောင့် လူကြီးပီပီ စကားဆို လေသည်။

'မောင်သက်အောင်လဲ အလုပ်က ဘယ်တော့ရမယ်မသိ၊ တော်ကြာ နယ်ကိုရောက်ချင်ရောက်မယ်၊ သမီးကလဲ အလုပ်ရပြီ ဆိုတော့ အချိန်တော့ သိပ်ဆွဲမနေကြနဲ့ပေါ့'

သမီးရှင်က စတင် စကားဆိုလာသည်ဆိုတော့ အောင့် မျက်နှာသည် အားနာနေဟန် ရှိလေသည်။

'အို ဖေဖေကလဲ သမီးတို့ချင်း မပြေလည်သေးလို့ပါ၊ အဲဒီ ကိစ္စ ဖြည်းဖြည်းပေါ့'

လတ်လတ် ဘာကိုဆိုလိုမှန်း ဖေဖေ သိဟန်မတူချေ။ လတ်လတ်ကမူ ဖေဖေ့ ရှေ့တွင် သူ့ကို လက်ခံစကားပြောနေရ၍ မျက်နှာထားက တင်းနေသည်။

'လတ်လတ် အောင်နဲ့ အပြင်ခဏလိုက်ခဲ့ပါ'

'ဘာလုပ်မလို့လဲ မလိုက်ချင်ဘူး'

လတ်လတ်က နောက်ဖေးဝင်သွားသော ဖေဖေမကြားအောင် အသံကိုအုပ်၍ ပြောသည်။

'ကျွန်တော် ပြောစရာရှိလို့'

အောင်က အသံကို မြှင့်သည်။

'ပြောစရာရှိ ဒီမှာပြော'

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ဘူး၊ သေသေချာချာ ဆွေးနွေးရမယ်'

အောင့်အသံတဖြည်းဖြည်းကျယ်လာ၍ ဖေဖေ ထွက်မလာခင် လတ်လတ် ထလိုက်ခဲ့ရသည်။ ကန်ဘဲ့လမ်းမပေါ်တွင် လူရှင်း၍ နေလေသည်။ လတ်လတ်သည် လမ်းလျှောက်ရင်းမှ တွေ့သမျှ ကျောက်ခဲများကို ကန်ကျောက်ပစ်ခဲ့သည်။

'လတ်လတ်'

လတ်လတ်သည် စူးရှသော မျက်လုံးအစုံဖြင့် အောင့်ကို မော့်ကြည့်၏။ တစ်စုံတစ်ခုကိုပြောရန် နှုတ်ခမ်းကိုပြင်လိုက်သည်။

'အောင့်ကို စိတ်ဆိုးလို့တော့ လက်ထပ်ဖို့ကိစ္စကို မဖျက်ပါနဲ့ လတ်လတ်ရယ်'

အောင့်မျက်နှာသည် ညှိုးနေလေသည်။ လတ်လတ်က ဘာမျှမပြောဖြစ်တော့ဘဲ ခေါင်းကိုငုံ့ကာ ဆက်လျှောက်သည်။ ဆရာ အတတ်သင်ကျောင်းကို လွန်ခဲ့လေသည်။

'အောင်လေ လတ်လတ်မကြိုက်တာကို နောက် မဖြစ်စေရ ပါဘူး၊ လတ်လတ် အောင့်ကို စကားမပြောတာ လေးရက်ရှိသွားပြီ'

လတ်လတ် မျက်နှာထားသည် အနည်းငယ်ပြေလျော့လာသည်။

'ဒီမှာ ကိုအောင်၊ လတ်လတ်ဟာ အချစ်နဲ့ပတ်သက်ရင် ခွင့် မလွှတ်တတ်ဘူး၊ ခွင့်မလွှတ်ချင်ဘူး၊ ကိုအောင့်ကို လတ်လတ် အမုန်းကြီးမုန်းရတဲ့ဘဝမျိုး မရောက်ပါရစေနဲ့၊ ဒါဟာ လတ်လတ်ရဲ့ နောက်ဆုံးစကားပါ'

'ကောင်းပါပြီ လတ်လတ်ရယ်'

စုဖုရားလတ်၏ နှုတ်ဖျားမှ ခွင့်လွှတ်စကားသည် မပျော့ပျောင်း လှသည့်တိုင် အောင့် မျက်နှာသည် ရွှင်ရွှင်လန်းလန်း ဖြစ်၍သွား လေသည်။

\+ + +



ချောဆိုသော မိန်းမသားတစ်ဦးသည် သူ့ကို ဒုက္ခပေးဖို့ သူ့အပါးသို့ ပြန်ရောက်လာသည်လားဟု အောင် တွေးမိရချေပြီ။ တင်စုလတ်နှင့် စာတ်လမ်းစမည် ကြံကတည်းက ချောသည် သူ့အပါးသို့ ပြန်ရောက်ခဲ့ ၏။ တင်စုလတ်နှင့် အတူယှဉ်တွဲနေသည့် ကာလတစ်လျှောက်လုံး ချောသည် ဘေးမှ အရိပ်သဖွယ် ကပ်ငြိနေလေသည်။

မည်သို့ဆိုစေ တင်စုလတ်ကို သူ အပြေအလည်ရှင်းပြပြီးပြီ။ ချောသည် ယခုအချိန်တွင် အိမ်ထောင်ရက်သားကျနေသော မိန်းမ တစ်ယောက်။ ပြီးတော့ သားတစ်ယောက်ကို ပြုစုထိန်းကျောင်း နေရသော မိခင်တစ်ဦး။ ချောသည် မည်သည့်နည်းနှင့်မျှ သူ့ဘဝ တွင်းသို့ ဝင်ရောက်မလာနိုင်ပြီ။

သို့သော် တင်စုလတ်သည့် သည်တစ်သက်မှာဖြင့် အောင့်အပေါ် နိုင်ကွက်ကောင်းကောင်းရနေပြီ။ အခွင့်သင့်တိုင်းဆိုသလို အောင့်ကို သူ ခနဲ့၏။ သံယောဇဉ်မကုန်သေး၍သာ သွားလာဆက်ဆံနေသည် ဟုလည်း စွပ်စွဲသည်။ ထို့ကြောင့်လည်း အောင်သည် ပါရမီရိပ်သာကို ခြေဦးမလှည့်ဘဲနေ၏။ ချောကမူ အရေးတစ်စုံတစ်ရာရှိတိုင်း အောင့်ကို အမြဲဆက်သွယ်နေလေသည်။

'အောင်ရေ၊ မမသားလေး ဘာဖြစ်မှန်းမသိဘူး၊ ကိုယ်ပူပြီး တော့ အန်နေတယ်၊ အစ်ကိုကလည်း အပြင်ထွက်သွားတာ ခုထိပြန် မလာသေးဘူး အောင်ရယ်၊ မမဘာလုပ်ရမလဲ အောင်အားရင် လာကြည့်ပေးပါဦး'

ယခုတော့ အောင့်တွင် ဆေးရုံတာဝန်မရှိ။ ထို့ကြောင့် နေ့ခင်းဘက်တွင် အား၍နေမည်ကို ချောက သိနေသည်။ အောင် သည် ညနေဘက်တွင်သာ ဆေးခန်းတစ်ခုတွင် ဖွင့်ထိုင်သည်။ အားလပ်ချိန်ကို စာပုံနှိပ်တိုက်တွင်သာ အချိန်ဖြုန်း၏။ အချိန်အတန် ကြာ ပစ်ပယ်ထားခဲ့သော စာအုပ်လုပ်ငန်းကို ပြန်လှည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း မအားလပ်၍ပါဟု လုံးဝငြင်း၍မဖြစ်။ သို့သော် ဆေးအိတ်ကိုသူ၍မှ အောင် ဘယ်ကိုမျှ လိုက်မကုချင်။ ချောကို လာခဲ့ပါဟုလည်း မခေါ်ချင်။ ထို့ကြောင့်လည်း တယ်လီဖုန်းတွင်းမှနေ၍ မည်သို့မည်ပုံပြုစုပါဟု ညွှန်ကြားရလေသည်။ အချိန်မည်မျှကြာသွားသည်လည်း မသိ။

တယ်လီဖုန်းကို ချကာရှိသေး 'ကရင်'ဟူသော အသံကြောင့် ပြန်ကိုင်မိသည်။

'ပြောပါ ခင်ဗျာ'

'ကိုအောင် ဘယ်သူနဲ့ စကားပြောနေလဲ'

အစမပျိုးဘဲ တဲ့တိုးမေလိုက်သံကြောင့် အောင်သည် လန့်ဖျပ်၍ သွားမိလေသည်။

'ဘယ်သူနဲ့မှ မပြောရပါဘူး လတ်လတ်ရယ်'

မိုင်ပေါင်းမည်မျှ ဝေးကွာသည့်နေရာကပင် လာသည်ဖြစ်စေ တင်စုလတ်အသံကို သူမှတ်မိ၏။ ပျော့ပျောင်းသည့်အခါတွင် အေးသလောက် နွဲ့သလောက်၊ စိတ်အဆင်မပြေလျှင် မပြေသလို မာကျောခက်ထန်ပြီး စူးရှပြတ်သားသည့်အသံ။ စုဖုရားလတ်၏ဟန်။

'လတ်လတ် ဘယ်ရုံးမှာလုပ်တယ်ဆိုတာ ကိုအောင် သိပါတယ်နော်'

အောင် နားလည်ပါ၏။ တင်စုလတ်တို့ရုံးသည် တယ်လီဖုန်းရုံးချုပ်။ တင်စုလတ်တာဝန်သည် အချိန်ပိုင်းနှင့်ဝင်ရသော တယ်လီဖုန်းအော်ပရေတာ။

အောင် သက်ပြင်းခိုးရှိုက်လိုက်သည့် အသံကိုပင်လျှင် တင်စုလတ် ကြားဟန်တူ၏။



'အချစ်ဆိုတာ ပေါင်းရသည်ဖြစ်စေ၊ မပေါင်းရသည်ဖြစ်စေ ထာဝရရှင်သန်ပြီး တွယ်တာမှုသံယောဇဉ် မပြတ်နိုင်တာမျိုးကို ခေါ်တာလား ကိုအောင်ရယ်'

ယခုတော့ တင်စုလတ်အသံသည် ခနဲ့သံထက် ဝမ်းနည်းသံပင် ဝါလာပြီလားမသိ။

'လတ်လတ်'

တင်စုလတ် ပြန်မထူးတော့။ တယ်လီဖုန်းကိုချသွားလေသည်။ ပြန်ခေါ်ပြီးလျှင်လည်း ဘာပြောရမည်ကို မသိသည့်အတူတူ တယ်လီဖုန်းကို ကျောခိုင်း၍ ထွက်ခဲ့မိသည်။

ပင့်ကူအိမ်နွယ်ယှက်ကို ဘယ်လိုဖျက်ရပါ့

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

# ၉

အောင့်ကို ချစ်မိခြင်းကိုက လတ်လတ်အမှား။ အောင်သည် တစ်ပင်မလဲမီ တစ်ပင်ထူချင်လျက်၊ တစ်ပင်ပျိုးပြီးမှ တစ်ပင်ကို ချိုးပစ်သည့်လူစား။ ပြီးတော့ မပြတ်သားခြင်းသည် ယောကျာ်းတစ်ယောက်၏ အကြီးမားဆုံး ချွတ်ယွင်းချက်ဟု လတ်လတ် ထင်၏။ အောင်ပြောသလို အတိတ်ကိုယ်စီ ရှိခဲ့ကြသည့်တိုင် လတ်လတ်တို့ဘက်ကတော့ ရှင်း၏။ အောင့်မှာမူ အရာရာသည် ပြတ်ပြတ်သားသားရှင်းရှင်းလင်းလင်း မရှိ။ အောင်သည် လတ်လတ်နှင့် မတွေ့ခင်ကပင် မနိုင်ဇာတ်ကို ကခဲ့သူ။ ယခုလည်း ကြည့်။ ပြန်လည်ဆက်သွယ်စရာအကြောင်းမရှိပါဘဲလျက် ရည်းစားဟောင်းတစ်ယောက်နှင့် အကြောင်းအပေါင်းသင့်နေသည်ကို မည်မျှပင် ရိုးသားပါသည် ဆိုစေကာမူ လတ်လတ် မယုံနိုင်။ မိန်းမအချင်းချင်း သိမ်ဖျင်းသည့်စကားဖြင့် မစွပ်စွဲလိုသည့်တိုင် ဟို အမျိုးသမီးကိုလည်း မကျေနပ်ချင်။ ကိုယ့်ခြံကိုယ့်အပင်နှင့် ဝေဝေဆာဆာရှိပါလျက် အဘယ်ကြောင့် သူများခြံမှ အသီးကို သူ့ခြံဘက် ကြွေကျစေချင်ရပါလိမ့်။



အောင်နှင့် လတ်လတ်တို့ လက်ထပ်ရေးကို ဖေဖေ မေမေတို့ သည်လည်းကောင်း၊ အောင့်ဖေဖေနှင့် မေမေတို့သည်လည်းကောင်း တွေ့ဆုံညှိနှိုင်းရန် ပြင်ဆင်နေကြလေပြီ။ အောင်ကိုယ်တိုင်ကလည်း လတ်လတ်နှင့် အတူနေရန် အိမ်ရှာနေပြီဟုဆိုသည်။ သို့သော် သူတို့နှစ်ယောက်၏ ရင်တွင်းမှပြဿနာများသည်ကား ရှင်းလင်းခြင်း မရှိလှ။ အထူးသဖြင့် လတ်လတ်ရင်ထဲမှ ဘဝင်မကျနိုင်သည့် အချက်ကို ဖျောက်ဖျက်၍မရ။ အောင်သည်ကော၊ သူ့ရင်တွင် တစ်စုံတစ်ခုသော ဝိညာဉ်သည် မသိစိတ်သဘောဖြင့် ဝင်ရောက်ခိုအောင်း မနေနိုင်ဘူးလား။

လက်ထပ်ရေးကို အဆင်ပြေအောင် စီစဉ်နိုင်သည့်တိုင် နှလုံးသားထဲမှ အချစ်ကို မည်သူသည် အစီအစဉ်တကျထည့်သွင်း[illegible]မည်လဲ။ တစ်လောကလုံးတွင် လူသားတို့အား မည်သူ၏ [illegible] အချစ်မှန်သည် မည်သူ့ဦးတည်ပေ၏၊ ထိုသူနှင့် ထိုသူ[illegible] ပေါင်းဖက်ပေးကြကုန်ဟူ၍ အချစ်ကို စောင့်ကြပ်သော [illegible] ရှိလျှင် ကောင်းလေစွ။

လတ်လတ်သည် အလုပ်လုပ်ရာတွင်ပင် စိတ်မဝ[illegible] စိတ်တိုင်းမကျသော လူ့ဘဝကိုသာ အပြစ်တင်မိ[illegible] လတ်လတ်၏ ဝါသနာဗီဇနှင့် အနုပညာနယ်ကို သက်ဆင်[illegible] အတွက် အောင့်ကိုအားထားမိခဲ့သည်။ ယခုတော့ အောင်သ[illegible] ကိုယ်တိုင်လည်း သိချင်းမဆိုတော့။ လတ်လတ်ကိုလည်း [illegible] ကန့်သတ်၍ပေးခဲ့သည်။ တေးဝတ်ရည်ကို လတ်လတ်ရော [illegible] အားမရခဲ့သည်မှာ အမှန်။ သို့သော် အောင်သည် လတ်[illegible] အခြားအုပ်စုနှင့် စိတ်မချ။ အလွန်တစ်ရာ ရင်းနှီးသော [illegible] တို့၏ The King အဖွဲ့သို့ ဝင်ရောက်သီဆိုခွင့်ကိုပင် [illegible] ယခုအခါ ကိုတင့်ဝေသည်ပင် ကျော်ကြားသော စတီရီယို[illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်၍နေလေပြီ။ လတ်လတ်အနေနှင့် စတီရီယိုတေးကို ဆိုခွင့်မရတောင်မှ တတ်နိုင်လျှင် အပြင်စတူဒီယိုတွင် ကိုယ်ပိုင်အဖွဲ့နှင့် သီဆိုတီးမှုတ်ပြီး အသံသွင်းပြီးကာမှ မြန်မာ့အသံသို့ ပို့ချင်သည်။ သည်မျှလောက်တော့ ခွင့်ပြုသင့်သည် ထင်ပါ၏။

တစ်ချိန်က အောင်တို့သည်လည်း ဂီတနယ်ပယ်တွင် ထိပ်ဆုံးမှ မဟုတ်သည့်တိုင် အတန်အသင့်အောင်မြင်မှုရခဲ့သူများ ဖြစ်သည်ကို မငြင်းလို။ သို့သော် ခေတ်ရေစီးကြောင်းကို တားဆီး၍မရ။ မင်းမင်းလတ်တို့ စိုးပိုင်တို့ခေတ်၊ ကေဂျာနူးတို့ တင်မိုးခိုင်တို့ခေတ်၊ စိုင်းထီးဆိုင်တို့ခေတ်ကို ရောက်ခဲ့ပြီဆိုတာ အောင်လည်း အသိသား။ လတ်လတ်တောင်းဆိုချက်သည် မလွန်လှဟု လတ်လတ် ထင်လေသည်။

မကျေမနပ်ဖြစ်ပြီဆိုတော့လည်း အရာရာကို ခွတိုက်ချင်စိတ် ပေါ်လာလေသည်။

မေမေ့ကိုတော့ သီချင်းတိုက်စရာရှိသည်ဟုသာ လုံးထွေး၍ ပြောခဲ့သည်။ မေမေက 'မောင်သက်အောင် မလာဘူးလား'ဟု မေးသည်ကို မကြားလိုက်ဟန်ဆောင်နေလိုက်၏။ တစ်နေရာရာတွင် ချိန်းထားသည်လိုလိုနှင့် အိမ်မှ ထွက်ခဲ့သည်။ ဒီနေ့ တနင်္ဂနွေနေ့ ဆိုတော့ အောင် စောစောလာမည်။ ကြုံကြိုက်လျှင်၊ အိမ်မှာ ထမင်းစားမည်။ 'လာပေ့စေ'ဟု တွေးကာ ဝမ်းပင်သာမိသေး၏။ ဟိုတစ်နေ့က တယ်လီဖုန်းကိစ္စကိုတွေးကာ ဒေါသသည် မပြေတတ်သေး။

ထိုနေ့က လတ်လတ် တာဝန်ကျသည့်နေ့မဟုတ်။ လတ်လတ်သည် မိမိရုံးခန်းတွင်းမှ ဖုန်းဖြင့် အောင့်ဆီကို ဆက်သည်။ အချိန်အတန်ကြာသည်အထိ အောင်တို့ဘက်မှ ဖုန်းသည် လိုင်းမအားသေး။ ထို့ကြောင့် စိတ်မရှည်နိုင်လွန်း၍ အိတ်စ်ချိန်းခန်းထဲ ဝင်ခဲ့သည်။ ခင်မင်ရင်းနှီးသော ကိုအောင်စိုးကို ပူဆာမိပြီ။



'အဲဒီနံပါတ်ကို ထောက်ပေးစမ်းပါ ကိုအောင်စိုးရယ်၊ စောင့်ရတာ ကြာလွန်းလို့'

သက်ဆိုင်ရာနေရာတွင်ပလပ်ထိုး၍ဆက်လိုက်လျှင် တစ်ဘက်မှ အပြန်အလှန် ပြောဆိုနေသည်များကို အားလုံးကြားနိုင်သည်သာ။ သို့သော်လည်း ဤသည်မှာ မလုပ်စကောင်း။ စောင့်စည်းရမည့် ဝတ္တရားက ရှိသည်။

'ဟာ မဖြစ်ဘူး၊ သွားစမ်း သွားစမ်း'

ကိုအောင်စိုးက သူ့ကိုနှင်ထုတ်သည်။ လတ်လတ်က မရမက ပူဆာသည်။

'သိပ်ခက်တာပဲဟာ၊ နေဦး ငါ နားထောင်ကြည့်ဦးမယ်'

နားထောင်နေသော ကိုအောင်စိုး၏ မျက်နှာသည် တစ်မျိုး ဖြစ်သွားလေသည်။ လတ်လတ်ဘက်ကို လှည့်၍ ပြောသည်။

'တင်စုလတ် နှင် စိတ်ခိုင်ခိုင်ထား'

ကိုအောင်စိုးသည် လတ်လတ်တို့အကြောင်းကို သိပြီးသား။

'ကဲ ကိုအောင်စိုးရယ် လတ်လတ် နားထောင်ပါရစေ'

လတ်လတ်က ကိုအောင်စိုးလက်မှ နားခွက်ကိုလု၍ နားထောင်သည်။ တစ်ဘက်မှ သူချစ်လှစွာသော ကိုအောင်နှင့် မိန်းမတစ်ယောက် အသံကို ကြားရလေသည်။

'မစိုးရိမ်ပါနဲ့ မမချောရယ်၊ တော်ကြာ ကောင်းသွားမှာပါ'

'မမကတော့ ဒီဘဝမှာ ဒီသားလေးကိုပဲ ခင်တွယ်နေရတာ စိုးရိမ်ရတယ် အောင်ရယ်'

'သားလေးတင်ပဲလားဗျာ'

'မခနဲ့ပါနဲ့အောင်ရယ်၊ မမချော ဘယ်သူ့ကို ဘယ်လောက် ခင်တွယ်ခဲ့တယ်ဆိုတာ မမကိုယ်မမ သိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ဘာမဟုတ်တာလေးတစ်ခုနဲ့ ကျောခိုင်းသွားတာကတော့'

'မမ ရှင်းပြခဲ့ပြီပဲ အောင်ရယ်၊ ခဏလေးခဏလေး စိတ်ကောက်နေမိတာ၊ မူနေမိတာ၊ အို ဒီအကြောင်းတွေ ပြန်ပြောလို့လဲ ခုတော့ အပိုပါပဲ'

'မမဘဝ အခြေတကျ ဖြစ်သွားတာ အောင်ဝမ်းသာပါတယ်'

'အောင့်ဘဝ အနာဂတ်ကလဲ စိုပြည်နေတယ် မဟုတ်လား'

'အောင် ဆရာဝန်ဖြစ်လာတဲ့အတွက်တော့ မမချောကို ကျေးဇူးတင်ပါတယ်'

'မလိုပါဘူး အောင်ရယ်'

'မမ အောင်ပြောတဲ့အတိုင်း လုပ်လိုက်နော်၊ တော်ကြာ ကိုယ်ပူကျသွားမှာပဲ၊ အောင်မလာတာ ခွင့်လွှတ်နော်'

'ကိစ္စမရှိပါဘူးကွယ်၊ အောင်ပြောတဲ့အတိုင်း လုပ်ပေးလိုက်ပါ့မယ်၊ ဒါပဲနော်'

ဟင်း၊ အမြင်ကတ်စရာ ကောင်းလိုက်တာ။ အောင့် အသံကလည်း ပျော့လို့ပျောင်းလို့။ တစ်ဘက်ကလည်း ချွဲလို့ပျစ်လို့။ ကြည်နေလိုက်ကြတာ။ မဖြစ်နိုင်တော့တဲ့ဘဝမို့ အသည်းက နာပါတယ်ဟု ဖွင့်မပြောရဲ့သာ ကျန်တော့သည်။ သည်တော့လည်း လတ်လတ် စိတ်ဆိုးမိသည်မှာ လတ်လတ်အလွန်မဟုတ်ဟု ထင်၏။ အစကပင် ကင်းကင်းရှင်းရှင်း နေနိုင်ပါလျက် မနေခဲ့။ အောင်ကိုကပင် သံယောဇဉ် မပြတ်နိုင်၍သာပေါ့။

လတ်လတ်သည် ရုံးမှ သူငယ်ချင်းဖြစ်သူ သန်းသန်းမေကို ၁၇ လမ်းတွင် ဝင်ခေါ်ရသည်။ တက္ကသိုလ်များ ပိတ်ထား၍ အေးစုမှာလည်း မရှိ။ လတ်လတ်တွင် တိုင်ပင်ဖော် တိုင်ပင်ဖက်လည်း



မရှိတော့။ သန်းသန်းမေကို အဖော်ပြုကာ 'ငွေစန္ဒာ'တေးသံသွင်းသို့ လာခဲ့သည်။ ငွေစန္ဒာတွင် ကျော်ဇင်ဦးနှင့် ချိန်းထားလေသည်။

ကျော်ဇင်ဦးသည်လည်း လတ်လတ်တို့ရုံးမှ မိတ်ဆွေတစ်ဦးသာဖြစ်၏။ သူသည် စတီရီယိုလောကတွင် နှံ့စပ်သူဖြစ်သည်။ လတ်လတ်ကတော့ ဘာရယ်လို့မဟုတ်။ စိတ်ကလည်း ထွေနေသည်မို့ သူများတစ်တွေ ဆိုကြတီးကြသည်ကို အပန်းဖြေကြည့်ရန် လာခဲ့မိခြင်းဖြစ်လေသည်။

အသံလွှင့်ရုံခန်းမလို ကျယ်ကျယ်ဝန်းဝန်း မဟုတ်သည့်တိုင် သည်လိုနေရာမျိုးမှာ ပို၍ အလုပ်ဖြစ်နေသည်ကတော့ အမှန်ပင်ဖြစ်သည်။ နေ့ရောညပါ မပြတ် အလုပ်လုပ်နေရသည်ကပင် ယနေ့လူငယ်တို့၏ အနုပညာဗီဇနှင့် စိတ်အားထက်သန်မှုကို မည်သည့်အတားအဆီးနှင့်မှ ပိတ်ပင်၍မရကြောင်း ဖော်ပြလျက်ရှိလေသည်။

မြန်မာ့အသံအတွက် ကာလပေါ်တေးကိုပင် စိတ်ကြိုက် ဆိုကြတီးကြ အသံသွင်းကြသည်။ ဘာပဲပြောပြော အချိန်လု၍ အလုပ်လုပ်ကြရသော မြန်မာ့အသံမှာထက်တော့ ပို၍ အားရကျေနပ်ဖွယ်ရှိသည်မှာ အမှန်။ တစ်ခုတော့ရှိသည်။ ငွေအင်အားတော့ ပိုမိုတောင့်တင်းဖို့လိုသည်။

သီးသန့် သီချင်းဆိုခန်းထဲမှ အမျိုးသမီးအဆိုတော်လေးကို ကြည့်ကာ လတ်လတ် အားကျ၏။ တစ်ချိန်တည်းမှာပင် ကိုယ့်ဘဝကို မကျေနပ်သည့် စိတ်ကလေးများ ဝင်လာသည်။ ပြီးတော့ ကိုအောင်။

မိန်းမများသည် သဝန်တိုတတ်သလို ယောကျ်ားများသည်လော အူမတိုတတ်ပါသလော။

'လတ်လတ်လဲ ဒီလိုအပြင်မှာ ဆိုနိုင်ရင် ဝင်ဆိုပါလားဗျာ၊ ကျွန်တော်တို့ကတော့ ကြိုဆိုလျက်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ဦးက သဘောရိုးဖြင့် ဖိတ်ခေါ်လေသည်။ လတ်လတ်က ပန်းပေါ်ဝဲကျနေသော ကျော်ဇင်ဦး၏ ဆံပင်ရှည်ရှည်များကို ကြည့်ကာ အောင့်ကို သတိရလာသည်။ မတွေးကောင်းသော အတွေးတစ်ခုကို တွေးမိလေသည်။

'လတ်လတ်တို့ ပြန်မယ် ကိုကျော်ဇင်ဦး၊ ကိုကျော်ဇင်ဦးက ဘယ်ကိုပြန်မှာလဲ'

'ကျွန်တော်လဲ ခုပဲပြန်မှာပဲ၊ ဥက္ကလာကိုလေ'

လမ်းကြုံသားပဲ ဟူသောအတွေးဖြင့် အတူတူ ထွက်ခဲ့ကြသည်။ ဘတ်စ်ကားမှတ်တိုင်မှာ သန်းသန်းမေနှင့် လမ်းခွဲကြသည်။ လတ်လတ် ဘယ်လိုအကြံအစည်နှင့် ပြန်သွားသည်ကို သန်းသန်းမေက ရိပ်မိလိုက်လေသည်။

လတ်လတ် အောင်မြင်သည်ဟု ဆိုရပေမည်။ ကားပေါ်မှ အဆင်းတွင် လမ်းထိပ်မှတ်တိုင်တွင် ခပ်ငှငှရပ်နေသော အောင့်ကို တွေ့လိုက်ရလေ၏။ လတ်လတ်က ကားပေါ်မှ ကျော်ဇင်ဦးကို နှုတ်ဆက်ဟန် ပြုသည်။ အောင့် မျက်နှာသည် သုန်မှုန်လျက်။

'လတ်လတ် ဘယ်သွားနေလဲ'

လတ်လတ်သည် ဂရုမြှေမပျက် လျှောက်လာခဲ့သည်။ အောင်က ဘေးမှ ပါလာသည်။ ကျောက်ပြားလေးများ စီထားသော လူသွားလမ်းလေးပေါ်တွင် လတ်လတ်က ခေါင်းကို မော့၍ လျှောက်လာ၏။

'လတ်လတ် ဘယ်သွားနေလဲ၊ အောင်မေးတာ ဖြေပါ'

'စိတ်ပြေရာပြေကြောင်း သွားရတာပေါ့ရှင်'

လတ်လတ်၏ မထေမဲ့မြင်အမူအရာနှင့် ခပ်ထေ့ထေ့စကားသံကြောင့် အောင် ပိုမိုလှုပ်ရှားသွားလေသည်။

'လတ်လတ် သိချင်းသွားဆိုတယ်ဆို'



ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်မိ၏။ ကလဲ့စား ချေချင်သည့်စိတ်က လွှမ်းမိုးနေသည်။

'လတ်လတ် ဘာတွေလျှောက်လုပ်နေလဲ'

တိုက်ခန်းလှေကားခြေရင်းကို လျှောက်လာကြလေသည်။ အပေါ်ကိုမတက်ဖြစ်ကြ။ လတ်လတ်က ရပ်၍ အောင့်ကို မျက်နှာချင်းဆိုင်သည်။

'ဒီမှာ ကိုအောင်၊ ကိုအောင့်ကို လတ်လတ် မပိုင်သလို လတ်လတ်ကိုလဲ ကိုအောင် မပိုင်သေးပါဘူးရှင်'

လတ်လတ်၏ မျက်နှာသည် ဆွဲ၍ ရိုက်ပစ်ချင်စရာ။ အောင့်ကိုယ်သည် ကရုဏာဒေါသဖြင့် တုန်လှုပ်၍ လာလေသည်။

'လတ်လတ်ဟာ မိန်းကလေး၊ ပြီးတော့ ကိုအောင်က လတ်လတ်အပေါ် သစ္စာမဲ့တဲ့ အပြုအမူမျိုးကို လုပ်နေတာ မဟုတ်ဘူး၊ လတ်လတ်ကို ကြောရရုံကြံတာလဲ မဟုတ်ဘူး၊ လတ်လတ်ဟာ ကိုအောင် လက်ထပ်ယူမယ့် မိန်းကလေး၊ လတ်လတ်ကို ချစ်လို့ တန်ဖိုးထားလို့ လက်ထပ်ဖို့ ရည်ရွယ်ပြီး လက်တွဲလာခဲ့တာ၊ ကိုအောင့်ကို အရွဲ့တိုက်ပြီး ဘာမှ လျှောက်လုပ်မနေသင့်ဘူး'

လတ်လတ်သည် ရပ်ရှင်မင်းသမီးတစ်ယောက်လိုပင် ဟန်ပါပါ ခါးကိုထောက်ပစ်သည်။ အောင့် မျက်နှာကို စေ့စေ့ကြည့်၍လည်း နှုတ်ခမ်းချွန်ချွန်ကို အားပြုကာ ရန်တွေ့မိသည်။

'ဩ၊ သစ္စာမဲ့တဲ့ အပြုအမူမျိုးမလုပ်ဘူး မဟုတ်လား၊ သစ္စာမဲ့တယ်ဆိုတာ ဘာကို ခေါ်တာလဲ၊ လူကို သစ္စာမဲ့မှ မဲ့တာလား၊ အသည်းနှလုံးကို သစ္စာမဲ့တာကျတော့ကော၊ ကိုအောင်ကိုယ့်ကိုကိုယ် ပြန်မေးစမ်းပါ၊ လတ်လတ်ကို လက်ထပ်ယူလိုက်တာနဲ့ လတ်လတ်အပေါ်မှာ ကိုအောင် သစ္စာမပျက်ဘူးလို့ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



သလား၊ ကိုအောင့် အချစ် ကိုအောင့် သစ္စာ ကိုအောင့် အသည်းနှလုံးဟာ ဘယ်နေရာမှာ ကျန်ခဲ့သလဲ ပြန်ရှာကြည့်ပါဦး ဆရာဝန်ကြီးရယ်'

လတ်လတ်သည် အောင့်အပါးမှ လှည့်ထွက်ကာ လှေကားထစ်များကို တစ်ထစ်စီကျော်၍ တက်လာခဲ့သည်။ အောင်သည် စကားလုံးလှလှသုံးကာ သူ့ကို မေးခွန်းထုတ်သွားသော လတ်လတ်ကို ပါးစပ်အဟောင်းသားဖြင့် ကြည့်ကာ ကျန်ခဲ့လေသည်။

\+ \+ \+

## ၁၀

ယခုတော့ တင်စုလတ်စကားကို အောင် စဉ်းစားရလေပြီ။ မိန်းကလေးတစ်ယောက်ကို ချစ်ပြီး လက်ထပ်ယူလိုက်လျှင် ထိုမိန်းကလေးအပေါ်မှာ တာဝန်ကျေသည်၊ ကတိတည်သည်ဟု အောင် ယုံကြည်မိ၏။ ယခုတော့ တင်စုလတ်သည် သာမန် မမြင်နိုင်စွမ်းသော အကြောင်းအရာတစ်ရပ်ကို အမှတ်မထင် ဖော်ထုတ်သွားလေပြီ။ တင်စုလတ်သည်လိုစကားမျိုး ပြောလာသည်မှာ အကြောင်းမဲ့တော့ မဖြစ်နိုင်။ သူ့တွင် ခံစားရချက်ရှိ၍သာ ဖြစ်၏။ တင်စုလတ်ရင်မှ ခံစားချက်သည် အကြောင်းယုတ္တိ ခိုင်လုံပေ၏တကား။

ယခုတော့ အရာရာကို စဉ်းစားဆင်ခြင်ရပေမည်။ လူတို့သည် ကိုယ့်ဘက်က ခံစားရမှုသာ ပြဿနာကို ကြီးကျယ်သည်ဟု ထင်တတ်ကြ၏။ ကိုယ်ခံစားရသည်မဟုတ်လျှင် သာမန် အသေးအဖွဲဟုသာ ယူဆတတ်စမြဲ။ ချောနှင့် သူတို့ ပြန်လည်တွေ့ဆုံရခြင်းသည် လူ့လောက၏ အကြောင်းတရားတစ်ရပ်မို့ ဘာမျှ ဆန်းကြယ်သည်ဟု သူ မထင်မိ။ တစ်ယောက်နှင့် တစ်ယောက် မိတ်ဆွေ အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အသင်းလို ပြောဆိုကူညီနေသည်ကိုလည်း ဖောက်ပြားသော အပြုအမူများဟု သူလက်မခံနိုင်။ သို့အတွက်ကြောင့်လည်း သူ့ဘက်ကတော့ မှန်သည်ဟု ယုံကြည်လေသည်။

သို့သော် လူ့လောက အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော စည်းမျဉ်းကို မကျော်လွန်ရုံနှင့် ပကတိ သန့်စင်သည်ဟု ဆိုနိုင်ပါမည်လား။ တင်စုလတ်ပြောသလို နှလုံးသားကို ပြန်ရှာရမလို ဖြစ်နေလေသည်။

ယခုတော့လည်း သူ့ကို အသိမပေးဘဲ တင်စုလတ် အိမ်ကထွက်သွားခြင်းအတွက် ဖြစ်ရသော ဒေါသသည် တဖြည်းဖြည်း ပြေသွားလေသည်။ ဘာပဲဖြစ်ဖြစ် တင်စုလတ်ကိုသာ သူလက်ထပ်ရမည်။ တင်စုလတ်သည် သူ့ကို ဘဝကပေးသော ဘဝကြင်ဖော်တစ်ယောက်။ တင်စုလတ် အပေါ်တွင် လူ့စည်းမျဉ်းအရရော နှလုံးသားအရပါ သစ္စာမပျက်အောင် သူ ကြိုးစားရမည်။

တင်စုလတ် အမျက်ပြေရေးအတွက် အောင် အမှန်ပင်ကြိုးစားပါ၏။ တင်စုလတ် မသိဘဲနှင့်လည်း မည်သူနှင့်မျှ အဆက်အသွယ်မပြုပါဟု အောင် ကတိပေးမိသည်။ တင်စုလတ်ကလည်း အောင့်ကို စိတ်တွင်းမှ မကျေနပ်လှသည့်တိုင် ခွင့်မလွှတ်သာ လွှတ်သာ ခွင့်လွှတ်ပါလေသည်။ တင်စုလတ်ဘက်က ကြည့်မည်ဆိုတော့လည်း အောင်နှင့် တင်စုလတ်တို့သည် လက်ထပ်တော့မည့် ချစ်သူများအဖြစ် ရပ်သိရွာသိ ဖြစ်နေကြပြီ။ အဆင်မပြေ၍ ကွဲကြသော် တင်စုလတ်မှာသာ ထိခိုက်မည်။ အရာရာကို နှလုံးသားနှင့်ချည်း ဆုံးဖြတ်၍ မဖြစ်။ တားဆီး ကန့်သတ်ထားသော အရာများကို မရှန်းသာသေးသမျှ လောကတွင် အဆင်ပြေအောင် နေရဦးမည် မဟုတ်လား။

တင်စုလတ်ကို သနားညှာတာစိတ်ဖြင့် အရာရာကိုလည်း အသိပေးဖြစ်သည်။ ချော၏ခင်ပွန်း ဆေးရုံတက်ရခြင်းနှင့် ပတ်သက်



၍လည်း တင်စုလတ်ကို အမှန်အတိုင်း သူဖွင့်ပြော၏။ တင်စုလတ်ကလည်း လိုအပ်တာတော့ ကူညီလိုက်ပေါ့ဟု တစ်ထစ်လျှော့သည်။ သို့သော် ချောနှင့် နှစ်ယောက်ချင်း တွေ့ရမည့် ကိစ္စတိုင်းတွင် တင်စုလတ်ပါ လိုက်ပါဆောင်ရွက်ပေးလေသည်။

အောင့်ဘဝတွင် မိန်းမသားတို့နှင့် ပတ်သက်သမျှသည် ရှုပ်ရှုပ်ထွေးထွေးချည်းသာ။ အောင်က မရှုပ်ပါဘဲနှင့် အဖြစ်အပျက်များက သူ့ဘာသာ ရှုပ်ထွေးနေကြခြင်း ဖြစ်သည်ဟု ဖြေမိလေသည်။

\+ + +

ခွင့်လွှတ်ခြင်းသည် မွန်မြတ်သောအလုပ်ဟု လတ်လတ် ယုံကြည်ပါသည်။ ချစ်လျှင် ခွင့်လွှတ်ရသည်ဆိုခြင်းကိုတော့ ကောင်းစွာလက်မခံချင်။ လတ်လတ်ဘက်ကကြည့်လျှင်တော့ ချစ်ခြင်းသည် သဝန်တိုခြင်းသာ ဖြစ်၏။ အောင့်ဘက်မှ သေသေချာချာ တောင်းပန်လာပြီ ဆိုတော့လည်း ခွင့်လွှတ်ရတော့မည်သာ။ လတ်လတ်ဘဝသည် ယခုမှ အစကပြန်ပျိုး၍ ရတော့မည်မဟုတ်။ ဖေဖေမေမေတို့သည်ပင် လတ်လတ်တို့ လက်ထပ်ရေးကို အလေးထားဆောင်ရွက်နေပြီဆိုတော့ လတ်လတ်တို့နှစ်ယောက် ရန်ချည်းဖြစ်နေ၍လည်း မဖြစ်တော့။ အသည်းနှလုံးကိစ္စ အချစ်ကိစ္စကို ငြင်းကြစတမ်းဆိုလျှင် တစ်သက်လုံးပင် ဆုံးအံ့မထင်။ ရှိစေတော့၊ လက်ထပ်ပြီးမှ ဆက်၍ ငြင်းကြရုံသာ။

ယခုတော့ အောင်ကလည်း လတ်လတ်အပါးမှမခွာ။ ရုံးသွားလျှင် လိုက်ပို့မည်။ ရုံးဆင်းလျှင် လာကြိုမည်။ အိမ်ကို ပို့ပေးသည်။ ဆေးတိုက်ကို ခေတ္တပြေးထိုင်ပြီး ပြန်လာတော့လည်း လတ်လတ်၏

www.burmeseclassic.com

www.burmeseclassic.com



အပါးမှ ခဏလျက်။ သည်မျှ ယုယ ဂရုစိုက်သော ယောကျ်ားတစ်ယောက်ကို 'ရှင့်အသည်းနှလုံး ဘယ်မှာလဲ' ဟုလည်း မမေးရက်တော့ပြီ။ မမေးသင့်တော့ပြီ။

အောင်က ချော့ဟုခေါ်သော အောင့်အဆက်ဟောင်း မမြထွေး၏ ခင်ပွန်း ဆေးရုံတက်ရသည့်ကိစ္စနှင့် ပတ်သက်၍ အောင်က လတ်လတ်ကို ဖွင့်ပြောပြသည်။ မိတ်ဆွေဟောင်းတစ်ယောက်လို သဘောထားကာ ကူညီလိုက်ပါဟုလည်း လတ်လတ်က ခွင့်ပေးရ၏။ သို့သော် အောင့် နောက်မှာတော့ လတ်လတ် လိုက်သွားဖြစ်သည်။

မမြထွေးသည် အကင်းပါးစွာပင် လတ်လတ်ကို ဦးစားပေး၍ စကားပြောလေသည်။

'လတ်လတ်တို့ကို သိပ်ကျေးဇူးတင်ပါတယ်ကွယ်၊ မမတော့လေ ဘာလုပ်ရမှန်းကို မသိဘူး၊ အစ်ကို့ကို ရန်ကုန်ခေါ်လာမိတာ မှားပြီ ထင်ပါရဲ့၊ ရွှေကျင်မှာတော့ အမျိုးတွေရှိတာပေါ့လေ၊ ဒီမှာတော့ အားကိုးစရာ သိပ်မရှိဘူး'

လတ်လတ်သည် မမြထွေးကိုမကြည့်ဘဲ အောင့် မျက်နှာကို ကြည့်ကာ နားထောင်မိသည်။ မည်မျှ ဟန်ဆောင်ထားသည် ဆိုစေကာမူ အောင့်မျက်နှာက ညှိုးယောင်သမ်းနေသည်။

'လတ်လတ်တို့ တတ်နိုင်သမျှ ကူညီပါ့မယ် မမရယ်၊ ဒီမှာလဲ ကိုအောင့် အသိမိတ်ဆွေ ဆရာဝန်တွေ ရှိသားပဲ'

လူနာသည် လတ်လတ်တို့ကို ကျေးဇူးတင်သော မျက်လုံးနှင့်သာ ကြည့်လေသည်။ အစာအိမ်ကို ခွဲစိတ်ထားရသဖြင့် အင်အားကနည်းသေးသည်။

'ရွှေကျင်က အမျိုးတွေကို ခေါ်ထားသေးလား'

အောင့်အကြည့်သည် ညင်သာ၏။ မမြထွေး၏ အောင့်ကို မော့်ကြည့်သော မျက်လုံးများသည် အားကိုးဟန်ပါသည်နှင့်အမျှ



သာမန်မျက်စိဖြင့် မမြင်နိုင်စွမ်းသော အရောင်များ ပြိုးပြက်နေသည်ဟု လတ်လတ် ထင်မိလေသည်။

'အိမ်မှာလဲ အဖော်မရှိလို့ ခေါ်ထားရတယ်၊ အခု အဒေါ်ကြီး တစ်ယောက် ရောက်နေတယ်'

လတ်လတ်က အားပေးစကား တဖွဖွပြောကာ၊ မမြထွေးက ကျေးဇူးတင်စကား တတွတ်တွတ်ဆိုကာနှင့် လူ့သဘာဝ ဟန်ဆောင် အပြုံးကိုလည်း ပြုံးခဲ့မိကြ၏။ အိမ်ပြန်ရောက်တော့လည်း မပြောတော့ပါဘူး ဆိုသည့်တိုင် အောင့်ကို နည်းနည်းတော့ ခနဲ့မိသေးသည်။

'သူက ကိုအောင့်ကို ခုထိ အောင်လို့ ခေါ်တုန်းပဲနော်'

'ကိုအောင့်ကို အိမ်သားတွေကလဲ အောင်လို့ပဲ ခေါ်ပါတယ် လတ်လတ်ရယ်'

'ခုနေများ မပြောကောင်း မဆိုကောင်း မမြထွေးရဲ့ယောကျ်ား သေသွားရင် ဘယ်လိုဖြစ်မလဲ မသိဘူးနော်'

အောင်သည် မျက်နှာကို ပြင်ချိန်ရလိုက်ဟန်မတူ။ မျက်လုံးကို လတ်လတ်ဆီမှ ချက်ချင်းလွှဲပစ်လေသည်။

'သူ့ရွှေကျင်ကို ပြန်မှာပေါ့ လတ်လတ်ရယ်၊ ဒါမှမဟုတ်လဲ သူ့အမျိုးတွေ ခေါ်ထားပြီး အတူတူနေမှာပေါ့'

သာမန်မိတ်ဆွေတစ်ယောက်၏ အရေးကိစ္စကို ဆွေးနွေးဟန်ဖြင့် အောင်က ပြောလေသည်။

'သူက ကိုအောင့်ကို အားကိုးပြီး ရန်ကုန်ပြောင်းလာခဲ့တာ'

'မဟုတ်ပါဘူး လတ်လတ်ရဲ့၊ တောမှာမနေချင်လို့ ပြောင်းလာကြတာပါ၊ ဒါ ထားပါလေ၊ လတ်လတ်ကလဲ ပြဿနာ့အမြီး ဖြစ်ပြီ၊ ဒီအကြောင်းတွေ မပြောကြစတမ်းလေ'

www.burmeseclassic.com

www.burmeseclassic.com



အောင်သည် 'သခုမှ သတိရဟန်ဖြင့် လတ်လတ်၏ လက်ကို တင်းတင်းဆွဲဆုပ်သည်။ သူ့ဘေးသို့ထိုင်စေကာ နားနားကပ်၍ တိုးတိုးပြောသည်။

'အရေးကြီးတာက အောင့်အချစ်ကို သံသယ ကင်းဖို့ပဲ၊ အောင်တို့ လက်ထပ်ပြီးရင် ခရီးထွက်ကြမယ်နော်'

\+ \+ \+

နှစ်ဘက်မိဘများ၏ စေ့စပ်ဆွေးနွေးပွဲသည် အောင်မြင်စွာ ပြီးဆုံးသွား၏။ အဆင်မပြေစရာ အကြောင်းကလည်း မရှိ။ အောင်နှင့် တင်စုလတ်သည် နေနှင့်လ ရွှေနှင့်မြ ဆိုသလို လိုက်ဖက်ပြီးသား။ ဓေတ်ပညာချင်း ဝါသနာချင်းကလည်း ကိုက်ညီသည်။ တစ်ယောက်နှင့် တစ်ယောက်ကလည်း မေတ္တာသက်ဝင်နေကြပြီ။ လူငယ်တို့သဘောကို လိုက်လျောရသည် ဆိုစေကာမူ လူကြီးများဘက်ကလည်း ကန့်ကွက်စရာမမြင်။ သည်လိုတော့လည်း အစစအရာရာသည် အဆင်ပြေ၍ နေ၏။

လက်ထပ်ပွဲကိုတော့ အကျဉ်းရုံး၍လုပ်ကြရန်ပင် ဆုံးဖြတ်ထားကြသည်။ ရုံးတွင်လက်မှတ်ထိုးမည်။ နှစ်ဘက်မိဘများနှင့် ရင်းနှီးသူ အချို့ကို ညစာကျွေးမည်။ သမ္မတဟိုတယ်တွင် မင်္ဂလာဦးညကို ထန်ဆုံးစေမည်။ နောက်တစ်နေ့ လေယာဉ်ဖြင့် တောင်ကြီးသို့ ခရီးထွက်မည်။ အစစအရာရာကို ကြိုတင်စီစဉ်ပြီးသား။

လက်ထပ်ရန် ခုနစ်ရက်ခန့်သာ လိုတော့သည်။ အောင်သည် တင်စုလတ် စိတ်ငြိုငြင်မှု မရှိစေရန် အစစအရာရာ ကြိုတင်ပြင်ဆင်ထားပါ၏။ စုဗုရားလတ် မျက်နှာမညိုမှ မင်္ဂလာခရီးသည် ဖြောင့်ဖြူး



ပေမည်။ သို့သော် တင်စုလတ်ကို တစ်ခုတော့ တောင်းပန်ရသည်။ ယခုရက်တွင်း ချော၏ ခင်ပွန်းသည်မှာ အားရစရာ အခြေအနေတွင် မရှိ။ အရေးထဲမှာ လူနာက ဆေးရုံက ဆင်းချင်သည်ချည်း ပြောနေသည်။ ထို့အတွက် အောင့်မှာ ကူညီဖျောင်းဖျပေးရ၏။ အားငယ်ကာ ကြံရာမရ ဖြစ်နေသော ချောကိုလည်း အားပေးစကား ပြောရသည်။ တင်စုလတ်သည် လက်ထပ်ရေးအတွက် ဝတ်စုံရွေးချယ်ရသည်ကပင် မပြီးပြတ်နိုင် မအားလပ်နိုင် ဖြစ်နေရ၍ ဆေးရုံကို အခေါက်တိုင်း မလိုက်နိုင်တော့။ သူ မလိုက်နိုင်၍ အောင့်ကိုလည်း မသွားစေချင်။ သို့သော် အားကိုးရာမဲ့နေသော မိန်းမသားတစ်ယောက်ကို အောင် မည်သို့ လျစ်လျူရှုနိုင်ပါမည်လဲ။

ထို့ကြောင့်လည်း တင်စုလတ်၏ ငြိုငြင်မှုကို ခံရလေသည်။

'ကိုတင့်ဝေတို့ ကိုမြင့်မိုးတို့လဲ ရောက်နေသားပဲ ကိုအောင်ရယ်၊ သူတို့လဲ ယောကျ်ားတွေပဲ အကူအညီပေးနိုင်ပါတယ်၊ ခုတော့ သူက အောင်မှအောင် ဖြစ်နေတာက ဘာသဘောလဲ'

လှပသော တင်စုလတ်နှုတ်ဖျားမှ သည်လိုအကျည်းတန်သော စကားမျိုးကို မပြောစေချင်။ သို့သော် သည်အချိန်မှာ တင်စုလတ်ကို ဝေဖန်လျှင် အိုးစားကွဲဖို့သာရှိ၏။ ထို့ကြောင့်လည်း အောင့်မှာ လေပြည်ထိုးရသည်။

'အောင်က ဆရာဝန့်လဲ ဆရာဝန်ဖြစ်နေလို့ပါ လတ်လတ်ရယ်၊ လိုအပ်တဲ့ ဆေးဝါးတို့ ရောဂါအခြေအနေတို့ကျတော့ အောင့်ကိုပဲ ယုံယုံကြည်ကြည် မေးမြန်းချင်တာပေါ့၊ ဒါကြောင့်ပါ၊ ပြီးတော့ ကိုအောင်နဲ့ လတ်လတ် လက်ထပ်ပြီးပြီးချင်း ခရီးထွက်မှာဆိုတော့ ဝတ္တရားကျေအောင် လုပ်ပေးခဲ့ချင်လို့ပါ၊ အောင့်ကိုယုံပါ လတ်လတ်ရယ်၊ တကယ်တော့ ဒါတွေကို ပြောနေရတာတောင် မကောင်းလှပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



တင်စုလတ်က တင်းမာနေသော မျက်နှာထားကို ချိုးနှိမ်၍ ‘ဒီလိုဆိုလဲ သွားပေါ့လေ’ဟု စိတ်မပါဟန်ဖြင့် ဆိုသည်။

ထိုနေ့ညနေကလည်း အောင်တစ်ယောက်တည်း ဆေးရုံသို့ ရောက်ခဲ့ရသည်။ ချောသည် ခင်ပွန်းသည်၏ဘေးတွင် အားငယ်စွာ ထိုင်၍နေလေသည်။ ယောကျ်ားလူနာဘေးတွင် မိန်းမစောင့်ပေး၍ မရသည်မို့လည်း သူနာပြုဆရာမတစ်ယောက်ကို ငှားထားရသည်။ အောင်ရောက်တော့ ညှော်ချိန်ကုန်ခါနီးပြီ။ လူနာအပေါ်တွင် ချော တစ်ယောက်သာ ကျန်တော့သည်။

‘ဘယ့်နှယ်နေသေးလဲ မမချော’

ချောသည် အောင့်ကို ဖျော့တော့စွာပင် မော့၍ကြည့်၏။ အောင့်ကိုယ်သည် အရေးတကြီးကိစ္စများကြားမှ ပြေး၍လာရသည်သို့ မောပန်းနေဟန်ရှိသည်။ ချောသည် အောင့်ကို စေ့စပ်သေချာစွာ ကြည့်၏။ ချော၏ မျက်လုံးများသည်ပင် အရောင်ဖျော့တော့၍ နေကြပြီ။ ပြည့်ဖြိုးသော ခန္ဓာကိုယ်သည်ပင် ချုံးကျသွားသည်။ လူနာသည် အသံကြား၍ မျက်လုံးကို ဖွင့်ကြည့်သည်။

‘ကိုသက်အောင်လား’

‘ဟုတ်တယ် အစ်ကို’

ချော၏အသံက ညင်သာသည်။ အောင်က လူနာ၏ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။

‘အဖျားရှိသေးလား’

ချောက ခေါင်းညိတ်ပြသည်။

‘ကျွန်တော်ကတော့ ဆေးရုံက ဆင်းချင်ပြီဗျာ၊ ညီမ ဆေးရုံက အိမ်ကို ကူးသန်းနေရတာလဲ ပင်ပန်းတယ်၊ အိမ်မှာ နေပြီး ကုချင်တာပဲ၊ ကိုသက်အောင်လဲရှိတယ် မဟုတ်လား’

အောင်က လည်ချောင်းကို ရှင်းလိုက်သည်။



‘ဆေးရုံမှာနေတာ အကောင်းဆုံးပါပဲ၊ သိပ်ဆင်းချင်တယ်ဆိုရင်တော့ ကျွန်တော့်ထက်ကျွမ်းကျင်တဲ့ ဆရာဝန်တစ်ယောက်နဲ့ ဆက်သွယ်ပေးပါ့မယ်၊ ကျွန်တော် စီစဉ်ပေးခဲ့ပါ့မယ်လေ’

‘အောင်က ဘယ်သွားမလို့လဲ’

ချောက အံ့သြသလို မေးလိုက်သည်။ အောင်တို့ လက်ထပ်မည့်ကိစ္စကို ချောမသိသေး။ အောင်သည် ချောကို ပြောရမှာ ဝန်လေးနေသည်။ ဘာကြောင့်မှန်းတော့ မသိ။

‘ခရီးထွက်စရာရှိလို့ပါ၊ ဆယ်ရက်လောက်ပါ’

သည်မျှနှင့်ပင် ချောမျက်နှာသည် အလွန်အမင်း အားငယ်သွားပုံရလေသည်။

‘ကျွန်တော်တော့ဗျာ၊ ကျွန်တော့်ညီမကိုလဲ စိတ်မချပါဘူး။ အဘွားတို့ အမေတို့ဆုံးသွားတော့ ကျွန်တော်တစ်ယောက်တည်း မားမားမတ်မတ် ကျန်ခဲ့တာ၊ ကျွန်တော်သာမရှိရင် ညီမဘဝလဲ ဖရိုဖရဲ ဖြစ်ကျန်ခဲ့မှာ’

‘အို အစ်ကိုကလဲ အစ်ကို ဘာမှ မဖြစ်ပါဘူး၊ ခုဆို ညီမနားမှာ ဒေါ်ကြီးတို့လဲ ရောက်နေပြီ၊ ညီမ ဘာမှ ကသီလင်တ မဖြစ်တော့ပါဘူး၊ အစ်ကို ဆေးရုံမှာပဲနေနေ အိမ်မှာပဲ နေနေ ညီမ ပြုစုနိုင်တယ်၊ အစ်ကိုသာ နေကောင်းအောင် ကြိုးစားပါ’

လူ့ဘဝတွင် မိန်းမသားတို့၏ မှီခိုရာသည် ခင်ပွန်းသည်ပါကလား။ ယခုတော့ ချောအတွက် ချော၏အစ်ကိုနည်းတူ အောင်လည်း စိတ်ပူမိလေသည်။ ချောသည် သူ့ဘဝတွင် သံယောဇဉ်အတွယ်ရဆုံး မိန်းမတစ်ယောက်။ လတ်လတ်ပြောသလို နှလုံးသားကို သစ္စာမဖောက်မိစေရန် အောင် ကြိုးစား၍ ထိန်းလိုက်ရသည်။

‘ညီမ ပြန်တော့လေ မှောင်နေပြီ၊ ကိုသက်အောင် ညီမကို လိုက်ပို့လိုက်ပါ’

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမကလည်း သူတို့ကို ပြန်စေချင်ပြီ။ အောင်သည် ချောကို ကားမှတ်တိုင်အထိတော့ လိုက်ပို့မည်ဟု စိတ်ကူးသည်။ ချောကို အိမ်အထိ လိုက်ပို့ရမည်ကို အပြစ်တစ်ခု ကျူးလွန်ရမည်ကဲ့သို့ သူကြောက်ရွံ့နေလေသည်။ မလုံမလဲ ဖြစ်နေလေသည်။ တင်စုလတ်၏ စကားများကိုလည်း သူ ကြားယောင်နေသည်။ ချောသည် အောင့် အနားမှ တိတ်ဆိတ်ငြိမ်သက်စွာပင် လိုက်ပါလာသည်။

'အောင် ဘာဖြစ်နေလဲဟင်၊ နေမကောင်းဘူးလား'

ချောက သူ့ကို ပြန်မေးနေရပြီ။

'ကောင်းပါတယ်၊ မမချောသာ နေကောင်းအောင် နေပါ။ ကျွန်တော် မမချော ဒုက္ခရောက်တဲ့အချိန်မှာ အပြည့်အဝ အကူအညီ မပေးနိုင်တာ စိတ်မကောင်းပါဘူးဗျာ'

ချောက အားနည်းစွာပင် ပြုံးပြသည်။

'ကိစ္စမရှိပါဘူး အောင်ရယ်၊ လူ့ဘဝမှာ မထင်မှတ်တာတွေ ဒုက္ခပေါင်းများတော့ မမချောလဲ ခံနိုင်ရည်ရှိနေပါပြီ၊ အောင်ခုလောက် [illegible]တူညီတာကိုပဲ ကျေးဇူးတင်လှပါတယ်၊ သြော် ဒါနဲ့ အောင် ခရီးသွားဖို့ရှိတယ်ဆိုတာ ဘယ်သွားမှာလဲ'

ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာသည်၊ မတက်ဖြစ်ကြသေး။

'တောင်ကြီးကို'

အောင်က ခပ်လေးလေး ဖြေသည်။

'အလုပ်ကိစ္စနဲ့လား၊ လတ်လတ်ကောပါမှာလား'

ချော၏အသံသည်ပင် အနည်းငယ်လှုပ်ရှားလာ၏။

အောင်က ချောကို မကြည့်ဘဲဖြေသည်။

'လတ်လတ်ပါမယ်လေ၊ လတ်လတ်နဲ့အောင်နဲ့ တနင်္ဂနွေနေ့မှာ လက်ထပ်တော့မယ်၊ နောက်နေ့ ခရီးထွက်ကြမှာ'

'သြော်'



ချော၏ နှုတ်ခမ်းအစုံသည် မသိမသာ တုန်ယင်နေလေသည်။

'ကိစ္စမရှိပါဘူး အောင်ရယ်၊ အောင် မသွားလို့မှ မဖြစ်ဘဲ၊ စိတ်ချလက်ချသာ သွားပါ၊ ကိုတင့်ဝေတို့လဲ ရှိသားပဲ၊ အစ်ကို ဆေးရုံက သိပ်ဆင်းချင်ရင်လဲ အောင်ပြောသလို အိမ်မှာ ဆရာဝန် တစ်ယောက်နဲ့ အပ်ပြီးကုမှာပေါ့၊ အောင် ဆရာဝန်တစ်ယောက်နဲ့ ဆက်သွယ်ပေးခဲ့လေ၊ နောက်ဆံမတင်းပါနဲ့ စိတ်ချသွားပါ'

သာမန်မိတ်ဆွေတစ်ယောက်ကို မှာပုံမျိုးနှင့် ချောက ကြိုးစား၍ သွက်သွက်လက်လက်ပြောသည်။ ကားတစ်စီးဆိုက်၍လာ၏။

'မမသွားမယ်၊ အောင် မလိုက်နဲ့တော့'

ချောသည် လျင်မြန်ပေါ့ပါးစွာပင် ဘတ်စ်ကားပေါ်သို့ တက်သွားလေသည်။

အောင်သည် အချိန်အတန်ကြာအောင်ပင် နေရာတွင် ရပ်နေမိလေ၏။

+ + +

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

ယနေ့အဖို့တော့ တင်စုလတ်သည် အလုကေရီ။ အောင့်အတွက် တင်စုလတ်သည် ထာဝရ မြတ်နိုးသိမ်းဆည်းထားအပ်သည့် ပန်းလေးတစ်ပွင့်နှယ် ဖြစ်၏။ တင်စုလတ်၏ သွင်ပြင်မှုရာသည် ကလေးငယ်တစ်ယောက်လို ရှင်လန်းတက်ကြွနေသည်။ တင်စုလတ်၏ အလှဆုံးအပြုံးကိုလည်း ယနေ့တွင်မှ ထူးထူးခြားခြား မြင်ရလေသည်။ သည်အပြုံးကို တစ်သက်လုံး မညှိုးနွမ်းအောင် စောင့်ရှောက်ထိန်းသိမ်းပေးရမည်မှာ အောင့်ရဲ့တာဝန်ပေပဲ။

ဟိုတယ်ခန်းထဲရောက်တော့ ငြိမ်းစီစီဖြစ်၍နေသည်။ တင်စုလတ်ရေချိုးရန် ပြင်ဆင်နေလေသည်။ နှစ်ယောက်လုံး ပင်ပန်းနွမ်းနယ်နေကြ၏။ နက်ဖြန် နံနက်စောစော လေယာဉ်ထွက်မည်ဆိုတော့ အစစအရာရာ အသင့်ပြင်ဆင်နေရသည်။ လူ့ဘဝကို အခြေချရန်ပြင်ဆင်ခြင်းလည်း ဖြစ်တော့သည်။ တင်စုလတ် ရေချိုးခန်းထဲဝင်သွားမှ သူ အပြင်သို့ခဏထွက်ရန် ပြင်လိုက်သည်။ ထိုစဉ် တယ်လီဖုန်းက မြည်လာလေသည်။ ကိစ္စများကား ပြီးပဲ မပြီးပြတ်နိုင်။ အောင်



ခြေလှမ်းသွက်သွက်ဖြင့် တယ်လီဖုန်းနား လာခဲ့သည်။ သူမျှော်လင့်သလို ဖေဖေတို့ဆီမှ မဟုတ်ဘဲ ကိုတင့်ဝေအသံကို ကြားလိုက်ရလေသည်။

'ချောရဲ့ယောက်ျား ညနေကပဲ ဆုံးသွားတယ်၊ ငါ မင်းရဲ့ ဧည့်ခံပွဲကို ရောက်နေတဲ့အချိန်မှာ သိရတာ၊ အဲဒီအချိန်မှာတော့ မပြောသင့်ဘူးထင်လို့လေ'

မမျှော်လင့်သည့် အချိန်အခါတွင် ဖြစ်နေသည်မို့ အောင် ဘာပြောရမည်မသိ။ ရင်ကမူ တလှိုက်လှိုက်ခုန်တက်လာသည်။ သူ့တွင် ချောကို အားပေးရန် အချိန်မရှိတော့ပေ။

'မင်းဘာမှ စိတ် အနှောင့်အယှက် မဖြစ်နဲ့၊ တို့တွေအားလုံး စီစဉ်ပေးလိုက်မယ်၊ သွားစရာရှိတာ ဖြောင့်ဖြောင့်သွား၊ ဖြစ်သမျှ အကြောင်းပေါ့ကွာ'

ကိုတင့်ဝေက တယ်လီဖုန်းကို ချသွားလေသည်။

တင်စုလတ်သည် ရေချိုးသန့်စင်ပြီး၍ မျက်နှာသုတ်ပဝါကို ခပ်လျှော့လျှော့ခြုံကာ ထွက်လာသည်။

'ကိုအောင် ဘယ်သူ့ဆီက ဖုန်းလဲ'

တင်စုလတ်သည် အကင်းပါးသူပင်ဖြစ်လေသည်။ အောင်က တင်စုလတ်၏ ရင်ညွန့်လေးများကိုကြည့်လိုက်ရင်း ခပ်ဆိုင်းဆိုင်း ဖြေလိုက်သည်။

'ကိုတင့်ဝေဆီကပါ'

အောင်သည် တင်စုလတ်ထံပါးသို့ တိုးသွားမိလေသည်။

'ဘာကိစ္စတဲ့လဲ'

တင်စုလတ်က သူ့မျက်လုံးများကို အလစ်မပေးဘဲ စေ့စေ့ကြည့်နေသည်။ အောင်က တင်စုလတ်၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ကာ သူ့မျက်နှာကို တင်စုလတ်၏ ပခုံးကြားမှာ ငုံ့ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၇၂

'မမြထွေးရဲ့ယောကျ်ား ဆုံးသွားပြီတဲ့'

အတတ်နိုင်ဆုံး အသံမှန်အောင် ကြိုးစား၍ ပြောလိုက်ရလေသည်။ တင်စုလတ်က သူ့မျက်နှာကို တွန်းဖယ်၍ မျက်နှာချင်းဆိုင်နိုင်အောင် ကြိုးစားသည်။ သို့သော် မရ။ အောင်သည် သူ့နှလုံးသားကိုပါ တင်စုလတ်နှင့် နီးကပ်သွားစေရန် တင်စုလတ်၏ ရင်ခွင်ကြားသို့ အတင်းတိုးဝင်နေလေသည်။

၁၆၊ ဩဂုတ်၊ ၁၉၈၇။ မိုးမိုး(အင်းလျား)

BURMESE CLASSIC
www.burmeseclassic.com